# October to December 2025

"The First Epistle to the Thessalonians"

*by Rev Ko Lingkang*

-----------------------------------------------------

ဗုဒ္ဓဟူး၊ အောက်တိုဘာ (၁)

**၁ သက် ၃**

၁ သက် ၁

*“သင်တို့ ယုံကြည်ခြင်း လိုသေးသမျှကို စုံလင်စေမည်အကြောင်း”*

## သက်သာလောနိတ် ဩဝါဒစာ ပဌမစောင် အကြောင်း

သက်သာလောနိတ်ဩဝါဒစာ ပဌမစောင်သည် တမန်တော် ပေါလုက မိမိချစ်သော ထိုအသင်းတော်ထံ ရေးသား ပေးပို့သော နွေးထွေး နှစ်သက်စရာကောင်းသော ပို့စာ တစောင်ဖြစ်ပါသည်။ သူသည် ပထမ အကြိမ် သွားရောက်ခဲ့စဉ် သက်သာလောနိတ်မြို့၌ သီတင်း သုံးပတ်သာ နေထိုင် ခဲ့သော်လည်း အလွန်နိုးကြားသော အသင်းတော်တပါး ပေါ်ပေါက်ခဲ့ပါသည်။ ဤကြီးထွားလျက်ရှိ သော အသင်းတော်ထံ ဤဩဝါဒစာစောင်ကို ရေးသားခြင်းမှာ သူတို့၏ ဝိညာဉ်အရေးကို အထူး ဂရုစိုက်သောကြောင့် ဖြစ်ပါသည်။ ရှင်ပေါလု၏ ထိုဝိညာဉ်စိတ်ဘောထားကို ဤစာစောင်ထဲ၌ ဖော်ပြသော၊ ချစ်သောစိတ်ဖြင့် ဆုတောင်းပေးခြင်း၊ ခွန်အားပေး တိုက်တွန်း နိုးဆော်ခြင်း စသည်တို့၌ ထင်ရှားစွာ တွေ့ရပါသည်။

ဤဩဝါဒစာစောင်ကို နှစ်ပိုင်း ပိုင်း၍ ရပါသည်။ ပထမ အခန်းကြီး သုံးခုသည် သမိုင်းအကြောင်းအရာ ဖြစ်၍၊ ကျန် အခန်းကြီး နှစ်ခုမှာ သွန်သင်ခြင်းတရား ဖြစ်ပါသည်။

ပထမပိုင်းတွင်၊ ပေါလုသည် သူတို့ရင်ဆိုင်နေရသော ညှင်းဆဲခြင်းအကြောင်း၌ သူတို့ကို ခွန်အားပေးခဲ့ပါသည်။ သူတို့၏ ယုံကြည်ခြင်းအကြောင်းကြောင့် သူသည် ကျေးဇူးတော်ကို ချီးမွမ်းလျက် သူတို့ကို အစဉ်သတိရလျက် ရှိကြောင်း ဖော်ပြခဲ့ပါသည်။ ထို့ပြင် သူတို့ထံ အကြည့်အရှုမသွားနိုင်ခဲ့ခြင်းအကြောင်း၊ မိမိကိုယ်စား တိမောသေ စေလွှတ်ခြင်းအကြောင်း စသည့် မိမိ၏ အခြေအနေများကို ဖော်ပြအသိပေးခဲ့ပါသည်။

နောက်ဆုံး အခန်းကြီး နှစ်ခန်းတွင်၊ ပေါလုသည် “*သင်တို့ ယုံကြည်ခြင်း လိုသေးသမျှကို စုံလင်စေမည်ကြောင်း*” (၁ သက် ၃း၁၀) ဟူသော ခေါင်းစဉ်နှင့် ပတ်သက်သည့် သူတို့ လိုအပ်သည့် အကြောင်းတရားများကို ရေးသားခဲ့ပါသည်။ ခရစ်ယာန် အသက်တာမှ စ၍ သခင်ဘုရား ကြွလာတော်မူခြင်းတရားများကို ရှင်းပြလျက် ဖော်ပြရေးသားခဲ့ပါသည်။

သုံးလ လုံးလုံး ဤဩဝါဒစာစောင်ကို ကျွန်တော်တို့ လေ့လာကြမည်ဖြစ်သောကြောင့်၊ ဤအံ့ဘွယ် သမ္မာတရားသည် ကျွန်ုပ်တို့၏ စိတ်နှလုံးနှင့် ယုံကြည်ခြင်းကို မြဲမြံခိုင်မာ စေတော်မူပါစေသော်။ “*ထိုသခင်သည် မိမိသန့်ရှင်းသူအပေါင်းတို့နှင့်အတူ ကြွလာတော်မူသောအခါ၊ ငါတို့အဘတည်း ဟူသော ဘုရားသခင့် ရှေ့မှာ အပြစ်တင်ခွင့်နှင့် ကင်းလွတ်သော သင်တို့၏စိတ်နှလုံးကို ကိုယ်တော် သည် သန့်ရှင်းခြင်းပါရမီ၌ မြဲမြံခိုင်ခံ့စိမ့်သောငှါ၊ ငါတို့သည် သင်တို့ကို ချစ်သကဲ့သို့ သင်တို့သည် အချင်းချင်းကိုငှင်း၊ သူတပါးအပေါင်းတို့ကိုငှင်း ချစ်၍၊ ချစ်ခြင်းမေတ္တာနှင့် အထူးသဖြင့် ကြွယ်ဝပြည့်စုံ မည်အကြောင်း သခင်ဘုရား ပြုတော်မူပါစေသော*” (၁ သက် ၃း၁၂) ဟု ပေါလုနည်းတူ ဆုတောင်းကြပါစို့။

**ဆင်ခြင်ရန်** - ကျွန်ုပ်တို့အားလုံး၏ ယုံကြည်ခြင်း၌လည်း လိုသေးသောအရာ ရှိပါ၏၊ ကိုယ်တော်၌ ကျွန်တော်တို့ ကြီးထွားခြင်း ရှိမည်အကြောင်း ဘုရားသခင်၏ မစတော်မူခြင်း လိုအပ်ပါသည်။

**ဆုတောင်းချက်-** အဖဘုရား၊ ဤသုံးလ လုံးလုံး ဤဩဝါဒစာစောင် ကျွန်တော် လေ့လာစဉ် ကိုယ်တော်၏ ကျေးဇူးတော်နှင့် ဉာဏ်တော်သည် ကျွန်ုပ်နှင့်အတူ ရှိပါစေသော်။

ကြာသပတေး၊ အောက်တိုဘာ (၂)
**၁ သက် ၅း၁-၁၁**
၁ သက် ၂း၁၉-၂၀

*"... ငါတို့သည် ... ချီဆောင်ခြင်းကို ခံရသော အားဖြင့် သခင်ဘုရားနှင့်အတူ အစဉ်မပြတ် နေရကြလိမ့်မည်"*

## သခင်ယေရှု ခရစ်တော် ကြွလာတော်မူ သောအခါ

သက်သာလောနိတ် ဩဝါဒ ပဌမစောင်၌ စိတ်ဝင်စားစရာ မှတ်သားဖွယ် အချက်တခုမှာ၊ အခန်းကြီး တခု အဆုံးသတ် နိဂုံးတိုင်း၌ သခင် ယေရှု ခရစ်တော် တဖန် ကြွလာတော်မူမည့် အကြောင်း ဖော်ပြခြင်းပင်ဖြစ်ပါသည်။

၁ သက် ၁း၁၀ - "*ရောက်လတံ့သောဘေးဒဏ်မှ ငါတို့ကို ကယ်နှုတ်သော သခင်ယေရှုတည်းဟူသော သေခြင်းမှ ဘုရားသခင် ထမြောက်စေတော်မူသော သားတော်သည် ကောင်းကင်ဘုံမှ ကြွလာတော်မူမည်အရာကို ငံ့လင့်ခြင်းငှါငင်၏။*"

၁ သက် ၂း၁၉ - "*ငါတို့ မြော်လင့်ခြင်းအကြောင်း၊ ဝမ်းမြောက်ခြင်းအကြောင်း၊ ဝါကြွားခြင်း၏ ဦးရစ်သရဖူကား၊ အဘယ်သို့သော အကြောင်းအရာနည်း။ ငါတို့ သခင်ယေရှုခရစ် ကြွလာတော်မူသောအခါ၊ ရှေ့တော်၌ သင်တို့သည် ထိုသို့သော အကြောင်းအရာ ဖြစ်ကြသည် မဟုတ်လော။*"

၁ သက် ၃း၁၂ - "*ထိုသခင်သည် မိမိသန့်ရှင်းသူအပေါင်းတို့နှင့်အတူ ကြွလာတော်မူသောအခါ၊ ငါတို့ အဘတည်း ဟူသော ဘုရားသခင့် ရှေ့မှာ အပြစ်တင်ခွင့်နှင့် ကင်း လွတ်သော သင်တို့၏ စိတ်နှလုံးကို ကိုယ်တော်သည် သန့်ရှင်းခြင်းပရမီ၌ မြဲမြံခိုင်ခံ့စိမ့်သောငှါ။*"

၁ သက် ၄း၁၆-၁၇ - "*သခင်ဘုရားသည် ကြွေးကြော်ခြင်း၊ ကောင်းကင်တမန်မင်း အသံပေးခြင်း၊ ဘုရားသခင်၏ တံပိုးတော်ကို မှုတ်ခြင်းနှင့်တကွ၊ ကောင်းကင်ဘုံမှ ကိုယ်တိုင် ဆင်းသက်တော်မူ၍၊ ခရစ်တော်၌ သေလွန်သော သူတို့သည် အဦးထမြောက်ကြလိမ့်မည်။ ထိုအခါ အသက်ရှင်၍ ကျန်ကြွင်းသော ငါတို့သည် အကာသ ကောင်းကင်၌ သခင်ဘုရားထံတော်သို့ ရောက်စေခြင်းငှါ၊ ထိုသူတို့နှင့်တကွ မိုးတိမ်ပေါ်သို့ ချီဆောင်ခြင်း ခံရသော အားဖြင့် သခင်ဘုရားနှင့်အတူ အစဉ်မပြတ် နေရကြလိမ့်မည်။*"

၁ သက် ၅း၂၃ - "*ငြိမ်သက်ခြင်း၏အရှင် ဘုရားသခင်ကိုယ်တော်တိုင်လည်း၊ သင်တို့ကို အကုန်အစင် သန့်ရှင်းစေတော်မူပါစေသော။ ငါတို့ သခင်ယေရှုခရစ် ကြွလာတော်မူသောအခါ၊ သင်တို့၏ ကိုယ်ခန္ဓာ၊ စိတ်၊ ဝိညာဉ်အပေါင်းကို အပြစ်တင်ခွင့်နှင့် ကင်းလွတ်စေခြင်းငှါ စောင့်မတော်မူပါစေသော။*"

ပေါလုသည် သက်သာလောနိတ်မြို့ရှိ ခရစ်ယာန်တို့အား သခင်ယေရှု တဖန် ကြွလာတော်မူမည့်အကြောင်း အထူး သတိထား သိမှတ် စေလိုခဲ့ပါသည်။ ညှင်းဆဲခြင်း အခက်အခဲများ ရင်ဆိုင်နေကြရစဉ် ကယ်တင်ရှင် ကြွလာတော်မူမည့်တရားဖြင့် ခွန်အားယူလျက် မြော်လင့်ခြင်းဖြင့် အသက်ရှင်ကြရန် တိုက်တွန်းခဲ့ပါသည်။ ချစ်သော စာဖတ်သူ၊ သင်သည်လည်း ထိုသို့သော မြော်လင့်ချက် ရှိပါသလား။ ကျွန်ုပ်တို့ အား ဘုန်းတော်ဝင်စားရာ အိမ်တော်သို့ ခေါ်ဆောင်မည့် ထိုသခင် ကြွလာတော်မူမည့်အချိန်ကို သင် စေ့စေ့ မျှော်ကြည့်လျက် ကြိုးစားအသက်ရှင် နေပါသလား။

**ဆင်ခြင်ရန်** - သခင် ကြွလာတော်မူမည့်အချိန် တောင့်တစောင့်မျှော်ခြင်းက ကျွန်ုပ်၏ နေ့စဉ် အသက်တာ၌ မည်သို့သော အကျိုးကို ဖြစ်စေပါသနည်း။

**ဆုတောင်းချက်-** အဖဘုရား၊ ယေရှု မကြာမီ ကြွလာတော်မူမည် ဟူသောအသိစိတ်ဖြင့် နေ့စဉ် အသက်ရှင် မည်အကြောင်း အကျွန်ုပ်အား မစတော်မူပါ။

## စစ်မှန်သော ယုံကြည်ခြင်း၏ သက်သေ

သက်သာလောနိတ်မြို့သည် ပေါလု ဒုတိယ သာသနာခရီးစဉ်၌ သွားရောက် ခဲ့သော ဥရောပတိုက်ရှိ ဒုတိယမြို့ဖြစ်ပါသည်။ မာကေဒေါနိလူ၏ ဖိတ်ခေါ်ခြင်းကို ခံပြီးနောက် (တမန် ၁၆း၉-၁၀)၊ ဘုရားသခင်၏အလိုတော်ကို သိသဖြင့် ထိုအရပ်သို့ သတင်းကောင်း ဟောပြောဖို့ရန် သွားခဲ့ခြင်း ဖြစ်ပါသည်။ ဖိလိပ္ပိမြို့၌ အကျဉ်းချခြင်း ခံခဲ့ပြီး၊ ငလျင်လှုပ်ခြင်းအားဖြင့် အံ့ဘွယ် လွတ်မြောက်ခြင်း ခံရပြီးနောက်၊ သက်သာလောနိတ်မြို့သို့ ရောက်လာခြင်း ဖြစ်ပါသည်။

ထိုမြို့၌ ပေါလုသည် တရားစရပ်တွင် ဥပုသ်နေ့ သုံးရက် တရားဟောခဲ့ပါသည်။ ထို့နောက် လူထု အစုအဝေးက သူတို့ကို ဆန့်ကျင်လျက် မြို့တခုလုံး ရုန်းရင်းဆန်ခတ် ဖြစ်ခဲ့သောကြောင့် ထွက်သွားခဲ့ကြရပါသည်။ ထိုမြို့၌ အချို့သောသူတို့သည် ယုံကြည်ခဲ့ကြပါသည်။ သို့သော်လည်း၊ "*ဆိုးယုတ်လျှပ်ပေါ်သော သူအချို့*" (တမန် ၁၇း၅)၊ ခရစ်တော်၏ သတင်းကောင်းကို ဆန့်ကျင်သော ယုဒလူအချို့သည် ပေါလုနှင့် သူ၏အပေါင်းအဘော်များကို ဖမ်းဆီးရန် လိုက်ရှာခဲ့ကြ၏။ သူတို့ကို တွေ့သောအခါ၊ ထိုလူ အစုအဝေးတို့သည် အသစ်သော ယုံကြည်သူ အချို့ကို လိုက်ဖမ်းလျက် မှားယွင်းစွာ စွပ်စွဲခဲ့ကြပါသည်။ ဗေရိမြို့သို့ ထွက်သွားခဲ့သော ပေါလုကိုလည်း ထိုယုဒလူများသည် လိုက်၍ သူ့ကို ဆန့်ကျင်ကြဖို့ရန် မြို့သူမြို့သားများကို စည်းရုံးခဲ့ကြပါသည်။ ထိုအခါ ပေါလုသည် အာသင်မြို့သို့ ထွက်သွားခဲ့ပါသည်။

ထိုသို့သော အခက်အခဲ ညှင်းဆဲခြင်းများကြား၌ စတင်ပေါက်ဖွားခဲ့သော်လည်း သက်သာလောနိတ် အသင်းတော်သည် ဆက်လက် ကြီးထွားခဲ့ပါသည်။ ယုံကြည်ခြင်းဖြင့် ဘုရားသခင်၏ နှုတ်ကပတ်တော်ကို လက်ခံခဲ့ကြပြီး၊ ထိုနှုတ်ကပတ်တော်သည် သူတို့၌ အမှုပြုတော်မူ၏။ ယုဒလူများ၏ ဆန့်ကျင်ခြင်းကို ခံခဲ့ကြသော်လည်း၊ သူတို့၏ ယုံကြည်ခြင်းသည် ကြီးထွားလျက်ရှိပါသည်။ ပေါလုသည် "*ကိုယ်အားဖြင့်သာ သင်တို့နှင့် ခဏကွာသည် ရှိသော်*" (၁ သက် ၂း၁၇) လည်း၊ သူတို့၏ ယုံကြည်ခြင်းသည် သခင်ဘုရား မျှော်လင့်ခြင်း၌ တည်လျက် ဆက်လက်ကြီးထွား ခဲ့ပါသည်။ သူတို့သည် သက်သေခံသော အသင်းတော်ဖြစ်လာခဲ့ပါသည်။ "*သခင်ဘုရား၏ နှုတ်ကပတ်တရားတော် အသံသည် မာကေဒေါနိပြည်၊ အာခါယပြည်၌ ကျော်စောသည်သာမက၊ ဘုရားသခင်ကို သင်တို့ ယုံကြည်ခြင်း၏သိတင်းသည် အရပ်ရပ်တို့၌ နှံ့ပြားလေ၏*" (၁ သက် ၁း၈)။ စစ်မှန်သော၊ အသက်ရှင်သော ယုံကြည်ခြင်း၏ အံ့ဘွယ် သက်သေဖြစ်ပါသည်တကား။

ချစ်သော စာဖတ်သူ၊ ဘုရားသခင်၏နှုတ်ကပတ်တော်သည် သင်၌ မည်သို့ အမှုပြုခဲ့ပါသနည်း။ စစ်မှန်သော ယုံကြည်သူများသည် အခက်အခဲ ညှင်းဆဲခြင်း၌ မကျဆုံးမည်အကြောင်း၊ ဘုရားသခင်၏နှုတ်ကပတ်တော်၏ လမ်းပြခြင်းနှင့် သန့်ရှင်းသော ဝိညာဉ်တော်၏ အမှုပြုခြင်းဖြင့် ကွယ်ကာ မစခြင်းကို အစဉ် ခံစားရမည်ဖြစ်ပါသည်။

**ဆင်ခြင်ရန်** - စစ်မှန်သော ယုံကြည်ခြင်းသည် အသီးအပွင့် အစဉ် ရှိလိမ့်မည်ဖြစ်ပါသည်။
**ဆုတောင်းချက်-** အဖဘုရား၊ အကျွန်ုပ်၏ ယုံကြည်ခြင်းကို ခိုင်ခံ့စေလျက်၊ အဘယ်အခက်အခဲ ရင်ဆိုင်ရသည်ဖြစ်စေ ကိုယ်တော်ကို ယုံကြည်ကိုးစားခြင်းရှိမည်အကြောင်း မစတော်မူပါ။





## ဘုရားသခင်၏ ကျေးဇူးတော် အရေးပါမှု

သက်သာလောနိတ် ဩဝါဒစာ ပထမစောင်၏ နောက်ဆုံး ကျမ်းပိုဒ်ကို ကျွန်တော်တို့ လေ့လာတော့မည်ဖြစ်၍၊ ဘုရားသခင်၏ကျေးဇူးတော် လေ့လာ ဆင်ခြင်ခြင်းဖြင့် အဆုံးသတ်မည်ဖြစ်သောကြောင့် အလွန် သင့်လျော်လှပါသည်။ ဤဩဝါဒစာစောင်၏ နောက်ဆုံး စာကြောင်းမှုကား၊ "*ငါတို့ သခင်ယေရှုခရစ်၏ ကျေးဇူးတော်သည် သင်တို့၌ ရှိစေသတည်း။ အာမင်။*" ဟူ၍ ဖြစ်ပါသည်။ ယုံကြည်သူတိုင်းအသက်တာ၌ သခင်ယေရှု ခရစ်တော်၏ ကျေးဇူးတော် တည်နေဖို့ အလွန် အရေးကြီးလှပါသည်။ ထိုကျေးဇူးတော်သည် ကျွန်တော်တို့ မထိုက်တန်သော၊ အဖိုးအခ မတောင်းဘဲ ပေးသနားတော်မူသော ဘုရားသခင်၏ သနား ကြင်နာခြင်းပင်ဖြစ်ပါသည်။ ဘုရားသခင်၏ ကျေးဇူးတော် မရှိလျှင်၊ ကယ်တင်ခြင်း မရှိ၊ သန့်ရှင်းစေခြင်းလည်း မရှိနိုင်ပါ။ ဘုရားသခင်၏ များစွာသော ကျေးဇူးတော်အားဖြင့်သာ ဤဘဝ၌ လိုအပ်သောအရာများကို ကျွန်တော်တို့ ပိုင်ဆိုင်ခြင်း ဖြစ်ပါသည်။ ဘုရားသခင်၏ကျေးဇူးတော်ကြောင့်သာ ကျွန်တော်တို့သည် ကယ်တင်ခြင်း ခံရပြီး၊ ကျွန်ုပ်တို့၏အပြစ်အားလုံး ခွင့်လွှတ်ခြင်း ခံရ၏။ ထိုကျေးဇူးတော်အားဖြင့်၊ ကျွန်ုပ်တို့အား ဤဘဝ၌ ကြွယ်ဝသော အသက်တာကို ပိုင်ဆိုင်စေပြီး၊ ကောင်းကင်ဘုံ၌ ထာဝရ နေရမည်အကြောင်း ဂတိထားတော်မူ၏။

ဤဘဝ တလျှောက်၊ ဘုရားသခင်၏ကျေးဇူးတော်သည် ကျွန်ုပ်တို့ကို လမ်းပြ စောင့်ရှောက်မည်အကြောင်း ကျွန်တော်တို့ သိမှတ်ကြရပါမည်။ ဘုရားသခင်သည် မိမိ၏ကျေးဇူးတော်နှင့် ကောင်းမြတ်တော်မူခြင်း အားဖြင့် ကျွန်ုပ်တို့ကို အစဉ် ပြုစုစောင့်ရှောက်မည်အကြောင်း သိခြင်းသည် အလွန် မင်္ဂလာရှိသော စိတ်ချလုံခြုံမှုပင်ဖြစ်ပါသည်။ ကျွန်ုပ်တို့၌ အဘယ်အမှုပင် ကျရောက်ပါစေ၊ ကျွန်တော်တို့သည် ဘုရားသခင်၏ ကွယ်ကာ စောင့်ရှောက်မှု အောက်၌ ရှိကြကြောင်း သိကြပါသည်။ ဤဘဝ၌ ကျွန်တော်တို့ အဘယ်အမှုဘဲ ကြုံတွေ့ရပါစေ၊ ဘုရားသခင်၏ကျေးဇူးတော်နှင့် ချစ်ခြင်း မေတ္တာတော်သည် ကျွန်တော်တို့ကို အစဉ် လမ်းပြ ကွယ်ကာတော်မူလိမ့်မည်ဖြစ်ပါသည်။

အခက်အခဲ နှင့် စစ်ကြောခြင်း ကြုံတွေ့သောအခါ၊ ကျွန်တော်တို့ လိုအပ်သောအရာသည် ဘုရားသခင်၏ကျေးဇူးတော် ဖြစ်ပါသည်။ သူ့ကိုယ်၌ ခံရသော ဆူးစူးခြင်းအမှု၌ ပေါလုသည်၊ "*ငါ့ကျေးဇူးသည် သင့်အဘို့ လောက်ပေ၏။ ငါ့တန်ခိုးသည် အားနည်းခြင်းအဖြစ်၌ စုံလင်တတ်သည်ဟု မိန့်တော်မူ၏။ ထိုကြောင့် ခရစ်တော်၏ တန်ခိုးသည် ငါ့အပေါ်၌ ကျိန်းဝပ်မည်အကြောင်း ငါ့ကိုယ်၌ အားနည်းခြင်း အဖြစ်ကို ဝမ်းမြောက်သောစိတ်နှင့် ဝါကြွားခြင်းငါ သာ၍ ငါအလိုရှိ၏။ သို့ဖြစ်၍ ခရစ်တော်ကြောင့် ခံရသော အားနည်းခြင်း၊ ကဲ့ရဲ့ခြင်း၊ ဆင်းရဲခြင်း၊ ညှဉ်းဆဲနှိပ်စက်ခြင်း၊ ကျပ်တည်းစွာသော ဒုက္ခဝေဒနာ ခံခြင်းတို့ကို ငါနှစ်သက်၏။ အကြောင်းမူကား၊ ငါသည် အားနည်းသောအခါ တန်ခိုးနှင့် ပြည့်စုံလျက်ရှိ၏*" (၂ ကော ၁၂း၉-၁၀) ဟု ဘုရားသခင်၏ ကျေးဇူးတော်ကို သိမှတ်လျက်၊ ဆိုသကဲ့သို့၊ ကျွန်တော်တို့သည်လည်း ဆိုကြရမည်ဖြစ်ပါသည်။

ထို့ကြောင့်၊ လုံလောက်သော ဘုရားသခင်၏ ကျေးဇူးတော် ကျွန်တော်တို့ အစဉ် ခံစားကြရသည်ဟု သိမှတ်လျက်၊ ကျွန်တော်တို့သည် ဘုရားသခင်၏ကျေးဇူးတော်ကို အစဉ် ချီးမွမ်းကြရမည်ဖြစ်ပါသည်။ သခင်ယေရှု ခရစ်တော် မကြာမီ ကြွလာတော်မူမည်အကြောင်း မျှော်လင့်လျက်၊ ထိုအခါ ကျွန်တော်တို့သည် ဘုရားသခင်၏ကျေးဇူးတော်အားဖြင့် ထာဝရအိမ်တော်သို့ ပို့ဆောင်ခြင်း ခံရကြလိမ့်မည်။

**ဆင်ခြင်ရန်** - နှိုင်းမရသော ယေရှု၏ အံ့ဘွယ် ကျေးဇူးတော်။
**ဆုတောင်းချက်-** အဖဘုရား၊ ကျွန်ုပ်တို့နှင့် အစဉ်အတူ ရှိတော်မူသော၊ သခင်ယေရှု ခရစ်တော်၏ အံ့ဘွယ် ကျေးဇူးတော်ကြောင့် ကျေးဇူးတင်ပါသည်။

အင်္ဂါ၊ ဒီဇင်ဘာ (၃၀)

**၁ သက် ၅း၂၇**

၁ သက် ၂း၁၃

*"ဤစာကို သန့်ရှင်းသောညီအစ်ကို အပေါင်းတို့အား ဖတ်စေခြင်းငှါ"*

## ဘုရားသခင်၏ နှုတ်ကပတ်တော် လေ့လာသင်ယူခြင်း အရေးပါမှု

ပေါလု ထံမှ ဤဩဝါဒစာစောင် လက်ခံရရှိခဲ့သော သက်သာလောနိတ် အသင်းတော်၌ ပါဝင်သော အသင်းသားအဖြစ် တွေးမြင်ကြည့်ပါလော့။ ပေါလု၏ တိုက်တွန်းနိုးဆော်ချက်ကို နာခံလျက်၊ သင်းအုပ်ဆရာသည် ထိုစာစောင်ကို ဖွင့်ဖတ်ဖို့ရန် စုဝေးကြဖို့ အထူး စည်းဝေးပွဲ ခေါ်ခဲ့၏။ ထိုအခါ၊ အသင်းသားတိုင်းသည် သူတို့ *"လွမ်း၍"* (၁ သက် ၃း၆) တွေ့မြင်လိုသော၊ ဘုရားသခင်၏လူ ထံမှ ပို့လိုက်သော စာစောင်ကို ကြားနာဖို့ အလွန် စိတ်အားထက်သန်လျက်ရှိကြပါလိမ့်မည်။

ထိုစာစောင် ဖတ်ကြားတော့မည့် အချိန်တွင်၊ အသင်းတော် ခန်းမ၌ လူများ ပြည့်နှက်နေခဲ့ပါလိမ့်မည်။ လူတိုင်း စောလျင်စွာ ရောက်လာလျက်၊ ရင်ခုန်စွာ စောင့်နေကြပါလိမ့်မည်။ တိတ်ဆိတ်ငြိမ်သက်စွာ သင်းအုပ်ဆရာ၏ ထိုစာစောင် ဖတ်ကြားမှုကို နားထောင်နေကြလိမ့်မည်။ အဘယ့်ကြောင့် ဤအစည်းအဝေးသည် ထူးခြားမှု ရှိပါသနည်း။ သူတို့ ကြားနာမည့် စကားသည် *"လူ၏ နှုတ်ထွက်စကားကို မခံမယူဘဲ၊ ဘုရားသခင်၏ နှုတ်ကပတ်တော် အမှန်ဖြစ်သည်"* (၁ သက် ၂း၁၃) ဟု သိကြသောကြောင့် ဖြစ်ပါသည်။ တမန်တော် ပေါလု ရေးသားသော စာစောင်ဖြစ်သော်လည်း၊ သူသည် သန့်ရှင်းသော ဝိညာဉ်တော်၏ နိုးဆော်မှုအားဖြင့်၊ ဘုရားသခင်၏ စကားတော်ကို ရေးသားခြင်းဖြစ်ပါသည်။

ဤဩဝါဒစာစောင် (အခြား ကျမ်းများလည်းပါဝင်ပါသည်) လူထု ရှေ့၌ ပထမဆုံး ဖတ်ကြားမှု ကြားနာခြင်းသည် အလွန် စိတ်လှုပ်ရှားစရာ ကောင်းပါလိမ့်မည်။ သို့သော်လည်း၊ ယနေ့ ကျွန်ုပ်လက်ထဲ၌ ဘုရားသခင်၏ စုံလင်သော နှုတ်ကပတ်တော်၊ လွယ်ကူစွာ ဖတ်ဖို့ ရှိခဲ့ပါပြီ။ ထိုကာလနှင့် နှိုင်းယှဉ်လျှင် ယခု ကျွန်တော်တို့၌ ဘုရားသခင်၏နှုတ်ကပတ်တော် ဖတ်ကြား လေ့လာရသော အခွင့် များစွာ ရှိပါ၏။ ထိုကာလတွင်၊ ကျမ်းစာကို လက်ဖြင့် ကူးယူခဲ့ကြရပါသည်။ အရေအတွက် အနည်းငယ်သာ ရှိခဲ့ပါသည်။ ယနေ့တွင်မူ၊ လူတိုင်း ပိုင်ဆိုင်ကြသည် သာမက၊ ကျွန်ုပ်တို့၏ ဖုန်းထဲ၌လည်း အချိန်မရွေး ဖတ်၍ ရပါသည်။ ထိုနှုတ်ကပတ်တော် နားလည်ဖို့ရန် အကူအညီပေးသော တန်ဆာပလာများလည်း များစွာ ရှိလာပြီဖြစ်၏။ ကျွန်တော်တို့ လေ့လာ ဖတ်ရှု ပါသလား။ ကျမ်းစာကို ဖတ်လျက်၊ နားလည်သဘောပေါက်သောအရာကို အသက်တာ၌ ကျင့်သုံးပါသလား။

ဤဩဝါဒစာစောင်ကို သုံးလလုံးလုံး ကျွန်တော်တို့ လေ့လာခဲ့ကြပါပြီ။ အလွန် တန်ဖိုးရှိသော သင်ခန်းစာများလည်း သင် မှတ်ယူခဲ့လိမ့်မည်ဟု ကျွန်တော် ယုံကြည်ပါသည်။ သက်သာလောနိတ် အသင်းတော်အတွက် ဖြစ်သကဲ့သို့၊ ကျွန်ုပ်တို့အတွက်လည်း ဤစာစောင်သည် ဘုရားသခင်၏ နှုတ်ကပတ်တော်ဖြစ်ပါသည်။ သင် လက်ခံ ယုံကြည် နားလည် ခဲ့ပါပြီ။ သင့်အသက်တာ၌ အစွမ်းထက်စွာ အလုပ်လုပ်ခဲ့ပါသလား (၁ သက် ၂း၁၃)။

**ဆင်ခြင်ရန်** - သမ္မာကျမ်းစာ ကျွန်တော် ဖတ်သောအခါ၊ ဘုရားသခင်သည် ကျွန်ုပ်အား စကား ပြောတော်မူ၏။

**ဆုတောင်းချက်-** အဖဘုရား၊ ကိုယ်တော်၏ နှုတ်ကပတ်တရားကို ကျွန်တော် အစဉ် နှစ်သက်တန်ဖိုးထားပါ၏။



စနေ၊ အောက်တိုဘာ (၄)

**၁ သက် ၁း၁-၂**

မသဲ ၁၃း၂၀-၂၁

*"ခမည်းတော်ဘုရားနှင့် သခင် ယေရှုခရစ်၌ တည်ရှိသော"*

## ဘုရားသခင်နှင့် ခရစ်တော်၌ တည်သောအသင်းတော်

ဤဩဝါဒစာစောင်သည် သက်သာလောနိတ် အသင်းတော်အား၊ *"ခမည်းတော်ဘုရားနှင့် သခင်ယေရှုခရစ်၌ တည်ရှိသော"* (၁ သက် ၁း၁) အသင်းတော် ဟူသော ပေါလု၏ နှုတ်ဆက်စကားဖြင့် အစပြုခဲ့ပါသည်။ ဤနှုတ်ဆက်ခြင်းကို လူများတို့က အလေးအနက် မထားဘဲ နေခဲ့ကြပါလိမ့်မည်။ သို့သော်လည်း၊ ထိုဖော်ပြချက်သည် ဝိညာဉ် အသက်တာ ကြီးထွားခြင်းအတွက် အလွန် အရေးကြီးသော၊ လေးနက်လှသော အဓိပ္ပါယ် ရှိကြောင်း ကျွန်တော်တို့ လေ့လာဖို့လိုပါသည်။

ဤအသင်းတော်သည် ငယ်ရွယ်သော အသင်းတော် ဖြစ်သော်လည်း၊ အစကတည်းက ကြမ်းတမ်းသောလမ်းကို လျှောက်လျက်၊ ညှင်းဆဲခြင်းကို ရင်ဆိုင်နေခဲ့ရပါသည်။ ဤအသင်းတော်သည် ပြဿနာနှင့်ပြည့်နှက်သော၊ ပျက်စီးတော့မည့် အသင်းတော်ဟု အချို့ ထင်မှတ်ပါလိမ့်မည်။ ယေရှု၏ သာဓကထဲတွင် တွေ့ရသော၊ ကျောက်များကြား၌ ကျသော မျိုးစေ့နည်းတူ (မသဲ ၁၃း၂၀-၂၁)၊ ညှင်းဆဲခြင်းကြောင့် အသီးမသီးနိုင်သော အဖြစ်သို့ ရောက်ရှိလိမ့်မည်ဟု ထင်မှတ်ရပါသည်။

သို့သော်လည်း၊ ထိုသို့ မဟုတ်ခဲ့ပါ။ ထိုသို့သော ညှင်းဆဲခြင်း ခံခဲ့ရသော်လည်း၊ ပေါလုသည် ထိုအသင်းတော်ကို ဧဝံဂေလိတရား သက်သေခံခြင်းအမှု၌ စံထားရသော အသင်းတော် ဖြစ်ခဲ့ကြောင်း ချီးကျူး စကားဆိုခဲ့ပါသည် (၁ သက် ၁း၇-၈)။ မည်သို့ ဖြစ်နိုင်ခဲ့ပါသနည်း။ အကြောင်းမှာ ထိုအသင်းတော်သည် ဘုရားသခင်နှင့် သခင်ယေရှုခရစ်တော်၌ တည်သောကြောင့် ဖြစ်ပါသည်။

ဘုရားသခင်နှင့် ခရစ်တော်၌ ထိုအသင်းတော်သည် လုံခြုံမှု ရှိခဲ့ပါသည်။ ခမည်းတော်ဘုရားနှင့်၎င်း၊ သခင်ယေရှု ခရစ်တော်နှင့်၎င်း အလွန်ရင်းနှီးလျက် မြဲမြံသော ဆက်နွယ်ပတ်သက်မှု ရှိခဲ့၏။ သူတို့သည် ခရစ်တော်ကို ကောင်းကောင်း သိကျွမ်း ခဲ့ကြပြီး၊ ထိုခရစ်တော်နှင့် တလုံးတဝတည်း မိသားစုဖွဲ့ခြင်းဟူသော ကောင်းကြီးမင်္ဂလာ ခံစားခဲ့ကြပါသည်။ ဘုရားသခင်ကို ယုံကြည်ကိုးစားခဲ့ကြပြီး၊ ဘုရား စကားကို အရာရာတိုင်း၌ နာခံခဲ့ကြ၏။ ထို့ကြောင့် ပေါလု (သို့) တမန်တော် တပါးပါး မရှိသည့်တိုင်၊ ထိုအသင်းတော်သည် မြဲမြံခိုင်ခံ့ခြင်း ရှိခဲ့ပါသည်။ သူတို့၏ မြော်လင့်ချက်သည် လူ၌ မတည်၊ မမှားနိုင်သော ဘုရားသခင်၌ တည်၏။

ဘုရားသခင်နှင့် သခင်ယေရှု ခရစ်တော်၌ ကျွန်တော် တည်၏ဟု ယုံကြည်သူတိုင်း အလေးအနက် ဆိုနိုင်ခဲ့ပါလျှင် ဘယ်လောက် မင်္ဂလာရှိ လိမ့်မည်နည်း။ ယုံကြည်သူတိုင်းသည် အရာအားလုံးထက် ဘုရားသခင်နှင့်အတူ မည်သို့ မိမိ၏အသက်တာ လျှောက်လှမ်းသနည်း ဟူသောအချက်ကို အဓိက ထားရပါမည်။ ထိုသို့ပြုလျှင် အခြားသောအရာအားလုံးတို့သည် မိမိ နေရာတကျ ရှိလာခဲ့မည် ဖြစ်ပါသည်။ ကျွန်တော်တို့သည် ခရစ်တော်၌ တည်လျှင်၊ ကျွန်ုပ်တို့၏ မျှော်လင့်ချက်နှင့် ယုံကြည်ကိုးစားခြင်းသည် ကိုယ်တော်ဖြစ်သောကြောင့်၊ အဘယ် အခက်အခဲကမျှ ကျွန်ုပ်တို့ကို ဘုရားသခင်ထံမှ ဝေးသွား စေနိုင်မည် မဟုတ်ပါ။

**ဆင်ခြင်ရန်** - ယုံကြည်သူများ ခရစ်တော်၌ တည်နေရခြင်းသည် အလွန် ကြီးမြတ်သော မင်္ဂလာ ပင်ဖြစ်ပါသည်။

**ဆုတောင်းချက်-** အဖဘုရား၊ ကိုယ်တော်၌ ငြိမ်သက်ခြင်းနှင့် လုံခြုံမှုကို ခံစားရမည်အကြောင်း မစတော်မူပါ။

တနင်္ဂနွေ၊ အောက်တိုဘာ (၅)
**၁ သက် ၁း၁-၂**
၁ သက် ၅း၁၆-၂၂

*"သင်တို့အပေါင်းကို အကြောင်းပြုသဖြင့်၊ ဘုရားသခင်၏ ကျေးဇူးတော်ကို ကာလအစဉ် ချီးမွမ်း၍ သင်တို့အဘို့အလို့ငှါ ဆုတောင်းပဌနာ ပြုလျက်နေကြ၏"*

## ကျေးဇူးတော် အစဉ် ချီးမွမ်းခြင်း

ခရစ်ယာန်များသည် ဤလောကလူအပေါင်းတို့တွင် အထူး ဝမ်းမြောက်ခြင်း ရှိရမည့်သူများ ဖြစ်ကြပါသည်။ ဘုရားသခင်၏ ကောင်းကြီးမင်္ဂလာများစွာ ခံစားရသော သားသမီးများ ဖြစ်သောကြောင့်၊ ဘုရားသခင်၏ကျေးဇူးတော်ကို အစဉ် ချီးမွမ်းရမည်ဖြစ်ပါသည်။ တမန်တော် ပေါလုနည်းတူ၊ ကျွန်တော်တို့သည် အရာရာတိုင်း၌ ဘုရားသခင်၏ကျေးဇူးတော်ကို ချီးမွမ်းရမည်ဖြစ်ပါသည်။

ပေါလုသည် ဆုတောင်းသောသူ ဖြစ်ပါသည်။ သူ ရေးသားသော ဩဝါဒစာစောင်တိုင်း၌ အသင်းတော်အတွက်၊ တစုံတယောက်အတွက် မိမိ အစဉ် ဆုတောင်း ပေးတော်မူကြောင်း ဖော်ပြခဲ့ပါသည်။ ဘုရားသခင်က ပေါလု (ကယ်တင်ခြင်း ခံပြီး များမကြာမှီ) အကြောင်းကို *"ထိုသူသည် ဆုတောင်းလျက် နေ၏"* (တမန် ၉း၁၁) ဟု ဖော်ပြတော်မူ၏။ မိမိ၏ နောက်ဆုံး ဩဝါဒစာစောင်၌လည်း၊ *"နေ့ညမပြတ် ဆုတောင်းပဌနာပြုသည်တွင်၊ သင့်ကို မခြားမလပ် အောက်မေ့သည်"* (၂ တိ ၁း၃) ဟု ပေါလု ဖော်ပြခဲ့ပါသည်။ အရာရာတိုင်းသည် ဘုရားသခင် ထံမှ ဖြစ်သည်ကိုငှင်း၊ အရာရာတိုင်း ကျေးဇူးချီးမွမ်း ထိုက်ကြောင်းကိုငှင်း သိသဖြင့်၊ ပေါလုသည် သူ့ဘဝ တလျှောက်လုံး ဘုရားသခင်၏ ကျေးဇူးတော်ကို ချီးမွမ်းခဲ့ပါသည်။

ထို့ကြောင့်၊ ၁ သက် ၁း၂ တွင်၊ *"ဘုရားသခင်၏ကျေးဇူးတော်ကို ကာလအစဉ် ချီးမွမ်း၍ သင်တို့အဘို့အလို့ငှါ ဆုတောင်းပဌနာ ပြုလျက်နေကြ၏"* ဟု ဖော်ပြခဲ့ပါသည်။ သက်သာလောနိတ်မြို့ရှိ သန့်ရှင်းသူများ၏ ဝိညာဉ်အသက်တာ ကြီးထွားမှုကို ကြားသိသောအခါ သူသည် အလွန် ဝမ်းမြောက်ခြင်း ရှိခဲ့ပါသည်။ ထိုကြီးထွားမှုသည် လူ့ ကြိုးစားအားထုတ်မှုအားဖြင့် မဟုတ်၊ မိမိအားဖြင့်လည်း မဟုတ်ကြောင်းကို ပေါလု သိခဲ့ပါသည်။ ဘုရားသခင် ပြုတော်မူသောအမှုဖြစ်ကြောင်း သိလျက်၊ ချီးမွမ်းခြင်းအပေါင်း ဘုရားသခင်သာလျှင် ခံထိုက်တော်မူ၏။ ထို့ကြောင့်၊ ပေါလုသည် ဘုရားသခင်ကိုသာ ချီးမွမ်းခဲ့ပါသည်။

ယုံကြည်သူ ကျွန်တော်တို့သည်လည်း ခံစား ရရှိသော အရာတိုင်းအတွက် ဘုရားသခင်၏ ကျေးဇူးတော်ကို အစဉ် ချီးမွမ်းကြရမည် ဖြစ်ပါသည်။ ခံစားရရှိသော ကောင်းကြီးမင်္ဂလာများကို ရေတွက်လျက်၊ ကောင်းမြတ် စုံလင်သော ကောင်းကြီးမင်္ဂလာအပေါင်းသည် ကောင်းကင်ဘုံ၌ရှိတော်မူသော အဖဘုရားထံမှ ကျွန်တော်တို့ ရရှိခြင်းဖြစ်ကြောင်း အစဉ် သတိရအောက်မေ့ဖို့လိုပါသည်။ ကျွန်ုပ်တို့၏ ချီးမွမ်း ကိုးကွယ်ခြင်းကို ဘုရားသခင် နှစ်သက်တော်မူသည်ဖြစ်သောကြောင့်၊ ကျွန်ုပ်တို့၏ ဆုတောင်းခြင်းသည် ကျေးဇူးတော် ချီးမွမ်းခြင်းဖြင့် အစပြုလျက်၊ ချီးမွမ်းခြင်းဖြင့် အဆုံးသတ် ရမည်ဖြစ်ပါသည်။ လွန်စွာ ကျေးဇူးတော် ချီးမွမ်းသည် ဟူ၍ မရှိနိုင်ပါ။ ထိုကျေးဇူးတော် ချီးမွမ်းခြင်းသည် ကျွန်ုပ်တို့အား ဝမ်းမြောက်သောသူ၊ ရောင့်ရဲတင်းတိမ်ခြင်း ရှိသောသူ ဖြစ်ဖို့ရန် မစတော်မူ၏။

**ဆင်ခြင်ရန်** - ခံစားရသော ကောင်းကြီးမင်္ဂလာကြောင့် ကျွန်တော် နောက်ဆုံး ကျေးဇူးတော် ချီးမွမ်းခဲ့သောအချိန် ဘယ်အချိန်ဖြစ်ပါသနည်း။

**ဆုတောင်းချက်-** အဖဘုရား၊ အရာရာတိုင်းအတွက် အစဉ် ကျေးဇူးတော် ချီးမွမ်းမည်အကြောင်း မစတော်မူပါ။



တနင်္လာ၊ ဒီဇင်ဘာ (၂၉)
**၁ သက် ၅း၂၅-၂၆**
ဟေဗြဲ ၁၀း၂၄-၂၅

*"ညီအစ်ကိုတို့ ငါတို့အဘို့ ဆုတောင်းကြလော့"*

## မိသာဟာယဖွဲ့ခြင်း၏ အရေးပါမှု

*"သန့်ရှင်းသော နမ်းခြင်း"* ဆိုသည်မှာ အဘယ်နည်း။ ဓမ္မသစ်ခေတ် အရှေ့ပိုင်း ရိုးရာယဉ်ကျေးမှုတွင်၊ မိသားစုနှင့် မိတ်ဆွေများအကြား အချင်းချင်း နမ်းခြင်းသည် ပုံမှန် နှုတ်ဆက်ခြင်း ဖြစ်ပါသည်။ အခြား အဓိပ္ပါယ်၊ သမီးရည်းစား (သို့) ကိလေသာနှင့်ဆိုင်သော အမြင်၊ အယူအဆမျိုး လုံးဝ မရှိ၊ ဖော်ရွေသော နှုတ်ဆက်ခြင်းသာလျှင်ဖြစ်ပါသည်။ ယနေ့ခေတ် လက်ဆွဲ နှုတ်ဆက်ခြင်းနှင့် အတူတူပင်ဖြစ်ပါသည်။ ပေါလု၏ "သန့်ရှင်း" ဟူသော စကားလုံး တွဲသုံးထားခြင်းက၊ လူမှုရေးအရ အချင်းချင်း နှုတ်ဆက်ခြင်း ပြုကြဖို့ရန် တိုက်တွန်းသည် သာမက၊ ခရစ်တော်အကြောင်းကြောင့် စုဝေးကြသောအခါ အချင်းချင်း သန့်ရှင်းသော မိသာဟာရဖွဲ့ခြင်း ပြုကြရန် နိုးဆော်ခြင်းလည်း ဖြစ်ကြောင်း ဖော်ပြလျက်ရှိပါသည်။ ထို့ပြင် ညီအစ်ကိုတို့အား မိမိအတွက် ဆုတောင်းပေးဖို့ရန် ပေါလု တောင်းဆိုခဲ့ပါသည်။ သူကိုယ်တိုင်ကလည်း သူတို့အတွက် ဆုတောင်းပေးခဲ့ကြောင်း အရင် ဖော်ပြခဲ့ပါသည်။ ညီအစ်ကို အချင်းချင်း ဆုတောင်းပေးခြင်း၏ တန်ဖိုးကို နားလည်ခဲ့ပါသည်။ ထိုအချင်းချင်း ဆုတောင်းပေးခြင်းအမှုကို ယုံကြည်သူအပေါင်းတို့သည် ကြိုးစား ဆောင်ရွက်ကြရပါမည်။

ထိုရိုးရှင်းသော သွန်သင်ချက်က မိသာဟာရဖွဲ့ခြင်းကို တိုက်တွန်းကြောင်း ထင်ရှားပါသည်။ ယုံကြည်သူတိုင်း၏အသက်တာ၌ မိသာဟာရဖွဲ့ခြင်းသည် အလွန် အရေးကြီးသောအရာဖြစ်ပါသည်။ အချင်းချင်း ဆုတောင်းပေးဖို့ရန်၊ အချင်းချင်း နှုတ်ဆက်ဖို့ရန် ကျွန်တော်တို့ အရင် မိသာဟာရဖွဲ့ခြင်း ရှိဖို့လိုအပ်ပါသည်။ ဘယ်သူနှင့်မျှ မိသာဟာရဖွဲ့ခြင်း မပြုလျှင်၊ ကျွန်တော်တို့သည် သူတပါး၏ အသက်တာကို သိမည် မဟုတ်၊ အဘယ်သို့ ဆုတောင်းပေးမည်ကို သိမည် မဟုတ်ပါ။ ထိုနည်းတူ၊ အချင်းချင်း မိသာဟာရဖွဲ့ခြင်း မရှိလျှင်၊ အချင်းချင်း နှုတ်ဆက်ခြင်းလည်း ရှိနိုင်မည် မဟုတ်ပါ။

ကိုယ်နှင့်စပ်ဆိုင်သောသူများကို ကျွန်တော်တို့ အမှန် ဂရုစိုက်ပါလျှင်၊ အချင်းချင်း တိုက်တွန်း နိုးဆော်လျက်၊ အချင်းချင်း တည်ဆောက်ဖို့ရန် အချိန်ပေးလိုခြင်း ရှိရပါမည်။ ဝတ်ပြု ကိုးကွယ်ခြင်း အပြီးတွင် အချို့သောသူတို့သည် အချင်းချင်း မိသာဟာရဖွဲ့ခြင်းကို မပြုဘဲ ချက်ချင်း အိမ်ပြန်တတ်ကြပါသည်။ ကျမ်းစာ သင်ကြား လေ့လာခြင်း၌လည်း မပါဝင် တတ်ကြပါ။ အသင်းတော်သည် ထက်သန် နိုးကြားခြင်း ရှိမည်အကြောင်း၊ အသင်းသားတို့သည် မိမိတို့၏ တာဝန်ကို ကျေပွန်စွာ ဆောင်ရွက်လျက်၊ အချင်းချင်း အားပေး စကား ပြောပြီး၊ မိသာဟာရဖွဲ့ခြင်းကို ပြုရမည်ဖြစ်ပါသည်။ ထိုသို့ပြုလျှင် အချင်းချင်း ချစ်ခြင်းမေတ္တာသည်လည်း ပို၍ ခိုင်မာလာမည်ဖြစ်ပါသည်။ ဟေဗြဲ ၁၀း၂၄-၂၅ ၌ ဖော်ပြထားသည်အတိုင်း၊ ကျွန်တော်တို့သည် အချင်းချင်း မိသာဟာရဖွဲ့လျက်၊ အချင်းချင်း ချစ်ခြင်း မေတ္တာထားရန်နှင့် ကောင်းသောအကျင့် ကျင့်ဖို့ရန် အားပေး နိုးဆော်ကြရပါမည်။

**ဆင်ခြင်ရန်** - အသင်းတော်၌ အခြားအသင်းသား ယုံကြည်သူများကို ကျွန်တော် ဘယ်လောက် သိကျွမ်း ပါသနည်း။

**ဆုတောင်းချက်-** အဖဘုရား၊ မိသာဟာယဖွဲ့ခြင်း အရေးပါမှုကို နားလည်လျက်၊ အသင်းသား သန့်ရှင်းသူများနှင့် ပေါင်းဘော်မည်အကြောင်း မစတော်မူပါ။

တနင်္ဂနွေ၊ ဒီဇင်ဘာ (၂၈)

**၁ သက် ၅း၂၄**

ရောမ ၈း၂၈-၃၀

*“သင်တို့ကို ခေါ်တော်မူသော သူသည် သစ္စာနှင့် ပြည့်စုံသည်ဖြစ်၍၊ ထိုသို့ ပြုတော်မူလိမ့်မည်”*

# ဘုရားသခင်သည် သစ္စာနှင့်ပြည့်စုံတော်မူ၏

ဘုရားသခင်သည် သစ္စာရှိတော်မူသော ဘုရားဖြစ်ပါသည်။ ထိုအကြောင်းကို သမ္မာကျမ်းစာ တစ်အုပ်လုံး၌ တွေ့ရပါသည်။ *“သို့ဖြစ်၍ သင်၏ဘုရားသခင် ထာဝရဘုရားသည် မှန်သောဘုရား၊ သစ္စာစောင့်သော ဘုရား၊ ကိုယ်တော်ကို ချစ်၍ ပညတ်တော်တို့ကို စောင့်ရှောက်သောသူတို့၏ အမျိုးအစဉ်အဆက် အထောင် အသောင်းတိုင်အောင် ပဋိညာဉ် စကားတည်၍ ကရုဏာကို ပြုသောဘုရား”* (တရား ၇း၉) ဖြစ်ကြောင်းကို သိမှတ်ပါလော့။ ထိုနည်းတူ၊ ၁ သက် ၅း၂၄ ထဲတွင်၊ ထိုသစ္စာရှိတော်မူသော ဘုရားသခင်သည် ကျွန်ုပ်တို့ကို ရွေးကောက် ကယ်တင်တော်မူသောဘုရားဖြစ်ပြီး၊ ထိုဘုရားသခင်ကပင် ကျွန်တော်တို့အား သခင်ယေရှု ခရစ်တော် ကြွလာတော်မူသောအခါ အပြစ်တင်ခွင့်နှင့် ကင်းလွတ်မည်အကြောင်း စောင့်ရှောက်လျက် ကျွန်ုပ်တို့၏အသက်တာ သန့်ရှင်းစေခြင်းအမှုကို ပြုတော်မူကြောင်း ဖော်ပြခဲ့ပါသည်။

ကယ်တင်ခြင်းအမှုသည် သစ္စာရှိတော်မူသော ဘုရားသခင် ပြုတော်မူသောအမှုဖြစ်ပါသည်။ ကယ်တင်တော်မူသောနေ့မှ စ၍ အိမ်တော်သို့ ဘုန်းတော်ဝင်စားစေမည့် နေ့တိုင်အောင်၊ ကျွန်တော်တို့သည် ဘုရားသခင်၏လက်တော်ထဲ၌ တည်နေကြပါသည်။ ရောမ ၈း၂၉-၃၀ ထဲတွင်၊ ဘုရားသခင်သည် ဤကမ္ဘာမတည်မီ ကျွန်ုပ်တို့ကို သိတော်မူခဲ့ကြောင်း၊ ကယ်တင်ခြင်းခံရဖို့ရန် ခွဲခန့်မှတ်သားတော်မူကြောင်း ဖော်ပြခဲ့ပါသည်။ ထို့နောက် မိမိအချိန်းချက်သော အချိန်၌ ကျွန်ုပ်တို့ကို မိမိထံ ခေါ်တော်မူလျက်၊ သားသမီးအဖြစ် လက်ခံတော်မူ၏။ ကျေးဇူးတော်အားဖြင့်၊ ကျွန်တော်တို့သည် အပြစ်မှ နောင်တရလျက် ယုံကြည်ခြင်း ရှိပြီး၊ ဖြောင့်မတ်သောသူအဖြစ် သတ်မှတ်ခြင်း ခံကြရပါသည်။ နောက်ဆုံးတွင်၊ သခင်ယေရှု ခရစ်တော် ကြွလာတော်မူသောအခါ၊ မိုးကောင်းကင်ယံသို့ သူနှင့် ဆုံတွေ့ဖို့ရန် ဘုန်းအသရေနှင့်ပြည့်စုံသော ခန္ဓာကိုယ်ဖြင့် ကျွန်တော်တို့သည် ချီဆောင်ခြင်းခံလျက်၊ ဘုရားသခင်နှင့်အတူ ထာဝရ နေကြရမည်ဖြစ်ပါသည်။ ထိုအမှုအပေါင်းသည် သစ္စာနှင့်ပြည့်စုံတော်မူသော ဘုရားသခင် ပြုတော်မူသောအမှုဖြစ်ပါသည်။ အစမှ အဆုံးတိုင်အောင်၊ ကယ်တင်ခြင်းသည် ဘုရားသခင် ပြုတော်မူသောအမှု ဖြစ်တော်မူ၏။

ထို့ကြောင့်၊ ဘုရားသခင်သည် မိမိ၏ ဂတိတော်များကို အမှန် ပြည့်စုံစေမည်ဖြစ်ကြောင်း ကျွန်တော်တို့ လုံးဝ ယုံကြည်ခြင်းရှိပါသည် (၁ ပေ ၁း၄)။ ဤဘဝ၌လည်း ကျွန်တော်တို့သည် အထီးကျန်သောသူ မဟုတ်၊ ဘုရားသခင်အတူ ပါရှိလျက် လမ်းပြတော်မူသည်ဖြစ်၍ ကျွန်တော်တို့ကို ဘယ်တော့မှ ပစ်ထားတော်မူမည် မဟုတ်ကြောင်း ဂတိထားတော်မူ၏ (ဟေဗြဲ ၁၃း၅)။ ဆုတောင်းသံကို နားညောင်းတော်မူသော၊ ကျွန်ုပ်တို့ကို မကောင်းမှုမှ ကွယ်ကာတော်မူသော၊ သစ္စာရှိသည့် ဘုရားသခင် ဖြစ်တော်မူ၏ (၁ သက် ၃း၃)။ ကျွန်ုပ်တို့ကို သတိနှင့် စောင့်ရှောက်တော်မူလျက်၊ ကျေးဇူးပြုတော်မူပြီး၊ ငြိမ်သက်ခြင်း ပေးတော်မူမည် (တော ၆း၂၄-၂၆)။ ကျွန်ုပ်တို့၏ ဘုရားသခင်သည် ကြီးမြတ်တော်မူသော၊ သစ္စာနှင့် ပြည့်စုံတော်မူသော ဘုရားသခင်ဖြစ်တော်မူ၏။ ထိုဘုရားသခင်ကို သင် ယုံကြည်ကိုးစားပါမည်လော။ သူ့အပေါ် သင် သစ္စာရှိပါမည်လော။

**ဆင်ခြင်ရန်** - သစ္စာရှိတော်မူသော ဘုရားသခင်အပေါ် ကျွန်တော် မည်သို့ သစ္စာမရှိဘဲ နေနိုင်ပါမည်နည်း။

**ဆုတောင်းချက်-** အဖဘုရား၊ ကိုယ်တော်၏ သစ္စာရှိတော်မူခြင်းကြောင့် ကျေးဇူးတင်ပါသည်။ ကိုယ်တော့်အပေါ် ကျွန်တော် အစဉ် သစ္စာရှိမည်အကြောင်း မစတော်မူပါ။



တနင်္လာ၊ အောက်တိုဘာ (၆)

**၁ သက် ၁း၃**

ယာကုပ် ၂း၁၄-၂၆

*“ယုံကြည်သောစိတ်နှင့် အကျင့်ကို ကျင့်ခြင်း . . . ကို ငါတို့သည် အစဉ်မပြတ် အောက်မေ့လျက်”*

# ယုံကြည်ခြင်း အကျင့်

ပေါလုက သက်သာလောနိတ် ခရစ်ယာန်များအား စံပြဖြစ်ခြင်း အချက် သုံးချက်ဖြင့် ချီးကျူးခဲ့ပါသည်။ ထိုအချက်များမှာ၊ ယုံကြည်ခြင်းစိတ်နှင့် အကျင့်ကို ကျင့်ခြင်း၊ ချစ်သောစိတ်နှင့် ကြိုးစားအားထုတ်ခြင်း၊ မြော်လင့်သောစိတ်နှင့် တည်ကြည်ခြင်း တို့ဖြစ်ပါသည်။ ဤ ကျေးဇူးတော်နှင့်ဆိုင်သော ယုံကြည်ခြင်း၊ ချစ်ခြင်းနှင့် မြော်လင့်ခြင်း သုံးပါးသည် စစ်မှန်သော ယုံကြည်သူ၏ လက္ခဏာများဖြစ်လျက်၊ ထိုသုံးပါးက အကျင့် ကျင့်ခြင်း၊ ကြိုးစားအားထုတ်ခြင်းနှင့် တည်ကြည်ခြင်းကို မွေးထုတ် ပေးခဲ့ကြပါသည်။

“*ယုံကြည်သောစိတ်နှင့် အကျင့်ကို ကျင့်ခြင်း*” (၁ သက် ၁း၃) သည် သခင်ယေရှု ခရစ်တော်၌ တည်သော ယုံကြည်ခြင်း၌ အမြစ်တွယ်သော အကျင့်ကို ဆိုလိုပါသည်။ အထူးသဖြင့် ခရစ်တော်၏ ကျေးဇူးတော်ကို စိတ်နှလုံးထဲ၌ ခံစားလျက် အပြစ်မှ နောင်တရပြီး ဘုရားသခင်ထံ တိုးဝင်ခြင်းကို ပြုခဲ့သော ယုံကြည်ခြင်း၏ ကနဦး အကျင့်ကို ဆိုလိုပါသည်။ ပေါလုက ယုံကြည်ခြင်းအားဖြင့် ဖြစ်သော ထိုအကျင့်အကြောင်းကို ဧဖက် ၂း၈ တွင် ဤသို့ ဖော်ပြခဲ့၏ - “*ယုံကြည်သောအားဖြင့် ကျေးဇူးတော်ကြောင့် ကယ်တင်ခြင်းသို့ ရောက်ရ၏။ ကိုယ်အလိုအလျောက် ရောက်သည်မဟုတ်။ ဘုရားသခင် သနားတော်မူရာ ဖြစ်သတည်း။*” ထို့ကြောင့်၊ ယုံကြည်သူအား ပထမဆုံး ယုံကြည်ခြင်း ကို ပေးတော်မူလျက်၊ အပြစ်မှ နောင်တရပြီး သခင်ယေရှု ခရစ်တော်ကို ယုံကြည်စေသောအရာသည် ကျေးဇူးတော်ပင် ဖြစ်ပါသည်။ ထိုလူ့အထဲ၌ ခံစားရသော ယုံကြည်ခြင်းသည် သခင်ယေရှု ခရစ်တော် အားဖြင့် ဒုတိယမွေးခြင်းခံလျက် ပြောင်းလဲသော အသက်တာ၌ ပေါ်လွင်ထင်ရှားခဲ့ပါသည်။

ထို စစ်မှန်သော ယုံကြည်ခြင်းသည် ဦးနှောက်အသိသက်သက် မဟုတ်ဘဲ၊ အသက်တာ ပြောင်းလဲခြင်းတည်းဟူသော ဘုရားသခင်အတွက် အသက်ရှင်ခြင်း အသက်တာကို ဖြစ်ပွားစေသော ယုံကြည်ခြင်း ပေတည်း။ လူတဦး၏ အသက်တာနှင့် ဘဝအမြင်ကို လုံးဝ ပြောင်းလဲစေသော ယုံကြည်ခြင်း ဖြစ်လျက်၊ “*ရုပ်တုဆင်းတုတို့ကို ပစ်ပယ်၍၊ ဘုရားသခင့် အထံတော်သို့ ပြောင်းလဲကြသည်*” (၁ သက် ၁း၁၀)။ စစ်မှန်သော ယုံကြည်သူတိုင်း၏အသက်တာ၌ ယုံကြည်ခြင်းသည် ထိုသို့သော အမှုကို ပြုလိမ့်မည်။ ထိုသို့သော ပြောင်းလဲခြင်းကို လူတို့က မြင်ကြရပါမည်။ ထို ယုံကြည်ခြင်းသည် ယာကုပ် ဖော်ပြသည်အတိုင်း၊ ယုံကြည်ခြင်း အသေ မဟုတ်ပါ (ယာ ၂း၁၇)။ ထို ယုံကြည်ခြင်းသည် အကျင့်ကို ကျင့်လျက်၊ ထို အကျင့်တို့သည် ထိုယုံကြည်ခြင်း စစ်မှန်ကြောင်း၊ အသက်ရှင်ကြောင်းကို သက်သေပြ၏။

အဘယ့်ကြောင့် ဘုရားသခင်၏အမှုတော်ကို ဆောင်ပါသနည်း။ ကယ်တင်ခြင်း ရဖို့ရန် မဟုတ်ဘဲ၊ ကယ်တင်ခြင်း ခံရသောကြောင့် ဖြစ်ပါသည်။ ခရစ်တော်၌ စစ်မှန်သော ယုံကြည်ခြင်း ကျွန်တော်တို့ ရှိလျှင်၊ ယုံကြည်ခြင်း အကျင့်တည်းဟူသော နောင်တရခြင်းနှင့် ပြောင်းလဲသော အသက်တာ ကျွန်ုပ်တို့၌ ထင်ရှားရပါမည်။ ယုံကြည်ခြင်း ရှိသောကြောင့် ကျွန်ုပ်တို့ အသက်တာ ပြောင်းလဲခြင်း ရှိ၏။

**ဆင်ခြင်ရန်** - သခင် ယေရှုခရစ်တော်ကို ကျွန်တော် ယုံကြည်သော အချိန်မှ စ၍ ကျွန်ုပ် အသက်တာ မည်သို့ ပြောင်းလဲခြင်း ရှိခဲ့ပါသနည်း။

**ဆုတောင်းချက်-** အဖဘုရား၊ ကျွန်ုပ် အသက်တာ၌ ကိုယ်တော် ပြုတော်မူသော ယုံကြည်ခြင်း အကျင့်ကြောင့် ကိုယ်တော့်ကို ကျေးဇူးတင်ပါ၏။

**၁ သက် ၁း၃**
၂ ကော ၅း၁၄-၁၅

*“ခရစ်တော်၏ ချစ်ခြင်းမေတ္တာသည်
ငါတို့ကို အနိုင်အထက် သွေးဆောင်၏”*

## ချစ်သောစိတ်နှင့် ကြိုးစားအားထုတ်ခြင်း

ကယ်တင်ခြင်းခံရပြီးနောက်၊ ဘုရားသခင်အတွက် အမှုတော်ဆောင် ဖို့ရန် ယုံကြည်သူ ကြိုးစားခြင်းသည် ပုံမှန်အမှု ဖြစ်ပါသည်။ ပေါလုက ဤသြဝါဒစာစောင်ထဲတွင် ဘုရားသခင်အတွက် သက်သာလောနိတ် ယုံကြည်သူများ ကြိုးစားအားထုတ် အမှုတော်ဆောင်ခြင်းများကို ဖော်ပြခဲ့ပါသည်။ ထိုအမှုတော်ဆောင်ချက်များမှာ၊ အခြားသူများအတွက် ပုံသက်သေ သာဓက ကောင်းဖြစ်ကြခြင်း (၁ သက် ၁)၊ ယုံကြည်ခြင်းတရားကြောင့် အခက်အခဲ ခံရခြင်း (၁ သက် ၂)၊ သူတို့၏ ယုံကြည်ခြင်း၊ ပေးကမ်းခြင်းနှင့် ပေါလုအပေါ် ဂရုစိုက်ခြင်း (၁ သက် ၃)၊ နှင့် ယုံကြည်သူအချင်းချင်းအပေါ် သူတို့၏ ညီအစ်ကို ချစ်ခြင်းမေတ္တာ (၁ သက် ၄) ဟူ၍ ဖြစ်ပါသည်။

ထိုသို့သောအမှုများ ကြိုးစားပြုခြင်း၏အဓိကအကြောင်းရင်းမှာ သူတို့၌ရှိသော ချစ်ခြင်း မေတ္တာပင်ဖြစ်ပါသည်။ ပေါလုက ချစ်ခြင်းမေတ္တာနှင့် ကြိုးစားအားထုတ်မှုတို့၏ ဆက်နွယ်မှုကို “*ချစ်သောစိတ်နှင့် ကြိုးစားအားထုတ်ခြင်း*” (၁ သက် ၁း၃) ဟု ဖော်ပြခဲ့ပါသည်။ ယုံကြည်သူ၏ ကြိုးစားအားထုတ် အမှုဆောင်ခြင်းသည် ချစ်ခြင်းမေတ္တာ၏ နိုးဆော်ခြင်းကြောင့်ဖြစ်ပါသည်။ ပေါလုက ကောရိန္သု အသင်းတော်ထံသို့ မိမိအမှုတော်ဆောင်ခြင်း၌ ခရစ်တော်၏ချစ်ခြင်းမေတ္တာသည် မိမိအား အနိုင်အထက် နိုးဆော်သည်ဖြစ်ကြောင်း ဖော်ပြခဲ့ပါသည် (၂ ကော ၅း၁၄)။

ပေါလု ဖော်ပြခဲ့သော ယုံကြည်ခြင်းနှင့် ဆက်နွယ်သည့် “*အကျင့်*” (ပြုသောအမှု) ဟူသော စကားလုံးနှင့် ထိုအကျင့်ကို ပြုစဉ် မည်သို့ လုပ်ဆောင်သည်ကို ဖော်ပြသော စကားလုံး “*ကြိုးစားအားထုတ်ခြင်း*” ကို နှိုင်းယှဉ် ကြည့်ခဲ့ပါသည်။ ကြိုးစားအားထုတ်ခြင်း ဟူသော စကားလုံးသည် အခက်အခဲများကြား၌ ရုန်းကန်းမှုနှင့် ပင်ပန်းမှုကို ဖော်ပြပါသည်။ အကျင့် (အလုပ်) သည် နှစ်သက်စရာ ကောင်းသလောက်၊ ကြိုးစားအားထုတ်ခြင်းသည် အလွန် ပင်ပန်းသော အမှုဖြစ်ပါသည်။

ခရစ်ယာန်တိုင်းသည် ထိုသို့ ကြိုးစားအားထုတ်လျက် အမှုတော်ကို ဆောင်ရွက်ရပါမည်။ မိမိဂုဏ်ပုဒ်အတွက် မဟုတ်၊ အချည်းနှီးသော ကျော်စောခြင်း အတွက် မဟုတ်ဘဲ၊ ခရစ်တော်ကို ချစ်သော စိတ်၏ နိုးဆော်ခြင်းအားဖြင့် ကြိုးစားအားထုတ်လျက် အမှုတော်ကို ဆောင်ရွက်ရမည်။ ဤ ချစ်ခြင်းမေတ္တာသည် ကားတိုင်ပေါ်၌ ခရစ်တော် ပြသတော်မူသော၊ စတေးခြင်း ချစ်ခြင်း မေတ္တာပင်ဖြစ်ပါသည်။ ယုံကြည်သူအပေါင်း၏ စိတ်နှလုံးထဲ၌ သန့်ရှင်းသော ဝိညာဉ်တော် သွန်းလောင်းတော်မူသော ချစ်ခြင်းမေတ္တာ ဖြစ်ပါသည် (ရောမ ၅း၅)။ ထို ချစ်ခြင်းမေတ္တာတော်၏ ချည်နှောင်ခြင်း ခံရသောသူဖြစ်သော ကျွန်တော်တို့သည် ခရစ်တော်အတွက် အကောင်းဆုံး ကြိုးစား ဆောင်ရွက်လျက် အသက်ရှင် ကြရမည်ဖြစ်၏။ ထိုအမှုသည် လွယ်ကူသော အမှုတော့ မဟုတ်ပါ။ သို့သော်လည်း၊ ကိုယ်တော်သည် ကျွန်ုပ်တို့ကို ရှေးဦးစွာ ချစ်တော်မူသောကြောင့်၊ ကျွန်တော်တို့သည်လည်း ကိုယ်တော်ကို ချစ်လျက် ထိုသို့ ပြုမည်အကြောင်း ဆက်ကပ်ကြရမည်ဖြစ်ပါသည် (၁ ယော ၄း၁၉)။

**ဆင်ခြင်ရန်** - ကျွန်တော် ချစ်သောသူများအဘို့ ကျွန်တော် ဘာအမှု ပြုလိုပါသနည်း။
**ဆုတောင်းချက်-** အဖဘုရား၊ ကိုယ်တော့်အပေါ် အကျွန်ုပ်၏ ချစ်ခြင်းမေတ္တာ ဘယ်တော့မှ မှေးမှိန်မသွား ပါစေနှင့်။





**၁ သက် ၅း၂၃**
ဖိလိ ၁း၁-၇

*“ငါတို့သခင်ယေရှုခရစ် ကြွလာတော်မူသောအခါ၊
. . . အပြစ်တင်ခွင့်နှင့် ကင်းလွတ်စေခြင်းငှါ
စောင့်မတော်မူပါစေသော”*

## တသက်တာ သန့်ရှင်းစေခြင်း

သန့်ရှင်းစေခြင်းအမှုသည် ဘယ်လောက်ကြာရှည်ပါမည်နည်း။ ဘယ်အချိန်၌ ကျွန်တော်သည် ပိုသန့်ရှင်းခြင်းရှိလျက်၊ အပြစ်မှ လုံးဝ လွတ်မြောက်ခြင်းရှိမည်နည်း။ ယုံကြည်သူဖြစ်တာ ကြာပြီဖြစ်သော်လည်း၊ အဘယ့်ကြောင့် ကျွန်တော်သည် သွေးဆောင်ခြင်းနှင့်အပြစ်၌ လဲကျတတ်သေးပါသနည်း။ သန့်ရှင်းခြင်းနှင့် ရင့်ကျက်ခြင်း လိုချင်တောင့်တလျက်ပင်၊ ထိုသို့ အလျင်အမြန်ဖြစ်မလာသောအခါ စိတ်အနှောင့်အယှက် ရှိလာတတ်ပါသည်။ ကျွန်တော်တို့သည် ဘုရားသခင်နှင့် နှုတ်ကပတ်တရားတော်ဘက်၌ မိမိတို့၏ တာဝန်ကို ကျေပွန်စွာ ဆောင်ရွက်လျက်၊ အစဉ် ကြိုးစားကြရပါမည်။ သို့သော်လည်း၊ ဘုရားသခင်သည် “*ငါတို့ သခင်ယေရှုခရစ် ကြွလာတော်မူသောအခါ၊ . . . အပြစ်တင်ခွင့်နှင့် ကင်းလွတ်စေခြင်းငှါ*” စောင့်ရှောက်တော်မူလျက်၊ မိမိ၏စုံလင်သောအချိန်၌ ပြုတော်မူမည်အကြောင်း ယုံကြည်ကိုးစားလျက်၊ ကျွန်တော်တို့သည် သခင်ဘုရားအပေါ် စိတ်ရှည်သည်းခံခြင်းနှင့် ယုံကြည်ခြင်း ရှိရပါမည်။

သန့်ရှင်းစေခြင်းအမှုသည် တသက်တာအမှုဖြစ်ကြောင်း သိမှတ်ပါလော့။ ကယ်တင်ခြင်း ခံရသောအချိန်မှ စပြီး၊ ကျွန်တော်တို့ သေသောနေ့ (သို့) သခင်ယေရှု ကြွလာတော်မူသောနေ့ အထိ ကြာရှည်သော တသက်တာအမှုဖြစ်ပါသည်။ ကျွန်ုပ်တို့ဘဝ၌ ဘယ်သောအခါမျှ ကျွန်တော် လုံလောက်စွာ သန့်ရှင်းပါပြီဟု မခံယူသင့်ပါ။ လုံလောက်စွာ မသန့်ရှင်းသေးဟု မှတ်ယူရပါမည်။ ဝိညာဉ်အသက်တာ၌ ကျွန်တော်တို့ ကြီးထွားရင့်ကျက်လာသောအခါ၊ အပြစ်ကို ပို၍ နားလည် သိမြင်လာတတ်ပါသည်။ နှုတ်ကပတ်တော်ကို ပို လေ့လာသောအခါ၊ ဘုရားသခင်၏ စုံလင်သော သန့်ရှင်းခြင်းနှင့် အပြစ်၏ကြီးလေးမှုများကို သိရှိလာပါသည်။ ထိုအခါ၊ ကျွန်ုပ်တို့၏ မထိုက်တန်မှုကို ပို နားလည်လာပြီး၊ ဤဘဝ၌ ကျွန်တော်တို့ ခရစ်တော် အလွန် လိုအပ်ကြောင်း နားလည်လာပါသည်။ တမန်တော် ပေါလုသည်လည်း ရောမ ၇း၁၉ ထဲတွင် ဤသို့ ညည်းတွားခဲ့ပါသည်၊ “*ငါသည် ကျင့်ချင်သော အကျင့်ကောင်းကို မကျင့်၊ အကျင့်ချင်သော အကျင့်ဆိုးကို ကျင့်၏။*” သူသည် အလွန် ဆိုးသွမ်းသည်ဟု မဆိုလိုပါ။ ဘုရားသခင်၏ ပညတ်တရားတော်ကို ကောင်းကောင်း နားလည်လျက် သေးငယ်သောအပြစ်ကိုလည်း အလွန် မုန်းတီးသောကြောင့် ဖြစ်ပါသည်။

ကျွန်ုပ်တို့အထဲ၌ အလုပ်လုပ်သောသူသည် ဘုရားသခင်ဖြစ်တော်မူကြောင်း ကျွန်တော်တို့ သိထားပါသည်။ သန့်ရှင်းသော ဝိညာဉ်တော်၏ လမ်းပြမှုအားဖြင့် သန့်ရှင်းခြင်းအမှု၌ ကျွန်တော်တို့ ကြီးထွားခြင်း ရှိမည်ဖြစ်ပါသည်။ ထိုဝိညာဉ်တော်သည် ကျွန်တော်တို့ကို ဝိညာဉ်အသက်တာ၌ တဖြည်းဖြည်း ရင့်ကျက်ခြင်းရှိ၍ အပြစ်ကို ရှောင်ကြဉ်လျက်၊ တဖြည်းဖြည်း သန့်ရှင်းခြင်း ရှိဖို့ရန် နေ့စဉ်နှင့်အမျှ ကူညီမစတော်မူ၏။ “*သင်တို့တွင် (ကယ်တင်ခြင်း) ကောင်းသောအမှုကို ပြုစ ပြုတော်မူသောသူသည်၊ ယေရှုခရစ်၏ နေ့ရက်တိုင်အောင် ပြီးစီးလျက် ပြုတော်မူမည်*” (ဖိလိ ၁း၆) ဟူသောစကားကို ယုံကြည်ကိုးစားကြပါစို့။ ထိုနေ့ရက်ကို မျှော်ကြည့်ရင်း ခရစ်တော်၌ တည်လျက် ကျွန်ုပ်တို့အသက်တာ၌ ထိုအမှုပြုတော်မူသည်ကို ယုံကြည်ကိုးစားကြပါစို့။

**ဆင်ခြင်ရန်** - ကယ်တင်ခြင်း ခံရသောနေ့မှစ၍ သခင်ဘုရား၌ ကျွန်တော် မည်ကဲ့သို့ ကြီးထွားခဲ့ပါသနည်း။
**ဆုတောင်းချက်-** အဖဘုရား၊ ကျွန်ုပ်အသက်တာ၌ ကိုယ်တော်ကို စောင့်လျက်၊ ကိုယ်တော်၏ လမ်းပြမှုကို ယုံကြည်ကိုးစားမည်အကြောင်း မစတော်မူပါ။

သောကြာ၊ ဒီဇင်ဘာ (၂၆)
**၁ သက် ၅း၂၃**
မာလ ၃း၁-၅

*“ငြိမ်သက်ခြင်း၏အရှင် ဘုရားသခင်ကိုယ်တော်တိုင်လည်း၊ သင်တို့ကို အကုန်အစင် သန့်ရှင်းစေတော်မူပါစေသော”*

## အကုန်အစင် သန့်ရှင်းစေတော်မူခြင်း

အရင် ကျမ်းပိုဒ်များ၌ ဖော်ပြခဲ့သော တိုက်တွန်းနိုးဆော်ချက်များကို ကြည့်သောအခါ၊ ခက်ခဲသောထိုအမှုများကြောင့် ကျွန်တော်တို့သည် စိတ်အားငယ်ခြင်း ရှိနိုင်ပါသည်။ ဤသန့်ရှင်းစေတော်မူခြင်းသည် အလွန်ခက်ခဲသောအမှုဖြစ်လျက်၊ ကျွန်တော်တို့၏အသက်တာသည်လည်း ဘုရားသခင်၏ စံနှုန်းကို မမှီခဲ့ပါ။ သို့ဆိုလျှင်၊ ကျွန်တော်တို့သည် မည်သို့ ဘုရားသခင် ကြောက်ရွံ့သောသူ၊ ဘုရားသခင်၏ သန့်ရှင်းသော စံနှုန်းကို လိုက်မီသောသူ ဖြစ်နိုင်မည်နည်း။

ဤအမှု၌ ကျွန်တော်တို့သည် အထီးကျန်သောသူ မဟုတ်ကြောင်း သိမှတ်ရပါမည်။ ဘုရားသခင်၏ ကျေးဇူးတော်အားဖြင့် ကယ်တင်ခြင်းခံရသကဲ့သို့၊ ကျွန်ုပ်တို့၏ သန့်ရှင်းခြင်း အသက်တာ ခရီး၌လည်း ထိုကျေးဇူးတော်ကပင် လမ်းပြပို့ဆောင်တော်မူလိမ့်မည်။ ပေါလု၏ ကောင်းကြီးပေးခြင်း၌ တွေ့ရသည်အတိုင်း၊ ဘုရားသခင်သည် ကျွန်တော်တို့ကို အကုန်အစင် သန့်ရှင်းစေတော်မူလိမ့်မည် ဟူသောအချက်က အလွန်စိတ်သက်သာခြင်းကို ဖြစ်စေပါသည်။

အဓိက ကျွန်တော်တို့လေ့လာမည့် စကားလုံးသည် *“အကုန်အစင်”* ဟူသော စကားလုံးပင် ဖြစ်ပါသည်။ ထိုစကားလုံးက ကျွန်ုပ်တို့၌ အမှုပြုတော်မူသော ဘုရားသခင်၏ စုံလင်သော သန့်ရှင်းစေခြင်းကို ဖော်ပြပါသည်။ ရည်ရွယ်ချက်မှုကား၊ သခင်ယေရှု ကြွလာတော်မူသောအခါ၊ ကျွန်တော်တို့သည် လုံးဝ သန့်ရှင်း စုံလင်သောသူ၊ အပြစ်တင်ခွင့်နှင့် ကင်းလွတ်သောသူ ဖြစ်ဖို့ရန်ဖြစ်ပါသည်။ ကျွန်ုပ်တို့၏ စိတ်နှလုံးနှင့် အတွေးများပင်လျှင် စုံလင်သန့်ရှင်းစေမည်ဖြစ်ပါသည်။ ထို့ကြောင့်၊ ခရစ်တော် ကြွလာတော်မူသောအချိန်အတွက် ကျွန်ုပ်တို့၏ ကိုယ်နှင့် ဝိညာဉ်တို့ကို အပြစ်တင်ခွင့်နှင့် ကင်းလွတ်စေမည့်သူသည် ဘုရားသခင်ဖြစ်တော်မူ၏။ ထိုသို့ ပြုမည့်သူသည် ဘုရားသခင်ဖြစ်တော်မူသောကြောင့်၊ ထိုအမှုကို အကုန်အစင် စုံလင်ပြည့်စုံစွာ ပြုတော်မူမည်ဖြစ်ကြောင်း သေချာပါ၏။

ထိုဖြစ်စဉ်တွင် ဘုရားသခင်သည် ကျွန်ုပ်တို့ကို အမျိုးမျိုးသော စစ်ကြောခြင်း ကျော်ဖြတ်စေတော်မူမည်ဖြစ်ပါသည်။ ရွှေငွေတို့ကို အညစ်အကြေးမှ သန့်စင်ဖို့ရန် အလွန်ပူပြင်းသော မီးကို အသုံးပြုကြပါသည်။ ထိုနည်းတူ၊ ကျွန်တော်တို့သည် ယုံကြည်ခြင်း၌ ကြီးထွားခြင်းရှိမည်အကြောင်း၊ ကျွန်ုပ်တို့၌ ကပ်လျက်ရှိသော အပြစ်အညစ်အကြေးနှင့် လောကီအရာများကို ဖယ်ရှားဖို့ရန် ဘုရားသခင်သည် ကျွန်တော်တို့အား အခက်အခဲနှင့် ညှင်းဆဲခြင်းများကို ကျော်ဖြတ်စေလေ့ရှိပါသည်။ ထိုအမှုအားဖြင့် ကျွန်တော်တို့သည် ပို၍ သန့်ရှင်းခြင်း ရှိလျက်၊ ဘုရားသခင်နှင့် ပိုနီးလေ့ရှိ၏။

သန့်ရှင်းခြင်းရှိမည်အကြောင်း ကျွန်တော်တို့ ဆုတောင်းပါမည်လော။ ကျွန်ုပ်တို့၌ ထိုစုံလင်သော သန့်ရှင်းစေခြင်းအမှု ဘုရားသခင် ပြုတော်မူမည်ကို ကျွန်တော်တို့ အလိုရှိပါသလား။ သခင်ဘုရား ကြွလာတော်မူမည့်အချိန်ကို ကျွန်တော်တို့ မျှော်လင့်လျက်ရှိပါသလား။

**ဆင်ခြင်ရန်** - ဘုရားသခင် သန့်ရှင်းစေမည်အကြောင်း ကျွန်ုပ်အသက်တာ၏ အဘယ်အပိုင်းကို ကျွန်တော် မဆက်ကပ်လိုဘဲ တွန့်တို နေပါသနည်း။

**ဆုတောင်းချက်-** ဘုရားသခင်၊ ကျွန်ုပ် စိတ်ဝိညာဉ်နှင့် ခန္ဓာကိုယ်ကို သခင် ယေရှု ခရစ်တော် ကြွလာတော်မူသောအချိန်အတွက် အပြစ်တင်ခွင့်နှင့် ကင်းလွတ်မည်အကြောင်း ကျွန်ုပ်အား အကုန်အစင် သန့်ရှင်းစေတော်မူပါ။



ဗုဒ္ဓဟူး၊ အောက်တိုဘာ (၈)
**၁ သက် ၁း၃**
ယာကုပ် ၅း၇-၁၁

*“သခင်ဘုရား ကြွလာတော်မူသည်တိုင်အောင် သည်းခံလျက် စောင့်နေကြလော့”*

## မြော်လင့်သောစိတ်နှင့်တည်ကြည်ခြင်း

အမေရိက လူမျိုး ကျမ်းတတ်ပုဂ္ဂိုလ် Jonathan Edwards က၊ “ထာဝရဘုရား၊ ကျွန်ုပ်မျက်လုံး၌ ထာဝရနှင့်ဆိုင်သောအရာကို တံဆိပ်ခတ်တော်မူပါ” ဟု ရေးသားခဲ့ဖူးပါသည်။ ဤသည်ကား ဘုရားသခင်ကို ချစ်သော၊ လောကီအရာ မဟုတ်ဘဲ၊ ထာဝရနှင့်ဆိုင်သောအရာကို စွဲလမ်းသော ဘုရားသခင် လူ ၏ ဆုတောင်းချက်ဖြစ်ပါသည်။ ယုံကြည်သူအပေါင်း၌ ရှိကိုရှိရမည့်အရာသည် “*မြော်လင့်သောစိတ်နှင့် တည်ကြည်ခြင်း*” (၁ သက် ၁း၃) ပင်ဖြစ်ပါသည်။

ထိုမြော်လင့်ခြင်းသည် ကျွန်ုပ်တို့အားလုံးနှင့် ဆိုင်သော ဂတိတော်ဖြစ်သည့် ခရစ်တော် တဖန်ကြွလာတော်မူခြင်းကို မြော်လင့်ခြင်းဖြစ်ပြီး၊ ထိုအချိန်ကို စိတ်ရှည်သည်းခံလျက် တည်ကြည်သော စိတ်ဖြင့် ကျွန်တော်တို့ စောင့်မျှော်လျက် ရှိကြပါသည်။ သက်သာလောနိတ် လူတို့သည် ယုံကြည်ခြင်း၌ ငယ်ရွယ်သောသူများ ဖြစ်ကြသော်လည်း၊ ထိုနေ့ရက်ကို တောင့်တမြော်လင့်ခဲ့ကြပါသည် - “*ရောက်လတံ့သောဘေးဒဏ်မှ ငါတို့ကို ကယ်နှုတ်သော သခင်ယေရှုတည်း ဟူသော သေခြင်းမှ ဘုရားသခင် ထမြောက်စေတော်မူသော သားတော်သည် ကောင်းကင်ဘုံမှ ကြွလာတော်မူမည်အရာကို ငံ့လင့်ခြင်း*”(၁ သက် ၁း၁၀) ရှိခဲ့ကြပါသည်။

တည်ကြည်ခြင်း ဟူသော ဂရိ စကားလုံးသည် ပြင်းထန်သော အခက်အခဲများအောက်၌ မရွေ့မလျော့ဘဲ မြဲမြံခိုင်ခံ့စွာ နေခြင်းကို ဆိုလိုပါသည်။ ထိုအမှုကို သက်သာလောနိတ် ခရစ်ယာန်များ ကြုံတွေ့နေရသောအမှု ဖြစ်ပါသည်။ တပါးအမျိုးသားတို့၏ ညှင်းပန်းနှိပ်စက် ခံခဲ့ကြကြောင်း ပေါလု သိခဲ့ပါသည် - “*သူတို့သည် ယုဒလူတို့လက်မှ ဆင်းရဲခံရ သကဲ့သို့၊ ညီအစ်ကိုတို့၊ သင်တို့သည် မိမိတို့ အမျိုးသားချင်း တို့လက်မှ ထိုနည်းတူ ခံရသောအားဖြင့်*” (၁ သက် ၂း၁၄) ဟု ဆိုခဲ့ပါသည်။ ထိုသို့ ခံခဲ့ကြသော်လည်း၊ သူတို့သည် တည်ကြည် မြဲမြံစွာ ရပ်တည်လျက်၊ သခင်ယေရှု ခရစ်တော် တဖန် ကြွလာတော်မူမည့်အချိန်ကို တောင့်တ စောင့်မျှော်နေခဲ့ကြပါသည်။

ထိုသို့ တည်ကြည်ခြင်း ရှိနိုင်ခဲ့ကြခြင်းမှာ သခင်ယေရှု ခရစ်တော်၌ စစ်မှန်သော မြော်လင့်ခြင်း ရှိခဲ့ကြသောကြောင့် ဖြစ်ပါသည်။ သူတို့ ယုံကြည်သော ထိုခရစ်တော်သည် တနေ့နေ့တွင် အမှန် ကြွလာတော်မူလျက်၊ သူတို့၏ မြော်လင့်ခြင်း စုံလင်မည်အကြောင်း သိမှတ်ကြ၏။

ခရစ်ယာန်အပေါင်းတို့သည် ထိုသို့သော မြော်လင့်ချက်ဖြင့် အသက်ရှင်ကြရမည် ဖြစ်၏။ ဤလောကသည် ကျွန်ုပ်တို့၏ ထာဝရအိမ် မဟုတ်၊ ကျွန်တော်တို့သည် ဧည့်သည်များသာ ဖြစ်လျက်၊ ခရစ်တော် တဖန် ကြွလာတော်မူမည့်အချိန်ကို စောင့်မျှော်လျက် နေကြပါသည်။ ယာကုပ် ၅း၈ တွင်၊ “*သင်တို့သည်လည်း သည်းခံလျက် စောင့်နေကြလော့။ ကိုယ်စိတ်နှလုံးကို မြဲမြံစေကြလော့။ သခင်ဘုရား ကြွလာတော်မူသောအချိန် ရောက်လုနီးပြီ*” ဟု တိုက်တွန်း အားပေးခဲ့ပါသည်။

**ဆင်ခြင်ရန်** - အစုံတခုကို ကျွန်တော် စေ့စေ့မြော်လင့်ခြင်း မရှိလျှင် သည်းခံဖို့ လိုအပ်ပါမည်လော။

**ဆုတောင်းချက်-** အဖဘုရား၊ ရှေ့အနာဂတ် ထာဝရကို စေ့စေ့မြော်လင့်မည်အကြောင်း မစတော်မူပါ။

ကြာသပတေး၊ အောက်တိုဘာ (၉)

**၁ သက် ၁း၄**

ဖိလိ ၁း၆-၇

*"ချစ်တော်မူသော ညီအစ်ကိုတို့၊ သင်တို့ခံရသော ရွေးကောက်တော်မူခြင်းကို သိလျက်"*

## သင်တို့ခံရသော ရွေးကောက်တော်မူခြင်းကို သိလျက်

အင်္ဂလိပ် ကျမ်းစာ၌ ၁ သက် ၁း၄ တွင် တွေ့ရသော - "*ဘုရားသခင် ချစ်တော်မူသော ညီအစ်ကိုတို့၊ သင်တို့ ခံရသော ရွေးကောက်တော်မူခြင်းကို သိလျက်*" ဟူသော စကားစုသည် အငယ် ၂ မှ စသော ဝါကျ၏ အဆုံးသတ် ဖြစ်ပါသည်။ ပေါလုသည် သက်သာလောနိတ်မြို့တွင် ဘုရားသခင် ရွေးကောက်တော်မူသော သန့်ရှင်းသူများ ရှိကြောင်း သေချာ သိတော်မူ၏။ အကြောင်းမှာ ထိုသူတို့၏ အသက်တာ၌ ကယ်တင်ခြင်းနှင့်ဆိုင်သော အသီးများကို သူ တွေ့ရှိခဲ့ပါသည်။ သူတို့အသက်တာ၌ ယုံကြည်ခြင်း အကျင့်၊ ချစ်သောစိတ်ဖြင့် ကြိုးစားအားထုတ်ခြင်း၊ မြော်လင့်သော စိတ်နှင့် တည်ကြည်ခြင်းတို့ကို တွေ့ရပါသည်။ ပေါလုက သူတို့အား၊ "*ချစ်တော်မူသော ညီအစ်ကိုတို့*" ဟု ခေါ်လျက်၊ ဘုရားသခင် ရွေးကောက်တော်မူခြင်းကို သိမှတ် ဖော်ပြခဲ့ပါသည်။

ကယ်တင်ခြင်းသည် ဘုရားသခင် ပိုင်တော်မူသောအမှုဖြစ်၍ လူအယောက်စီတိုင်း၏ စိတ်နှလုံးကို ဘုရားသခင်သာလျှင် သိတော်မူသည် ဖြစ်သော်လည်း၊ လူတို့၏အသက်တာ၌ ထင်ရှားသော ကယ်တင်ခြင်း အသီးများအားဖြင့် ကျွန်တော်တို့သည်လည်း ထိုသူတို့သည် ကယ်တင်ခြင်း ခံရကြောင်း သိနိုင်ပါသည်။ ခရစ်တော်၏ သတင်းကောင်း တန်ခိုး၏ တို့ထိခြင်း ခံရသောသူသည် မိမိအပြစ်များကို နောင်တရလျက် ဘုရားသခင်ထံ တိုးဝင်လိမ့်မည်။ ထိုသို့ဖြင့် သူ၏အသက်တာနှင့် အမြင်တို့သည် ပြောင်းလဲခြင်း ရှိလိမ့်မည်။ သူသည် ဘုရားသခင်၏နှုတ်ကပတ်တော်နှင့် သန့်ရှင်းသော ဝိညာဉ်တော်၏ လမ်းပြမှုကို ခံလိမ့်မည်။ သူ၏ အလို၊ ရည်ရွယ်ချက်များ စတင် ပြောင်းလဲပါလိမ့်မည်။ ထိုပြောင်းလဲမှုများကို သူ့ပတ်ဝန်းကျင် လူများက သိမြင်ပါလိမ့်မည်။

ပေါလုသည် သက်သာလောနိတ် ခရစ်ယာန်များ၏ အကြောင်းကို တိမောသေ ထံမှ ကြားသိခဲ့ပါသည်။ တိမောသေ က၊ "*သင်တို့၏ ယုံကြည်ခြင်းနှင့် ချစ်ခြင်းတည်သည်ဟူ၍၎င်း . . . ဝမ်းမြောက်စရာ သိတင်းကို ကြားပြောသည်*" (၁ သက် ၃း၆)။ ထို့ကြောင့် ပေါလုသည် သူတို့ အမှန် ကယ်တင်ခြင်း ခံခဲ့ကြကြောင်း သေချာ သိခဲ့ပါသည်။

ချစ်သော စာဖတ်သူ၊ သင် ရွေးကောက်တော်မူခြင်း ခံရကြောင်း သေချာပါသလား။ ဘုရားသခင်က သင့်ကို ရွေးကောက်တော်မူပြီး၊ သန့်ရှင်းသော ဝိညာဉ်တော် က ကယ်တင်ခြင်းသို့ ခေါ်တော်မူလျက်၊ ခရစ်တော်၏ အသွေးတော်ဖြင့် သန့်ရှင်းစေခြင်း ခံရကြောင်း သေချာပါသလား။ ယုံကြည်သူအပေါင်းတို့သည် မိမိတို့ ကယ်တင်ခြင်း ခံရကြောင်း သေချာ သိနိုင်ပါသည်။ အကြောင်းမှာ ကျွန်ုပ်တို့၏ သေချာမှုသည် ကိုယ်ပြုသောအမှု၌ မဟုတ်ဘဲ၊ သခင်ယေရှု ခရစ်တော် ပြီးစီးပြုတော်မူသော အမှု၌ တည်သောကြောင့် ဖြစ်ပါသည်။

ထို ပြောင်းလဲသော ကျွန်ုပ်တို့၏အသက်တာသည်လည်း ပတ်ဝန်းကျင်လူများထံ သက်သေ ဖြစ်ပါသည်။ ထိုသက်သေအားဖြင့် ကျွန်တော်တို့သည် အမှန် ဘုရားသခင်၏တန်ခိုးတော်ဖြင့် ပြောင်းလဲလျက်၊ သန့်ရှင်းသော ဝိညာဉ်တော် ကျွန်ုပ်တို့၌ ကျိန်းဝပ်တော်မူပြီး၊ နှုတ်ကပတ်တော်အားဖြင့် နေ့စဉ် သန့်ရှင်းစေခြင်း ခံရကြောင်း လူတို့ သိနိုင်ပါသည်။

**ဆင်ခြင်ရန်** - ကျွန်တော် ချစ်သောသူများက ကျွန်ုပ် ခံရသော ကယ်တင်ခြင်းကို သိကြပါသလား။

**ဆုတောင်းချက်-** အဖဘုရား၊ ကယ်တင်ခြင်း စိတ်ချမှုကို အကျွန်ုပ်အား ပေးသနားတော်မူပါ။



ကြာသပတေး၊ ဒီဇင်ဘာ (၂၅)

**၁ သက် ၅း၂၂**

ဖိလိ ၂း၁၂-၁၆

*"မကောင်းသောအမှု အမျိုးမျိုး ရှိသမျှကို ရှောင်ကြလော့"*

## မကောင်းသောအမှု အမျိုးမျိုး

လူများတို့သည် မိမိတို့၏ ကိုယ်ခန္ဓာ အပြင်ပန်းသဏ္ဍာန်ကို အထူးဂရုစိုက်ကြပါသည်။ ဝတ်ဆင်မည့် အဝတ်အစား ရွေးချယ်ခြင်း၊ ဆံပင်ဖီးခြင်း၊ အလှပြင်ခြင်း၌ အချိန်များစွာ ပေးတတ်ကြပါသည်။ သို့ဆိုလျှင်၊ ဘုရားသခင်အတွက် ကျွန်ုပ်တို့၏ ဝိညာဉ်အသက်တာ အကျင့်ကို ကျွန်တော်တို့ ဂရုစိုက် ကြပါသလား။ ယုံကြည်သူများသည် ထိုအကျင့်ကို ပို၍ အလေးထားကြရမည်ဖြစ်ပါသည်။ ဘုရားသခင်အတွက် သက်သေခံခြင်းဖြစ်သော ကျွန်ုပ်တို့၏အကျင့်သည် အလွန်အရေးကြီးလှပါ၏။

မကောင်းမှုဟု ထင်ရသောအရာမှန်သမျှကို ကျွန်တော်တို့ ရှောင်ကြဉ်ကြရပါမည်။ ဆိုလိုသည်မှာ ကျွန်တော်တို့သည် အပြစ်သာမက၊ အပြစ်ကဲ့သို့သောအရာများကိုပင် ရှောင်ကြရမည်ဖြစ်ပါသည်။ ကျွန်တော်တို့သည် ပြုသမျှသောအရာတိုင်း၌ ကျွန်ုပ်တို့၏ သန့်ရှင်းခြင်း၊ အကျင့်နှင့် ဆိုင်၍ သူတပါး အမြင်မှားနိုင်သောအရာကို သတိပြုရပါမည်။ လူတို့၏စိတ်ကို ကျေနပ်စေဖို့ရန် ရည်ရွယ်ပြီး အမှု မပြုဖို့ ကျွန်တော်တို့ အလွန် သတိထားရပါမည်။ သူတပါးက အကောင်း မြင်မည်၊ မမြင်မည် ဟူသောအချက်ကို ကျွန်တော်တို့သည် အလွန်အကျွံ သတိထားဖို့တော့ မဟုတ်ပါ။

ဤအချက်၌ ရည်ရွယ်ချက် နှစ်ခုရှိပါသည်။ ပထမအချက်မှာ၊ ဘုရားသခင်ရှေ့၌ ကျွန်ုပ်တို့၏ အသိစိတ် သန့်ရှင်းစွာ ထားလျက်၊ အပြစ် မပြုဖို့ သတိထားရမည်ဖြစ်ပါသည်။ အဘယ် အပြစ်သွေးဆောင်ခြင်းကို မဆို ကျွန်တော်တို့ ရှောင်ရှားရမည်ဖြစ်ပါသည်။ ဘုရားသခင်ရှေ့၌ ဖြောင့်မတ်သောအရာ၊ ကောင်းသောအရာကိုသာ ရှာဖွေ စွဲကိုင်ရမည်ဖြစ်ပါသည်။

ဒုတိယအချက်မှုကား၊ ဘုရားသခင်အတွက် ထက်မြက်သော သက်သေဖြစ်မည်အကြောင်း၊ လူတို့ရှေ့၌ အပြစ်တင်ခွင့်နှင့် ကင်းလွတ်သော အကျင့်ကို ကျင့်ဖို့ရန်ဖြစ်ပါသည်။ ခရစ်တော်၏ အကျင့်ကို ပြလျက် သူတပါးကို ခရစ်တော်ထံ ခေါ်ဆောင်ဖို့ရန် ဖြစ်ပါသည်။ ကျွန်တော်တို့သည် သူတပါး လဲကျစရာ မဖြစ်လိုပါ၊ သတင်းကောင်း ဆီးတားသောသူလည်း မဖြစ်လိုကြပါ။ သူတပါးက ကျွန်တော်တို့အား မကောင်းမှုပြုသောသူ၊ မတရားသောသူအဖြစ် မြင်မည်ကို ကျွန်တော်တို့ မလိုလားကြပါ။ ထို့ကြောင့်၊ ကျွန်တော်တို့သည် မိမိ၏အသက်တာကို သေချာ စစ်ကြောရပါမည်။ သူတပါးကို လဲကျစေနိုင်သောအရာ၊ အပြစ်ဟု ထင်မှတ်ရသောအရာ အကျွန်ုပ်တို့၌ ရှိခဲ့လျှင် ထိုအရာတို့ကို ကျွန်တော်တို့သည် ရှောင်ရှားကြရပါမည်။ ကျွန်ုပ်တို့၏ ဆန္ဒသည် ပေါလု၏ ဆန္ဒကဲ့သို့ ဖြစ်ရပါမည်၊ "*လူများတို့သည် ကယ်တင်ခြင်းသို့ ရောက်စိမ့်သောငှါ၊ ငါသည် ကိုယ်အကျိုးကို မရှာဘဲ သူ့အကျိုးကို ရှာ၍၊ ခပ်သိမ်းသောလူတို့၏ အလိုသို့ အရာရာ၌ လိုက်သည်နည်းတူ*" (၁ ကော ၁၀း၃၂-၃၃)။

**ဆင်ခြင်ရန်** - (၂ ကော ၈း၂၁ ကို ဖတ်ပါ)။

**ဆုတောင်းချက်-** အဖဘုရား၊ အကျွန်ုပ်အား ကိုယ်တော်အတွက် တောက်ပသောအလင်းဖြစ်စေတော်မူပါ။

## ခပ်သိမ်းသောအရာကို စုံစမ်းလော့

နေ့တိုင်း ကျွန်တော်တို့ ရွေးချယ်မှု ပြုကြပါသည်။ ယနေ့ သင့်ဘဝ အသက်တာသည် အရင် သင်ပြုခဲ့သော ရွေးချယ်မှုအပေါင်း၏ ရလဒ်ဖြစ်ပါသည်။ ကျွန်ုပ်တို့၏ဆုံးဖြတ်ချက်များသည် ကျွန်ုပ်တို့၏ နေ့စဉ်ဘဝနှင့်၊ အထူးသဖြင့် ဝိညာဉ်အသက်တာအတွက် သက်ရောက်မှု ရှိပါသည်။ ထို့ကြောင့်၊ ခပ်သိမ်းသောအရာကို စုံစမ်းလျက်၊ ကောင်းသောအရာကို မြဲမြံစွာ စွဲကိုင်ခြင်းသည် အလွန် အရေးကြီးလှပါသည်။

စုံစမ်းဆိုသည်မှာ တစုံတခုအား မှန်မမှန် လေ့လာစမ်းသပ်ခြင်းဖြစ်ပါသည်။ ထိုစုံစမ်းခြင်းတွင် သေချာ ဆင်ခြင် လေ့လာမှု၊ တွက်ချက်မှုများ ပါဝင်ပါသည်။ ဈေးကြီးသောအရာ ဝယ်တော့မည်ဆိုလျှင်၊ ကျွန်တော်တို့သည် အတတ်နိုင်ဆုံး အရင်လေ့လာလျက်၊ ဈေးနှုန်း အနိမ့်ဆုံးဖြင့် ရရှိနိုင်ရန် ကြိုးစားတွက်ချက် တတ်ကြပါသည်။ အကောင်းဆုံး ပစ္စည်းကို ဈေးနှုန်း သက်သာစွာဖြင့် ရရှိမည်အကြောင်း အချိန်ကုန်ခံ လေ့လာတတ်ကြ၏။ သို့ဆိုလျှင်၊ ကျွန်ုပ်တို့၏ ဝိညာဉ်အသက်တာနှင့် ဆိုင်သောအမှု၌ ကျွန်တော်တို့ အထူးသတိပြုခြင်း ရှိကြပါသလား။ အရာခပ်သိမ်းကို လေ့လာစစ်ကြောလျက်၊ ဘုရားသခင်နှစ်သက်သောအမှုကိုသာ မှန်ကန်စွာ ဆုံးဖြတ်မည်အကြောင်း ကျွန်တော်တို့ အလိုရှိပါသလား။

စာတန်သည် သားကောင်ကို လှည့်လည် ရှာဖွေနေသော၊ လှည့်စားသွေးဆောင်တတ်သောသူဖြစ်ကြောင်း သတိရကြပါစို့။ ထို့ကြောင့် ကျွန်တော်တို့သည် အရာခပ်သိမ်းကို သေချာ မစုံစမ်းလျှင် ထိုစာတန်၏ သွေးဆောင်ခြင်းထဲသို့ လဲကျကြလိမ့်မည်ဖြစ်ပါသည်။ *"လောကီအမှု၌ စိုးရိမ်ခြင်း၊ စည်းစိမ် ဥစ္စာ၏ လှည့်စားခြင်း"* ဖြင့် ကျွန်တော်တို့ကို သွေးဆောင်လိမ့်မည်ဖြစ်ပါသည်။ ထိုစာတန်၏ သွေးဆောင်မှု၌ မလဲကျဖို့ ကျွန်တော်တို့ အစဉ် သတိထားဖို့ လိုပါသည်။ အစဉ် စုံစမ်း၊ လေ့လာလျက် မှန်မမှန် စစ်ကြောခြင်း ပြုပါလော့။ ဤဆုံးဖြတ်ချက်က ကျွန်ုပ်ကို ဘုရားသခင်နှင့် နီးစေသလော၊ ဝေးစေသလော။ အကျွန်ုပ်နှင့် မိသားစု၏ ဝိညာဉ်အသက်တာ ကြီးထွားစေပါသလား (သို့) ဖျက်ဆီးပါသလား ဟူသောအချက်တို့ကို သေချာ ဆင်ခြင် လေ့လာဖို့လိုပါသည်။

ထိုသို့ သေချာ လေ့လာ ဆန်းစစ်ပြီးမှ လက်တွေ့ ဆောင်ရွက်ရမည်ဖြစ်ပါသည်။ မကောင်းသောအရာကို သိလျှင်၊ ချက်ချင်း ငြင်းပယ်ရပါမည်။ ကောင်းသောအရာကို မြဲမြံစွာ စွဲကိုင်လျက်၊ ဘယ်တော့မှ မလွှတ်ပါနှင့်။ ယုံကြည်သူများသည် ဤဝိညာဉ်နှင့်ဆိုင်သော လေ့လာ စုံစမ်းခြင်းကို မိမိအဖို့ ပြုရမည်ဖြစ်ပါသည်။ သို့မှသာ၊ ကျွန်တော်တို့သည် ကောင်းသောအရာ၊ ဘုရားသခင် နှစ်သက်သောအရာကို မှန်ကန်စွာ သိလျက်၊ ထိုအမှု၌ ဆက်ကပ်နိုင်မည်ဖြစ်ပါသည်။

**ဆင်ခြင်ရန်** - ဘယ်အရာ ပိုအရေးကြီးပါသနည်း၊ စည်းစိမ်ဥစ္စာ ကြွယ်ဝခြင်းလော၊ ဝိညာဉ်ရေးရာ ကျန်းမာကြွယ်ဝခြင်းလော။

**ဆုတောင်းချက်-** အဖဘုရား၊ ခပ်သိမ်းသောအရာကို စုံစမ်းလျက်၊ ကောင်းသောအရာကို မြဲမြံစွာ စွဲကိုင်မည်အကြောင်း သန့်ရှင်းသော တောင့်တခြင်းနှင့် ဉာဏ်ပညာ ပေးသနားတော်မူပါ။





## ပြောင်းလဲစေသော သတင်းကောင်း၏ တန်ခိုးတော်

ရောမ ၁း၁၆ တွင်၊ ဧဝံဂေလိတရားကို *"ယုံကြည်သမျှသော သူအပေါင်းတို့ကို ကယ်တင်စေသော ဘုရားသခင်၏ တန်ခိုးတော် ဖြစ်၏"* ဟု ဖော်ပြခဲ့ပါသည်။ ဘုရားသခင်၏ တန်ခိုးတော်သည် သတင်းကောင်းအားဖြင့်၊ အပြစ်သားကို သန့်ရှင်းသူအဖြစ် ပြောင်းလဲစေခြင်း၊ စာတန်၏ တပည့်ကို ဘုရားသခင်၏ သားဖြစ်စေခြင်း အမှု၌ ထင်ရှားခဲ့ပါသည်။ သတင်းကောင်းအားဖြင့် လူသည် ပြောင်းလဲခြင်း ခံရပြီး၊ ဘဝ၌ အသစ်သော အမြင်၊ အသစ်သော ရည်ရွယ်ချက် ပိုင်ဆိုင်ခဲ့ပါသည်။ ထိုသူသည် အသစ်ပြုပြင်သော သတ္တဝါ ဖြစ်လာ၏။

ပေါလု၏ တရားဟောခြင်းအားဖြင့် သတင်းကောင်းသည် သက်သာလောနိတ်မြို့သားများ အသက်တာ၌ ကြီးမားသော အမှုကို ပြုလျက် ထိုပြောင်းလဲမှုကို ဖြစ်ပွားခဲ့ပါသည်။ တမန် ၁၇း၂ တွင်၊ *"ဥပုသ်နေ့ သုံးရက်တွင် ကျမ်းစာကို အမှီပြု၍ ထိုသူတို့နှင့် ဆွေးနွေးနှီးနှောသဖြင့်"* ဟု ဖော်ပြခဲ့ပါသည်။ သို့သော်လည်း ပြောင်းလဲစေခြင်း တန်ခိုးတော်သည် ပေါလုထံမှ လာသည် မဟုတ်ပါ။ *"ငါတို့ဟောပြောသော ဧဝံဂေလိတရားသည် သင်တို့၌ စကားသက်သက် ဖြစ်သည်မဟုတ်။ တန်ခိုး နှင့်၎င်း၊ သန့်ရှင်းသော ဝိညာဉ်တော်နှင့်၎င်း၊ . . . အမှန်သိခြင်းနှင့်၎င်း ပြည့်စုံသော တရားဖြစ်၏"* ဟု ရှင်းပြခဲ့ပါသည်။ ထိုသို့ သက်သာလောနိတ်လူများ ပြောင်းလဲခြင်းသည် ပေါလု တရားဟော တော်သောကြောင့်၊ စကားတတ် သောကြောင့် မဟုတ်ပါ။ ထိုသတင်းကောင်းအားဖြင့် သန့်ရှင်းသော ဝိညာဉ်တော်၏ တန်ခိုးတော်အမှု ကြောင့် ဖြစ်ပါသည်။ ထိုအဖြစ်အပျက်၌ ဘုရားသခင်သည် သူတို့ စိတ်နှလုံးထဲ၌ အမှုပြုလျက်၊ သူတို့အပြစ်ကို သိစေပြီး၊ နောင်တရခြင်း ရှိစေလျက်၊ ခရစ်တော်ကို ယုံကြည် စေတော်မူခြင်း ဖြစ်ကြောင်း သေချာလှပါသည်။

သခင်ယေရှု ခရစ်တော်ကို အမှန် ယုံကြည်သော သူတိုင်း၏ အသက်တာ၌ ထိုအဖြစ်အပျက်ကို ဖြစ်ပွားခဲ့ပါသည်။ ကျွန်တော်တို့ ကြားသိခဲ့သော သတင်းကောင်း အားဖြင့် ကျွန်ုပ်တို့ အသက်တာ၌ ဘုရားသခင်၏ တန်ခိုးတော်သည် အမှု ပြုတော်မူခဲ့ပါသည်။ ကျွန်တော်တို့သည် အထိုက်တန်သော အပြစ်သား ဖြစ်သော်လည်း၊ သခင်ယေရှု ခရစ်တော်၏ တပည့်များ ဖြစ်လာခဲ့ကြပါသည်။ ကျွန်တော်တို့သည် ဘုရားသခင်၏နှုတ်ကပတ်တော်ကို သမ္မာတရားအဖြစ် ခံယူလျက်၊ သန့်ရှင်းသော ဝိညာဉ်တော်၏ ဝမ်းမြောက်ခြင်းကို ခံစားခဲ့ကြရပါသည်။ ကျွန်ုပ်တို့ အသက်တာသည် လုံးဝ ပြောင်းလဲလျက်၊ အသစ်ပြုပြင်သော သတ္တဝါ ဖြစ်လာခဲ့ကြပါသည်။ ထိုအမှုအားလုံးသည် ဘုရားသခင်၏ တန်ခိုးတော်နှင့် အသက်တာကို ပြောင်းလဲစေသော သတင်းကောင်း၏ တန်ခိုးတော်ကြောင့် ဖြစ်ပါသည်။ ချစ်သော စာဖတ်သူ၊ သင့် အသက်တာ၌ ထိုသို့သောအမှု ဖြစ်ပွားခဲ့ပြီလား။

**ဆင်ခြင်ရန်** - သတင်းကောင်း၏တန်ခိုးတော်သည် ဤလောကီကမ္ဘာ၌ ရှိသော စွမ်းအားအပေါင်းထက် ပို၍ ကြီးမြတ်တော်မူ၏။

**ဆုတောင်းချက်-** အဖဘုရား၊ ဤလောကီအရာမှ ကိုယ်တော်ထံသို့ ပြောင်းလဲမည်အကြောင်း ကျွန်ုပ် စိတ်နှလုံးထဲ၌ ကြီးသောအမှု ပြုတော်မူသော ကိုယ်တော့်ကို ကျေးဇူးတင်ပါ၏။

စနေ၊ အောက်တိုဘာ (၁၁)
**၁ သက် ၁း၆-၈**
တမန် ၁၇း၁-၉

*"သင်တို့ထံက၊ သခင်ဘုရား၏ နှုတ်ကပတ်တရားတော် အသံသည် . . . ကျော်စောသည်"*

## သတင်းကောင်း ကျော်စောခြင်း

သက်သာလောနိတ်မြို့၌ ပေါလု၏အမှုတော်ဆောင်ခြင်းဖြင့် လူဘယ်လောက် ပြောင်းလဲသည်ကို ကျွန်တော်တို့ အတိအကျ မသိပါ။ သို့သော်လည်း၊ တမန် ၁၇း၄ ၌၊ ယုဒလူတို့တွင် "*အချို့တို့သည် ယုံကြည်ခြင်းသို့ ရောက်၍*" "*ဘုရားကို ကိုးကွယ် သော ဟေလသလူအပေါင်းတို့နှင့် ထင်ရှားသော မိန်းမ အများတို့လည်း ယုံကြည်ကြ၏*" ဟု ဖော်ပြခဲ့ပါသည်။ ရှင်ပေါလုက၊ ထိုသူတို့သည် "*ငါတို့ကဲ့သို့သောသူ၊ သခင်ဘုရား ကဲ့သို့သောသူ ဖြစ်ကြ၏*" (၁ သက် ၁း၆) ဟု ဟုလည်း ဖော်ပြခဲ့ပါသည်။ ပြောင်းလဲသူ အရေအတွက် များသည်ဟု ထင်ရပါသည်။ ထို့ကြောင့် မယုံကြည်သူ ယုဒလူတို့သည် အလွန် ဒေါသထွက်၍ သူတို့ကို ညှင်းပန်းနှိပ်စက်ခဲ့ကြ၏ (တမန် ၁၇း၅-၆)။ သတင်းကောင်းကို လက်ခံ ယုံကြည်ခဲ့သော ဤယုံကြည်သူ အသစ်တို့သည် ပေါလုနှင့် သူ၏အပေါင်းအဖော်များ ကျင့်သည်အတိုင်း နေထိုင်ကျင့်ကြံခဲ့ကြပါသည်။ အခက်အခဲကြား၌ပင် သတင်းကောင်းအမှု၌ ထိုသူတို့၏ ကြိုးစားအားထုတ်မှုကို စံနမူနာ ယူကြသောကြောင့်၊ သူတို့သည် "*မာကေဒေါနိပြည်၊ အာခါယပြည်၌ ယုံကြည်သောသူ အပေါင်းတို့အား သင်တို့သည် ပုံသက်သေပေးသောသူ ဖြစ်ကြ၏*" (၁ သက် ၁း၇)။ အံ့ဘွယ် ပြောင်းလဲခြင်း ပေတည်း။

အခြားယုံကြည်သူများအတွက် သူတို့သည် ခွန်အားဖြစ်သည်သာမက၊ သူတို့ကိုယ်တိုင်လည်း သတင်းကောင်းဟောပြောခြင်းအမှု၌ ကြိုးစားအားထုတ်ခဲ့ကြ၏။ ထိုအခါ၊ ထိုနယ် တလျှောက်တွင်၊ ဘုရားသခင်၏ နှုတ်ကပတ်တော် "အသံသည် . . . ကျော်စောသည်" (၁ သက် ၁း၈)။ ညှင်းပန်းနှိပ်စက်မှုကို ရင်ဆိုင်နေရသော်လည်း၊ ဤအသင်းတော်သည် ဘုရားသခင်နှင့်ဆိုင်သော အကျင့် ကျင့်ခြင်း၊ သတင်းကောင်း ဟောပြောခြင်းအမှု၌ ကြိုးစားအားထုတ်သော အသင်းတော် အဖြစ် ထိုနယ်တလျှောက်တွင် ကျော်စောခဲ့၏။ သူတို့၏ ကြိုးစားအားထုတ်မှုအားဖြင့် လူများတို့သည် အပြစ် နောင်တရလျက် သခင်ယေရှု ခရစ်တော်ကို ယုံကြည်လာခဲ့ကြသည်ဟု ယုံကြည်ရပါသည်။

ခရစ်ယာန် သမိုင်းတွင် သက်သာလောနိတ်လူများကဲ့သို့သော များစွာသော အသင်းတော်ရှိခဲ့ပါသည်။ သေးငယ်သော မုန်ညင်းစေ့ သာဓက ကဲ့သို့၊ သတင်းကောင်း မျိုးစေ့သည် ကြီးထွားလျက်၊ အကိုင်းအခက်များစွာဖြင့် ကြီးမားသောအပင် ဖြစ်လာခဲ့ပါသည်။ ခေတ်အဆက်ဆက် မျိုးဆက်သစ်တို့သည် မိမိတို့၏ တာဝန်ကို ထမ်းဆောင်လျက် ဘုရားသခင်၏ နိုင်ငံတော်ကို ကျယ်ပျံ့စေခဲ့ကြ၏။

ယုံကြည်သူတိုင်းသည် မိမိတို့အသက်ရှင်စဉ် အနည်းငယ်သောသူကို ကယ်တင်ခြင်းသို့ ခေါ်ဆောင်ခဲ့ပါလျှင်၊ ထိုယုံကြည်သူတို့သည်လည်း အခြားသောသူတို့ကို ကယ်တင်ခြင်းသို့ ခေါ်ဆောင်ခဲ့ပါလျှင်၊ ခေတ်တိုင်း ခေတ်တိုင်း၌ ယုံကြည်သူ အလွန် တိုးပွါးခြင်း ရှိပါလိမ့်မည်။ အရင် မျိုးဆက်တို့သည် သူတို့၏ တာဝန်ကို ထမ်းဆောင်ခဲ့ပြီး၊ ယခုအခါ ကျွန်ုပ်တို့၏ တာဝန်ဖြစ်ပါသည်။ ဘုရားသခင် နှုတ်ကပတ်တော် အသံသည် သင့်ထံမှ ကျော်စော ပါမည်လော။

**ဆင်ခြင်ရန်** - ခေတ်တခေတ်လူတို့သည် သတင်းကောင်းကို မဟောပြောဘဲနေလျှင် ဘာဖြစ်လာ မည်နည်း။

**ဆုတောင်းချက်-** အဖဘုရား၊ ကိုယ်တော့်အကြောင်းကို ဟောပြောဖို့ရန် အကျွန်ုပ်အား ခွန်အား ပေးတော်မူပါ။



အင်္ဂါ၊ ဒီဇင်ဘာ (၂၃)
**၁ သက် ၅း၂၀**
မသဲ ၇း၂၄-၂၈

*"ပရောဖက်ပြုခြင်းကို မထီမဲ့မြင် မမှတ်ကြနှင့်"*

## ပရောဖက်ပြုခြင်းကို မထီမဲ့မြင် မပြုကြနှင့်

ပရောဖက်ပြုခြင်းအားဖြင့် ဘုရားသခင်သည် မိမိ၏အလိုတော်ကို လူတို့ထံ အသိပေးတော်မူ၏။ "*ပရောဖက်ပြုခြင်း*" ဟူသော စကားလုံးကို ကျွန်တော်တို့ တွေ့သောအခါ၊ ကျမ်းစာ၌ တွေ့ရသော အနာဂတ်အကြောင်း ဟောပြောခြင်း (သို့) ယနေ့ခေတ် တွေ့ရသော အိပ်မက် ရူပါရုံ အားဖြင့် အနာဂတ်အကြောင်း ဟောပြောသော မှားယွင်းသည့် ပရောဖက်ပြုခြင်းကိုသာ စိတ်ထဲ၌ မထင်မှတ်သင့်ပါ။ ပရောဖက်၏အမှုတော်သည် နှစ်မျိုးရှိပါသည်။ တမျိုးမှာ၊ ဘုရားသခင် ဖော်ပြတော်မူသော အနာဂတ် အကြောင်းကို "ကြိုတင် ဟောပြောခြင်း" ဖြစ်၏။ အခြားတမျိုးမှုကား၊ ယခုလက်ရှိ ဘုရားသခင်၏ သွန်သင်ချက်များကို သစ္စာရှိစွာ "ဟောပြောခြင်း" ပင်ဖြစ်ပါသည်။ ယနေ့တွင်၊ ကျွန်ုပ်တို့လက်ထဲ၌ စုံလင်သော ဘုရားသခင်၏ နှုတ်ကပတ်တော် ရှိပြီဖြစ်သောကြောင့်၊ "ကြိုတင် ဟောပြောခြင်း" ဟူသော ပရောဖက်ပြုခြင်း အမှုတော် မလိုအပ်တော့ပါ။ ဘုရားသခင်က ကျွန်တော်တို့ သိသင့်သော အနာဂတ်အကြောင်းကို ဖော်ပြခဲ့ပြီးဖြစ်ပါသည်။ ထို့ကြောင့်၊ ယနေ့ခေတ် ပရောဖက်ပြုခြင်းသည် ဘုရားသခင်၏ နှုတ်ကပတ်တော် (ရှေး ပရောဖက်များ ရေးသားသော ကျမ်းစာ) သစ္စာရှိစွာ ဟောပြောခြင်းကို ဆိုလိုပါသည်။

ဘုရားသခင်၏နှုတ်ကပတ်တော် ဟောပြောခြင်း အရေးကြီးမှုကို ငြင်းပယ်လျှင် ကျွန်တော်တို့သည် ပရောဖက်ပြုခြင်းကို မထီမဲ့မြင်ပြုရာရောက်၏။ ဘုရားသခင်၏နှုတ်ကပတ်တော် မဖတ်ရှုလိုခြင်း၊ ထိုနှုတ်ကပတ်တော် မနာခံလိုခြင်းတို့သည်လည်း ပရောဖက်ပြုခြင်းကို မထီမဲ့မြင်ပြုရာရောက်၏။ ထိုနည်းတူ၊ ကျွန်တော်တို့သည် ဘုရားသခင်၏နှုတ်ကပတ်တော် သစ္စာရှိစွာ ဟောပြောခြင်းကို အလေးမထားဘဲနေလျက်၊ ထိုအမှု မလိုအပ်ဟု ထင်မှတ်တတ်ကြပါသည်။ ကျွန်တော်တို့သည် မိမိနှစ်သက်သော၊ နားဝင်ချိုသော ဟာသများကိုသာ နားထောင်လိုခြင်းရှိတတ်ကြ၏။ သို့သော်လည်း၊ ထိုအရာသည် ကျွန်ုပ်တို့၏ ဝိညာဉ်အတွက် ကောင်းသောအရာ မဟုတ်ကြပါ။

ထို့ကြောင့်၊ ဘုရားသခင် မိန့်တော်မူသောစကားကို ကျွန်တော်တို့သည် နှိမ့်ချသော စိတ်သဘော၊ လက်ခံလိုသော စိတ်နှလုံးဖြင့် နားထောင်ကြရပါမည်။ တရားဟောဆရာသည် ဘုရားသခင်၌ သစ္စာရှိသောသူဖြစ်၍၊ မိမိဟောမည့်တရားကို ကျမ်းစာအားဖြင့် သစ္စာရှိစွာ ပြင်ဆင်သောသူဖြစ်လျှင်၊ ထိုသူသည် ဘုရားသခင်၏ သံတမန်ဖြစ်ပါသည်။ ထိုသူ ဟောပြောသော စကားကို ဘုရားသခင်၏ စကားကဲ့သို့ လက်ခံကြရမည်ဖြစ်ပါသည်။ မထီမဲ့မြင်မပြုဘဲ၊ ဘုရားသခင်၏ နှုတ်ကပတ်တော်ကို ကျွန်တော်တို့ နှစ်သက်ကြရပါမည်။ တနင်္ဂနွေနေ့၌သာ မဟုတ်ဘဲ၊ ကျမ်းစာလေ့လာခြင်း၊ ဆုတောင်းခြင်း အစီအစဉ်များ၌လည်း ဟောပြောသော နှုတ်ကပတ်တရားတော်ကို နားထောင်လျက် နာခံခြင်း ရှိရပါမည်။ ကျွန်တော်တို့သည် မွေးကင်းစ ခလေးငယ်များကဲ့သို့ စစ်မှန်သော နှုတ်ကပတ်တရားတော် နို့ကို ဆာလောင်ကြပါစို့။ ထိုနှုတ်ကပတ်တော်အားဖြင့်သာ ကျွန်တော်တို့ ကြီးထွားခြင်း ရှိနိုင်၏ (၁ ပေ ၂း၂)။

**ဆင်ခြင်ရန်** - ပရောဖက်ပြုခြင်းကို မထီမဲ့မြင်ပြုခြင်းသည် ဘုရားသခင်အား မထီမဲ့မြင်ပြုခြင်း ဖြစ်ပါသည်။

**ဆုတောင်းချက်-** အဖဘုရား၊ ကိုယ်တော်၏ သမ္မာတရားကို နှစ်သက်ပြီး အသက်တာ၌ လိုက်လျှောက်မည်အကြောင်း မစတော်မူပါ။

## ဝိညာဉ်တော်၏ အရှိန်ကို မငြိမ်းစေကြနှင့်

၁ သက် ၅း၁၇ တွင်၊ သန့်ရှင်းသော ဝိညာဉ်တော်အား ကျွန်ုပ်တို့၏ လမ်းခရီးကို အလင်းပေးတော်မူပြီး ဖြောင့်မတ်ခြင်းတရားလမ်းသို့ လမ်းပြတော်မူသော အလင်း (သို့) မီးလျှံနှင့် ခိုင်းနှိုင်းထားပါသည်။ သန့်ရှင်းသော ဝိညာဉ်တော်သည် ကျွန်ုပ်တို့ အထဲ၌ လောင်မြိုက်လျက် ဘုရားသခင်အတွက် အသက်ရှင်ဖို့ရန် ကျွန်ုပ်တို့၏ ဆန္ဒကို နိုးဆော်တော်မူ၏။ ထိုသို့ ကျွန်ုပ်တို့ အထဲ၌ အမှုပြုတော်မူသော ထိုဝိညာဉ်တော် အရှိန်ကို မငြိမ်းစေဖို့ရန် သတိပေးထားပါသည်။ ကျွန်တော်တို့သည် ဝိညာဉ်တော်ကို ဖယ်ရှားနိုင်သည်ဟု မဆိုလိုဘဲ၊ ကျွန်တော်တို့ ပြုသောအမှု (မပြုသောအမှု) အားဖြင့် ဝိညာဉ်တော်၏ ကျွန်ုပ်တို့ အသက်တာ လွှမ်းမိုးမှုကို ဆီးတားတတ်ကြပါသည်။

ကျွန်တော်တို့ ယုံကြည်သူ အပေါင်း၌ သန့်ရှင်းသော ဝိညာဉ်တော် ကျိန်းဝပ်တော်မူ၏။ ထိုဝိညာဉ်တော် ပြုတော်မူသောအမှုများသည် ကျွန်ုပ်တို့ ဝိညာဉ်အသက်တာ ကြီးထွားခြင်းအတွက် အလွန် အရေးကြီးသောအမှုများ ဖြစ်ကြပါသည်။ သန့်ရှင်းသော ဝိညာဉ်တော်သည် ကျွန်ုပ်တို့ကို မစတော်မူ သောသူ၊ နှိမ့်သိမ့်သောသူ၊ လမ်းပြသောသူ ဖြစ်တော်မူ၏။ ကျွန်ုပ်တို့၏အပြစ်ကို ဖော်ပြလျက်၊ သမ္မာတရားလမ်းသို့ ပို့ဆောင်လျက်၊ ဝိညာဉ်အရာများကို နားလည်မည်အကြောင်း မစတော်မူ၏။ ထိုဝိညာဉ်တော် အမှုပြုခြင်းအားဖြင့်၊ ကျွန်တော်တို့သည် ဝိညာဉ် အသီးများကို သီးကြပါသည်။ ဘုရားသခင်၏အမှုတော် ဆောင်ရွက်ဖို့ရန် လိုအပ်သော ဝိညာဉ် ဆုကျေးဇူးများကို ကျွန်ုပ်တို့အား ပေးတော်မူ၏။ ထိုဝိညာဉ်တော်၏ ဉာဏ်အလင်းပေးတော်မူခြင်းအားဖြင့် ဘုရားသခင်၏ နှုတ်ကပတ် တော်ကို နားလည်လျက် အသက်တာ၌ လက်တွေ့ကျင့်သုံးနိုင်ကြခြင်းဖြစ်ပါသည်။ ထိုအမှုများအား ဖြင့်၊ ကျွန်တော်တို့သည် သန့်ရှင်းခြင်းအသက်တာ၌ ကြီးထွားခြင်း ရှိကြ၏။

ထိုဝိညာဉ်တော်၏အရှိန် ကျွန်တော်တို့ ငြိမ်းစေသောအခါ၊ ဖော်ပြပါ အမှုများကို မပြုဖို့ရန် ဝိညာဉ်တော်ကို ဆီးတားခြင်းဖြစ်ပါသည်။ မည်သို့ ငြိမ်းစေပါသနည်း။ အပြစ်နှင့် ဇာတိသဘောအတိုင်း ကျွန်တော်တို့ အသက်ရှင် သောအခါ ထိုဝိညာဉ်တော်၏အရှိန်ကို ငြိမ်းစေပါသည်။ ဂလာတိ ၅း၁၇ တွင်၊ *"ဇာတိပကတိနှင့် ဝိညာဉ်ပကတိသည် တပါးနှင့်တပါး ဆန့်ကျင်သောအလိုရှိ ကြ၏။ တပါးနှင့်တပါး ဆန့်ကျင်ဘက်ဖြစ်၍၊ သင်တို့သည် ကျင့်ချင်သောအကျင့်ကို မကျင့်နိုင်ကြ"* ဟု သတိပေးထားပါသည်။ ကျွန်ုပ်တို့၏အပြစ်များသည် မီးလျှံကို ငြိမ်းဖို့ရန် ပစ်ကြသော သဲနှင့်မြေမှုန့်ကဲ့သို့ ဖြစ်ပါသည်။ ဖြောင့်မတ်ခြင်းတရားလမ်းသို့ ကျွန်ုပ်တို့ကို လမ်းပြလျက်ရှိသော ထိုဝိညာဉ်တော်ကို ကျွန်ုပ်တို့၏ ဇာတိသဘောသည် ဆီးတားလျက်ရှိပါသည်။ ဆုတောင်းခြင်း မပြု၊ နှုတ်ကပတ်တော်ကို မဖတ်၊ ဘုရားသခင်၏လူများနှင့် မိဿဟာရ ဖွဲ့ခြင်း မရှိသောအခါ၊ ဘုရားသခင်ထံ ချဉ်းကပ်စေမည့် အရာများကို ကျွန်တော်တို့ ပစ်ပယ်ရာရောက်ပါသည်။ ထိုသို့ မပစ်ပယ်ရပါ။

ကျွန်တော်တို့သည် ဝိညာဉ်တော်နှင့် ပြည့်ဝသော အသက်တာကို လိုချင် ရမည်ဖြစ်ပါသည်။ ငြိမ်းသတ်ရမည့်အစား၊ ကျွန်တော်တို့အထဲ၌ သန့်ရှင်းသော ဝိညာဉ်တော် ပို၍ ပြင်းစွာ တောက်လောင်မည်အကြောင်း အစွမ်းကုန် ကြိုးစား ကြရမည်ဖြစ်ပါသည်။ ကျွန်တော်တို့သည် ဝိညာဉ်တော်နှင့် ပြည်ဝမည်အကြောင်း၊ ပြုသောအမှုတိုင်း၌ သစ္စာရှိမည်အကြောင်း ကြိုးစား

**ဆင်ခြင်ရန်**ကြပါစို့။(ရောမ ၈း၆ ကို ဖတ်ပါ)။

**ဆုတောင်းချက်-** အဖဘုရား၊ သန့်ရှင်းသော ဝိညာဉ်တော်နှင့် အကျွန်ုပ်ကို ပြည့်ဝစေတော်မူပါ။





## စစ်မှန်သော ကယ်တင်ခြင်း ပုံရိပ်

လူတိုင်း မတူ ကွဲပြားခြင်း ရှိကြ၏။ တဦးချင်းစီ၏ ကယ်တင်ခြင်း သက်သေခံချက်သည် ထူးခြားခြင်းရှိပါသည်။ ဘဝ၌ ရင်ဆိုင် ကြုံတွေ့ရသော အခက်အခဲသည်လည်း မတူညီကြပေ။ ခရစ်တော်၌ ကျွန်ုပ်တို့၏ ဘဝခရီးသည်လည်း အချင်းချင်း မတူညီဘဲ ရှိနိုင်ပါသည်။ သို့သော်လည်း၊ ခရစ်တော်၌ ယုံကြည်သူ ကျွန်တော်တို့ ကြုံတွေ့ရသော အရာတို့သည် တူညီသောအချက်များရှိပါလိမ့်မည်။ ကျွန်တော်တို့သည် ကယ်တင်ခြင်း ခံရသောအခါ အသစ်ပြုပြင်သော သတ္တဝါ ဖြစ်လာခဲ့ကြပြီး၊ အသစ်သော အသက်တာဖြင့် နေထိုင် ကြရမည်ဖြစ်ပါသည်။ ၁ သက် ၁း၉-၁၀ တွင်၊ ပေါလုက သက်သာလောနိတ် ယုံကြည်သူများ၏ အသက်တာ၊ ယုံကြည်သူတိုင်း သိမှတ်နိုင်သော အသက်တာကို ဖော်ပြခဲ့ပါသည်။

ပထမအချက်၊ စစ်မှန်သော နောင်တရခြင်းတည်းဟူသော၊ ရုပ်တုဆင်းတု (သို့) အခြား အပြစ်များမှ နောင်တရလျက် ဘုရားသခင်ထံ တိုးဝင်ခြင်း ဖြစ်ပါသည်။ ဘုရားသခင် တပါးတည်းသာလျှင် အသက်ရှင်သော၊ စစ်မှန်သော ဘုရား၊ စုံလင် သန့်ရှင်းလျက် ဖြောင့်မတ်တော်မူသော ဘုရား၊ အပြစ်ကို မစီရင်ဘဲ ပစ်မထားသော ဘုရားဖြစ်ကြောင်း သိမှတ်ကြ၏။ ထို့ကြောင့် ဘုရားသခင်ကို ယုံကြည်ကြသောအခါ၊ အပြစ်၏ကြီးလေးမှုကို သိမှတ်လျက်၊ သန့်ရှင်းသော အသက်တာဖြင့် အသက်ရှင်ရန် ကြိုးစားအားထုတ်ခဲ့ကြပါသည်။

ဒုတိယအချက်၊ အပြစ်သား ဘဝမှ ပြောင်းလဲခဲ့ကြပြီးဖြစ်သောကြောင့်၊ အသက်ရှင်၍ စစ်မှန်သော ဘုရားသခင်၏အမှုတော်ကို ဆောင်ရွက်ခဲ့ကြ၏။ ထို့ကြောင့် သူတို့၏အသက်တာသည် အမှုတော်အတွက် သစ္စာရှိသော၊ ဆက်ကပ်သော အသက်တာ ဖြစ်လာခဲ့ပါသည်။ ဘုရားသခင်ကို ချစ်သော အချစ်က နိုးဆော်လျက်၊ ဘုရားသခင်၏ သတင်းကောင်း ဟောပြောခြင်းအမှုကို ဝမ်းမြောက်စွာ ဆောင်ရွက်ခဲ့ကြ၏။ ဤအမှုသည် ပေါလု ချီးကျူးခဲ့သော၊ ချစ်သောစိတ်နှင့် ကြိုးစားအားထုတ်ခြင်းပင်ဖြစ်ပါသည်။ ထို့ကြောင့်၊ သူတို့သည် ထိုနယ်တလျှောက် အခြားယုံကြည်သူများ အတွက် စံနမူနာ ဖြစ်ခဲ့ကြပြီး၊ သတင်းကောင်း ဟောပြောခြင်းအမှု၌ ကျော်စောခဲ့ကြပါသည်။

တတိယအချက်၊ သူတို့သည် ယေရှု တဖန်ကြွလာတော်မူမည့်အချိန်ကို စောင့်မျှော်ခဲ့ကြ၏။ ဤလောကသည် မိမိတို့၏ ထာဝရအိမ် မဟုတ်ကြောင်း၊ မိမိတို့သည် ဧည့်သည်များသာဖြစ်ကြောင်း သိမှတ်ခဲ့ကြပါသည်။ ရှင်ပြန်ထမြောက်တော်မူသော သခင်ယေရှု ခရစ်တော် ကြွလာတော်မူလျက်၊ မိမိတို့အား ထာဝရအိမ်တော်သို့ ခေါ်ဆောင်မည့် နေ့ရက်ကို တောင့်တ စောင့်မျှော်ခဲ့ကြပါသည်။ ထို့မြော်လင့်ခြင်းတရားကြောင့် ရင်ဆိုင်နေရသော အခက်အခဲများကို ကျော်ဖြတ်ဖို့ရန် ခွန်အားရှိခဲ့ကြ၏။

ချစ်သော စာဖတ်သူ၊ ခရစ်တော်၌ သင်၏အသက်တာသည်လည်း ထိုသို့ဖြစ်ပါသလား။

**ဆင်ခြင်ရန်** - စစ်မှန်သော ယုံကြည်သူသည် ထိုလက္ခဏာများ မပိုင်ဘဲ နေမည်လော။

**ဆုတောင်းချက်-** အဖဘုရား၊ ကျွန်ုပ်အသက်တာ၌ ကယ်တင်ခြင်း အသီးသီးမည်အကြောင်း မစတော်မူပါ။

တနင်္လာ၊ အောက်တိုဘာ (၁၃)

**၁ သက် ၂း၁**

၁ ကော ၂း၁-၅

*"ငါတို့သည် သင်တို့အထဲသို့ ဝင်ခြင်းအမှုသည် အချည်းနှီး မဖြစ်ကြောင်း"*

## အဓိပ္ပါယ်ရှိသော ဧဝံဂေလိအမှုပြုခြင်း

ပေါလု၏ သာသနာ ခရီးစဉ်သည် အပျော်ခရီးသွားခြင်း မဟုတ်ပါ။ သူသည် ပြုသမျှ အရာတိုင်းကို အလေးအနက်ထား ပြုတတ်သောသူဖြစ်ပါသည်။ သွားရောက်သော မြို့တိုင်း၌ မိမိ ပြုရမည့် အမှုကို ကောင်းကောင်း သိခဲ့ပါသည်။ ထိုအမှုသည်ကား၊ *"ယေရှုခရစ်တော်တည်းဟူသော လက်ဝါးကပ်တိုင်မှာ အသေခံတော်မူသော သခင်"* (၁ ကော ၂း၂) အကြောင်း ဟောပြောခြင်း ပေတည်း။

ထိုအချက်ကို သက်သာလောနိတ်မြို့သားများအား ပြောပြလျက်၊ သူတို့ထံ သွားရောက်ခြင်း သည် *"အချည်းနှီး မဖြစ်ကြောင်း"* ပေါလု ပြန်လည်ဖော်ပြခဲ့ပါသည်။ သူ၏ ကြိုးစားအားထုတ်မှုသည် အချည်းနှီး မဖြစ်ခဲ့ပါ။ သူတို့ထံ သွားရောက်ခြင်းသည် အဓိပ္ပါယ် မရှိ၊ ရည်ရွယ်ချက် မရှိ သွားခဲ့ခြင်း မဟုတ်ပါ။ ပေါလုသည် ဘုရားသခင် ထမ်းရွက်စေတော်မူသော မိမိ၏တာဝန်ကို အစဉ် သိမှတ်လျက် အလေးထား ဆောင်ရွက်တတ်၏။

ပေါလု သက်သာလောနိတ်မြို့သို့ သွားရောက်ခဲ့ခြင်းသည် တရောမြို့၌ ခံရသော မာကေဒေါနိပြည်သား ခေါ်ခြင်းကို နာခံခြင်းဖြင့် သွားခဲ့ခြင်း ဖြစ်ပါသည်။ အစတွင်၊ သူသည် အာရှတိုက် အရှေ့မြောက်ဘက်ပိုင်း (ယနေ့ခေတ် တူရကီ) ကို သွားလိုခဲ့ပါသည်။ သို့သော်လည်း၊ ဘုရားသခင်က ရူပါရုံအားဖြင့်၊ (သက်သာလောနိတ်မြို့ ရှိရာ) *"မာကေဒေါနိပြည်သို့ ကူးပါ။ ငါတို့ကို မစပါ"* (တမန် ၁၆း၉) ဟု ခေါ်တော်မူခဲ့၏။ ထို့ကြောင့်၊ သူသည် အနောက်ဘက်သို့ ချက်ချင်း လှည့်၍ ဥရောပသို့ သွားခဲ့ပါသည်။ *"မာကေဒေါနိပြည်၌ ဧဝံဂေလိတရားကို ဟောစေခြင်းငှါ သခင်ဘုရားသည် ငါတို့ကို ခေါ်တော်မူသည် ဟု ငါတို့ သဘောကျသဖြင့် ထိုပြည်သို့ သွားခြင်းငှါ ချက်ခြင်း ရှာကြံကြ၏"* (တမန် ၁၆း၁၀)။ သူ၏ရည်ရွယ်ချက်သည် ရှင်းပါ၏ - ထိုအရပ်၌ သခင်ဘုရား၏အလိုတော်ဖြစ်သည့် သတင်းကောင်း ဟောပြောခြင်းပင်ဖြစ်ပါသည်။

ဘုရားသခင်အတွက် သက်သေခံလျက် အမှုတော် ကျွန်တော်တို့ ဆောင်ရွက်သည်ဟု ဆိုသောအခါ၊ ကျွန်တော်တို့ အမှန်တကယ် ကြိုးစား ဆောင်ရွက်ပါသလား။ ဘုရားသခင် စေခိုင်းတော်မူသော အမှုတော်ကို ကျွန်တော် ဆောင်ရွက်သည်ဟူသော အသိစိတ်ဖြင့် ကြိုးစား ဆောင်ရွက်ပါသလား။ ကျွန်ုပ်တို့၏ အမှုတော်ဆောင်ခြင်း၊ သတင်းကောင်း ဟောပြောခြင်းတွင် အခြားသော ရည်ရွယ်ချက် လုံးဝ မပါ ပါစေနှင့်။ လူတို့၏ ချီးကျူးခြင်း၊ မိမိ စိတ်ကျေနပ်စေခြင်း အတွက် မဟုတ်ဘဲ၊ ဘုရားသခင်အတွက် ကျွန်တော်တို့ လုပ်ဆောင်ကြောင်း သိမှတ်ရပါမည်။ ထိုသို့ မဟုတ်လျှင်၊ အချည်းနှီးဖြစ်လျက်၊ ဘုရားသခင်၏ ဘုန်းတော် မထင်ရှားဘဲ နေပါလိမ့်မည်။

**ဆင်ခြင်ရန်** - အချည်းနှီး အမှုတော်ဆောင်ခြင်း သာဓကများကား အဘယ်နည်း။

**ဆုတောင်းချက်-** အဖဘုရား၊ ကိုယ်တော်အတွက် အကျွန်ုပ်၏ အမှုတော်ဆောင်ခြင်းသည် အချည်းနှီး မဖြစ်မည်အကြောင်း မစတော်မူပါ။



တနင်္ဂနွေ၊ ဒီဇင်ဘာ (၂၁)

**၁ သက် ၅း၁၈**

ကောလော ၃း၁၅-၁၈

*"အရာရာ၌ ကျေးဇူးတော်ကို ချီးမွမ်းကြလော့"*

## အရာရာ၌ ကျေးဇူးတော်ကို ချီးမွမ်းကြလော့

တတိယအချက်မှုကား၊ *"အရာရာ၌ ကျေးဇူးတော်ကို ချီးမွမ်းကြလော့"* ဟူ၍ဖြစ်ပါသည်။ အဘယ်အမှုဘဲ ဖြစ်ပျက်ဖြစ်ပျက်၊ အခြေအနေတိုင်း၌ ကျွန်တော်တို့သည် ဘုရားသခင်ကို ချီးမွမ်း ကြရမည်ဖြစ်ပါသည်။ ထိုအရာရာတိုင်းထဲတွင် ကောင်းသောအမှုနှင့် "မကောင်းမှု" ဟု ကျွန်တော်တို့ သတ်မှတ်သောအရာများ ပါဝင်ကြပါလိမ့်မည်။ ကျွန်တော်တို့ မျှော်လင့်သလို ဖြစ်မလာသောအခါ၊ ငွေရေးကြေးရေး အခက်အခဲ၊ နာမကျန်းမှု၊ မိသားစုဝင် သေဆုံးခြင်း စသည့်အဖြစ်အပျက်၌လည်း ကျွန်တော်တို့သည် ကျေးဇူးတော် ချီးမွမ်းကြရပါမည်။ အလုပ်မှ ထုတ် ခံရခြင်း၊ ရာထူး တိုးခံရခြင်း၊ သားသမီး ပညာရေးကောင်းမွန်ခြင်း၊ ပြင်းထန်သောရောဂါကြောင့် ဆေးရုံတက်ခြင်း စသည့်အဖြစ် အပျက်များ၌လည်း ကျွန်ုပ်တို့၏ ယုံကြည်ချက်မှုကား၊ ထိုအရာအားလုံးသည် ဘုရားသခင်၏ အလိုတော် အားဖြင့် ဖြစ်ကြသည် ဟူ၍ဖြစ်ပါသည်။ ဘုရားသခင်၏သားသမီးဖြစ်သော ကျွန်ုပ်တို့၏ အသက်တာသည် အဆုံးစွန် အာဏာရှိတော်မူသော ဘုရားသခင်၏ လက်တော်ထဲ၌ ရှိပါ၏။ ကိုယ်တော်၏ ကောင်းမြတ်ခြင်းနှင့် ကွယ်ကာ ပြုစု စောင့်ရှောက်ခြင်းသည် ကျွန်ုပ်တို့ကို လမ်းပြ တော်မူပါသည်။ အရာရာတိုင်းက ဘုရားသခင်ကို ချစ်သောသူတို့အတွက် ကောင်းသောအကျိုးကို ဖြစ်စေမည်အကြောင်း ကျွန်တော်တို့ ယုံကြည်ထားပါသည် (ရောမ ၈း၂၈)။ ထို့ကြောင့်၊ ကျွန်တော်တို့ သည် အစဉ်အမြဲ ကျေးဇူးတော်ကို ချီးမွမ်းကြရပါမည်။ ထိုသို့ပြုခြင်းငှါ ဘုရားသခင်၏အလို ရှိတော် မူ၏။

ကျေးဇူးတော် ချီးမွမ်းသောအခါ၊ ကျွန်တော်တို့သည် ဘုရားသခင်၏ကောင်းမြတ်ခြင်းကို အသိအမှတ်ပြုခြင်း ဖြစ်ပါသည်။ ကိုယ်တော် ခံထိုက်သော ချီးမွမ်းခြင်းကို ကျွန်တော်တို့ ကိုယ်တော်ထံ ဆက်ကပ်ခြင်း ဖြစ်ပါသည်။ ထိုသို့ မပြုလျှင်၊ ကိုယ်တော် ခံထိုက်သော ဘုန်းအသရေကို မပေး၊ ကျွန်တော်တို့သည် ကျေးဇူး မသိတတ်သောသူဖြစ်ကြပါသည်။ ဘဝခရီးလမ်း ကြမ်းသောအခါ၊ ကျွန်တော်တို့သည် ဒေါသထွက်လျက်၊ မကျေမနပ်ဖြစ်တတ်ကြပါသည်။ ကျေးဇူးတော် ချီးမွမ်းခြင်း မပြုဘဲ၊ ညည်းတွားမြည်တမ်းတတ်ကြပါသည်။ တခါတရံ ဘုရားသခင်ကို အပြစ်တင်တတ်ကြပါ သည်။ တောထဲ၌ ဣသရေလလူတို့ ပြုသကဲ့သို့၊ ကျွန်တော်တို့သည် ဘုရားသခင်အတူ ပါရှိတော်မူ သည်ကို မသိဘဲ၊ အခက်အခဲ ကြုံတွေ့တိုင်း ညည်းတွားမြည်တမ်းခြင်း ပြုတတ်ကြပါသည်။

ခံစားရသော ကောင်းကြီးများကို ကျွန်တော်တို့ အစဉ် အောက်မေ့ကြရပါမည်။ ဆုတောင်း တိုင်း၊ ကျေးဇူးတော် ချီးမွမ်းခြင်းဖြင့် အစပြုရပါမည်။ ဘုရားသခင်သည် စုံလင်ကောင်းမြတ်တော်မူ ပြီး၊ ကျွန်ုပ်တို့အတွက် အကောင်းဆုံး ပြင်ဆင် ကြံစည်တော်မူကြောင်း သိမှတ်ကြပါစို့။ အရာခပ်သိမ်း ကို ထိန်းချုပ် အုပ်စိုးတော်မူပြီး၊ အစဉ် *"ကျေးဇူးပြုမည် ကြံတော်မူ၏"* (ကမ္ဘာ ၅၀း၂၀)။ နေ့တိုင်း ဘုရားသခင် ပေးသနားတော်မူသော ကောင်းကြီးများကို ကျွန်တော်တို့ ရေတွက်တတ်ပါလျှင်၊ ထို ကောင်းကြီးမင်္ဂလာများက ကျွန်ုပ်တို့ကို အံ့ဩစေမည်ဖြစ်ပါသည်။ ကျွန်ုပ်တို့၏ အလိုအတိုင်း ဖြစ် မလာသည့်တိုင်၊ ဘုရားသခင်၏အလိုတော်သို့ ကျွန်တော်တို့ ဆက်ကပ်လျက်၊ ကျေးဇူးတော် ချီးမွမ်း ကြရမည်ဖြစ်ပါသည်။

**ဆင်ခြင်ရန်** - အဘယ်အတွက် ဒီနေ့ ဘုရားသခင်၏ ကျေးဇူးတော်ကို ချီးမွမ်း ရမည်နည်း။

**ဆုတောင်းချက်-** အဖဘုရား၊ အရာရာတိုင်းအတွက် ကျေးဇူးတော် ချီမွမ်းမည်အကြောင်း မစ တော်မူပါ။

စနေ၊ ဒီဇင်ဘာ (၂၀)

**၁ သက် ၅း၁၇**

၁ ရာ ၁၂း၁၉-၂၄

*“မခြားမလပ် ဆုတောင်းပဌနာ ပြုကြလော့”*

## မခြားမလပ် ဆုတောင်းပဌနာ ပြုကြလော့

ယခု ဖော်ပြသည့် အချက်သည် လူတို့ မကြာခဏ ကိုးကားသော၊ ဟောပြောသော အရာဖြစ်ပြီး၊ ဝမ်းနည်းစရာကောင်းသည်မှာ တကယ်လက်တွေ့ နာခံခြင်း မရှိခြင်းပင်ဖြစ်ပါသည်။ ကျွန်တော်တို့သည် နံနက်တိုင်း၊ ညတိုင်း၊ အစာမစားမှီအချိန်တိုင်း အချိန်မှန် ဆုတောင်းကြပါလိမ့်မည်။ အချိန်မှန် ဆုတောင်းခြင်းပြုသောအခါ၌ ဆုတောင်းလေ့ရှိသော ဆုတောင်းချက်များလည်း ရှိနိုင်ပါသည်။ သို့သော်လည်း၊ ကျွန်တော်တို့ မခြားမလပ် ဆုတောင်းကြပါသလား။

မခြားမလပ် ဆုတောင်းခြင်း ဆိုသည်မှာ၊ ဘုရားသခင်နှင့် အစဉ်အမြဲ မိသာဟာရဖွဲ့ခြင်းပင်ဖြစ်ပါသည်။ အခြားဘာမှ မလုပ်ဘဲ၊ ဆုတောင်းခြင်းအမှုကိုသာ ပြုခြင်း မဟုတ်ပါ။ တဘက်တွင်၊ ဆုတောင်းခြင်း မပြုဘဲ၊ ဘာမှ မလုပ်ခြင်းကို ဆိုလိုပါသည်။ နေ့စဉ်နှင့်အမျှ ကျွန်တော်တို့သည် ဘုရားသခင်နှင့် မိသာဟာရဖွဲ့ကြရပါမည်။ ကျွန်တော်တို့နှင့်အတူ ဘုရားသခင် အစဉ် ရှိတော်မူကြောင်းကို အောက်မေ့လျက်၊ တနေ့လုံး ကိုယ်တော်၏အထံတော်သို့ တိုးဝင်ခြင်းဖြင့် ကိုယ်တော်ကို မျက်မှောက်ပြုကြရပါမည်။ ဝမ်းမြောက်သော အချိန်ဖြစ်ဖြစ်၊ ဝမ်းနည်းသော အချိန်ဖြစ်ဖြစ်၊ စိုးရိမ်သောအချိန်၌ဖြစ်စေ ကိုယ်တော်ကို ခေါ်လျက်၊ အချိန်တိုင်း ကိုယ်တော်ထံ အသိပေးခြင်းလည်းဖြစ်ပါသည်။ ထိုသို့ သင် ဆုတောင်းပါသလား။ များစွာသော ယုံကြည်သူများသည် မိမိအလိုအတိုင်း နေထိုင်လိုကြပြီး၊ ဘုရားသခင်၏အလိုတော်ကို မရှာဖွေလိုကြပါ။ ဘုရားသခင်နှင့်အတူ ဘဝကို မဖြတ်သန်းလိုကြပါ။ နံနက်မိုးလင်းသောအခါ၊ ဆုတောင်းခဲ့ကြပြီး၊ တနေကုန် ဘုရားသခင်နှင့် ကင်းဝေးလျက် နေတတ်ကြပါသည်။ သူတို့ အလုပ်လုပ်သောနေရာ၌ ဘုရားသခင်ကို မေ့ခဲ့ကြပါသည်။ ဘုရားသခင်၏အလိုတော်ထက် အလုပ်ရှင်တို့၏အလိုကို ပိုလိုက်တတ်ကြ၏။ မိဘ မပါဘဲ မိမိကိုယ်ကို လုပ်နိုင်ပါသည်ဟု ထင်မှတ်တတ်သော မာနထောင်လွှားသည့် လူငယ်များကဲ့သို့ ပြဿနာ ကြုံတွေ့သောအခါ၌သာ မိဘ၏ တန်ဖိုး၊ အရေးကြီးမှုကို သိနားလည်တတ်ကြ၏။

ကျွန်ုပ်တို့၏ ဆုတောင်းခြင်း နည်းပါးမှုကြောင့် နောင်တရလျက်၊ ပို၍ အချိန်မှန်စွာ ဆုတောင်းမည်အကြောင်း ဆုတောင်းခြင်းအသက်တာကို မွေးမြူပြုစုကြပါစို့။ မည်သို့ ဆုတောင်းရမည်ကို ဘုရားသခင်ထံ စတင် တောင်းလျှောက်ကြပါစို့။ ပို၍ ဆုတောင်းမည်အကြောင်း မစဖို့ရန် တောင်းလျှောက်ကြပါစို့။ ဆုမတောင်းလိုလျှင်၊ ပို၍ ကျွန်တော်တို့ ဆုတောင်းရပါမည်။ ဘုရားသခင်သည် ကျွန်ုပ်တို့နှင့်အတူ ရှိတော်မူပြီး၊ ကျွန်ုပ်တို့၏ ဆုတောင်းသံကို နှစ်သက် နားထောင်လျက်ရှိကြောင်း သိမှတ်ကြဖို့လိုပါသည်။ ဘုရားသခင်နှင့် နှုတ်ကပတ်တော်ကို ကျွန်တော်တို့ ပို၍ သိလာသောအခါ၊ မည်သို့ ဆုတောင်းရမည်ကို ကျွန်တော်တို့ ပိုသိလာမည်ဖြစ်၍၊ ပို၍ ဆုတောင်းလိုခြင်း ရှိလာမည်ဖြစ်ပါသည်။

**ဆင်ခြင်ရန်** - မနက် သင့်အခန်းထဲမှ ထွက်မသွားမှီ သင် ဆုတောင်းခဲ့ပါသလား။

**ဆုတောင်းချက်-** အဖဘုရား၊ ဆုတောင်းဖို့ သွန်သင်လျက်၊ အစဉ် ဆုတောင်းဖို့ အကျွန်ုပ်ကို မစတော်မူပါ။



အင်္ဂါ၊ အောက်တိုဘာ (၁၄)

**၁ သက် ၂း၂**

တမန် ၁၆း၁၁-၄၀

*“ငါတို့သည် . . . ဆင်းရဲခြင်းနှင့် ညှဉ်းဆဲခြင်းကို ခံပြီးမှ”*

## ဧဝံဂေလိပြုခြင်း၌ ကြိုးစားအားထုတ်ခြင်း

သက်သာလောနိတ်မြို့သို့ ရောက်မလာမှီ၊ ပေါလု ပထမဆုံး တရားဟောခဲ့သော မြို့မှာ ဖိလိပ္ပိမြို့ဖြစ်ပါသည်။ မိန်းမတဦးအထဲမှ ဝိညာဉ်ဆိုးကို နှင်ထုတ်ခဲ့ပြီးနောက်၊ ပြဿနာဖန်တီးသောသူဟု စွပ်စွဲခံလျက်၊ ရိုက်နှက်ခြင်းခံပြီး ထောင်ချခံခဲ့ရပါသည်။ ထိုအချက်ကို ပေါလုက၊ “*ဆင်းရဲခြင်းနှင့် ညှဉ်းဆဲခြင်းကို ခံပြီးမှ*” (၁ သက် ၂း၂) ဟု ဖော်ပြခဲ့ပါသည်။

ခံရခဲ့သော ထိုအမှုက ပေါလုအား သတင်းကောင်း မဟောပြောဖို့ရန် မဆီးတားနိုင်ခဲ့ပါ။ ဘုရားသခင်၏အမှုတော် ဆောင်ရွက်ခြင်း၌ ပို၍ ရဲရင့်ခြင်း ရှိစေခဲ့ပါသည်။ သူသည် စိတ်ပျက်အားလျော့ခြင်း မရှိဘဲ၊ “*ဘုရားသခင်ကို အမှီပြု၍ ကြီးစွာသော တိုက်လှန်ခြင်းနှင့်တကွ၊ ဘုရားသခင်၏ ဧဝံဂေလိတရားကို သင်တို့အား ရဲရင့်စွာ ဟောပြောကြ၏*” (၁ သက် ၂း၂) ဟု ဆိုခဲ့ပါသည်။

ထိုသို့သော ကြိုးစားအားထုတ်မှု ခွန်အားသည် ဘုရားသခင်ထံမှသာ ထွက်လာနိုင်၏။ ပေါလုသည် ဘုရားသခင် စေခိုင်းတော်မူသောအမှုနှင့် ရည်ရွယ်ချက်ကို သိနားလည်သောကြောင့် ရင်ဆိုင်ရသော ညှင်းပန်းနှိပ်စက်ခြင်းကိုလည်း မြဲမြံစွာ ခံသွားနိုင်ခဲ့ပါသည်။ ယခုဘဲ မဟုတ်၊ ပေါလုသည် မိမိ၏ သာသနာ ခရီးစဉ်များ၌ ခရစ်တော်၏ရန်သူတည်းဟူသော စာတန်၏ နှောင့်ယှက်ဟန့်တားခြင်းကို အစဉ် ခံခဲ့ရပါသည်။ သူကိုယ်တိုင်သည်လည်း အရင်၌ ညှင်းပန်းနှိပ်စက်ခြင်းပြုသောသူ ဖြစ်ခဲ့သောကြောင့်၊ ဘုရားသခင်၏အမှုတော် ဆောင်ရွက်ခြင်းကို “*ကြီးစွာသော တိုက်လှန်ခြင်းနှင့်တကွ*” ဆောင်ရွက်ရမည်အကြောင်း သိခဲ့ပါသည်။ သို့သော်လည်း၊ ကြောက်ရွံ့ခြင်း မရှိဘဲ ရဲရင့်စွာ ဆက်လက် တရားဟောခဲ့ပါသည်။ ထိုသို့ အဘယ့်ကြောင့် ပြုနိုင်ပါသနည်း။ အကြောင်းမှာ မိမိကိုယ်ကို အားမကိုးဘဲ၊ ဘုရားသခင်ကို ကိုးစားသောကြောင့်တည်း။ ထိုအမှုကို ပြုဖို့ရန် ဘုရားသခင် အလိုရှိတော်မူကြောင်း ပေါလု သိခဲ့၏။ ထို့ကြောင့်၊ ဘုရားသခင်က အမှုတော် မဆောင်ရွက်ဖို့ မိန့်တော် မမူမချင်း သူသည် ဆက်လက် ဆောင်ရွက်မည်ဖြစ်ပါသည်။

ထို့ကြောင့်၊ တမန် ၂၀း၂၃-၂၄ တွင်၊ “*ချည်နှောင်ခြင်း၊ ညှဉ်းဆဲနှိပ်စက်ခြင်းအမှုတို့သည် ငါ့ကို ဆိုင်းလင့်သည် . . . သို့ရာတွင် ဘုရားသခင်၏ ကျေးဇူးတော်နှင့် ယှဉ်သော ဧဝံဂေလိတရားကို သက်သေခံစေခြင်း ငှါ၊ သခင်ယေရှု၏ လက်မှ ငါခံခဲ့ပြီးသော ဓမ္မဆရာအမှုတည်းဟူသော ငါဆောင်ရွက်ရသောအမှုကို ဝမ်းမြောက်စွာ ပြီးစီးစေမည်အကြောင်း၊ ထိုညှဉ်းဆဲခြင်းအမှုတစုံကိုမျှ ငါသည် ပမာဏ မပြု၊ ကိုယ် အသက်ကိုလည်း နှမြောခြင်း မရှိ*” ဖော်ပြနိုင်ခဲ့ခြင်းဖြစ်ပါသည်။ ဘုရားသခင် ခေါ်တော်မူခြင်းကို သေချာ သိနားလည်သည်ဖြစ်သောကြောင့်၊ ထိုအသိတရားက အဘယ်အခက်အခဲ အဆီးအတား မဆို ကျော်လွှားလျက် ကြိုးစားအားထုတ်ဖို့ရန် ခွန်အားပေးတော်မူ၏။

**ဆင်ခြင်ရန်** - သခင်ဘုရားအကြောင်း ဟောပြောခြင်းအမှု၌ ကျွန်တော် ကြုံတွေ့ခဲ့သော အားလျော့စရာအကြောင်းများကား အဘယ်နည်း။

**ဆုတောင်းချက်-** အဖဘုရား၊ အခက်အခဲကြား၌လည်း ရှေ့ဆက်လျက် ကိုယ်တော့်အကြောင်းကို ဟောပြောမည်အကြောင်း ကျွန်ုပ်အား ရဲရင့်ခြင်း ခွန်အား ပေးသနားတော်မူပါ။

# ရိုးသားခြင်းဖြင့် ဧဝံဂေလိပြုခြင်း

ပေါလုက သက်သာလောနိတ်မြို့သားများထံ မိမိ၏အမှုတော်ဆောင်ခြင်းသည် "*မှားယွင်းခြင်း၊ ညစ်ညူးခြင်း၊ လှည့်ဖြားခြင်း အားဖြင့်*" မဟုတ်ကြောင်း ရိုးသားစွာ ဖော်ပြခဲ့ပါသည်။ အဘယ့်ကြောင့် ထိုသို့ မိမိကိုယ်ကို ရှင်းပြ ကာကွယ်ဖို့ လိုအပ်ပါသနည်း။ မုသားနှင့်ဆိုင်သော၊ မှားယွင်းသော ရည်ရွယ်ချက်ဖြင့် ခွန်အားပေးခြင်း ရှိနိုင်ပါသလား။

ဝမ်းနည်းစွာ ရှိနိုင်ပါသည်ဟု အဖြေပေးရပါမည်။ လူသားတို့၏အပြစ်ကြောင့်၊ ဘုရားသခင်အတွက်အမှုတော်ဆောင်ပါသည်ဟု မိမိကိုယ်ကို ခံယူသောသူတိုင်း ရိုးသားစွာ အမှုတော်ဆောင်ကြသည် မဟုတ်ပါ။ ထိုသို့ အမှုတော်ဆောင်ရခြင်း ရည်ရွယ်ချက်များစွာ ရှိနိုင်ပါသည်။ ထိုရည်ရွယ်ချက်များထဲတွင် မိမိကိုယ်ကျိုးရှာခြင်း ပါဝင်ပါသည်။

ထိုသို့ မိမိကိုယ်ကျိုးရှာသည်ဟူသော စွပ်စွဲခြင်းကို ပေါလုလည်း ခံခဲ့ရပါသည်။ ထို့ကြောင့် ပေါလုသည် မိမိ၏အမှုတော်ဆောင်ခြင်းသည် ကိုယ်ကျိုးရှာခြင်း မဟုတ်ကြောင်း၊ မိမိကိုယ်ကို ကာကွယ်ခြင်းဖြင့် ၁ သက် ၂း၃-၅ ကို ရေးသားခဲ့ခြင်းဖြစ်ပါသည်။ ထိုသူတို့သည် ပေါလုအား မိမိကိုယ်ကျိုးအတွက် သူတပါးကို ချီးမွမ်းသော စကားအသုံးပြုသည်ဟူ၍၎င်း၊ အသင်းတော်များကိုလည်း မိမိကိုယ်ကျိုးအတွက် တည်ထောင်ခဲ့ကြောင်း၊ လှည့်ဖြားတတ်သောသူဖြစ်သည်ဟု စွပ်စွဲကြ၏။

ပေါလုသည် ထိုသို့သောလူမျိုး မဟုတ်ကြောင်း ကျွန်တော်တို့သေချာ သိပါ၏။ သို့သော်လည်း ထိုသို့သောအမှားကို ကျူးလွန်သောသူများလည်း ရှိခဲ့ပါလိမ့်မည်။ မိမိ ကိုယ်ကျိုးအတွက် လူတို့ကို သွေးဆောင်လျက် အသင်းတော်များ တည်ထောင်သော၊ အမည်ခံ ဧဝံဂေလိဆရာများစွာ ရှိပါသည်။ မိမိ အပျော်ကျူးခြင်းအတွက်၊ များစွာသော လုပ်ခ ရရှိရန်အတွက် ကျန်းမာ ကြွယ်ဝခြင်း ဧဝံဂေလိတရားကို ဟောပြောသော မှားယွင်းသည့် သင်းအုပ်ဆရာများလည်း ရှိပါသည်။ အသင်းတော်၌ အသင်းဝင်များပြားစေဖို့ရန် လောကီနည်းလမ်းများကို အသုံးပြုလျက် လူတို့ကို သွေးဆောင် ခဲ့ကြပါသည်။

ဘုရားသခင်သည် ကျွန်ုပ်တို့၏ အသိသက်သေ ဖြစ်တော်မူ၏။ ကိုယ်တော်၏အမှုတော်ကို ရိုးသားစွာ အမှန်တကယ် ဆောင်ရွက်ခြင်း ရှိ မရှိကို ကျွန်ုပ်တို့၏စိတ်နှလုံးကို သိမြင်တော်မူသော ဘုရားသခင်သာလျှင် သိမြင်တော်မူ၏။ ကျွန်ုပ်တို့၏ ဧဝံဂေလိပြုခြင်းအမှုသည် ရိုးသားခြင်း ရှိရပါမည်။ လူအပေါင်း ရှေ့၌ ရိုးသားဖြောင့်မတ်စွာ အမှုကို ပြုရပါမည်။ ထိုသို့ မဟုတ်လျှင်၊ ခရစ်တော်၏အမှုတော်ကို သူတပါးကောင်းကျိုးအတွက် မဟုတ်ဘဲ၊ ဆိုးကျိုးအတွက် ဆောင်ရွက်ခဲ့မိပါလိမ့်မည်။

**ဆင်ခြင်ရန်** - ရိုးသားခြင်း မရှိသော ဧဝံဂေလိဆရာကို မယုံကြည်သူသည် မည်သို့ မှတ်ချက်ချမည်နည်း။

**ဆုတောင်းချက်-** အဖဘုရား၊ ကိုယ်တော်အကြောင်း ဟောပြောခြင်းအမှု၌ အကျွန်ုပ်၏ စိတ်နှလုံးနှင့်ရည်ရွယ်ချက်တို့သည် အစဉ် သန့်ရှင်း ပါစေသော်။





# အစဉ်မပြတ် ဝမ်းမြောက်ခြင်း ရှိကြလော့

ဤစာစောင် အဆုံးသတ်ပိုင်းရောက်လာသောအခါ၊ ပေါလုသည် ကျွန်တော်တို့ အားလုံး အစဉ် ပြုရမည့် ရိုးရှင်းသော အချက်အချို့ကို တိုက်တွန်းဖော်ပြခဲ့ပါသည်။ ထိုအချက်များသည် ကျွန်ုပ်တို့ ခရစ်ယာန်အသက်တာ၌ အလွန်အရေးကြီးသောအရာများ ဖြစ်ပါသည်။ ထိုအရာများသည် အားကြီးသော ဝိညာဉ်အသက်တာအတွက် မရှိမဖြစ် လိုအပ်သောအရာများဖြစ်ပြီး၊ ဘုရားသခင်နှင့် မိသာဟာရဖွဲ့ခြင်းအတွက် အလွန်အရေးကြီးသောအရာများဖြစ်ကြပါသည်။

ပထမအချက်မှုကား၊ အခြေအနေတိုင်း၌ အစဉ်အမြဲ ဝမ်းမြောက်ခြင်း ရှိဖို့ရန် ဖြစ်ပါသည်။ ယုံကြည်သူ စတင်ဖြစ်လာသောအချိန်မှ စ၍ ကျွန်တော်တို့၌ ဘုရားသခင်၏ဝမ်းမြောက်ခြင်း ရှိခဲ့ပါသည်။ ထိုဝမ်းမြောက်ခြင်းသည် တဘဝလုံးအတွက် ဝမ်းမြောက်ခြင်း အရင်းအမြစ်ဖြစ်လျက်၊ ယုံကြည်ခြင်းအားဖြင့် ကျွန်တော်တို့သည် အစဉ်မပြတ်၊ "*ဘုရားသခင်၏ ဘုန်းတော်ကို မျှော်လင့်၍ ဝါကြွားဝမ်းမြောက်ခြင်း ရှိကြ၏*" (ရောမ ၅း၂)။ ခရစ်တော်အားဖြင့်၊ ကျွန်တော်တို့သည် ထာဝရ ကယ်တင်ခြင်း ခံရမည်အကြောင်း သေချာခြင်း ရှိပါသည်။ ဘုရားသခင်၏ကောင်းမြတ်တော်မူခြင်းကို ယုံကြည်ကိုးစားခြင်းရှိလျက်၊ ကိုယ်တော်သည် ကျွန်ုပ်တို့ကို အစဉ် စောင့်ရှောက်တော်မူကြောင်း ကျွန်တော်တို့ သိထားကြပါသည်။ ခရစ်ယာန်များသည် ခရစ်တော်ကို ပိုင်ဆိုင်ကြသောကြောင့်၊ အစဉ်မပြတ် ဝမ်းမြောက်ခြင်း ရှိနိုင်ကြပါသည်။ ဟေရှာ ၆၁း၁၀ တွင်၊ "*ထာဝရဘုရားကြောင့် ငါသည် အလွန်ဝမ်းမြောက်၍၊ ငါ၏ ဘုရားသခင်ကြောင့် ငါ့ဝိညာဉ်သည် ရွှင်လန်းမည်။ အကြောင်းမူကား . . . ကယ်တင်ခြင်း အဝတ်တန်ဆာနှင့် ငါ့ကို ဝတ်ဆင်စေ၍၊ ဖြောင့်မတ်ခြင်း ဝတ်လုံနှင့် ခြုံတော်မူပြီ*" ဟု ဖော်ပြခဲ့ပါသည်။

သို့သော်လည်း၊ အမှန်မှာ ဘုရားသခင်၌ ကျွန်တော်တို့ အစဉ် ဝမ်းမြောက်ခြင်း မရှိခဲ့ကြပါ။ မကြာမီ ကွယ်ပျောက်သွားမည့် ဇာတိ လိုအင်ဆန္ဒ၌ ပျော်ရွှင်မှု ရှာတတ်ကြပါသည်။ လောကီ စည်းစိမ်ဥစ္စာ ကြွယ်ဝချမ်းသာခြင်း၌ ရောင့်ရဲခြင်းကို ရှာဖွေ တတ်ကြပါသည်။ ပြောင်းလဲနေသော အခြေအနေကြောင့် ကျွန်တော်တို့၏ စိတ်သဘောထားသည်လည်း ပြောင်းလဲလျက်ရှိ၏။ မျှော်လင့်သလို ဖြစ်မလာသောအခါ၊ စိတ်ဓာတ်ကျလျက် ဒေါသထွက်ပြီး၊ စစ်မှန်သော ပျော်ရွှင်မှု မရှိနိုင်ဖြစ်ရပါသည်။ ဘုရားသခင်နှင့် မင်္ဂလာရှိသော မိသာဟာရဖွဲ့ခြင်း ကျွန်တော်တို့၌ မရှိနိုင်အောင် ထိုအရာများက ဆီးတားဖျက်ဆီးတတ်ကြ၏။ ခရစ်တော်ကို မမြင်နိုင်တော့ဘဲ၊ အရင်က ပိုင်ဆိုင်ခဲ့ဖူးသော ဘုရားသခင်၌ ဝမ်းမြောက်ခြင်းကို သတိမရ ဖြစ်ခဲ့ကြပါသည်။

စစ်မှန် သန့်ရှင်းသော ပျော်ရွှင်မှုသည် ဘုရားသခင်နှင့် မိသာဟာရဖွဲ့ခြင်း၌သာ ရှိကြောင်း၊ "*အစဉ်မပြတ် ဝမ်းမြောက်ခြင်း ရှိကြလော့*" ဟူသော စကားကို နာခံ လိုက်လျှောက်ခြင်း၌ ရှိကြောင်း ကျွန်တော်တို့ သိမှတ်ကြရပါမည်။ ဘဝအခက်အခဲများက ကျွန်တော်တို့ကို စိတ်ဓာတ် ကျစေသောအခါ၊ ခရစ်တော်ထံ မျှော်လင့်ခြင်းဖြင့် တိုးဝင်ချဉ်းကပ်ဖို့ လိုအပ်ပါသည်။ ခရစ်တော် ပြုတော်မူသော အမှုကြောင့် ကျွန်တော်တို့သည် ဝမ်းမြောက်ခြင်း ရှိရပါမည်။ လောကီအရာ၌ ပျော်ရွှင်ခြင်း ရှိ၏ ဟူသော မှားယွင်းသော အမြင်ကို ဖယ်ရှားလျက်၊ ခရစ်တော်၌သာ ပျော်ရွှင်ခြင်းနှင့် ရောင့်ရဲခြင်းကို ကျွန်တော်တို့ ကြိုးစား ရှာဖွေကြရမည်ဖြစ်ပါသည်။

**ဆင်ခြင်ရန်** - ခရစ်ယာန်များ၌သာ စစ်မှန်သော၊ အစဉ် ဝမ်းမြောက်ခြင်း ရှိနိုင်၏။

**ဆုတောင်းချက်-** အဖဘုရား၊ ကိုယ်တော်၌ စစ်မှန်သော ဝမ်းမြောက်ခြင်း အစဉ် ခံစား လိုပါ၏။

**၁ သက် ၅း၁၅**
ရောမ ၁၂း၁၇-၂၁

*“သူတပါး၌ အဘယ်သူမျှ ရန်တုံ့ မမူစေခြင်းငှါ သတိပြု၍”*

## မကောင်းမှုကို ကောင်းမှုဖြင့်

ကျွန်တော်တို့သည် မကောင်းမှု ပြုခြင်း ခံရသောအခါ၊ ပုံမှန်အားဖြင့်၊ ခံရသော မတရားမှုအတွက် တူညီသော လက်တုန့်ပြန်မှုကို ပြုလိုခဲ့ကြပါသည်။ ထိုလက်တုန့်ပြန်လိုသောဆန္ဒ ပြင်းပြခြင်း ရှိခဲ့သော်လည်း၊ သမ္မာကျမ်းစာက ထိုဆန္ဒကို ဘေးဖယ်ထားဖို့ရန် အစဉ် တိုက်တွန်းလျက်၊ ထိုသို့သော လက်တုန့်ပြန်လိုခြင်း ဆန္ဒသည် အပြစ်ဖြစ်ကြောင်း ဖော်ပြခဲ့ပါသည်။

ယခု တိုက်တွန်းချက်သည် ရောမ ၁၂း၁၉-၂၁ ၌ တွေ့ရသော သွန်သင်ချက်နှင့် အလွန် တူညီလှပါသည်၊ *“ချစ်သူတို့၊ သူတပါးသည် သင်တို့ကို ပြစ်မှားလျှင်၊ ကိုယ်တိုင် အပြစ်ပြန်၍ မတုံ့ကြနှင့်။ အမျက်တော်ကို အခွင့်ပေးကြလော့။ ကျမ်းစာလာသည်ကား၊ ငါသည် အပြစ်တရားကို စီရင်ပိုင်၏။ အပြစ်နှင့်အလျောက် ငါဆပ်ပေးမည်ဟု ထာဝရဘုရား မိန့်တော်မူ၏။ ထို့ကြောင့် သင်၏ရန်သူသည် မွတ်သိပ်လျှင် လုပ်ကျွေးလော့။ ရေငတ်လျှင် သောက်စရာဘို့ ပေးလော့။ ထိုသို့ပြုလျှင်၊ သူ၏ခေါင်းပေါ်၌ မီးခဲကို ပုံထားလိမ့်မည်။ အဆိုးအားဖြင့် အရှုံးမခံနှင့်။ အကောင်းအားဖြင့် အဆိုးကို နိုင်လော့။”* ကျွန်တော်တို့သည် ဘယ်အခြေအနေမှာဘဲဖြစ်ဖြစ်၊ မိမိကိုယ်ကို လက်တုန့်ပြန်ခြင်း မပြုရပါ၊ ထိုအမှုသည် ဘုရားသခင် ပြုရမည့် အမှုဖြစ်ပါသည်။ ဘုရားသခင်သည် မည်သို့ စီရင်ရမည်ကို သိတော်မူ၏။

အပြစ်ကြောင့်၊ ဤလောက၌ မကောင်းမှုသည် အစဉ် ရှိမည်ဖြစ်၍၊ ကျွန်တော်တို့လည်း တခါတရံ ထို မကောင်းမှုပြုခြင်း ခံရသော အချိန် ကြုံတွေ့ရမည်ဖြစ်ပါသည်။ ကျွန်တော်တို့သည် ကျွန်ုပ်တို့အပေါ် သူတပါး ပြုမည့်အမှုကို မထိန်းချုပ်နိုင်သော်လည်း၊ သူတို့အပေါ် မည်သို့တုန့်ပြန်မည်ကိုမူ ကျွန်တော်တို့ ထိန်းချုပ်နိုင်ပါသည်။ ဒေါသထွက်လျက် နောင်တရစေမည့်အမှုကို ကျွန်တော်တို့ ပြုမည်လော (သို့) ပြောမည်လော။ နားခါးစေသော စကားကို ပြောမည်လော (သို့) ခံရသော မကောင်းမှုနှင့် တူညီသည့် မကောင်းမှုပြုဖို့ရန် လျှင်မြန်သော ဆုံးဖြတ်ချက် ချမည်လော။ တုန့်ပြန်လိုခြင်း ဆန္ဒ ပြင်းပြလှသောကြောင့် မကောင်းမှုကို မကောင်းမှုဖြင့် တုန့်ပြန်မည်လော။ ထိုသို့ ဖြစ်ခဲ့လျှင်၊ ဘုရားသခင်အတွက် အဘယ် သက်သေမျိုး ကျွန်တော်တို့ ပြရာရောက်မည်နည်း။

ကျွန်တော်တို့ အချင်းချင်း ကြား၌သာ မဟုတ်၊ လူအပေါင်းတို့ထံ ကောင်းသောအမှုကို ပြုကြပါစို့။ ခရစ်ယာန်ဖြစ်သော ကျွန်တော်တို့သည် ခရစ်တော်၏နာမကို သယ်ဆောင်လျက်ရှိ၏။ ကျွန်တော်တို့သည် လူအပေါင်းတို့ထံ ခရစ်တော်၏အကျင့်ကို အစဉ် ပြသကြရမည်ဖြစ်ပါသည်။ တစုံတယောက်သည် သင့်အပေါ် မကောင်းမှု ပြုခဲ့လျှင်၊ သင့်အပြုအမူကို သတိထား ဆင်ခြင်ပါ။ အလျင်စလို စကား မပြောနှင့်၊ လွယ်လွယ် ဒေါသ မထွက်ပါနှင့် (ယာကုပ် ၁း၁၉)။ ခရစ်တော် သွန်သင်ချက်ဖြစ်သည့် ပါးတဖက် လှည့်ပေးလော့၊ နောက် တမိုင် ဆက်သွားလော့ ဟူသောအချက်ကို သတိရပါလော့ (မသဲ ၅း၃၈-၄၂)။ ဒေါသထွက် တုန့်ပြန်မည့်အစား၊ သနားကြင်နာခြင်း၊ ချစ်ခြင်း မေတ္တာ ထားပါလော့။ ခရစ်တော်သည် ကျွန်ုပ်တို့ကို ခွင့်လွှတ်သကဲ့သို့၊ ခွင့်လွှတ်ပါလော့။

**ဆင်ခြင်ရန်** - ခရစ်တော်သည် ကျွန်ုပ်အပေါ် ကောင်းမှု ပြုသကဲ့သို့၊ သူတပါးအပေါ် ကျွန်တော် ကောင်းမှု ပြုရပါမည်။

**ဆုတောင်းချက်-** အဖဘုရား၊ အကျွန်ုပ်အား ခွင့်လွှတ်ခြင်းနှင့်သနားကြင်နာခြင်း စိတ်နှလုံး ပေးသနားတော်မူပါ။




**၁ သက် ၂း၄**
၁ တိ ၁း၁၁-၁၄

*“ဧဝံဂေလိတရားကို စောင့်ထိုက်သောသူဟု ငါတို့ကို ဘုရားသခင် လက်ခံတော်မူသည်နှင့် အညီ”*

## ဧဝံဂေလိအမှုတော်ပြုခြင်း အခွင့်ထူး မင်္ဂလာ

အခွင့်ထူး ဆိုသည်မှာ “အထူးအခွင့်အရေး (သို့) ထူးကဲသောအကျိုး ခံစားရသောသူ အချို့ (သို့) လူအုပ်စု” ဟု ဆိုလိုပါသည်။ မိမိတတ်နိုင်သလောက် ဘုရားသခင်၏အမှုတော် ဆောင်ရွက်ခြင်းသည် လူသား ရရှိပိုင်ဆိုင်နိုင်သော အမြင့်ဆုံးသော အခွင့်ထူးပင်ဖြစ်ပါသည်။ ကျွန်တော်တို့သည် ထိုက်တန်ခြင်း မရှိသော အပြစ်သားဖြစ်ပါသည်။ ဘုရားသခင်မူကား မိမိ ဖန်ဆင်းတော်မူသမျှကို အုပ်စိုးတော်မူသော၊ စုံလင် သန့်ရှင်းတော်မူသည့် အနန္တ တန်ခိုးရှင် ဖြစ်တော်မူ၏။

သို့သော်လည်း၊ ကျေးဇူးတော်ကြောင့် သခင်ယေရှု ပြုတော်မူသောအမှုအားဖြင့် သူ၏ အမှုတော်ကို ဆောင်ရွက်ရသော ထိုအခွင့်ထူးကို ကျွန်ုပ်တို့အား ပေးတော်မူ၏။ ခရစ်တော်၏ အသွေးတော်ဖြင့် ကျွန်ုပ်တို့၏အပြစ်များ ဆေးကြော သန့်စင် ပေးပြီဖြစ်သောကြောင့် ကိုယ်တော်ထံ ချဉ်းကပ်ရသောအခွင့်ကို ရလျက်၊ ကိုယ်တော် နှစ်သက်တော်မူသော အမှုကို ပြုနိုင်ခြင်းဖြစ်ပါသည်။

ထို့ကြောင့်၊ ပေါလုက မိမိ၏ဘုရားသခင်အမှုတော် ဆောင်ရွက်ခြင်းကို *“ဧဝံဂေလိတရားကို စောင့်ထိုက်သောသူဟု ငါတို့ကို ဘုရားသခင် လက်ခံတော်မူသည်”* (၁ သက် ၂း၄) ဟု ဖော်ပြခဲ့၏။ “လက်ခံ” ဟူသော စကားလုံးသည် အသိအမှတ်ပြုခြင်းကို ဆိုလို၏။ ထို့ကြောင့် ပေါလုသည် ဘုရားသခင် စစ်ကြောခြင်း ခံပြီးမှ သင့်တော်သောသူ အဖြစ် အသိအမှတ်ပြုခြင်း ခံခဲ့ပါသည်။ ယခု ထိုသို့ တရားဟောနေရခြင်းသည် ဘုရားသခင်၏အခွင့်တော်ကြောင့် ဖြစ်သည်ဟု သူ သိမှတ်ခဲ့ပါသည်။ ဧဝံဂေလိတရား ဟောကြားဖို့ရန် တာဝန်ပေးခြင်း ခံရခြင်းသည် အလွန် မြင့်မြတ်သော ချီးမြှောက်ခြင်း ဖြစ်ကြောင်း ပေါလု သိမှတ်ခဲ့ပါသည်။ အကြောင်းမှာ ထိုတရားသည် ဤလောက လူသားတိုင်းအတွက် အရေးကြီးဆုံးသော တရားဖြစ်ပါသည်။

ဘုရားသခင်အတွက် ကျွန်တော်တို့ သက်သေခံ တရားဟောသောအခါ ထိုသို့သော စိတ်သဘောထား ရှိဖို့လိုပါသည်။ ကယ်တင်ရှင် သခင်ယေရှု ခရစ်တော် အကြောင်း သူတပါးထံ ဟောပြောရသော အခွင့်သည် အလွန် မင်္ဂလာရှိသော အခွင့်ထူး ဖြစ်ကြောင်း ကျွန်တော်တို့ သိမှတ်ရပါမည်။ ယုံကြည်သူများသာ ဟောပြောခွင့်ရှိသော အခွင့်ထူးဖြစ်ပါသည်။ မယုံကြည်သူတို့သည် ဧဝံဂေလိတရားကို နားမလည်သောကြောင့်၊ ခရစ်တော်၏ သံတမန် မဖြစ်နိုင်ကြပါ။ သို့သော်လည်း ကျွန်တော်တို့သည် ခရစ်တော်၏ သံတမန်ဖြစ်ကြ၏။ ကျွန်တော်တို့သည် ဧဝံဂေလိတရားကို ခံရ၍ ဘုရားသခင်၏ကောင်းမြတ်ခြင်းကို ခံစားခဲ့ကြပြီ။ ထို့ကြောင့်၊ သတင်းကောင်း ဟောပြောခြင်းအမှုကို ကျွန်တော်တို့သည် အလေးအမြတ်ထားလျက်၊ ကျွန်ုပ်တို့၏ ထိုတာဝန်ဝတ္တရားကို ရိုးသား မှန်ကန်စွာ ဆောင်ရွက်ကြပါစို့။

**ဆင်ခြင်ရန်** - အမှုတော်အတွက် ဘုရားသခင်သည် ကျွန်ုပ်ကို လိုအပ်တော်မမူ သော်လည်း၊ ကျေးဇူးတော်အားဖြင့်သာ ထိုအမှုတော်ကို ပြုဖို့ရန် အခွင့်ပေးတော်မူ၏။

**ဆုတောင်းချက်-** အဖဘုရား၊ ကြီးမြတ်တော်မူသော ဘုရားသခင်၏ အစေခံဖြစ်ရသော အခွင့်သည် အလွန်မင်္ဂလာရှိသော အခွင့်ထူးဖြစ်ကြောင်း အကျွန်ုပ်အား နားလည်စေတော်မူပါ။

သောကြာ၊ အောက်တိုဘာ (၁၇)
**၁ သက် ၂း၆**
မသဲ ၂၃

*"လူ ပေးသော ဘုန်းအသရေကို . . . မရှာ"*

## ဘယ်သူ့အမှုတော်ကို ကျွန်တော်တို့ ဆောင်ရွက်နေပါသနည်း

ယေရှုက ကျမ်းပြုဆရာများနှင့် ဖာရိရှဲတို့အား သူတို့၏ ဘာသာတရား ဟန်ဆောင်မှုကြောင့် ပြင်းထန်စွာ အပြစ်တင်တော်မူခဲ့ပါသည်။ သူတို့သည် ယုဒလူတို့၏ ဝိညာဉ်ရေးရာ ခေါင်းဆောင်များဟု ထင်မှတ်ရပါသည်။ သူတို့သည် ပညတ္တိကျမ်းကို တတ်ကျွမ်းသောသူဟု မိမိကိုယ်ကို မှတ်ယူကြပြီး၊ လူတို့ရှေ့၌ ဘုရားသခင်၏အမှုတော်ကို ကြိုးစားဆောင်ရွက် သကဲ့သို့ ထင်ရှားခဲ့ကြပါသည်။ သို့သော်လည်း၊ ယေရှုက သူတို့၏ စိတ်နှလုံးကို သိတော်မူ၏။ သူတို့ အလေးထားသော အရာသည် ဘုရား မဟုတ်၊ နှုတ်ကပတ်တော်တရားလည်း မဟုတ်ခဲ့ပါ။ သူတို့သည် ယေရှုကို ငြင်းပယ်လျက်၊ သူသည် ခရစ်တော်ဖြစ်သည်ဟု လက်ခံ ယုံကြည်ခြင်း မရှိခဲ့ကြပါ။ "*ကြောင်းမူကား၊ ဘုရားသခင် ပေးတော်မူသော ဘုန်းအသရေထက် လူတို့ ပေးသော ဘုန်းအသရေကို သာ၍ နှစ်သက်ကြ၏*" (ယော ၁၂း၄၃)။ ထို့ကြောင့်၊ ယေရှုကလည်း ထိုသူတို့အား ပြစ်တင်တော်မူ၏ - "*သူတို့သည် ပြုသမျှသော အကျင့်အမှုတို့ကို လူများရှေ့မှာ ထင်ရှားစေခြင်းငှါ ပြုကြ၏ . . . အပြင်၌ လူတို့ရှေ့မှာ ဖြောင့်မတ်ဟန်ရှိ၏။ အတွင်း၌ကား လျှို့ဝှက်ခြင်း၊ မတရားသဖြင့်ကျင့်ခြင်းနှင့် ပြည့်လျက်ရှိကြ၏*" (မသဲ ၂၃း၅၊ ၂၈)။ ဘုရားသခင်၏အမှုတော် ဆောင်ရွက်သည်ဟု သူတို့ကိုယ်သူတို့ မှတ်ယူခဲ့ကြသော်လည်း၊ အမှန်မှာ မိမိကိုယ်ကို အလုပ်အကျွေးပြုကြခြင်း ပေတည်း။

ဘုရားသခင်၏အမှုတော် ကျွန်တော်တို့ ဆောင်ရွက်သောအခါ၊ ထိုအမှုကို အလွန် သတိထားဖို့ လိုပါသည်။ ပေါလုသည် ထိုအချက်ကို သတိထားလျက်၊ မိမိ၏ အမှုတော်ဆောင်ရခြင်း ရည်ရွယ်ချက် လွဲမသွားစေဖို့ရန် အစဉ် မိမိကိုယ်ကို သတိပေးတတ်၏။ သက်သာလောနိတ်မြို့၌ သတင်းကောင်း ဟောပြောခြင်းအမှု ပြုခြင်းသည် လူတို့၏ ချီးကျူးခြင်းနှင့် မိမိ၏ဘုန်းအသရေအတွက် မဟုတ်ကြောင်း အထူး ဖော်ပြခဲ့ပါသည်။

ကျွန်တော်တို့ရော ဘယ်လိုလဲ။ ဘုရားသခင်၏အမှုတော် ဆောင်ရွက်ဖို့ရန် ဘယ်အရာက နိုးဆော်ပါသလဲ။ ဘုရားသခင်၏ ဘုန်းတော် ထင်ရှားဖို့ရန် ပြုပါသလား (သို့) မိမိ၏ ဘုန်းအသရေအတွက် ဆောင်ရွက်ခြင်း ဖြစ်ပါသလား။ အဖြေမှန်ကို ကျွန်တော်တို့ သိခဲ့ကြသော်လည်း၊ လက်တွေ့လိုက်လျှောက်ဖို့ရန် ခက်ခဲလေ့ရှိပါသည်။ လူတို့၏ ချီးကျူးခြင်းသည် အလွန် နှစ်သက်စရာ ကောင်းလေ့ရှိတတ်ပါသည်။ ကျွန်ုပ်တို့ ကြိုးစားဆောင်ရွက်သောအမှုကြောင့် လူတို့က အသိအမှတ်ပြုခြင်းဖြင့် ချီးကျူးစကား ဆိုကြသောအခါ၊ ထိုသို့သော ချီးကျူးစကား များများ ကြားလိုခြင်း ရှိတတ်ပါသည်။ ထိုအခါ ကျွန်တော်တို့သည် ဘုရားသခင်၏ ဘုန်းတော်ထင်ရှားခြင်းကို အဓိက မထားတော့ဘဲ၊ လူတို့၏ အသိအမှတ်ပြုခြင်းကို အလေးထား လာတတ်၏။

ဘုရားသခင်၏အမှုတော် ကျွန်တော်တို့ ဆောင်ရွက်ခြင်းသည် ဘုရားသခင်အတွက် သာလျှင်ဖြစ်သည်ဟူသော၊ ဆက်ကပ်သည့် ရိုးသားသောစိတ်ဖြင့် ပြုဖို့ သတိထားရပါမည်။ ဘုရားသခင် ခံထိုက်သော ဘုန်းအသရေတော်ကို ကျွန်တော်တို့ ဘယ်တော့မှ လုမယူရပါ။

**ဆင်ခြင်ရန်** - ဘုရားသခင် ချီးမွမ်းခံရခြင်းအမှု နှင့် အကျွန်ုပ် ချီးမွမ်းခံရခြင်းအမှုတွင် ကျွန်တော် ဘယ်အရာကို ပိုနှစ်သက်ပါသနည်း။

**ဆုတောင်းချက်-** အဖဘုရား၊ ပြုလေသမျှအရာ၌ ကိုယ်တော်၏ ဘုန်းတော်ထင်ရှားစေမည့် အကြောင်း အစဉ် မစတော်မူပါ။



ဗုဒ္ဓဟူး၊ ဒီဇင်ဘာ (၁၇)
**၁ သက် ၅း၁၄**
၁ ယော ၃း၁၆-၁၈

*"အားနည်းသောသူတို့ကို ထောက်မကြလော့။ ခပ်သိမ်းသောသူတို့အား ရှည်သောစိတ် ရှိစေကြလော့"*

## အားနည်းသူကို ထောက်မလော့

ယုံကြည်သူတိုင်းသည် ကိုယ်နှင့်စပ်ဆိုင်သောသူများအပေါ်၌ ခရစ်တော်၏ချစ်ခြင်းမေတ္တာ ပြသဖို့ရန် တာဝန်ဝတ္တရား ရှိကြပါသည်။ အထူးသဖြင့်၊ ယုံကြည်သူ မိသားစု ဖြစ်သည့် အသင်းတော်၌ ကောင်းသောအမှုကို ပြုဖို့ရန်၊ အားနည်းသူကို ထောက်မဖို့ရန် ကျွန်တော်တို့ တာဝန်ရှိကြပါသည်။ ထိုအချက်ကို ပေါလုက၊ "*အားနည်းသောသူတို့ကို ထောက်မကြလော့။ ခပ်သိမ်းသောသူတို့အား ရှည်သောစိတ် ရှိစေကြလော့*" ဟု နောက်ဆုံးစာကြောင်းတွင် ဖော်ပြခဲ့ပါသည်။

အားနည်းသူ ဟူသည် ခန္ဓာကိုယ် အားနည်းသောသူ၊ အသက်ကြီးရင့်သောသူ၊ ကျန်းမာရေး မကောင်းသောသူ၊ လိုအပ်ချက်များနှင့် အခက်အခဲများ ရင်ဆိုင်နေရသောသူများကို ဆိုလိုပါသည်။ ထိုသို့သောသူများသည် အဖွဲ့အစည်းနှင့် လူ့အသိုင်းအဝန်း၌ ပစ်ပယ်ခြင်း ခံရသောသူ၊ အားကိုးရာမဲ့သောသူ၊ မိမိကိုယ်ကို မထောက်ပံ့နိုင်သောသူများ ဖြစ်ကြပါသည်။

ကျွန်ုပ်တို့၏ တာဝန်သည် ထိုသို့သောလူများကို ထောက်ပံ့လျက်၊ သူတို့၏အခက်အခဲများနှင့် နာကြင်မှုများကို ကူညီဖေးမပေးရန် ဖြစ်ပါသည်။ ၁ ယော ၃း၁၇ တွင်၊ "*အကြင်သူသည် လောကီစည်းစိမ်ဥစ္စာ ရှိလျက်ပင်၊ မိမိ ညီအစ်ကို ဆင်းရဲခြင်း ကိုမြင်၍၊ သနားခြင်း ကရုဏာစိတ်ကို ချုပ်တည်း၏၊ ထိုသူ၌ ဘုရားသခင်၏ မေတ္တာတော်သည် အဘယ်သို့ တည်မည်နည်း*" ဟု ဖော်ပြခဲ့ပါသည်။ ဘုရားသခင်ကို ချစ်ပါသည် ဟု ကျွန်တော်တို့ ဆိုလျှင်၊ ခရစ်တော်၌ ညီအစ်ကိုများ၏ လိုအပ်ချက်များကို ကူညီဖေးမဖို့ရန် အလိုရှိကြပါလိမ့်မည်။

သို့သော်လည်း၊ ကျွန်တော်တို့သည် ခန္ဓာကိုယ်အတွက်သာ မဟုတ်ဘဲ၊ သူတို့၏ ဝိညာဉ် လိုအပ်ချက်ကိုလည်း ထောက်ပံ့ပေးဖို့ လိုအပ်ပါသည်။ သူတို့အား ခရစ်တော်ကို မျှော်ကြည့်ရန် တိုက်တွန်းလျက်၊ ဘုရားသခင်၏ ကောင်းမြတ်ခြင်းနှင့် ပြုစုစောင့်ရှောက်ခြင်းကို သတိရဖို့ နိုးဆော်ရပါမည်။ ကျွန်ုပ်တို့၏ ဆန္ဒမူကား၊ သူတို့သည် ဘုရားသခင်အတွက် ပိုကောင်းသော သက်သေ ဖြစ်လာမည်အကြောင်း၊ သူတို့ကြုံတွေ့ရင်ဆိုင်နေရသော အခက်အခဲအားဖြင့် သူတို့၏ ယုံကြည်ခြင်း ခိုင်ခံ့မြဲမြံ စေဖို့ရန်ဖြစ်ပါသည်။

ထိုအမှုကို ပြုဖို့ရန် စိတ်ရှည်ဖို့ လိုအပ်ပါသည်။ ထိုသို့ ချစ်ခြင်းမေတ္တာ ပြခြင်းအမှုကို စိတ်ရှည် သည်းခံခြင်းဖြင့် ကျွန်တော်တို့ ပြုရမည်ဖြစ်ပါသည်။ အချိန်၊ ဥစ္စာပစ္စည်းများနှင့် ကြိုးစားအားထုတ်မှု ကျွန်တော်တို့ ရင်းနှီးကြဖို့ လိုအပ်ပါသည်။ ထိုသို့ ပြုခြင်း၌ တခုခု မျှော်လင့်ခြင်း မရှိရပါ။ ကျွန်တော်တို့ အားနည်းနေစဉ် ကူညီ ထောက်ပံ့တော်မူသော၊ သခင်ယေရှု ခရစ်တော်ကို စံနမူနာ ထားလျက်၊ ကျွန်တော်တို့သည် ထိုသို့ သွားရောက် ထောက်ပံ့ကူညီခြင်းအမှုကို ပြုကြရမည် ဖြစ်ပါသည်။

**ဆင်ခြင်ရန်** - "ယေရှုနာမအားဖြင့် ပေးကမ်းသော ရေတခွက်သည် အချည်းနှီး မဟုတ်ပါ။"

**ဆုတောင်းချက်-** အဖဘုရား၊ လိုအပ်သော သူများအပေါ်၌ စိတ်ရှည်လျက် သနားကြင်နာခြင်း ရှိမည်အကြောင်း မစတော်မူပါ။

**၁ သက် ၅း၁၄**
၂ သက် ၃း၆-၁၅

*"မတရားစွာပြုသောသူတို့ကို သတိပေးကြလော့။ စိတ်ငယ်သော သူတို့ကို အားပေးကြလော့"*

# ဆုံးမ ပြုပြင်ခြင်း

ဒေသန္တရ အသင်းတော်၌ အမျိုးမျိုးသော လူများ ရောက်လာကြပါလိမ့်မည်။ အချို့သည် ကြေကွဲ သောသူများ၊ အချို့သည် စိတ်ပင်ပန်းသောသူများ၊ အချို့သည် အတိတ်၌ ဆိုးသွမ်းသော သူများ ဖြစ်ကြပါသည်။ အများစုသည် ငြိမ်သက်ခြင်း၊ စိတ်သက်သာခြင်းကို ရှာသောသူများဖြစ်ကြပြီး၊ အချို့သည် အပြစ်ကြောင့် ရင်ဆိုင်နေရသော ပြဿနာအတွက် အဖြေရှာသောသူများဖြစ်ကြ၏။ အသင်းတော် အနေဖြင့်၊ ထိုသို့သောသူများအား လမ်းမှန်သို့ ကျွန်တော်တို့ ခေါ်ဆောင်တတ်ပါသလား၊ ခရစ်တော်ထံသို့ ခေါ်ဆောင်လျက်၊ သူတို့ ကြုံတွေ့သော ပြဿနာအပေါင်း၏ အဖြေကို တွေ့ရှိ စေနိုင်ပါမည်လော။

အပိုဒ်ငယ် ၁၄ တွင်၊ ပေါလုက ထိန်းကျောင်းဖို့ ခက်ခဲသော လူအမျိုးမျိုးကို ဖော်ပြလျက်၊ အသင်းတော်သည် သူတို့အား မည်သို့ ဆက်ဆံပြုပြင်ရမည်ကို အကျဉ်းချုပ်အားဖြင့် ရှင်းပြခဲ့ပါသည်။ အသင်းတော် ခေါင်းဆောင်များကိုသာ မညွှန်းဘဲ၊ *"ညီအစ်ကိုတို့"* ဟု ပေါလု လိပ်မူခဲ့သည်ကို မှတ်ထားကြပါစို့။ *"မတရားစွာ ပြုသောသူ"* အကြောင်း၌ သူတို့ကို ဦးစွာ တိုက်တွန်းခဲ့ပါသည်။ ထိုစကားလုံးသည် စစ်တပ်အသုံးအနှုန်းဖြစ်၍၊ စစ်သားများ တန်းစီသောအခါ ညီညာစွာ တန်းမစီသောသူကို ဆိုလိုပါသည်။ ထိုသို့သောသူသည် မတရားစွာ ကျင့်သောသူ (၂ သက် ၃း၆)၊ စစ်မှန်သော တရားလမ်းမှ သွေယ်ဖယ်သောသူ၊ အပြစ်ပြုသောသူ ဖြစ်ပါသည်။ သူတို့ကို အသင်းတော်က ဆုံးမလျက် သူတို့၏ နာမခံခြင်းအမှုကြောင့် သတိပေး၍ ခရစ်တော်ထံ လမ်းပြရမည် ဖြစ်ပါသည်။ သူတို့သည် မယုံကြည်သူဖြစ်လျှင်၊ သတင်းကောင်း ဟောပြောခြင်းဖြင့် အပြစ်၏ အန္တရာယ်ကို ဖော်ပြလျက်၊ နောင်တရဖို့ လိုအပ်ကြောင်း ရှင်းပြရပါမည်။ ယုံကြည်သူဖြစ်လျှင်၊ ခရစ်တော်၌ ညီအစ်ကို ဖြစ်သကဲ့သို့၊ အသင်းတော်သည် ထိုသူကို သတိပေးလျက် ဘုရားသခင်ထံ ပြန်လည် တိုးဝင်ချဉ်းကပ် ဖို့ရန် တိုက်တွန်း နိုးဆော်ရပါမည်။ ထိုသို့သော၊ မတရားစွာ ပြုသော ညီအစ်ကိုတို့ကို မြင်လျက်ပင်၊ ဘာမှ မလုပ်ဘဲ နှုတ်ဆိတ်နေခြင်းသည် ချစ်ခြင်း မဟုတ်၊ သဘောထား သေးသိမ်ခြင်း ဖြစ်ပါသည်။

*"စိတ်ငယ်သော သူတို့"* (စိတ်ဓာတ်ကျသောသူ) လည်း ရှိတတ်ပါသည်။ သူတို့သည် အကြောင်းအမျိုးမျိုးကြောင့် စိတ်ဓာတ်ကျ၊ အားငယ်သောသူများ ဖြစ်ကြပါသည်။ ယုံကြည်ခြင်း အားနည်းသောသူ၊ ဘုရားသခင်၏ ဂတိတော်၌ ယုံကြည်ကိုးစားခြင်း မရှိသောသူများ ဖြစ်ကြပါသည်။ သူတို့သည် ဘဝ၌ အခက်အခဲ ကြုံတွေ့သောအခါ၊ တုန်လှုပ်ခြင်းရှိလျက် ဘုရားသခင်ကို သံသယ ဝင်ကြပြီး၊ စိတ်ပူပန်ခြင်း ရှိတတ်ကြ၏။ သူတို့သည် စိတ်ဓာတ် ခွန်အားနှင့် အားပေးမှု အထူး လိုအပ် ကြပါသည်။ အသင်းတော်သည် ထိုသို့သောသူတို့အား သိမှတ်လျက်၊ ဘုရားသခင်နှင့် နှုတ်ကပတ်တော်ကို ယုံကြည်ကိုးစားဖို့ရန် အားပေး တိုက်တွန်းရပါမည်။ မလွယ်ကူသော်လည်း၊ ချစ်ခြင်း မေတ္တာဖြင့် လုပ်ကို လုပ်ရမည့်အမှု ဖြစ်ပါသည်။ အချိန်၊ ကြိုးစားအားထုတ်မှု၊ ဆက်လက် စောင့်ကြည့် ကူညီမှုများ လိုအပ်ပါသည်။ အချင်းချင်း တိုက်တွန်း နိုးဆော်ခြင်းအားဖြင့် ထိုအမှုကို မဖြစ်မနေ ကျွန်တော်တို့ ပြုကြရမည်ဖြစ်ပါသည်။

**ဆင်ခြင်ရန်** - သတိပေးခြင်း နှင့် နှိမ့်သိမ့်ခြင်းတွင်၊ ဘယ်အရာ ပိုခက်ပါသနည်း။
**ဆုတောင်းချက်-** အဖဘုရား၊ အခက်အခဲ ကြုံတွေ့ရင်ဆိုင်နေသော သူများအပေါ် ချစ်ခြင်း၊ သနားကြင်နာခြင်း ရှိမည်အကြောင်း မစတော်မူပါ။





**၁ သက် ၂း၇**
ဟေရှာ ၄၉း၁၅

*"နို့ထိန်းသည် မိမိသူငယ်ကို ကျွေးမွေးပြုစု သကဲ့သို့"*

# နို့ထိန်း မိခင် ကဲ့သို့

ဤလောကရှိ ပတ်သက်ဆက်နွယ်မှုအပေါင်းတွင် ကိုယ်ကျိုးမဲ့ အမွန်မြတ်ဆုံး တခုမှာ မိခင်နှင့် မွေးကင်းစကလေးတို့၏ဆက်နွယ်မှု ပင်ဖြစ်ပါသည်။ ကလေး မမွေးမီကတည်းက မိခင်သည် ကိုးလလုံးလုံး ဝမ်း၌ လွယ်ခဲ့ပြီး၊ ဝေဒနာပြင်းစွာခံလျက် ကလေးမွေးခဲ့ပါသည်။ မွေးဖွားလာသော ကလေးကို မိခင်သည် ကြင်နာယုယစွာ ရင်ခွင်ပိုက် စောင့်ရှောက်ခဲ့ပါသည်။ ကလေးမူကား ဘာမှ မလုပ်ဘဲ၊ အိပ်စက်လျက်၊ ဆာလောင်သောအခါ ငိုကြွေးလျက် အစာတောင်းခဲ့ပါသည်။ မိခင်သည် အရာရာကို စတေးလျက်၊ အိပ်ပျက်ခြင်းကို ခံလျက် ကလေးကို လိုလေသေးမရှိ ပြုစုကျွေးမွေး ခဲ့ပါသည်။ နို့ထိန်းမိခင်သည် ထိုသို့ မိမိ၏ကလေးများကို ကျွေးမွေးပြုစု၏။ ကလေးအတွက် ကိုယ်ကျိုး စွန့်လျက်၊ စတေးခြင်းမေတ္တာဖြင့် စောင့်ရှောက်ခဲ့ပါသည်။ ထိုမွန်မြတ်သည့် ကြင်နာသနားခြင်းဖြင့် မိမိကလေးများကို ယုယစွာ ပြုစုကျွေးမွေး၏။

ပေါလုက သက်သာလောနိတ် အသင်းတော်ကို အဘယ်သို့ စောင့်ရှောက်ကြောင်း ထိုပုံရိပ်ကို အသုံးပြုလျက် ဖော်ပြခဲ့ပါသည်။ မိခင်သည် မွေးကင်းစကလေးကို ပြုစုသကဲ့သို့ သူသည် ထိုသူတို့အား သနားကြင်နာခြင်းဖြင့် စောင့်ရှောက်ခဲ့ပါသည်။ သခင်ယေရှု ခရစ်တော်၏ ကယ်တင်ခြင်းတရားသို့ သူတို့ကို ခေါ်ဆောင်ခဲ့ပြီး၊ ဘုရားသခင်၏နှုတ်ကပတ်တော်တရား နို့နှင့်အစားအစာကို ကြိုးစား တိုက်ကျွေးခဲ့ပါသည်။ သူတို့သည် ကျေးဇူးတော်နှင့် သခင်ဘုရားအကြောင်း သိကျွမ်းခြင်း၌ ကြီးထွားမည်အကြောင်း ညှင်းပန်းနှိပ်စက်ခြင်းများကို ခံလျက် အမှုတော်ကို ကြိုးစား ဆောင်ရွက်ခဲ့ပါသည်။

ဤသည်ကား မည်သို့ အချင်းချင်း ပြုစုရမည်အကြောင်း ကျွန်တော်တို့အတွက် သာဓက ဖြစ်ပါသည်။ ကျွန်တော်တို့သည် နို့ထိန်းမိခင်ကဲ့သို့၊ ကြင်နာသနားခြင်းရှိလျက် ကိုယ်ကျိုးမရှာဘဲ နေရပါမည်။ ခရစ်တော်၌ မွေးခါစကလေးများ အပေါ် ကျွန်တော်တို့သည် စိတ်ရှည်ခြင်း ရှိရပါမည်။ ငိုကြွေးနေသော မိမိ၏ကလေးအပေါ် မိခင်သည် နူးညံ့သောစိတ်သဘော ရှိသကဲ့သို့ ကျွန်တော်တို့သည် နူးညံ့သောစိတ် ရှိရပါမည်။ သူတို့သည် ဝိညာဉ်အမှု၌ ကြီးထွားခြင်း ရှိမည်အကြောင်း ဘုရားသခင်၏နှုတ်ကပတ်တရားတော် တိုက်ကျွေးခြင်းအမှု၌ ကျွန်တော်တို့သည် အပင်ပန်းခံလျက် မည်သည့် အခက်အခဲကို မဆို ကြိုးစား ရင်ဆိုင်ရပါမည်။ ထို့ပြင် ဘုရားသခင်၏နှုတ်ကပတ်တော်ကို သွန်သင်လျက်၊ ခရစ်တော်၏တရားလမ်းထဲသို့ ဆုံးမ လျှောက်လှမ်းစေခြင်းဖြင့် တဖြည်းဖြည်း လမ်းပြ သွန်သင် ရမည်ဖြစ်ပါသည်။ ထိုအမှုအတွက် စွန့်လွတ်အနစ်နာခံခြင်းနှင့် ဆက်ကပ်ခြင်း လိုအပ်ပါသည်။ ဘုရားသခင်သည် ထိုသို့ကျွန်ုပ်တို့ကို ချစ်တော်မူ၍ ပြုတော်မူသည်ဖြစ်သောကြောင့်၊ ကျွန်တော်တို့သည်လည်း ထိုသို့ ပြုကိုပြုရမည် ဖြစ်ပါသည်။

**ဆင်ခြင်ရန်** - ခရစ်တော်၌ ဝိညာဉ်မွေးတော်မူသော သူငယ်ဖြစ်သည့် အကျွန်ုပ်သည် ချစ်ခြင်း မေတ္တာဖြင့် ပြုစုယုယခြင်းကို ခံခဲ့ပါသလား။
**ဆုတောင်းချက်-** အဖဘုရား၊ သူတပါးအတွက် အမှုပြုစဉ် ကျွန်ုပ် စိတ်နှလုံးထဲ၌ ချစ်ခြင်း၊ သနား ကြင်နာခြင်းကို ပေးသနားတော်မူပါ။

တနင်္ဂနွေ၊ အောက်တိုဘာ (၁၉)
**၁ သက် ၂း၈**
၁ သက် ၃

*"ငါတို့သည် သင်တို့ကို နှမြောစုံမက်ခြင်းနှင့် တကွ"*

## ရင်းနှီးသော မိတ်ဆွေ ကဲ့သို့

သက်သာလောနိတ် ခရစ်ယာန်များနှင့် မိမိအကြား ဆက်နွယ်မှုကို ပေါလုက ဒုတိယ သာဓကအဖြစ် ရင်းနှီးသော မိတ်ဆွေကဲ့သို့ဖြစ်ကြောင်း ဖော်ပြခဲ့ပါသည်။ ထိုဆက်နွယ်မှုကို "*နှမြောစုံမက်ခြင်းနှင့်တကွ*" (၁ သက် ၂း၈) ဟူသော သူ၏စကား၌ ပေါ်လွင်ခဲ့ပါသည်။ သူတို့ကို အရမ်းသတိရကြောင်း ဖော်ပြခြင်း ဖြစ်ပါသည်။ ပေါလုသည် သုံးပတ်လောက်သာ သူတို့ထံ နေခဲ့သော်လည်း၊ ထိုအသစ်သော ပြောင်းလဲသူများနှင့် အလွန် ခင်မင်ရင်းနှီးသော ဆက်ဆံရေး ရှိခဲ့ကြ၏။ ထို့ကြောင့်၊ သူတို့အား "*သင်တို့ကို ချစ်သောကြောင့်*" ဟု ဆိုခဲ့ပါသည်။ သူ ထွက်ခွါပြီးနောက်၌လည်း သူတို့၏ ဝိညာဉ်ရေးရာအမှုကို အလွန် အလေးထားခဲ့ပါသည်။ သူတို့ထံ ပြန်လည် သွားဖို့ရန် ကြိုးစားခဲ့သော်လည်း ထိုအစီအစဉ်ကို စာတန်က ဆီးတားခဲ့ပါသည် (၁ သက် ၂း၁၇-၁၈)။ ထို့ကြောင့်၊ မိမိကိုယ်စား သူတို့အား ခွန်အား ပေးဖို့ရန် တိမောသေကို စေလွှတ်ခဲ့ပါသည် (၁ သက် ၃း၁-၅)။ သူကိုယ်တိုင်လည်း သူတို့အတွက် အစဉ် ဆုတောင်းပေးခဲ့ပါသည် (၁ သက် ၃း၉-၁၃)။

သူတို့၏ ရင်းနှီးသော မိတ်ဆွေဖြစ်ခြင်းသည် အပြန်အလှန်သဘောရှိ၏။ တိမောသေက၊ "*ငါတို့သည် သင်တို့ကို လွမ်းသကဲ့သို့ သင်တို့သည် ငါတို့ကို လွမ်း၍ အစဉ်မပြတ် ကောင်းမွန်စွာ အောက်မေ့ကြသည်*" (၁ သက် ၃း၆) ဟု ပြောကြားခဲ့ပါသည်။ သူတို့သည်လည်း ပေါလုနှင့် ပြန်လည် တွေ့ဆုံဖို့ရန် တောင့်တခြင်း ရှိလျက်၊ အရင်ကကဲ့သို့ နွေးထွေးသော မိသားယာယဖွဲ့ခြင်းကို ပြန်လည် တောင့်တခဲ့ကြပါသည်။

ထိုသို့သော ခိုင်မာမြဲမြံသည့် မိတ်ဆွေဖွဲ့ခြင်းရှိနိုင်ခြင်းမှာ ခရစ်တော်၌တည်သော သူတို့၏ ဆက်နွယ်မှုကြောင့်သာ ဖြစ်ပါသည်။ အကြိုက်ချင်း တူကြသောကြောင့် မဟုတ်၊ စိတ်သောထား တူကြသောကြောင့် ထိုသို့ စည်းလုံးခြင်း ရှိကြသည် မဟုတ်ပါ။ အတူတကွ အချိန်ပေး ဆွေးနွေး တိုင်ပင်ကြသောကြောင့်လည်း မဟုတ်၊ တူညီသော အခက်အခဲ ရင်ဆိုင်ကြသောကြောင့်လည်း မဟုတ်ပါ။ ခရစ်တော်ကြောင့်သာလျှင် ဖြစ်ပါသည်။ ခရစ်တော်အားဖြင့် ယုံကြည်သူအပေါင်းသည် တလုံးတဝတည်း ဖြစ်ကြ၏။ ကျွန်တော်တို့သည် လောကအမြင် တူကြပြီး၊ အသက်ရှင်ခြင်း၏ ရည်ရွယ်ချက်ကို သိကြလျက်၊ ဆောင်ရွက်သောအမှုသည်လည်း ဘုရားသခင်၏အမှုတော် ဖြစ်၏။

အချင်းချင်း၏မှုကို ဆောင်ရွက်သောအခါ ကျွန်တော်တို့သည် ထိုသို့သော စိတ်သဘော ရှိပါသလား။ သူတပါးအမှုကို ဆောင်ရွက်သောအခါ ကျွန်တော်တို့သည် ထိုသူတို့နှင့် ရင်းနှီးခြင်း ရှိလာခဲ့ပြီး၊ "*နှမြောစုံမက်ခြင်းနှင့်တကွ*" သူတို့အပေါ် သနားကြင်နာခြင်း ရှိလာတတ်။ မိမိလုပ်ဖော် ဆောင်ဘက်များအပေါ်၌ ထိုသို့သော ချစ်ခြင်းမေတ္တာနှင့် သတိရခြင်း ရှိပါသလား။

**ဆင်ခြင်ရန်** - ကျွန်တော် နှစ်သက်သောသူများကိုသာ မိတ်ဆွေဖွဲ့ပါသလား။ ကျွန်တော်သည် မိမိ၏မိတ်ဆွေများကိုသာ ဂရုစိုက်သောသူ ဖြစ်ပါသလား။

**ဆုတောင်းချက်-** အဖဘုရား၊ ပတ်ဝန်းကျင်ရှိ လူအပေါင်းတို့အပေါ် ချစ်ခြင်း၊ ဂရုစိုက်ခြင်း ပြသမည်အကြောင်း ကျွန်ုပ်ကို မစတော်မူပါ။



တနင်္လာ၊ ဒီဇင်ဘာ (၁၅)
**၁ သက် ၅း၁၃**
၁ တိ ၅း၁၇-၂၀

*"သူတို့ပြုသောအမှုကြောင့် မေတ္တာစိတ်နှင့်အလွန် ချစ်ခင်လေးမြတ်မည်အကြောင်း"*

## ခေါင်းဆောင်များကို ရိုသေပါလော့

ကျွန်းမာ သန်စွမ်းသော အသင်းတော်တိုင်းတွင်၊ တာဝန်ကျေပွန်သော အဖွဲ့နှင့် ကြိုးစား အားထုတ်သော ခေါင်းဆောင်များ ရှိတတ်ပါသည်။ သို့သော်လည်း၊ သူတို့၏ ကြိုးစားအားထုတ်မှုကို လူတို့က အသိအမှတ် မပြုတတ်ကြပါ။ သစ္စာရှိစွာ ဘုရားသခင်၏အမှုတော်ကို ဆောင်ရွက်ကြသောကြောင့်၊ တခါတရံတွင် လူတို့၏ ငြင်းပယ်ခြင်းနှင့် စွပ်စွဲခြင်းကို ခံရတတ်ကြ၏။ လူတို့သည် သူတို့၏အပြစ် ဖော်ပြခြင်း ခံရသောအခါ၊ ဆုံးမခြင်း ခံရသောအခါ ဒေါသထွက်တတ်ကြ၏။ တခါတရံတွင်၊ ကျမ်းစာနှင့်ကိုက်ညီသော၊ ဘုရားသခင်နှစ်သက်တော်မူသော ဆုံးဖြတ်ချက်တို့ကို လူတို့သည် မလိုလားကြပါ။ သဘောအားဖြင့်၊ လူတိုင်းသည် ကြိုးစားအားထုတ်သော၊ သစ္စာရှိသော သင်းအုပ်ဆရာကို လိုချင်ကြပါသည်။ သို့ဆိုလျှင်၊ ထိုသင်းအုပ်ဆရာထံမှ ကျမ်းစာနှင့်ကိုက်ညီသော ဆုံးမခြင်းနှင့် ဆုံးဖြတ်ချက်တို့ကို လက်ခံဖို့ရန် ကျွန်တော်တို့ အသင့် ရှိပါသလား။ ပေါလု၏ တိုက်တွန်း နှိုးဆော်မှုသည် ထိုသို့သော ဘုရားသခင်ကို ကြောက်ရွံ့သည့် ခေါင်းဆောင်များကို သိမှတ်လျက်၊ ရိုသေကြလော့ ဟူ၍ ဖြစ်ပါသည်။

သိမှတ် ဆိုသည်မှာ သူတို့နှင့် သူတို့ ဆောင်ရွက်သောအမှု သိခြင်းဖြစ်ပါသည်။ အသင်းသူ အသင်းသားများသည် သင်းအုပ်ဆရာများအား ယုံကြည်ကိုးစား ထိုက်သောသူ၊ အားကိုးရသောသူ အဖြစ် သိမှတ်လျက်၊ ရိုသေ လေးစားခြင်း ရှိဖို့ လိုပါသည်။ သို့သော်လည်း၊ သင်းအုပ်ဆရာများသည် လူသားများ ဖြစ်ကြ၍ မိတ်ဆွေ သူငယ်ချင်းနှင့် ခွန်အားပေးခြင်း လိုအပ်သောသူများ ဖြစ်ကြောင်း သိထားဖို့လိုပါသည်။ သူတို့သည် သင့် ဝိညာဉ် အသက်တာကို အလွန် အလေးထားကြသည်ဖြစ်သောကြောင့်၊ သူတို့ကို သင် ဂရုစိုက်ပါသလား။

ထို့နောက်၊ သူတို့အား "*မေတ္တာစိတ်နှင့်အလွန် ချစ်ခင်လေးမြတ်မည်အကြောင်း*" ကျွန်ုပ်တို့ကို တိုက်တွန်းထားပါသည်။ ခေါင်းဆောင်တို့သည် သူတို့ ဆောင်ရွက်သောအမှုကြောင့် လေးစား ရိုသေခြင်း ခံရကြမည်ဖြစ်၏။ ဘုရားသခင်၏အမှုတော် ဆောင်ရွက်ကြသောကြောင့် သင်းအုပ်ဆရာ များကို ကျွန်တော်တို့ ရိုသေ လေးစားကြရမည်ဖြစ်ပါသည်။ သူတို့သည် အချိန်ပြည့် ဘုရားသခင်၏ အမှုတော်ကို ဆောင်ရွက်ကြကြောင်း ကျွန်တော်တို့ သိမှတ်ကြရပါမည်။ ထိုအမှုတော်ကို လူတို့သည် မထီမဲ့မြင်ပြုတတ်ကြ၏။ ထိုသို့ မဖြစ်သင့်ပါ။ ဘုရားသခင်၏ သစ္စာရှိသော အစေခံကျွန်များကို ကျွန်တော်တို့ လေးစားကြရပါမည်။ ထိုလေးစားမှုသည် စစ်မှန်သော လေးစားမှုဖြစ်ရပါမည်။ ဘုရားသခင်နှင့် သူတို့ ထိန်းကျောင်းလျက်ရှိသော သိုးစုအပေါ် သူတို့ ထားရှိသော စစ်မှန်သည့် စိတ်သဘောထားကို သိမှတ်ခြင်းဖြင့်၊ ထိုသို့ သူတို့ကို ရိုသေ လေးစားဖို့ရန် ဖြစ်ပါသည်။

**ဆင်ခြင်ရန်** - သင်းအုပ်ဆရာနှင့် အသင်းတော် ခေါင်းဆောင်များကို ရိုသေလေးစားကြောင်း ကျွန်တော် ပြခဲ့ပါသလား။

**ဆုတောင်းချက်-** အဖဘုရား၊ ကိုယ်တော်၏အမှုတော်အတွက် ခေါင်းဆောင်များ ရွေးနှုတ်တော်မူခဲ့သောကြောင့် ကျေးဇူးတင်ပါသည်။ မေတ္တာစိတ်ဖြင့် သူတို့ကို ရိုသေလေးစားမည်အကြောင်း မစတော်မူပါ။

တနင်္ဂနွေ၊ ဒီဇင်ဘာ (၁၄)
**၁ သက် ၅း၁၂**
ဟေဗြဲ ၁၃း၁၇

*"သင်တို့တွင် . . . သတိပေးခြင်းအမှုကို ပြုသောသူတို့ကို"*

## ခေါင်းဆောင်များကို နာခံပါလော့

ဘုရားသခင်ကို ကြောက်ရွံ့သော၊ ဦးဆောင်မှု ကောင်းသော၊ အသင်းတော် စည်းမျဉ်း စည်းကမ်းအတိုင်း ဆောင်ရွက်သော၊ အလုပ်ကြိုးစား လုပ်ဆောင်သော ခေါင်းဆောင်ကို ကျွန်တော်တို့ လိုချင်ကြသည်အတိုင်း၊ ကျွန်တော်တို့သည်လည်း ကောင်းသော အသင်းဝင်ဖြစ်ရန် ကြိုးစားဖို့လိုပါ၏။ ပုံမှန်သဘောအားဖြင့်၊ ခေါင်းဆောင်များသည် ဦးဆောင်မှုနောက်သို့ လိုက်သော သူများကို ဦးဆောင်ရမည်ဖြစ်ပါသည်။ ဘယ်လောက်ပင် ခေါင်းဆောင်ကောင်း ဖြစ်ပါစေ၊ အုပ်စိုးခြင်းခံသော သူများက နာခံမှု မရှိလျှင် အဓိပ္ပါယ် မရှိပါ။ ထို့ကြောင့်၊ *"သင်တို့တွင် . . . သခင်ဘုရားအခွင့်နှင့် အုပ်စိုးခြင်း၊ သတိပေးခြင်းအမှုကို ပြုသောသူတို့ကို သိမှတ်"* ကြလော့ ဟူသော ပေါလု၏ သွန်သင်ချက်ကို ကြည့်လျှင်၊ အသင်းဝင်များအတွက် အလွန် အရေးကြီးသော အချက်များကို တွေ့ရမည်ဖြစ်ပါသည်။

အသင်းတော်သည် လူတို့ဖြင့် ဖွဲ့စည်းထားခြင်းဖြစ်ကြောင်း သိထားဖို့လိုပါသည်။ ဒေသန္တရ အသင်းတော်သည် ယုံကြည်သူအဖွဲ့အစည်း၊ ဘုရားသခင်ကို အတူတကွ ဝတ်ပြုကိုးကွယ်ဖို့ရန်နှင့် အမှုတော် အတူတကွ ဆောင်ရွက်ဖို့ရန် ဖွဲ့စည်းထားသော ခရစ်ယာန် အုပ်စုဖြစ်ပါသည်။ အသင်းတော် ကျန်းမာ သန်စွမ်း ထက်သန်ဖို့ရန် အသင်းဝင်များသည် ဘုရားသခင်၏အမှုတော်ကို အတူတကွ ကြိုးစား ဆောင်ရွက်လျက်၊ အချင်းချင်း တိုက်တွန်း တည်ဆောက်ကြရမည်ဖြစ်ပါသည်။ ကျန်းမာ သန်စွမ်းသော အသင်းတော်ဆိုသည်မှာ ခေါင်းဆောင်ဘဲဖြစ်ဖြစ်၊ အသင်းဝင်ဘဲဖြစ်ဖြစ်၊ တဦးချင်းစီ မိမိကျရာ တာဝန်ကို ဘုရားသခင်၌ ကျေပွန်စွာ ဆောင်ရွက်ကြသော အသင်းတော်ကို ဆိုလိုပါသည်။ သူတို့အားလုံးသည် မိမိ၏တာဝန်ကိုယ်စီကို ဘုရားသခင် ဘုန်းတော်ထင်ရှားဖို့ရန် အတွက် ဆောင်ရွက်ကြရမည်ဖြစ်ပါသည်။

အသင်းဝင်ဖြစ်သည့် ကျွန်တော်တို့သည် ကျွန်ုပ်တို့အပေါ် အမှုတော် ဆောင်ရွက်သော ဝိညာဉ် သိုးထိန်းများဖြစ်သည့် ခေါင်းဆောင်များ၏ ပြုစုစောင့်ရှောက်မှုကို အသိအမှတ်ပြုရပါမည်။ အသင်းဝင်၏ တာဝန်သည် ထိုအသင်းတော် ခေါင်းဆောင်များ၏ ဦးဆောင်မှုကို နာခံ လိုက်လျှောက်ဖို့ဖြစ်ပါသည်။ ထိုအမှုသည် အစဉ် လွယ်ကူသောအမှု မဟုတ်ပါ။ သို့သော်လည်း၊ ထိုခေါင်းဆောင်များသည် ဘုရားသခင် ရွေးချယ် ခန့်ထားတော်မူသောသူများဖြစ်ကြောင်း သိမှတ်လျှင်၊ နာခံမှု ရှိနိုင်မည်ဖြစ်ပါသည်။ ထိုသို့ ကျမ်းစာနှင့် ကိုက်ညီသော အမြင်ရှိဖို့ လိုအပ်ပါသည်။

ခေါင်းဆောင်များသည်လည်း၊ အသင်းဝင်များ၏ အသက်တာ အမှုတိုင်း၌ အမိန့်ပေးခြင်း၊ ဝင်ရောက် စွက်ဖက်ခြင်း မပြုမည်အကြောင်း သတိပြုရပါမည်။ ခေါင်းဆောင်ဖြစ်ခြင်း အာဏာကို အလွဲသုံးစား မပြုရပါ၊ အသင်းဝင်များ၏နာခံမှုကိုလည်း ကိုယ်ကျိုးအတွက် အမြတ် မထုတ်ရပါ။ ဘုရားသခင်ကို ကြောက်ရွံ့သောသဘောဖြင့် အုပ်စိုးလျက်၊ နှုတ်ကပတ်တော်အားဖြင့် အစဉ် လမ်းပြ ဦးဆောင်ရမည်ဖြစ်ပါသည်။

**ဆင်ခြင်ရန်** - ပြုမိသော အပြစ်ကြောင့် ဆုံးမခြင်းခံရသောအခါ ကျွန်တော် မည်သို့ တုန့်ပြန်ရပါမည်နည်း။

**ဆုတောင်းချက်-** အဖဘုရား၊ အကျွန်ုပ်အား နာခံဖို့အသင့်ရှိသော၊ နှိမ့်ချခြင်းရှိသော စိတ်နှလုံး ပိုင်ဆိုင်စေတော်မူပါ။



တနင်္လာ၊ အောက်တိုဘာ (၂၀)
**၁ သက် ၂း၈**
၂ တိ ၁း၁၁-၁၂

*"ဘုရားသခင်၏ ဧဝံဂေလိတရားကို မျှမက၊ ကိုယ်အသက်ကိုပင် ပေးချင်သော စေတနာစိတ် ရှိကြ၏"*

## စေတနာစိတ်ရှိသော ဆရာ ကဲ့သို့

သက်သာလောနိတ် ယုံကြည်သူများအပေါ် မိမိ၏စိတ်သဘောထားကို ပေါလုက စေတနာ စိတ်ရှိသော ဆရာကဲ့သို့လည်း ဖော်ပြခဲ့ပါသည်။ တရားဟောဆရာသည် ဘုရားသခင်၏နှုတ်ကပတ် တရားတော်ကို သွန်သင်သောသူလည်း ဖြစ်ပါသည် (၂ တိ ၁း၁၁)။ သတင်းကောင်း အနှစ်သာရကို သွန်သင်ပေးသည် သာမက၊ ပေါလုနှင့် အပေါင်းအဖော်တို့သည် သူတို့ကို ချစ်သောကြောင့်၊ မိမိတို့၏ အသက်ကိုပင် သူတို့အတွက် ပေးလိုခဲ့ကြပါသည်။

စေတနာစိတ်ရှိသော ဆရာသည် သာမန်ဆရာ မဟုတ်ဘဲ၊ မိမိတပည့်များ အကောင်းဆုံး သင်ကြားပို့ချဖို့ရန် ကြိုးစားသွန်သင်ပေးသည့် ဆက်ကပ်သော ဆရာဖြစ်ပါသည်။ အကြောင်းအရာ အသိပေးရုံသက်သက် မဟုတ်၊ အမှတ်ကောင်းရဖို့ရန် လိုအပ်သောအရာ လမ်းညွှန်ရုံသက်သက် မဟုတ်ဘဲ၊ ကျောင်းသားများက သင်ခန်းစာကို အမှန်တကယ် သိမှတ်နားလည်ပြီး အဘက်ဘက်၌ ပြည့်စုံမည်အကြောင်း မိမိ တတ်ကျွမ်းသမျှကို စိတ်ပါလက်ပါ ကြိုးစား သင်ပေးသော ဆရာဖြစ်ပါသည်။

ပေါလု သွန်သင်သော သင်ခန်းစာမှုကား သတင်းကောင်းဖြစ်ပါသည်။ ရည်ရွယ်ချက်မှုကား သူတို့သည် သတင်းကောင်းအကြောင်းကို ဦးနှောက်အသိဖြင့် သိရုံသက်သက် မဟုတ်ဘဲ၊ မိမိအသက်တာ တခုလုံးကို သာဓကအဖြစ် သူတို့ရှေ့၌ ချပြခဲ့ပါသည်။ သတင်းကောင်း ဟောပြော ခြင်း၌ မိမိ စိတ်နှလုံး အကြွင်းမဲ့ သွန်းလောင်းလျက် နှုတ်ဖြင့်ရင်း၊ အကျင့်အားဖြင့်ရင်း ပြသ သွန်သင် ခဲ့ပါသည်။ ထိုသတင်းကောင်းကို အသက်တာ၌ လက်တွေ့ ကျင့်ကြမည်အကြောင်း မျှော်လင့်ခြင်းဖြင့် မိမိအသက်တာကို သူတို့ထံ ဖွင့်ပြခဲ့ပါသည်။ ထို့ကြောင့် သူသည် *"သင်တို့ စိတ်ဝိညာဉ်၏ အကျိုးအလို့ငှါ ငါသည် ကိုယ်ဥစ္စာကိုရင်း၊ ကိုယ်ကိုရင်း ကုန်စေခြင်းငှါ အလွန် စေတနာရှိ၏"* (၂ ကော ၁၂း၁၅) ဟု ဖော်ပြခဲ့၏။

ခေတ်အဆက်ဆက်၊ ဘုရားသခင်၏အစေခံကျွန်တို့သည် ပေါလု၏ အသက်တာကို လိုက်လျှောက်လျက်၊ သတင်းကောင်း ဟောပြောခြင်း၌ မိမိတို့၏ စိတ်နှလုံး အကြွင်းမဲ့ ပေးဆပ်ခဲ့ကြပါ သည်။ ရေတွက်၍ မရသော သာသနာပြုဆရာများတို့သည် မိမိတို့၏ အိမ်များကို ပစ်ထားခဲ့ပြီး၊ သတင်းကောင်း လိုအပ်သောသူများထံ၊ ဝေးလံသော နေရာများသို့ အခက်အခဲများစွာကို ကျော်ဖြတ် လျက် မိမိတို့အသက်ကို စတေးပြီး သွားရောက် ဟောပြောခဲ့ကြပါသည်။ ထိုသို့သော ဆက်ကပ်သည့် လူအများတို့၏ စတေးခြင်းကြောင့် ယနေ့ အသင်းတော်သည်လည်း ထိုသတင်းကောင်း ဟောပြောခြင်း အမှုကို ဆက်လက် လုပ်ဆောင် နိုင်ခြင်းဖြစ်ပါသည်။ သင်ရော၊ ခရစ်တော်၏အမှုတော်အတွက် ဆက်ကပ် ပါသလား။ မိမိ စိတ်ကျေနပ်စေသော အရာများကို စွန့်လျက်၊ ခရစ်တော်အကြောင်း သက်သေခံဖို့ရန် သင် ဆက်ကပ်လိုပါသလား။

**ဆင်ခြင်ရန်** - ကျွန်ုပ်အသက်တာ၌ စေတနာစိတ်ရှိသော ဆရာများ၏ အကျိုးကျေးဇူးကို ကျွန်တော် ခံစားခဲ့ ပါသလား။

**ဆုတောင်းချက်-** အဖဘုရား၊ အကျွန်ုပ်အား ခရစ်တော်၏ ဧဝံဂေလိတရားတော်၌ ဆက်ကပ်သော၊ ကိုယ်တော်၏ သစ္စာရှိသော အစေခံ ဖြစ်စေတော်မူပါ။

*"ငါတို့သည် ပင်ပန်းစွာ လုပ်ဆောင်၍ ကြိုးစားအားထုတ်ကြောင်း . . . နေ့ညဉ့် လုပ်ဆောင်လျက်"*

## ပင်ပန်းစွာ လုပ်ဆောင်၍ ကြိုးစားအားထုတ်လျက်

ယနေ့ခေတ်တွင်၊ ကျွန်တော်တို့သည် အဆင်ပြေမှုနှင့်မြန်ဆန်မှုကို အလေးထား တတ်ကြပါသည်။ အရာရာတိုင်း လျင်မြန် ကောင်းမွန် လွယ်ကူဖို့ လိုချင်ကြ၏။ မိမိ လိုအင်ဆန္ဒကို အလွယ်နည်းဖြင့် ရယူ ပိုင်ဆိုင်လိုကြပါသည်။ သို့သော်လည်း၊ ဆိုရိုးစကားမူကား၊ "အောင်မြင်မှုအတွက် အလွယ်နည်း မရှိပါ" ဟူ၍ရှိ၏။ ဤစကားသည် အထူးသဖြင့်၊ ဘုရားသခင်၏အမှုတော်ဆောင်ခြင်း၌ မှန်ကန်ပါသည်။ ကျွန်တော်တို့သည် ဘုရားသခင်၏အမှုတော်ကို ဆောင်ရွက်သောအခါ အလွယ်နည်း၊ ချောင်ခိုခြင်း မပြုရပါ။ လျင်မြန် လွယ်ကူစွာ ဆောင်ရွက်တတ်ခြင်းသည် အရေးကြီးသော်လည်း၊ ကြိုးစားအားထုတ်ခြင်း မရှိဘဲ ပေါ့လျော့စွာ မလုပ်ဆောင်ရပါ။

ပေါလုသည် ခရစ်တော်၏အမှုတော်ဆောင်အဖြစ် သတင်းကောင်း ဟောပြောဖို့ရန် တာဝန်ပေးခြင်း ခံခဲ့ရပါသည်။ ထို့ကြောင့် ထိုအမှုကို ဘုရားသခင်၏နိုင်ငံတော် ကျယ်ပြန့်ဖို့ရန် ကြိုးစားအားထုတ်လျက် ဆောင်ရွက်ခဲ့ပါသည်။ တခါတရံ မိမိနှင့် အပေါင်းအပါတို့အတွက် အလုပ်လည်း လုပ်ခဲ့ပါသည်။ သူသည် တဲရှင် ချုပ်တတ်သောသူ ဖြစ်၍ ထိုအလုပ်ကို လုပ်လေ့ရှိပါသည်။ *"ဤလက်တို့သည် ငါ့ကိုင်း၊ ငါ့အပေါင်းအဘော်တို့ကိုင်း လုပ်ကျွေးပြီ"* (တမန် ၂၀း၃၄)။ *"သင်တို့တွင် တယောက်ကိုမျှ မနှောင့်ရှက်ခြင်းငှါ"* ထိုအလုပ်ကို သူ လုပ်ရခြင်းဖြစ်ပါသည်။ သူတပါးထံမှ ငွေကို မတောင်းခဲ့ပါ။ မိမိကိုယ်ကို ထောက်ပံ့ခဲ့ပါသည်။ ပိုက်ဆံရဖို့ရန် သတင်းကောင်း ဟောပြောကြသည်ဟု သူတပါး စွပ်စွဲမည်ကို သူ မလိုလားခဲ့ပါ။ သတင်းကောင်း၌ အဆီးအတား မရှိစေခြင်းငှါ၊ လွတ်လပ်စွာ သတင်းကောင်းကို ဟောပြောနိုင်ဖို့ရန်၊ သူသည် နေ့ည ကြိုးစား အလုပ် လုပ်ခဲ့ပါသည်။

သခင်ဘုရား၏အကြောင်း သက်သေခံ တရားဟောခြင်းသည် ခက်ခဲသောအမှု ဖြစ်ပါသည်။ အချိန် ပေးဖို့လိုပါသည်၊ ဆက်ကပ်ဖို့ အနစ်နာခံဖို့ လိုပါသည်။ ပတ်ဝန်းကျင်၌ ရှိသော မယုံကြည်သူများ ထံ သတင်းကောင်းကို ကျွန်တော်တို့ ဟောပြောရပါမည်။ ပေါလုကဲ့သို့ သခင်ယေရှု ခရစ်တော်၏ ကယ်တင်ခြင်း အကြောင်းကို လူတို့သည် သိကြဖို့ရန် ဘယ်လိုပင် ခက်ခဲပါစေ ကျွန်တော်တို့ ကြိုးစား အမှုတော် ဆောင်ရွက်ကြပါစို့။ ဘုရားသခင်၏ဘုန်းတော်ထင်ရှားဖို့ရန်နှင့် သခင်ယေရှု၏ အကြောင်းကြောင့် ကျွန်တော်တို့သည် မိမိအိမ်၌ဖြစ်စေ၊ အလုပ်လုပ်သောနေရာ၌ဖြစ်စေ၊ ကျောင်း၌ဖြစ်စေ မိမိနှင့်စပ်ဆိုင်သောသူများထံ သတင်းကောင်း ဟောပြောကြရပါမည်။

**ဆင်ခြင်ရန်** - အကျွန်ုပ်အား ကားတိုင်ပေါ်၌ အသေခံခြင်းဖြင့် ယေရှု ကယ်တင်ခြင်းသည် ကျွန်ုပ်ဘဝကို အပျော်ကျူးခြင်းဖြင့် အချိန်ကုန်စေဖို့ရန် မဟုတ်ပါ။

**ဆုတောင်းချက်-** အဖဘုရား၊ ကိုယ်တော်အတွက် ကြိုးစားအားထုတ်လျက် အမှုတော် ဆောင်ရွက်မည်အကြောင်း အကျွန်ုပ်အား စိတ်အားထက်သန်ခြင်း ပေးသနားတော်မူပါ။





*"သခင်ဘုရားအခွင့်နှင့် အုပ်စိုးခြင်း"*

## ခေါင်းဆောင်သည် ဦးဆောင်မှုကို ပြုရပါမည်

ခေါင်းဆောင်များ၏ နောက် တာဝန် တခုမှာ၊ *"သခင်ဘုရားအခွင့်နှင့် အုပ်စိုးခြင်း၊ သတိပေးခြင်းအမှု"* (၁ သက် ၅း၁၂) ဟု ဖော်ပြထားသည့်အတိုင်း၊ ဦးဆောင်မှုကို ပြုရန်ဖြစ်ပါသည်။ အုပ်စိုးခြင်းကို ကောင်းစွာ ဆောင်ရွက်သော ခေါင်းဆောင်များစွာ ရှိပါသည်။ သို့သော်လည်း၊ တာဝန်ယူမှု ကင်းမဲ့သော၊ ကျမ်းစာနှင့် မကိုက်ညီသည့်၊ သိုးစုထက် မိမိ၏အကျိုးကိုသာ ရှာသော ခေါင်းဆောင်များလည်း ရှိပါသည်။ ထိုသို့သော ခေါင်းများကို ယေရှုက၊ *"သူငှါး"* (ယော ၁၀း၁၂) ဟု ပြစ်တင်ခဲ့ပါသည်။

*"သင်တို့တွင်"* ဟူသော ဂရိစကားလုံး၏ မူရင်း အဓိပ္ပါယ်သည် *"သင်တို့ ရှေ့၌ ရပ်နေသောသူများ"* ဟု ဆိုလိုပါသည်။ အသင်းတော် ခေါင်းဆောင်များသည် သူတို့ စောင့်ရှောက်သော သိုးစုများ၏ ဝိညာဉ်ရေးရာအမှုတွင် တာဝန်ရှိသောသူများ ဖြစ်ကြပါသည်။ သူတို့သည် ဝိညာဉ်နှင့်ဆိုင်သော တာဝန် ဝတ္တရားများကို ဆောင်ရွက်လျက် ထိုသိုးစုများ ရှေ့မှ လမ်းပြ ဦးဆောင်မည့်သူများ ဖြစ်ကြပါသည်။ ထိုသို့ ဦးဆောင်လမ်းပြမှုကို မိမိ၏ ဉာဏ်ပညာအားဖြင့် မဟုတ်ဘဲ၊ ဘုရားသခင်ကို ကိုးစားခြင်းဖြင့် ပြုရမည်ဖြစ်ပါသည်။ မိမိ၏ အာဏာကို ပြလျက် အုပ်စိုးရမည် မဟုတ်ဘဲ၊ စံနာမူနာအဖြစ် ရှေ့မှ ဦးဆောင်မှု ပြုရမည်ဖြစ်ပါသည်။ သူတို့၏အသက်တာ အကျင့်အားဖြင့် လူတို့ကို နိုးဆော်မှု ပြုရမည် ဖြစ်ပါသည်။ သူတို့၏အသက်တာ အကျင့်သည်လည်း ခရစ်တော်၏အကျင့်ကဲ့သို့ ဖြစ်ရပါမည်။

ကျမ်းစာနှင့် ကိုက်ညီသော ခေါင်းဆောင်မှုပြုခြင်းတွင် သတိပေးခြင်းအမှုသည် အလွန် အရေးကြီးသောအရာ ဖြစ်ပါသည်။ ထိုအမှုသည် အသင်းတော် စည်းမျဉ်းစည်းကမ်းအတိုင်း မှန်ကန်စွာ အပြစ်စီရင်ခြင်းဖြစ်ပါသည်။ ခေါင်းဆောင်တို့သည် အန္တရာယ်ကျရောက်လာသောအခါ၊ သတိပေးခြင်းကို ပြုမည့် ကင်းစောင့်များကဲ့သို့ ဖြစ်ကြပါသည်။ သူတို့သည် ဝိညာဉ်အမှု၌ အကင်းပါး သတိထားသောသူများဖြစ်လျက်၊ လိုအပ်သောအခါ သိုးစုတို့၏အပြစ်ကို ဖော်ပြလျက်၊ ဆုံးမခြင်းကို ပြုရပါမည်။ ထိုအမှုကို လိုအပ်လျှင် တရားပလ္လင်ပေါ်မှ တရားဟောခြင်းဖြင့်၎င်း၊ တဦးချင်း တွေ့ဆုံဆွေးနွေးခြင်းဖြင့်၎င်း၊ မိတ်ဆွေကဲ့သို့ ဆုံးမခြင်းဖြင့်၎င်း ဆောင်ရွက်ရမည်ဖြစ်ပါသည်။ အကျိုးရှိသော ဆုံးမ သတိပေးခြင်းကို ပြုနိုင်မည်အကြောင်း၊ ခေါင်းဆောင်သည် မိမိသိုးစုကို ကောင်းကောင်း သိဖို့လိုပါသည်။ သူတို့၏ ဝိညာဉ် လိုအပ်ချက်နှင့် အခက်အခဲများ၊ ကြုံတွေ့နေရသော သွေးဆောင်မှုများကိုလည်း နားလည် သဘောပေါက်ဖို့လိုပါသည်။ ထိုသို့ဖြင့် ဘုရားသခင်ပေးတော်မူသော ဉာဏ်အားဖြင့် သိုးများ၏ ဝိညာဉ် ကြီးထွားမှုကို အဓိကထားလျက် ထိုအမှုများကို သေချာ ကိုင်တွယ်ဖြေရှင်း ရမည်ဖြစ်ပါသည်။ ခက်ခဲသော အမှုဖြစ်သော်လည်း၊ အလွန် လိုအပ်သော အမှုဖြစ်ပါသည်။

**ဆင်ခြင်ရန်** - စစ်မှန်သော ခေါင်းဆောင်ပိုင်ဆိုင်မှုသည် အသင်းတော်ကို ပြုပြင်တတ်၏။

**ဆုတောင်းချက်-** အဖဘုရား၊ အသင်းတော် ခေါင်းဆောင်တို့သည် ကိုယ်တော်၏အလိုတော် အတိုင်း သစ္စာရှိစွာ အမှုတော်ကို ဆောင်ရွက်မည်အကြောင်း ခွန်အားပေးလျက် တည်ဆောက်တော်မူပါ။

သောကြာ၊ ဒီဇင်ဘာ (၁၂)

**၁ သက် ၅း၁၂**
၁ ကော ၁၅း၅၈

*"သင်တို့တွင် အမှုတော်ကို ဆောင်ရွက်ခြင်း . . . အမှုကို ပြုသောသူတို့ကို"*

## ခေါင်းဆောင်တို့သည် အမှုတော်ကို ကြိုးစားဆောင်ရွက်ရပါမည်

အပိုဒ်ငယ် ၁၂ သည် ပေါလု၏ နောက်ဆုံး ခွန်အားပေး တိုက်တွန်း နိုးဆော်ချက် အစဖြစ်ပါသည်။ ထို့နောက် ကောင်းကြီးပေးခြင်းဖြင့် ဤစာစောင်ကို အဆုံးသတ်ခဲ့ပါသည်။ အပိုဒ်ငယ် ၁၂ မှ ၁၅ တွင်၊ ပေါလုသည် အသင်းတော်နှင့် အသင်းတော် ဦးဆောင်သောသူများ အကြား၌ ရှိရမည့် ဆက်နွယ်မှု၊ မည်သို့ အချင်းချင်း အားပေး ဆက်ဆံကြရမည်အကြောင်း ဖော်ပြခဲ့ပါသည်။ *"သင်တို့တွင် အမှုတော်ကို ဆောင်ရွက်ခြင်း . . . ပြုသောသူတို့"* ဟု ဖော်ပြထားသော၊ ခေါင်းဆောင်များ၏ တာဝန်ဝတ္တရားများကို ကျွန်တော်တို့ ဦးစွာ လေ့လာကြပါစို့။

*"အမှုတော်ကို ဆောင်ရွက်ခြင်း"* ဟူသော စကားလုံးသည် ခက်ခဲ ပင်ပန်းသော အလုပ်ကို ရည်ညွှန်းပါသည်။ အလွန် ကြိုးစားအားထုတ်ဖို့ လိုအပ်သောကြောင့်၊ အားအင် ကုန်ခမ်းသည်အထိ လုပ်ဖို့ လိုအပ်သောအမှု ဖြစ်ပါသည်။ ထိုသို့ လုပ်ဆောင်သောသူသည် မိမိ၏တာဝန်ကို အစွမ်းကုန် ကြိုးစားအားထုတ်လျက် ဆောင်ရွက်သောသူဖြစ်ပါသည်။ ထိုသူသည် အလုပ် ကြိုးစားသောသူ၊ စိတ်အားထက်သန်စွာ ဆောင်ရွက်သောသူဖြစ်၏။ ဘုရားသခင်၏ အစေခံကျွန်အပေါင်းတို့သည် ထိုသို့သောသူ ဖြစ်ကြပါလျှင် ဘယ်လောက် ကောင်းလိမ့်မည်နည်း။

ဘုရားသခင်၏အမှုတော် ဆောင်ရွက်သောသူတိုင်းသည် ဘုရားသခင်အတွက် ကြိုးစားလုပ်ဆောင်သောသူ ဖြစ်ရပါမည်။ သင်းအုပ်ဆရာများနှင့် အချိန်ပြည့် အမှုတော်ဆောင်များ၏ အလုပ်သည် လွယ်ကူလှပါသည်၊ ခုနစ်ရက်တွင် တစ်ရက်သာ အလုပ်လုပ်ကြ၏၊ တနင်္လာနေ့မှ စနေနေ့ အထိ သူတို့ လုပ်ချင်ရာ လုပ်လို့ရကြပါသည် ဟူသော ယူဆချက် ရှိတတ်ပါသည်။ ဖြစ်လည်း ဖြစ် နိုင်ပါသည်။ အချို့သောသူများသည် ပျင်းရိသောကြောင့်၊ ဟောပြီးသား တရားကို အကြိမ်ကြိမ် ဟောကြ၏၊ သူတပါး၏ တရားဟောချက်ကို လိုက်ပြီး ဟောတတ်ကြပါသည်။ အမှန်မှာ၊ ထိုသို့ လုံးဝ မဖြစ်သင့်ပါ။ အခြားလူတို့ထက်၊ သင်းအုပ်ဆရာများသည် ပိုပြီး ကြိုးစားအားထုတ်သောသူ၊ *"ဆုတောင်းပဋ္ဌနာပြုခြင်း၊ နှုတ်ကပတ်တရားတော်ကို ဟောပြောခြင်းအမှုတို့ကို"* (တမန် ၆း၄) ကြိုးစား ဆောင်ရွက်သောသူ ဖြစ်ကြရပါမည်။ ထိုသို့ ပြုခြင်းသည် သူတို့၏တာဝန်ဖြစ်သောကြောင့်၊ ပေါ့ဆ၍ မရပါ။

ဘုရားသခင်၏ စစ်မှန်သော အစေခံကျွန် အပေါင်း၊ သင်းအုပ်ဆရာနှင့် ဦးဆောင်သောသူ အပေါင်းတို့သည် ဘုရားသခင်၏အမှုတော်ကို ကြိုးစား ဆောင်ရွက်ကြရမည်ဖြစ်ပါသည်။ အသင်းတော်၌ ဦးဆောင်သူ၏ တာဝန်သည် သေးငယ်သောအမှု မဟုတ်ပါ။ ထို့ကြောင့်၊ ဦးဆောင်သူ ဖြစ်လျှင် မိမိ၏ သခင်ဘုရားအတွက် မိမိ၏ အချိန်ကို ပေးလျက်၊ အစွမ်းရှိသမျှဖြင့် ကြိုးစား၍ အမှုတော် ဆောင်ရွက်ရပါမည်။ ကျမ်းစာ ထဲမှ ယုံကြည်ခြင်း သူရဲကောင်းများနှင့် အသင်းတော် သမိုင်းမှ အမှုတော်ဆောင်ကောင်းများသည် ထိုသို့သော၊ အလုပ်ကြိုးစားသောသူများ ဖြစ်ကြပါသည်။ ယနေ့ ကျွန်ုပ်တို့ အသင်းတော်၌ ထိုသို့သောသူ ရှိကြပါသလား။ ကျွန်ုပ်တို့၏ သခင်အတွက် အကောင်းဆုံး ဆောင်ရွက်ဖို့ရန် ကျွန်တော်တို့ အဆင်သင့် ရှိပါသလား။

**ဆင်ခြင်ရန်** - ဘုရားသခင်၏အမှုတော်ကို ကျွန်တော် ဆောင်ရွက်ပါသလား။ ကြိုးစား ဆောင်ရွက် ပါသလား။

**ဆုတောင်းချက်-** ချစ်သော အဖဘုရား၊ ကိုယ်တော်အတွက် စိတ်နှလုံး အကြွင်းမဲ့ ကြိုးစားလျက် အမှုပြုလိုပါ၏။ အကျွန်ုပ်အား အသုံးမကျသောသူ မဖြစ်ပါစေနှင့်။



ဗုဒ္ဓဟူး၊ အောက်တိုဘာ (၂၂)

**၁ သက် ၂း၅-၁၀**
ဖိလိ ၂း၁၂-၁၈

*"ငါတို့သည် . . . သန့်ရှင်းဖြောင့်မတ်လျက်၊ အပြစ်တင်ခွင့်နှင့် ကင်းလွတ်လျက် နေကြသည်"*

## အပြစ်တင်ခြင်းနှင့်ကင်းလွတ်သော အကျင့်

သခင်ဘုရား၏အမှုတော် ဆောင်ရွက်ခြင်း၌ ကျွန်ုပ်တို့၏ အသက်တာသည် အလွန် အရေးကြီးကြောင်း ကျွန်တော်တို့ သိကြပါသည်။ ကျွန်တော်တို့ ဟောပြောသော သတင်းကောင်း တရားနှင့် ကျွန်ုပ်တို့၏အသက်တာ၊ အကျင့်သည် ကိုက်ညီမှု ရှိရပါမည်။ သူတပါးထံ အပြစ်၏ ဆိုးကျိုး၊ အပြစ်လွတ်ခြင်းအတွက် နောင်တရဖို့လိုအပ်ကြောင်း ဟောပြောလျက်ပင်၊ ကိုယ်ကိုယ်တိုင်က အပြစ်ပြုလျက် ပေါ့လျော့စွာ နေထိုင်၍ မရပါ။ ကျွန်ုပ်တို့ ဟောပြောသောတရားနှင့် ကျွန်ုပ်တို့ အသက်တာ တူညီမှု ရှိရပါမည်။

ထိုအချက်ကို ပေါလုနှင့် အပေါင်းအဖော်တို့သည် သိမှတ်ကြသောကြောင့်၊ *"သန့်ရှင်းဖြောင့်မတ်လျက်၊ အပြစ်တင်ခွင့်နှင့် ကင်းလွတ်လျက် နေကြသည်"* (၁ သက် ၂း၁၀)။ သူတို့၏ အသက်တာသည် ဟောပြောသောတရားနှင့် ညီစေဖို့ရန် သူတို့ပြုသမျှသောအမှု၌ အပြစ်တင်ခွင့်နှင့် ကင်းလွတ်မည်အကြောင်း အထူးသတိပြုခဲ့ကြပါသည်။ ထိုသို့ဆိုရာတွင်၊ သူတို့သည် လုံးဝ အပြစ်ကင်းစင်သည်ဟု မဆိုလိုပါ။ သူတပါးတို့သည် သူတို့ကို စွပ်စွဲအပြစ်တင်၍ မရအောင် ကြိုးစား အသက်ရှင်ခဲ့ကြခြင်းသာ ဖြစ်ပါသည်။

ပေါလုသည် ဝါကြွားခြင်းဖြင့် ထိုသို့ ဆိုခြင်း မဟုတ်ပါ။ သက်သာလောနိတ် ခရစ်ယာန်များနှင့်အတူတကွ ရှိနေခဲ့စဉ် မိမိတို့ အဘယ်သို့ ကြိုးစား အသက်ရှင် နေထိုင်ခဲ့ကြောင်း၊ သူတို့ကိုယ်တိုင်က ထိုအချက်ကို သိမြင်ကြကြောင်း၊ ပြန်လည် အမှတ်ရဖို့ရန် ရိုးသားစွာ ပြန်လည် ဖော်ပြခြင်း ဖြစ်ပါသည်။ သက်သာလောနိတ် ခရစ်ယာန်တို့သည် သက်သေများ ဖြစ်ကြသော်လည်း၊ ဘုရားသခင် ကိုယ်တိုင်သည် စုံလင်သော သက်သေဖြစ်ကြောင်း ပေါလု သိမှတ်ခဲ့ပါသည်။ အလွန် မှတ်သားဖွယ် ကောင်းသော စကားပင်ဖြစ်ပါသည်။ ဘုရားသခင်သည် အလုံးစုံကို သိတော်မူကြောင်း ကျွန်တော်တို့ သိကြပါ၏။ ကျွန်ုပ်တို့အကြောင်းကိုလည်း အကုန်အစင် သိတော်မူ၏။ ကျွန်ုပ်တို့ကို စုံလင်စွာ သိတော်မူလျက်၊ ဘယ်အရာမှ ဖုံးကွယ်၍ မရပါ။ ထို့ကြောင့်၊ အလုံးစုံကို သိတော်မူသော ဘုရားသခင် ရှေ့၌ ထိုသို့သော မှတ်ချက်စကား ဆိုခြင်းမှာ မိမိနှင့် အပေါင်းအဖော်များ၏ အကျင့်၊ အသက်တာကို ပေါလု ကောင်းကောင်း သိခဲ့သောကြောင့် ဖြစ်ပါသည်။

ကျွန်ုပ်တို့အထဲ၌ မိမိ လုပ်ဖော်ဆောင်ဖက်များအကြောင်း ကောင်းကောင်းသိလျက် ထိုသို့ ရိုးသားစွာ သူတို့အတွက် ရပ်တည်ဝံ့သောသူ ရှိပါသလား။ ဘယ်အရာမျှ ဖုံးကွယ်ခြင်းမရှိဘဲ၊ ဘုရားသခင်သည် ကျွန်ုပ်တို့၏သက်သေ ဖြစ်ပါသည်ဟု မည်သူ ဆိုနိုင်ပါသနည်း။ (သို့) အရှက်ရစရာ ဖုံးကွယ်ထားသောအရာများ ရှိခဲ့ပါသလား။ ဟန်ဆောင်ခြင်း သက်သက်ဖြင့် အားကြီးသော သက်သေခံ မဖြစ်နိုင်ပါ။ အစဉ် သန့်ရှင်းခြင်း၊ ဘုရားသခင်ကို ကြောက်ရွံ့ခြင်း အသက်တာ ရှိဖို့လိုအပ်ပါသည်။

**ဆင်ခြင်ရန်** - ကျွန်တော်အပြစ်ပြုမိသောအခါ အမှန်တကယ် နောင်တရပါလျှင်၊ အပြစ်တင်ခြင်းနှင့် ကင်းလွတ်သောသူ ဖြစ်နိုင်သေးသလော။

**ဆုတောင်းချက်-** (ဆာလံ ၁၃၉း၂၃-၂၄ ကို အသုံးပြုပါ)။

**၁ သက် ၂း၁၁**

သု ၄း၁-၄

*“ငါတို့သည် သင်တို့ရှိသမျှကို . . . တိုက်တွန်းသွေးဆောင်၍ မှာထားသည်”*

## ဖခင်သည် မိမိသားတို့ကို ပြုသကဲ့သို့

ပေါလုသည် မိမိသားသမီးများ၏အခြေအနေကို အလွန် ဂရုစိုက် အလေးထားသော ဖခင်ကဲ့သို့ မိမိကိုယ်ကို ဖော်ပြထားပါသည်။ ၁ သက် ၂း၁၁ ထဲတွင်၊ သူတို့အပေါ် မိမိ၏ ဖခင်မေတ္တာကို စကားလုံး သုံးလုံး အသုံးပြု၍ ဖော်ပြခဲ့ပါသည်။

ပထမအချက်၊ သူသည် သူတို့အား *“တိုက်တွန်း”* ခဲ့၏။ ဤစကားလုံးသည် သနားကြင်နာ နူးညံ့မှုဖြင့် တောင်းဆို အားပေးခြင်းဖြစ်၍၊ ဖခင်သည် မိမိသားသမီးများနှင့်အတူ သွားလာလျက်၊ သူတို့၏ ဝိညာဉ် အသက်တာအတွက် လမ်းညွှန်မှု ပေးခြင်းမျိုးဖြစ်ပါသည်။ ထိုစကားလုံးကို “တောင်းဆို” (သို့) “နှိမ့်သိမ့်” ဟူ၍လည်း ဘာသာပြန်တတ်ကြ၏။ ဖခင်သည် မိမိသားသမီးများအား ယုံကြည်ခြင်း၊ နာခံခြင်း အလွန်အရေးကြီးကြောင်း နားလည်ကြဖို့ရန် အစဉ် သွန်သင် လမ်းပြညွှန်ကြားမှုကို ပံ့ဆောင်ပါသည်။

ဒုတိယအချက်၊ သူသည် သူတို့အား *“သွေးဆောင်”* ခဲ့၏။ ဤစကားလုံးသည် အားပေးနှိမ့်သိမ့်ခြင်းကို ဆိုလိုပါသည်။ သားသမီးများ အခက်အခဲ ရင်ဆိုင်၍ အားငယ်နေသောအခါ၊ ဖခင်၏ တိုက်တွန်းခြင်းနှင့်အတူ လိုအပ်သောအရာမှုကား၊ ဖခင်၏ အားပေး နှိမ့်သိမ့်ခြင်း ပင်ဖြစ်ပါသည်။ သန့်ရှင်းခြင်း ခရီးရှည်သည် လွယ်ကူသောအရာ မဟုတ်ပါ။ သက်သာလောနိတ် ခရစ်ယာန်တို့သည် ထိုခရီး၌ စစ်မှန်သော ဝိညာဉ်ရေးရာ အားပေး နှိမ့်သိမ့်ခြင်း လိုအပ်ကြပါသည်။

တတိယအချက်၊ သူသည် သူတို့အား *“မှာထား”* ခဲ့ပါသည်။ ဤစကားလုံးသည် သတိထား စောင့်ရှောက်ဖို့ လိုအပ်သောအရာကို အထူး လမ်းညွှန်ပေးခြင်း ဖြစ်ပါသည်။ တခါတရံ ထိုသို့သော သတိပေးခြင်း အမှာစကားသည် လိုအပ်ပါသည်။ သမ္မာတရားလမ်းမှ မလွဲ မည်အကြောင်း၊ သွန်သင်ချက်များကို မြဲမြံစွာ စွဲကိုင်မည်အကြောင်း ထိုသို့ အထူး မှာထားဖို့ လိုအပ်ပါသည်။

အကုန်လုံး ခြုံပြီး ဖော်ပြမည်ဆိုလျှင်၊ ဝိညာဉ် ဖခင်သည် မိမိသားသမီးများကို ထိုသို့ နူးညံ့ သနား ကြင်နာခြင်းရှိလျက် ဩဇာအပြည့်ဖြင့် သွန်သင် လမ်းပြရမည်ဖြစ်ပါသည်။ ဖခင်တိုင်း (မိခင်တိုင်းလည်း) သည် မိမိသားသမီးများကို ဘုရားသခင် သိကျွမ်းခြင်းနှင့်ကြောင့်ရှုံ့ခြင်း တရားလမ်း၌ ပြုစုပျိုးထောင်မည်အကြောင်း ထိုနည်းကို အသုံးပြုကြရပါမည်။

ထိုနည်းတူ၊ ဝိညာဉ်ရေးရာ၌ ရင့်ကျက်သော ခေါင်းဆောင်များတို့၏တာဝန်သည်လည်း ဘုရားသခင်က သူတို့ စောင့်ရှောက်ဖို့ရန် အပ်ပေးတော်မူသော သူများအပေါ်၌ ထိုသို့ ပြုရန်ဖြစ်ပါသည်။ ၁ သက် ၂း၈-၁၀ တွင် တွေ့ရသော အချက်များ အပြင်၊ အမှုတော်ဆောင်တို့သည် ကိုယ်နှင့် စပ်ဆိုင်သောသူများအပေါ်၌ နို့ထိန်း မိခင်ကဲ့သို့၎င်း၊ ရင်းနှီးသော မိတ်ဆွေကဲ့သို့၎င်း၊ ဆက်ကပ်သော ဆရာကဲ့သို့၎င်း၊ ချစ်တတ်သော ဖခင်ကဲ့သို့၎င်း ကြိုးစား ပြုစု ဆက်ဆံရပါမည်။

**ဆင်ခြင်ရန်** - အဘယ်သူတို့အပေါ် ကျွန်တော်သည် ဖခင်ကဲ့သို့ ပြုမူရပါမည်နည်း။

**ဆုတောင်းချက်-** အဖဘုရား၊ ကောင်းကင်ဘုံ၌ ရှိတော်မူသောအဘ ဖြစ်သည်အတိုင်း ကျွန်ုပ်အပေါ် စိတ်ရှည်သည်းခံလျက် စောင့်ရှောက်ပေးတော်မူသောကြောင့် ကျေးဇူးတင်ပါသည်။





**၁ သက် ၅း၁၁**

ဟေဗြဲ ၁၀း၂၄-၂၅

*“အချင်းချင်း တိုက်တွန်း၍ တယောက်ကို တယောက် တည်ဆောက်ကြလော့”*

## အချင်းချင်း တည်ဆောက်ကြလော့

ယေရှု တဖန်ကြွလာတော်မူမည့် အနာဂတ်အကြောင်း ကျွန်တော်တို့ လေ့လာသောအခါ၊ ယခု လက်တွေ့ လိုက်လျှောက်ရမည့် တရား ကျွန်ုပ်တို့အတွက် ရှိပါ၏။ ထိုအနာဂတ်အကြောင်း ကျမ်းစာ၌ ဖော်ပြခြင်းသည် ကျွန်ုပ်တို့၏ ဦးနှောက် အသိဉာဏ် အစာ ကျွေးရုံသက်သက် မဟုတ်ပါ။ ထိုသခင်ယေရှု ကြွလာတော်မူမည့်နေ့ တိုင်အောင်၊ ကျွန်တော်တို့သည် အချင်းချင်း နိုးဆော်လျက် အမှုတော်မြတ်ကို ကြိုးစား ဆောင်ရွက်ဖို့ရန် ဖြစ်ပါသည်။

ထိုအနာဂတ်အကြောင်း ဟောပြောခြင်းကို ပေါလုသည် ယုံကြည်သူများအား တိုက်တွန်း နိုးဆော်ခြင်းဖြင့် အဆုံးသတ်ခဲ့ပါသည်။ ချီဆောင်ခြင်းနှင့် သခင်ဘုရား၏နေ့ အကြောင်း ဟောပြောပြီးနောက်၊ *“သင်တို့သည် ယခုပင် ပြုသည်နည်းတူ၊ အချင်းချင်း တိုက်တွန်း၍ တယောက်ကို တယောက် တည်ဆောက်ကြလော့”* ဟု ဆိုခဲ့ပါသည်။ ဆိုလိုသည်မှာ၊ ယုံကြည်သူများသည် နာခံခြင်းရှိလျက်၊ သခင်ဘုရား၌ အချင်းချင်း အစဉ်အမြဲ တိုက်တွန်း နိုးဆော်ခြင်း ပြုရန် ဖြစ်ပါသည်။

တိုက်တွန်း ဆိုသည်မှာ တစုံတယောက်ဘေးနားသို့ သွားလျက် နှိမ့်သိမ့်အားပေးခြင်း ဖြစ်ပါသည်။ ယခုအမှုတွင်၊ သူတို့အား ခရစ်တော်ကို မျှော်ကြည့်စေခြင်း၊ သူတို့အတွက် ခရစ်တော် ပြုတော်မူခဲ့သောအမှု အပေါင်းကို ပြန်သတိရစေခြင်း၊ ခရစ်တော်အတွက် အသက်ရှင်ဖို့ရန် တိုက်တွန်း အားပေးခြင်း ဖြစ်ပါသည်။ သခင်ဘုရား ကြွလာတော်မူမည့်အချိန်ကို မျှော်လင့်ရင်း ထိုသို့ ပြုခြင်းသည် အဓိပ္ပါယ်ရှိသော အသက်တာဖြစ်ပါသည်။ ကျွန်ုပ်တို့ကို ဘုန်းတော်ခံစား စေဖို့ရန် ခရစ်တော်သည် မကြာမီ ကြွလာတော်မူမည်ဖြစ်ကြောင်း ကျွန်တော်တို့သည် မျှော်လင့်လျက်ရှိပါ၏။

တည်ဆောက် ဆိုသည်မှာ ဆောက်လုပ်ရေး အသုံးအနှုန်းဖြစ်၍ အိမ်ဆောက်ခြင်းကို ဆိုလိုပါသည်။ ဝိညာဉ်အရေးတွင်မူကား၊ ကျွန်ုပ်တို့၏ ဝိညာဉ်အသက်တာကို ခိုင်ခံ့ မြဲမြံ တည်ကြည်ခြင်း ရှိစေဖို့ရန် အချင်းချင်း ကြိုးစား မစကူညီခြင်းဖြစ်ပါသည်။ ထိုသို့ အချင်းချင်း ကူညီ မစ အားပေးခြင်းဖြင့် ကျွန်တော်တို့သည် သခင်ဘုရား၌ ကြီးထွားခြင်း ရှိကြ၏။ ယုံကြည်သူများသည် ဘုရားသခင်၏ အမှုတော်မြတ်၌ ကြီးသောအမှုကို ပြုဖို့၊ ချစ်ခြင်းနှင့် ကောင်းသောအမှုပြုခြင်း၌ အချင်းချင်း တိုက်တွန်း နိုးဆော်ကြရမည်ဖြစ်ပါသည်။ ဟေဗြဲ ၁၀း၂၅ တွင်၊ *“(သခင်ဘုရား၏) ကာလအချိန် ရောက်လုနီးသည်ကို ထောက်သဖြင့်၊ သာ၍ ကြိုးစားကြလော့”* ဟု ဆိုထားပါသည်။ သခင်ဘုရား မကြာမီ ကြွလာတော်မူမည် ဟူသော အသိသည် အချိန်ရှိခိုက် ကြိုးစားအားထုတ်ရန် ကျွန်ုပ်တို့ကို နိုးဆော်သောအရာ ဖြစ်ရပါမည်။ ထိုသို့ အချင်းချင်း တိုက်တွန်းနိုးဆော် တည်ဆောက်ကြခြင်းဖြင့်၊ ကျွန်တော်တို့သည် သခင်ဘုရား၌ ကြီးထွားခြင်းရှိလျက်၊ ကြွလာတော်မည့်အချိန်အတွက် အဆင်သင့် ဖြစ်ကြမည်ဖြစ်ပါသည်။

**ဆင်ခြင်ရန်** - ကျွန်တော်သည် သူတပါးကို သခင်ဘုရားထံ တွန်းပို့သောသူဖြစ်ပါသလား (သို့) သခင်ဘုရားနှင့် ဝေးစေသောသူ ဖြစ်ပါသလား။

**ဆုတောင်းချက်-** အဖဘုရား၊ အကျွန်ုပ်ကို ယုံကြည်ခြင်း၌ တည်ဆောက်လျက် ခွန်အားပေးသော သူများ ကျွန်ုပ်ဘဝ၌ ပေးတော်မူသောကြောင့် ကျေးဇူးတင်ပါသည်။

ဗုဒ္ဓဟူး၊ ဒီဇင်ဘာ (၁၀)
**၁ သက် ၅း၁၀**
ဖိလိ ၁း၂၀-၂၆

*“ငါတို့သည် နိုးလျက်ရှိသည်ဖြစ်စေ၊ အိပ်ပျော်သည်ဖြစ်စေ၊ ထိုသခင်နှင့်အတူ အသက်ရှင်မည်”*

## ခရစ်တော်၌ အသက်ရှင်ခြင်း

ခရစ်ယာန်သည် သခင်ယေရှု ခရစ်တော်ကို ယုံကြည်လက်ခံသောသူ ဖြစ်၏။ ဦးနှောက် အသိဖြင့် သတင်းကောင်း ကြားသိရုံ မဟုတ်ဘဲ၊ သခင်ယေရှုကို လုံးဝ ယုံကြည်ကိုးစားလျက်၊ ထို ခရစ်တော်၌ တည်သော ယုံကြည်ခြင်းဖြင့် အသက်ရှင်ခြင်း ဖြစ်ပါသည်။ ထိုအမှုသည် တဘဝလုံး အတွက် ဖြစ်ပြီး၊ ယခုပင် ခရစ်တော်နှင့်အတူ မင်္ဂလာရှိသော တလုံးတဝတည်းဖြစ်ခြင်း မိသာဟာရ ဖွဲ့ခြင်းကို ခံစားရလျက် ရှိပါသည်။ ကျွန်တော်တို့ သေပြီးနောက်၌ပင် ထိုမိသာဟာရဖွဲ့ခြင်းသည် ထာဝရ ဆက်လက် တည်ရှိမည်ဖြစ်ပါသည်။ *“ငါတို့သည် နိုးလျက်ရှိသည်ဖြစ်စေ၊ အိပ်ပျော်သည်ဖြစ်စေ၊ ထိုသခင်နှင့်အတူ အသက်ရှင်မည်။”*

ဖော်ပြပါ “အိပ်ပျော်” ဟူသော စကားလုံးသည် အပိုဒ်ငယ် ၆ ၌ ပေါလု သတိပေးခဲ့သော၊ ဝိညာဉ်နှင့်ဆိုင်သော ပေါ့ဆမှု၊ ပျင်းရိမှုကို မဆိုပါ။ ၁ သက် ၄း၁၄ ၌ *“ယေရှု၌ အိပ်ပျော်သောသူ”* ဟု ဖော်ပြခဲ့သော၊ ခရစ်တော်၌ သေသောသူ၊ ဘုန်းအသရေတော် ခံရလိမ့်မည့် သူများကို ဆိုလိုခြင်း ဖြစ်ပါသည်။

ထိုဂတိတော်သည် သေချာပါ၏။ ယေရှု အသေခံခြင်းတည်းဟူသော ကျွန်ုပ်တို့အတွက် ယဇ်ပူဇော်ခြင်း အားဖြင့် ကျွန်ုပ်တို့ ခံရမည့် အပြစ်ဒဏ်ကို ခံပေးခံပြီးဖြစ်သောကြောင့်၊ ကျွန်တော်တို့ သည် ထာဝရသေခြင်းတည်းဟူသော ငရဲ၌ ထာဝရ အပြစ်ပေးခံရခြင်း ခံရမည် မဟုတ်ပါ။ ကယ်တင်ခြင်း ကောင်းကြီးမင်္ဂလာများကို ယခုနှင့် နောင်ဘဝ၌ ခံစားရမည်ဖြစ်ပါသည်။

ထို့ကြောင့်၊ ယုံကြည်သူတိုင်းသည် ခရစ်တော်နှင့် ထိုမင်္ဂလာရှိသော မိသာဟာရ ဖွဲ့ခြင်းကို ယခုပင် ခံစားရလျက်ရှိပါသည်။ ဆုတောင်းခြင်း၊ ဘုရားသခင်၏နှုတ်ကပတ်တော် ဖတ်ရှုလေ့လာခြင်း အားဖြင့် ထိုမသာဟာရ ဖွဲ့ခြင်းကို ခံစားရပါသည်။ ကျွန်ုပ်တို့အသက်တာ၌ ကိုယ်တော် အတူပါရှိ တော်မူကြောင်း ကျွန်တော်တို့ သေချာ သိမှတ်လျက်၊ ကျွန်ုပ်တို့ကို အဘယ်တော့မှ စွန့်ပစ်တော်မူမည် မဟုတ်ကြောင်း ဂတိတော်ကို ယုံကြည်ကြပါ၏။ နေ့တိုင်း၊ ကျွန်တော်တို့သည် ကိုယ်တော်၏ ကောင်းမြတ်တော်မူခြင်းကို မြင်တွေ့ခံစားရပြီး ချီးမွမ်း နေရမည်ဖြစ်ပါသည်။ ကျွန်ုပ်တို့၏ အသက်တာ ကို ကိုယ်တော် စောင့်ကြည့်တော်မူလျက်၊ လိုအပ်သောအရာများကို ဖူလုံစွာ ပေးသနားတော်မူ၏။

သို့ရာတွင်၊ ထိုအရာအားလုံးသည် ထာဝရဘဝ၌ ခံစားမည့်အရာ ကြိုတင် မြည်းစမ်းခြင်း သာဖြစ်ပါသည်။ ထိုအချိန်တွင်၊ ခရစ်တော်နှင့်အတူ ပုဂ္ဂိုလ်အားဖြင့် ကျွန်တော်တို့ အတူ နေရမည် ဖြစ်သောကြောင့်၊ ပေါလုက၊ *“သာ၍ အလွန်ထူးမြတ်သောအကျိုး”* (ဖိလိ ၁း၂၃) ဟု ဆိုခဲ့ပါသည်။ အပြစ်မှ လုံးဝ လွတ်မြောက်ခြင်း ကျွန်တော်တို့ ခံရမည်ဖြစ်သောကြောင့်၊ အဘယ် အနှောင့်အယှက်မှ မရှိတော့ဘဲ ကိုယ်တော့် ရှေ့သို့ လွတ်လပ်စွာ တိုးဝင်လျက် ခရစ်တော်နှင့်အတူ စုံလင်သော မိသာဟာရ ဖွဲ့ခြင်းကို ကျွန်တော်တို့ ပြည့်ဝစွာ ခံစားကြရမည်။ ယခု၌ ခရစ်တော်နှင့်အတူ အသက်ရှင် မှုသာလျှင်၊ သေခြင်းကို ကျွန်တော်တို့ အကျိုးရှိသောအရာဟု ဆိုနိုင်မည်ဖြစ်ပါသည်။

**ဆင်ခြင်ရန်** - ခရစ်တော်သည် ကျွန်ုပ်၏ထာဝရ နှစ်သက်တော်မူရာ ဖြစ်ပါသလား။
**ဆုတောင်းချက်-** အဖဘုရား၊ ရှင်သည်ဖြစ်စေ၊ သေသည်ဖြစ်စေ၊ ကိုယ်တော်နှင့်အတူ အသက်ရှင် မည်အကြောင်း ကျွန်ုပ်အတွက် အသေခံတော်မူသော သားတော် ယေရှုကို ပေးသနားတော်မူသောကြောင့် ကျေးဇူးတင်ပါသည်။



သောကြာ၊ အောက်တိုဘာ (၂၄)
**၁ သက် ၂း၁၂**
ကောလော ၁း၉-၁၁

*“ဘုရားသခင်နှင့် အထိုက်အလျောက် သင်တို့သည် ကျင့်ဆောင်စေခြင်းငှါ”*

## ဘုရားသခင်နှင့် အထိုက်အလျောက် ကျင့်ဆောင်စေခြင်းငှါ

ထိုက်တန်သောသူ ဖြစ်ဖို့ရန်အတွက် လိုအပ်သောအရည်အချင်းများ ပိုင်ဆိုင်ဖို့ လိုအပ်ပါ သည်။ ဘုရားသခင်သည် မိမိနိုင်ငံတော်သားအဖြစ် ကျွန်တော်တို့ကို ရွေးကောက်တော်မူသည် ဖြစ်သောကြောင့်၊ ကျွန်တော်တို့သည် ထိုဘုရားသခင်နှင့် အထိုက်အလျောက် ကျင့်ဆောင်သောသူ ဖြစ်ဖို့ ကြိုးစားကြရပါမည်။

ဤလောက၌ ဘုရားသခင်ထက် ကြီးမြတ်သောသူ ဘယ်သူမှ မရှိပါ။ အသိပညာ၌လည်း ဘယ်သူနှင့် ယှဉ်ယှဉ်၊ ဘုရားသခင်သည် လုံးဝ အကြီးမြတ်ဆုံး ဖြစ်တော်မူ၏။ ဖန်ဆင်းတော်မူသော အရာအားလုံးအပေါ်၌ အဆုံးစွန် အာဏာရှိတော်မူသောသူ ဖြစ်တော်မူပါသည်။ သူသည် လုံးဝ စုံလင်သော၊ လုံးဝ ပညာရှိသော၊ လုံးဝ သန့်ရှင်းတော်မူသော ဘုရားသခင် ဖြစ်တော်မူ၏။

ဘုရားသခင်၏သားများဖြစ်သည့် ကျွန်တော်တို့သည် ဘုရားသခင်နိုင်ငံတော်သားများ ဖြစ်ကြပါသည်။ ကျွန်ုပ်တို့၏ အပြစ်အလုံးစုံကို ခွင့်လွှတ်တော်မူပြီဖြစ်သောကြောင့်၊ ကောင်းကင်ဘုံ၌ ဘုရားသခင်နှင့်အတူ ထာဝရ နေရမည်အကြောင်း ကျွန်ုပ်တို့အား ဂတိထားတော်မူပြီ ဖြစ်ပါသည်။ သူသည် ကျွန်ုပ်တို့၏ သခင်ဘုရားဖြစ်လျက် အုပ်စိုးတော်မူလျက်၊ ကျွန်တော်တို့သည် နှိမ့်ချသော စိတ်ဖြင့် သစ္စာရှိသော အစေခံကျွန်အဖြစ် ကိုယ်တော်ထံ ဆက်ကပ် နာခံခြင်းရှိပါသည်။ ဤလောက ၌ ကျွန်ုပ်တို့နှင့်အတူ ရှိတော်မူလျက် လမ်းပြတော်မူမည်အကြောင်း ဂတိထားတော်မူ၏။

ဤဘဝ၌ ကျွန်တော်တို့သည် ဘုရားသခင်၏ သန့်ရှင်းသောသူများဖြစ်သကဲ့သို့ ထိုအချက် နှင့်ကိုက်ညီ ထိုက်တန်စွာ နေထိုင် ကျင့်ကြံကြရမည် ဖြစ်ပါသည်။ ထိုအသက်တာ လောက် မွန်မြတ် သောအရာ မရှိတော့ပါ။ ထိုသို့ နေထိုင်ဖို့ရန် ရွေးကောက်ခံရခြင်းသည် အခွင့်ထူးပင်ဖြစ်ပါသည်။ ကျွန်တော်တို့သည် မိမိတို့ အဘယ်သူဖြစ်သည်ကို အစဉ် သတိရ အောက်မေ့ဖို့လိုပါသည်။ ကျွန်တော် တို့အားလုံးသည် အပြစ်သားဖြစ်ကြပါသည်။ မိမိ ကြိုးစားမှုအားဖြင့် ဘယ်တော့မှ ထိုက်တန်သောသူ မဖြစ်နိုင်ပါ။ သခင်ယေရှု ခရစ်တော် ပြုတော်မူသော အမှုကြောင့်သာလျှင် ကျွန်တော်တို့သည် ဘုရားသခင်ရှေ့၌ ရပ်တည်နိုင်ကြပြီး ထိုက်တန်သောသူ ဖြစ်နိုင်ခဲ့ကြ၏။ ဘုရားသခင်က ကျေးဇူးတော် ကြောင့်၊ ခရစ်တော်၌ ကျွန်ုပ်တို့ကို လက်ခံတော်မူပြီး၊ မိမိ၏သားသမီးများဖြစ်စေတော်မူ၏။

ထိုအမှုအပေါင်းကို နားလည်သဘောပေါက်လျှင်၊ ဘုရားသခင် ပေးသနားတော်မူသော အခွင့်အပေါင်းနှင့် ထိုက်တန်စွာ ကျွန်တော်တို့ နေထိုင် ကျင့်ကြံခြင်းသည် ဖြစ်ထိုက်သောအမှုပင် ဖြစ်ပါသည်။ ပြုလေသမျှ၌ ကိုယ်တော် နှစ်သက်သောအမှု ဖြစ်မည်အကြောင်း ကြိုးစားလျက်၊ ကိုယ်တော်၏စကားတော်ကို လုံးဝ နာခံခြင်း ရှိရပါမည်။ ကိုယ်တော်ကို ဝမ်းမနည်းစေမည် အကြောင်း၊ ကိုယ်တော်၏ဘုန်းတော် ထင်ရှားစေမည်အကြောင်း၊ ကိုယ်တော် နှစ်သက်သောအမှုကို ကြိုးစား ဆောင်ရွက်မည် ဖြစ်ပါသည်။ ထိုအခါ၊ ဘုန်းတော်ခံစားလျက် ကိုယ်တော်နှင့် ဆုံတွေ့သော အခါ ကျွန်ုပ်တို့အား သစ္စာရှိသော ငယ်သားကောင်းဟု နှုတ်ဆက်တော်မူမည်ဖြစ်ပါသည်။

**ဆင်ခြင်ရန်** - ခရစ်တော်မပါလျှင် ကျွန်တော် ဘယ်လိုမှ ထိုက်လျောက်သောသူ မဖြစ်နိုင်ပါ။
**ဆုတောင်းချက်-** အဖဘုရား၊ အကျွန်ုပ်သည် ကိုယ်တော့်ကို ဝမ်းမြောက်စေလျက်၊ ကောင်းသော အမှုကို ပြု၍ ကိုယ်တော့်အကြောင်း သိကျွမ်းခြင်း၌ ကြီးထွားခြင်း ရှိခြင်းဖြင့်၊ ကိုယ်တော်နှင့် ထိုက်လျောက်သောအကျင့်ကို ကျင့်ဆောင်မည်အကြောင်း မစတော်မူပါ။

၁ သက် ၂း၁၃
၂ ပေ ၁း၁၉-၂၁

*“ဘုရားသခင်၏နှုတ်ကပတ်တော်သည် အမှန်ဖြစ်သည်နှင့်အညီ”*

## လူတို့၏စကားလော၊ ဘုရားသခင်၏စကားလော

ကျမ်းစာ ဖတ်သောအခါ (သို့) ဘုရားသခင်၏နှုတ်ကပတ်တော် သစ္စာရှိစွာ ရှင်းပြဟောပြောချက်ကို နားထောင်သောအခါ၊ သင် မည်သို့ ခံယူပါသနည်း။ လူတို့ ရေးသားသောစာ၊ ပြောဆိုသော စကား အဖြစ်သာ သင် ခံယူပါသလား။ (သို့) ဘုရားသခင်၏ စစ်မှန်သော နှုတ်ကပတ်တရားတော် အဖြစ် သင် ခံယူပါသလား။

ပေါလုက သက်သာလောနိတ် ခရစ်ယာန်များ၏ သူတို့ ကြားနာသော နှုတ်ကပတ်တော် ခံယူခြင်းအမှု၌ မိမိဝမ်းမြောက်ခြင်းရှိကြောင်း ဖော်ပြခဲ့ပါသည်။ သူတို့အား ပေါလု သွန်သင်ပေးသောအခါ၊ သူတို့က ပေါလု၏အမြင်၊ စကားသက်သက်ဖြစ်သည်ဟု မထင်ခဲ့ကြပါ။ ဘုရားသခင်၏ နှုတ်ကပတ်တော် အမှန် ဟောပြောသောသူ အဖြစ် ပေါလုအား လက်ခံခဲ့ကြ၏။ ထို့ကြောင့် ပေါလု၏ သွန်သင်ချက်အပေါ် လေးစားမှုရှိလျက် ကြောက်ရွံ့ ရိုသေခြင်း ရှိကြပါသည်။ ထို့ကြောင့် ပေါလုသည် ဘုရားသခင်၏ ကျေးဇူးတော်ကို ချီးမွမ်းခဲ့ခြင်း ဖြစ်၏။ ပေါလုသည် ခရစ်တော်၏ တမန်တော်ဖြစ်သကဲ့သို့ ဘုရားသခင်၏တန်ခိုးအာဏာတော်ဖြင့် ဟောပြောသည်ဖြစ်သောကြောင့်၊ သူ ရေးသားသော စာစောင်နှင့် သွန်သင်ချက်တို့သည် ဘုရားသခင်၏နှုတ်ကပတ်တော် စင်စစ်ဖြစ်ကြပါသည်။

ထို့ကြောင့်၊ ယုံကြည်သောသူအပေါင်း၌ ထိုနှုတ်ကပတ်တော်သည် “ပြုပြင်သော” အမှုကို ပြုတော်မူ၏ (၁ သက် ၂း၁၃)။ အကြောင်းမှာ သူတို့ ကြားနာသော သွန်သင်ချက်တို့ကို ယုံကြည်လက်ခံလျက် အသက်တာ၌ လိုက်လျှောက်ခဲ့ကြပါသည်။ ထိုဘုရားသခင်၏နှုတ်ကပတ်တော်သည် သူတို့စိတ်နှလုံးထဲ၌ အပြစ်တွယ်လျက်၊ သူတို့ အသက်တာ၌ အမှန် သက်ရောက်မှု ရှိခဲ့ပါသည်။

ထိုအမှုသည် သတင်းကောင်းကို ကြားနာပြီး၊ စစ်မှန်သော ကယ်တင်ခြင်း ယုံကြည်ခြင်း ရရှိသောသူတိုင်း၌ ဖြစ်ပွားသောအမှု ဖြစ်ပါသည်။ တရားဟောဆရာ ဟောပြောသော စကားတို့သည် ထိုတရားဟောဆရာ၏ စကားသက်သက် မဟုတ်ဘဲ၊ ဘုရားသခင်၏ စကားများဖြစ်ကြောင်း သိမှတ်ရပါမည်။ ထိုနည်းတူ၊ သစ္စာရှိသော တရားဟောဆရာ၏ တရားဟောချက်ကို နားထောင်သော အသင်းသားတိုင်းက ထိုကဲ့သို့ ခံယူရပါမည်။

ဤအချက်သည် တရားဟောဆရာတိုင်းအတွက်လည်း အရေးကြီးသော သတိပေးချက်ပင် ဖြစ်ပါသည်။ တရားဟော သောအခါ၊ သင်ပြပေး သောအခါ၊ လူ၏စကား မဟုတ်ဘဲ၊ ဘုရားသခင်၏ နှုတ်ကပတ်တော်ကို မိမိ ဟောပြော သွန်သင်ခြင်း ဖြစ်ကြောင်း သိမှတ်လျက် သစ္စာရှိစွာ သွန်သင် ဟောပြော ရပါမည်။ လူတို့သည် ပုံပြင်နှင့် စိတ်ဝင်စားစရာ ကောင်းသော နှိုင်းယှဉ် ရှင်းပြချက်များကို စိတ်ဝင်တစား နားထောင်လိုကြ၏။ ထိုအချက်များကို တရားဟောဆရာသည် အသုံးပြုနိုင် သော်လည်း၊ အဓိက အကြောင်းအရာ မဖြစ် စေရပါ။ ခရစ်တော်၏ သတင်းကောင်း ရိုးသား ရှင်းလင်းစွာ ဟောပြောခြင်းသာလျှင် ကယ်တင်ခြင်းအတွက် ဘုရားသခင်၏ တန်ခိုးတော်ဖြစ်ပါသည်။

**ဆင်ခြင်ရန်** - အဘယ်သူ၏စကားသည် ပိုတန်ခိုးရှိပါသနည်း၊ လူ၏စကားလော၊ ဘုရားသခင်၏စကားလော။

**ဆုတောင်းချက်-** အဖဘုရား၊ ကိုယ်တော်၏နှုတ်ကပတ်တော်ကို ယုံကြည်ကိုးစားလျက် အသက်တာ၌ လိုက်လျှောက်မည်အကြောင်း မစတော်မူပါ။





၁ သက် ၅း၉
ရောမ ၅း၆-၁၀

*“အမျက်တော်ကို ခံစေခြင်းငှါ ဘုရားသခင်သည် ငါတို့ကို ခန့်ထားတော်မူသည် မဟုတ်”*

## အမျက်တော် မခံခြင်းငှါ ကယ်တင်ခဲ့၏

သခင်ယေရှု ကြွလာတော်မူမည့်နေ့အကြောင်း သတိပေးလျက်၊ ထိုနေ့အတွက် ပြင်ဆင်ဖို့ လိုအပ်ကြောင်း ပေါလု ဖော်ပြပြီးမှ၊ ယုံကြည်သူများအတွက် စိတ်သက်သာစရာ သချာသော သတင်းစကားဖြင့် အဆုံးသတ်ခဲ့ပါသည်။ ပေါလုက သခင်ယေရှု ကြွလာတော်မူခြင်းသည် ကျွန်ုပ်တို့ ကြောက်ရမည့်အရာ မဟုတ်ဘဲ၊ မျှော်လင့်ရမည့်အရာ ဖြစ်ကြောင်း ဆိုခဲ့ပါသည်။ ကျွန်ုပ်တော်တို့သည် အလင်း၏သားများဖြစ်ကြလျှင်၊ အမျက်တော် ခံဖို့ရန် ဘုရားသခင် ခွဲခန့်ထားတော်မမူ။ အမျက်တော်သည် မှောင်မိုက်၏သားများ ကြုံတွေ့ရမည့်အရာဖြစ်ပါသည်။ ကျွန်ုပ်တော်တို့သည် သခင်ယေရှုခရစ်တော်အားဖြင့် ကယ်တင်ခြင်းခံရဖို့ရန် ခွဲခန့်ထားမှုကြောင်း ဂတိတော်ရှိပါသည်။

ထိုအခွင့်ထူး ခံရခြင်း အကြောင်းရင်းသည် ရိုးရှင်းသော်လည်း၊ အလွန် လေးနက်လှ၏။ ဘုရားသခင်သည် မိမိ၏ ကြီးမြတ်လှသော ချစ်ခြင်းမေတ္တာနှင့် ဂရုဏာတော်အားဖြင့် ကျွန်ုပ်တို့ ခံထိုက်သော အပြစ်စီရင်ခြင်းမှ ကျွန်ုပ်တို့ကို လွတ်စေတော်မူ၏။ သခင်ယေရှု ခရစ်တော်၏ အသွေးတော်ဖြင့် ကျွန်ုပ်တို့၏ပြစ်များကို ဆေးကြော ခွင့်လွှတ်ခဲ့ပြီဖြစ်ပါသည်။ *“ယခုတွင် အသွေးတော်အားဖြင့် ဖြောင့်မတ်ရာသို့ ရောက်ပြီးမှ၊ ထိုသခင်အားဖြင့် အပြစ်ဒဏ်မှ ကယ်ချွတ်တော်မူခြင်းသို့ ရောက်မည်ဟု သာ၍မျှော်လင့်စရာရှိ၏”* (ရောမ ၅း၉)။ ယေရှုသည် ကားတိုင်ပေါ်၌ ဘုရားသခင်၏အမျက်တော်ကို ခံသွားခဲ့သောကြောင့်၊ ကျွန်ုပ်တော်တို့သည် ထိုအမျက်တော် ခံဖို့ မလိုတော့ပါ။ ကျွန်ုပ်တို့အပြစ်များတွက် အပြစ်ဖြေစရာဖြစ်သည့်၊ ခရစ်တော်၏ ယဇ်ပူဇော်ခြင်းအားဖြင့် ဘုရားသခင်၏ အမျက်တော်ပြေ တော်မူခဲ့ပြီဖြစ်ပါသည်။ *“ငါတို့သည် ဘုရားသခင်ကို ချစ်ကြသည်ဟု မဆို။ ဘုရားသခင်သည် ငါတို့ကိုချစ်၍ ငါတို့၏ အပြစ်ဖြေရာအကြောင်း ဖြစ်စေခြင်းငှါ၊ သားတော်ကို စေလွှတ်တော်မူသောအရာ၌ ချစ်ခြင်းမေတ္တာ ရှိ၏”* (၁ ယော ၄း၁၀)။ ထို့ကြောင့်၊ ဘုရားသခင်၏ ကျေးဇူးတော်နှင့် ချစ်ခြင်းမေတ္တာတော်အားဖြင့်၊ ကျွန်ုပ်တော်တို့သည် အပြစ်ကြောင့် ခံထိုက်သော ဘုရားသခင်၏ အမျက်တော် အပြစ်စီရင်ခြင်းနှင့် ထာဝရ ငရဲ ခံရမည့်အပြစ်ဒဏ်မှ လွတ်မြောက်၏။

ထိုအမျက်တော် မဟုတ်ဘဲ၊ ကျွန်ုပ်တော်တို့သည် သခင်ယေရှု ခရစ်တော်အားဖြင့် ခံရမည့် ကယ်တင်ခြင်း ဂတိတော်ကို မျှော်လင့်လျက်ရှိပါသည်။ ခရစ်တော်သည် မိမိသတို့သမီးကို ခေါ်ဆောင်ဖို့ရန် ကြွလာတော်မူသောအခါ၊ ခရစ်တော်၌ ရှိသောလူအပေါင်းတို့သည် *“အမျက်တော် ထင်ရှားသော နေ့ကြီး”* (ဗျာ ၆း၁၇) ဟု ဖော်ပြထားသော၊ ဘေးဒဏ်ကြီး ကာလ အပြစ်စီရင်ခြင်း မခံရမည့် အကြောင်း ချီဆောင်ခြင်းခံရကြမည်ဖြစ်ပါသည်။ ကျွန်ုပ်တော်တို့သည် ထာဝရ တည်မည့် ရှင်းပြန် ထမြောက်ခြင်း၊ ဘုန်းအသရေနှင့် ပြည့်စုံသော ခန္ဓာကိုယ် ပိုင်ဆိုင်ကြလိမ့်မည်။ ပြုသော ကောင်းမှုကြောင့် မဟုတ်ဘဲ၊ ကားတိုင်ပေါ်၌ ကျွန်ုပ်တို့အတွက် ခရစ်တော်ပြုတော်မူသော အမှုအားဖြင့် ကျွန်ုပ်တော်တို့သည် စုံလင်ပြည့်စုံစွာ ကယ်တင်တော်မူခြင်း ခံရကြလိမ့်မည်။

ထို့ကြောင့်၊ ခရစ်တော် တဖန်ကြွလာတော်မူခြင်းသည် ကြောက်စရာ မဟုတ်ဘဲ၊ ဝမ်းမြောက်ရမည့် နေ့ဖြစ်ပါသည်။ အပြစ်စီရင်ခြင်း မဟုတ်ဘဲ၊ ဘုရားသခင်၏ကျေးဇူးတော်ကို ခံစားရမည့် နေ့ ဖြစ်ပါသည်။ အမျက်တော် မဟုတ်ဘဲ၊ ကျွန်ုပ်တော်တို့သည် ကယ်တင်ခြင်းကို ခံရကြမည်။

**ဆင်ခြင်ရန်** - ဘုရားသခင်၏အမျက်တော် ခံရခြင်းသည် အလွန်ကြောက်စရာကောင်းလှ၏။

**ဆုတောင်းချက်-** အဖဘုရား၊ အမျက်တော် မခံရခြင်းငှါ သခင် ယေရှု ခရစ်တော်အားဖြင့် ကျွန်ုပ်ကို ကယ်တင်တော်မူသောကြောင့် ကျေးဇူးတင်ပါသည်။

## ဝတ်ဆင်လော့

သာဓကကို ဆက်လက် ဖော်ပြမည်ဆိုလျှင်၊ နိုးထပြီးနောက် ပြုသောအမှု တခုမှာ ထိုနေ့အတွက် အဝတ်အစား ဝတ်ဆင်ခြင်းပင်ဖြစ်ပါသည်။ ကျွန်တော်တို့ လုပ်ဆောင်မည့်အမှုနှင့် ကိုက်ညီသော အဝတ်အစားကို နံနက်တိုင်း ပြင်ဆင် ဝတ်ဆင်ရပါသည်။ အရွယ်ရောက်သောသူတိုင်းသည် တင့်တယ်လျောက်ပတ်သော အဝတ်အစား ဝတ်ဆင်ခြင်း၏ အရေးကြီးမှုကို သိကြပါသည်။ ညအိပ်အဝတ်အစားဖြင့် အလုပ် မသွား သကဲ့သို့၊ အနောက်တိုင်း ဝတ်စုံဖြင့် အားကစား မလုပ်ကြပါ။

အလင်းနှင့် နေ့၏သားဖြစ်သော ကျွန်တော်တို့ ဝတ်ဆင်ရမည့် ဝိညာဉ် အဝတ်အစားသည် ဝိညာဉ် စစ်ပွဲအတွက် သင့်တော်သော တန်ဆာများပင်ဖြစ်ပါသည်။ ထိုတန်ဆာမူကား၊ *"ယုံကြည်ခြင်း၊ ချစ်ခြင်းတည်းဟူသော ရင်အုပ်တန်ဆာကိုင်၎င်း၊ ကယ်တင်ခြင်းသို့ ရောက်မည်ဟု မြော်လင့်ခြင်းတည်းဟူသော သံခမောက်လုံး"*(၁ သက် ၅း၈) ဖြစ်ပါသည်။ သခင်ယေရှု ခရစ်တော်၏ အကျိုးရှိသော စစ်သားဖြစ်ဖို့ရန် ကျွန်တော်တို့သည် ထို "အဝတ်တန်ဆာများ" ကို ဝတ်ဆင်ဖို့လိုပါသည်။ နေ့၏သား ဖြစ်သော ကျွန်တော်တို့ ခရစ်ယာန်များသည် သမ္မာသတိရှိလျက် စောင့်ကြမည်အကြောင်း ပေါလုက လိုအပ်သော ထိုအဝတ်တန်ဆာ နှစ်မျိုးကို ဖော်ပြခဲ့ပါသည်။

ပထမတန်ဆာ၊ ကျွန်ုပ်တို့၏ စိတ်နှလုံးကို ကာကွယ်လျက် ခရစ်တော်ထံသို့ ပို့ဆောင်သော၊ *"ယုံကြည်ခြင်း၊ ချစ်ခြင်းတည်းဟူသော ရင်အုပ်တန်ဆာ"*ဖြစ်ပါသည်။ ယုံကြည်ခြင်းနှင့် ချစ်ခြင်း ပိုင်ဆိုင်ခြင်းသည် ယုံကြည်ခြင်း အကျင့် နှင့် ချစ်သောစိတ်နှင့် ကြိုးစားအားထုတ်ခြင်းကို ဖြစ်စေပါသည်။ ခရစ်တော်အတွက် ကြိုးစား အသက်ရှင်ဖို့ရန် ခွန်အား ဖြစ်ပေါ်စေပါသည်။ ခရစ်တော်ကို ယုံကြည်လျက် ချစ်သောကြောင့်၊ အိပ်ငိုက် ပေါ့ဆခြင်း မရှိဘဲ၊ နှုတ်ကပတ်တော်ကို ကြိုးစားလေ့လာပြီး နာခံလျက်၊ ဘုရားသခင်၏ဘုန်းတော် ထင်ရှားစေဖို့ရန် ကျွန်တော်တို့ ကြိုးစား လိုက်လျှောက်ပါလိမ့်မည်။

ထို့နောက်၊ ဦးခေါင်း၌ *ကယ်တင်ခြင်းသို့ ရောက်မည်ဟု မြော်လင့်ခြင်း တည်းဟူသော သံခမောက်လုံး* ကို စောင်း ရပါမည်။ မြော်လင့်ခြင်းသည် ကျွန်ုပ်တို့၏ စိတ်နှလုံးကို ကွယ်ကာ ထိန်းကျောင်းလျက်၊ သခင်ယေရှု ကြွလာတော်မူမည့်အချိန်ကို သည်းခံလျက် စောင့်မျှော်ရင်း ထိုအမှု စွဲလန်းခြင်းကို ဖြစ်စေပါသည်။ ထိုအခါ ကျွန်တော်တို့အား ဤလောကီအရာများ စွဲလန်းခြင်းမရှိအောင် ကွယ်ကာလိမ့်မည်ဖြစ်ပါသည်။ ကျွန်ုပ်တို့ ခံရမည့် ကယ်တင်ခြင်း စုံလင်မှုဖြစ်သော၊ ဘုရားသခင်နှင့်အတူ ကောင်းကင်ဘုံ၌ ထာဝရ နေရမည်ဟူသော အချက်ကို စွဲလန်းစေပါသည်။ ကျွန်ုပ်တို့၌ ရှိသော ထိုကယ်တင်ခြင်း မြော်လင့်ခြင်းကြောင့်၊ အပြစ်သွေးဆောင်မှုများကို ရှောင်ရှားလျက်၊ ကျွန်တော်တို့သည် အရာရာတိုင်း၌ ခရစ်တော်ကို မျက်မှောက်ပြုကြမည်ဖြစ်ပါသည်။

**ဆင်ခြင်ရန်** - အကျွန်ုပ်၌ ယုံကြည်ခြင်း အကျင့်၊ ချစ်ခြင်းဖြင့် ကြိုးစားအားထုတ်ခြင်း၊ သခင်ယေရှုခရစ်ကို မြော်လင့်သောစိတ်နှင့်တည်ကြည်ခြင်း ရှိပါသလား (၁ သက် ၁း၃)။

**ဆုတောင်းချက်-** အဖဘုရား၊ ကိုယ်တော်၏ တန်ခိုးတော်၌ မြဲမြံတည်ကြည်ခြင်း ရှိမည်အကြောင်း မစတော်မူပါ။





## ဆင်းရဲဒုက္ခ ခံရခြင်း၌ ခွန်အားပေးခြင်း

သူတို့၏ယုံကြည်ခြင်းကြောင့်၊ အသစ်ပြောင်းလဲခဲ့သော သက်သာလောနိတ် ခရစ်ယာန်များသည် ဒုက္ခဝေဒနာ ခံစားခဲ့ရပါသည်။ ပေါလုက သူတို့အား ယုဒပြည်ရှိ အသင်းတော်တို့သည်လည်း ညှင်းပန်းနှိပ်စက်ခြင်း ခံခဲ့ရကြောင်း ပြောပြလျက် ခွန်အားပေးခဲ့ပါသည်။ ယုဒပြည်ရှိ ယုံကြည်သူတို့သည် ယုဒလူတို့၏ နှိပ်စက်ခြင်းကို ခံခဲ့ကြ၏။ ထိုနည်းတူ၊ သက်သာလောနိတ် ယုံကြည်သူများသည်လည်း မိမိလူ တပါးအမျိုးသားများ၏ နှိပ်စက်ခြင်းကို ခံခဲ့ရပါသည်။ တမင်တကာ ထိုသို့ ယုဒပြည်ရှိ ယုံကြည်သူများနှင့် ထပ်တူကျအောင် ဖန်တီးလုပ်ယူကြခြင်း မဟုတ်ပါ။ ပေါလုက ထိုသို့သော ညှင်းပန်းနှိပ်စက်ခြင်းကို ခံရသည့်တိုင် တည်ကြည် မြဲမြံစွာ ရပ်တည်ခဲ့ကြသောကြောင့် ယုဒပြည်ရှိ ယုံကြည်သူများကို မိမိအမှတ်ရကြောင်း ဖော်ပြခြင်းသာဖြစ်ပါသည်။ ဤသည်ကား ဝိညာဉ်ရေးရာ၌ သူတို့၏ ရင့်ကျက်မှုကို ပြသော လက္ခဏာပင်ဖြစ်ပါသည်။ ထိုသို့သော ညှင်းပန်းနှိပ်စက်ခြင်း အကြား၌ပင် ဘုရားသခင်အတွက် ဆက်လက် ရပ်တည် လိုခဲ့ကြ၏။ ထိုသို့ ခရစ်တော်အပေါ် သူတို့ သစ္စာရှိခြင်းသည် အမှုမဲ့ အမှတ်မဲ့ ရွေးချယ်ခြင်း မဟုတ်ပါ။ ပြင်းထန်သော ညှင်းပန်းနှိပ်စက်ခြင်း ခံရသည့် အကြား၌ သူတို့၏တည်ကြည် မြဲမြံခြင်းက သူတို့၏စစ်မှန်သော ယုံကြည်ခြင်းကို ပြသခဲ့ပါသည်။

ထိုသို့သော ညှင်းပန်းနှိပ်စက်ခြင်းကို သူတို့သာလျှင် ခံရသည် မဟုတ်ကြောင်း၊ ပေါလုက သူတို့အား ခွန်အားပေးခဲ့ပါသည်။ ဧလိယ (ကရမေလ တောင် အဖြစ်အပျက် နှင့် ယေဇဗေလ၏ ခြိမ်းခြောက်မှု ခံပြီးနောက်) က ဗာလ ရှေ့၌ ဒူးမထောက်သော ကျန်ကြွင်းသူများ ရှိကြောင်း သိဖို့ လိုသကဲ့သို့၊ ကျွန်တော်တို့သည်လည်း ညှင်းပန်းနှိပ်စက်ခြင်းအကြား၌ သစ္စာရှိစွာ ရပ်တည်ကြသော ခရစ်ယာန်များ ရှိနေသေးကြောင်း သိဖို့ လိုအပ်ပါသည်။ ကျွန်တော်တို့သည် ဆင်းရဲဒုက္ခခံခြင်းကို နှစ်သက်သောကြောင့် မဟုတ်ဘဲ၊ ထိုသို့ ခံရသောအားဖြင့် ခရစ်တော်၏ *"ဆင်းရဲခံတော်မူခြင်းကို ဆက်ဆံ၍"* (ဖိလိ ၃း၁၀)၊ ကျွန်တော်တို့သည် ယုံကြည်ခြင်း၌ ရင့်ကျက်ခြင်း ရှိတတ်ကြပါသည်။

ကျွန်တော်တို့သည် ခရစ်တော်ကြောင့် အမျိုးမျိုးသော ညှင်းပန်းနှိပ်စက်ခြင်း (သို့) ဆင်းရဲဒုက္ခခံနေရပါလျှင်၊ ကျွန်ုပ်တို့ အရင် သစ္စာရှိသော သန့်ရှင်းသူများတို့သည်လည်း ထိုလမ်းကို လျှောက်ခဲ့ကြကြောင်း သိမှတ်လျက် နှိမ့်သိမ့် ခွန်အား ယူကြပါစို့။ သူတို့သည် သူတို့၏ခရီးကို လျှောက်လှမ်းခဲ့ကြပြီဖြစ်ပါသည်။ ယခုတွင်၊ ကျွန်တော်တို့သည်လည်း ကျွန်ုပ်တို့၏ခရီးကို ဆက်လျှောက်ကြဖို့ရန် တာဝန်ရှိကြပါသည်။

**ဆင်ခြင်ရန်** - ကားတိုင်၌ တကိုယ်တည်း ဆင်းရဲဒုက္ခ ယေရှုခံခဲ့ခြင်းသည် ဘယ်လောက် ခက်ခဲခဲ့ပါလိမ့်မည်နည်း။

**ဆုတောင်းချက်-** အဖဘုရား၊ ညှင်းပန်းနှိပ်စက်ခြင်းအလယ်၌ ကိုယ်တော့်အပေါ် သစ္စာရှိမည်အကြောင်း အကျွန်ုပ်အား ခွန်အား ပေးသနားတော်မူပါ။

တနင်္လာ၊ အောက်တိုဘာ (၂၇)
**၁ သက် ၂း၁၅-၁၆**
တမန် ၄း၁၅-၂၁

*"ကယ်တင်ခြင်းသို့ ရောက်စေခြင်းငှါ ငါတို့သည် ဟောပြောကြသည်ကို သူတို့သည် ဆီးတား၍"*

# သာသနာပြုဆရာ၏ စိတ်အနှောင့်အယှက်

သတင်းကောင်း ဟောပြောခြင်းက အသီးအပွင့် ဖြစ်ပေါ်စေမည်ဖြစ်သော်လည်း၊ ထိုအသီးအပွင့်ကို အမြဲတမ်း ချက်ချင်း မတွေ့နိုင်ပါ။ များစွာသော သာသနာပြုဆရာများ၏ သက်သေခံချက်ကို ကြားသိခဲ့ရပါသည် - သူတို့သည် သစ္စာရှိစွာ နှစ်ပေါင်းများစွာ သတင်းကောင်း ဟောပြောခဲ့သော်လည်း၊ သူတို့ အသက်ရှင်စဉ် အသီးအပွင့် မတွေ့ခဲ့ကြပါ။ သူတို့ ကြုံတွေ့ခဲ့သောအရာမှကား၊ အမျိုးမျိုးသော ညှင်းပန်းနှိပ်စက်ခြင်းနှင့် အခက်အခဲ ဆင်းရဲဒုက္ခများသာ ဖြစ်ပါသည်။

ကျွန်တော်တို့သည်လည်း ဘုရားသခင်၏အမှုတော် ဆောင်ရွက်သောအခါ၊ အစဉ် အဆင်ပြေ ချောမော လိမ့်မည်ဟု မထင်မှတ်ရပါ။ သတင်းကောင်း ဟောပြောခြင်း၌ ဆန့်ကျင်ခြင်း၊ ညှင်းပန်းနှိပ်စက်ခြင်း ခံရမည်အကြောင်း ကြိုတင် ပြင်ဆင်ရပါမည်။ ထို့ကြောင့်၊ ပေါလုက၊ *"ယေရှုခရစ်၏ တရားတော်နှင့်အညီ၊ ဘုရားဝတ်၌ မွေ့လျော်၍ နေခြင်းငှါ အလိုရှိသော သူအပေါင်း တို့သည် ညှဉ်းဆဲခြင်းကို ခံရကြလိမ့်မည်"* (၂ တိ ၃း၁၂) ဟု သတိပေးခဲ့ပါသည်။

ပေါလုသည် မိမိ၏သာသနာ ခရီးစဉ်များ၌ ထိုသို့သော ဆီးတားခြင်း အခက်အခဲကို အကြိမ်ကြိမ် ရင်ဆိုင် ကြုံတွေ့ ခဲ့ရ၏။ သို့သော်လည်း၊ ပေါလုအတွက် မိမိကြုံတွေ့ရသော အခက်အခဲသည် မိမိအတွက် အဓိက အနှောင့်အယှက် မဖြစ်ခဲ့ပါ။ ရိုက်နှက်ခံရခြင်း၊ ထောင်ချခံရခြင်းနှင့် ကျောက်ခဲဖြင့် ပစ်ပေါက်ခြင်း ခံရခြင်းကြောင့် ပေါလု ဘယ်တော့မှ မကျေမနပ် ညည်းတွားပြောဆိုခြင်း မပြုခဲ့ပါ။ ခရီးလမ်း ကြမ်းသောကြောင့်လည်း ညည်းတွားခြင်း မပြုခဲ့ပါ။ သူ့အတွက် အဓိက အနှောင့်အယှက်သည် သတင်းကောင်း မဟောပြောခြင်းငှါ ညှင်းဆဲသောသူများ၏ ဆီးတားခြင်း ပင်ဖြစ်ပါသည်။ ပေါလုသည် ဘုရားသခင်အတွက် သစ္စာရှိသော သာသနာပြုဆရာ ဖြစ်သောကြောင့်၊ သူ ခံရအခက်ဆုံးသောအရာမှာ ညှင်းဆဲသောသူများ၏ တရား မဟောဖို့ရန် ဆီးတားခြင်း ဖြစ်၏။ *"တပါးအမျိုးသားတို့သည် ကယ်တင်ခြင်းသို့ ရောက်စေခြင်းငှါ ငါတို့သည် ဟောပြောကြသည်ကို သူတို့သည် ဆီးတား၍"* (၁ သက် ၂း၁၆)။

သတင်းကောင်း ဟောပြောဖို့ရန် ကျွန်တော်တို့ သွားသောအခါ၊ ထိုသို့ ဆီးတား ခံရခြင်းသည် ကျွန်ုပ်တို့အတွက် ခံရခက်လှသော စိတ်အနှောင့်အယှက် ဖြစ်ပါသလား။ သို့မဟုတ်၊ ကျွန်ုပ်တို့၏ မာနနှင့် လုံခြုံမှုကို အဓိက နေရာ၌ ထားပါသလား။ လူတို့သည် နိုင်ငံတော်သို့ ဝင်ရောက်မည် အကြောင်း ဘုရားသခင်အတွက် ကျွန်တော်တို့ တရားဟောပါသလား။ သို့မဟုတ်၊ မိမိကိုယ်ကျိုးအတွက် ထိုသို့ ပြုနေပါသလား။ မိမိအတွက် မဟုတ်ဘဲ၊ သတင်းကောင်းကို အဓိကထားလျက် အမှုတော် ဆောင်ရွက်ပါလျှင်၊ အခက်အခဲ ရင်ဆိုင်ရသောအခါ၊ လွယ်လွယ် စိတ်ပျက်လိမ့်မည် မဟုတ်ပါ။ ဆန့်ကျင် ဆီးတားသောသူများကြောင့် စိတ်အနှောင့်အယှက် ရှိသည့်တိုင်၊ ကျွန်ုပ်တို့၏ ယုံကြည်ခြင်းသည် ခရစ်တော်၌ အစဉ် တည်လျက်ရှိပါသည်။ ကယ်တင်ခြင်းသည် ဘုရားသခင် အပိုင်ဖြစ်တော်မူကြောင်း ကျွန်တော်တို့ သိပါ၏။ ဘုရားသခင်က မိမိအချိန်၌ မိမိကယ်တင်လိုသော သူများကို ကယ်တင်ပါလိမ့်မည်၊ အဘယ် ညှင်းပန်းနှိပ်စက်သောသူကမှ ဆီးတားနိုင်မည် မဟုတ်ပါ။

**ဆင်ခြင်ရန်** - နှောင့်ယှက်ခံရခြင်းက ကျွန်ုပ်တို့၏ စိတ်နှလုံးအမှန်ကို ဖော်ထုတ်ပေးလေ့ရှိ၏။
**ဆုတောင်းချက်-** အဖဘုရား၊ အဘယ်အခက်အခဲ အဆီးအတားကြား၌ပင် ကိုယ်တော်အတွက် ဆက်လက် သက်သေခံမည်အကြောင်း လိုအပ်သော အားအင် ခွန်အားကို အကျွန်ုပ်အား ပေးသနားတော်မူပါ။



တနင်္ဂနွေ၊ ဒီဇင်ဘာ (၇)
**၁ သက် ၅း၆-၈**
မသဲ ၂၆း၃၀-၄၆

*"ငါတို့သည် အိပ်မပျော်ဘဲ သမ္မာသတိရှိ၍ စောင့်ကြကုန်အံ့"*

# သမ္မာသတိရှိလော့

နေ့တိုင်း ကျွန်တော်တို့ နိုးထပြီးနောက်၊ ကျွန်တော်တို့ တနေကုန် နိုးကြားလျက် သမ္မာသတိ ရှိဖို့လိုပါသည်။ တခါတရံတွင်၊ ထိုသို့ နိုးထပြီးနောက် ကျွန်တော်တို့သည် လန်းလန်းဆန်းဆန်း မရှိသောအချိန် ရှိတတ်၏။ သို့သော်လည်း၊ နိုးကြားဖို့လိုအပ်ကြောင်း သိလျက် တနေကုန် ဆက်လက်ကြိုးစား လုပ်ရှားခဲ့ရပါသည်။ ထို့ကြောင့်၊ နိုးကြားခြင်း ရှိစေမည့်အရာများကို ကျွန်တော်တို့ လုပ်တတ်ကြပါသည်။ ရေအေးဖြင့် ရေချိုးခြင်း၊ ကော်ဖီ ပူပူလေး သောက်ခြင်း၊ ကိုယ်လက်လှုပ်ရှားမှု ပြုခြင်းသည်တို့ကို ကျွန်တော်တို့ လုပ်တတ်ကြပါသည်။

ထိုနည်းတူ၊ ဝိညာဉ်ရေးရာ၌ ကျွန်တော်တို့ နိုးထပြီးမှ ပြန်လည် အိပ်ပျော်ခြင်းသည် အလွန်အန္တရာယ်များလှပါသည်။ ထို့ကြောင့်၊ *"သမ္မာသတိရှိ၍ စောင့်ကြ"* (၁ သက် ၅း၆) လော့ဟု နိုးဆော်ခြင်း ဖြစ်ပါသည်။ သမ္မာသတိရှိလျက် စောင့်ခြင်းဆိုသည်မှာ မူးရူးခြင်း မရှိဘဲ၊ နိုးကြားခြင်းရှိလျက် စိတ်အားထက်သန်စွာ စောင့်ကြည့်ခြင်း ဖြစ်ပါသည်။ ယုံကြည်သူများသည် ထိုသို့ အစဉ်ရှိရပါမည်။ စစ်သား ကောင်းကဲ့သို့၊ ကျွန်တော်တို့သည် ကျရောက်လာနိုင်သော အန္တရာယ်အတွက် အဆင်သင့်ဖြစ်လျက်၊ တုန့်ပြန်ဖို့ရန် ပြင်ဆင်ထားရပါမည်။ သခင်ဘုရား၏တပ်၌ ဝိညာဉ်စစ်သားဖြစ်သော ကျွန်တော်တို့သည် စာတန်၏ သွေးဆောင် တိုက်ခိုက်မှုကို ကြံ့ကြံ့ခံဖို့ရန် အစဉ် သမ္မာသတိရှိလျက် စောင့်ကြည့်ကြရပါမည်။

ဂေသရှေမန် ဥယျာဉ်ထဲသို့ ယေရှုအား အဖော်လိုက်သွားသော တပည့်တော်များကဲ့သို့ ကျွန်တော်တို့ မဖြစ်လိုပါ။ ယေရှု ဆုတောင်းဖို့ရန် သွားတော်မူစဉ် သတိနှင့်စောင့်နေကြဖို့ရန် သူတို့သည် မှာထားခြင်း ခံရခဲ့ပါသည်။ သို့သော်လည်း၊ သုံးကြိမ်တိုင်တိုင် အိပ်ပျော်လျက်ရှိကြကြောင်း ယေရှု တွေ့ခဲ့ပါသည်။ ဝမ်းနည်းစွာ၊ ယေရှုက သူတို့အား၊ *"သင်တို့သည် တနာရီခန့်မျှ ငါနှင့်အတူ စောင့်၍ နေခြင်းငှါ ဤသို့ မစွမ်းနိုင်သလော"* (မသဲ ၂၆း၄၀) ဟု မေးတော်မူခဲ့ပါသည်။ ကျွန်တော်တို့သည် *"စုံစမ်း နှောင့်ရှက်ခြင်းနှင့် ကင်းလွတ်မည်အကြောင်း ဆုတောင်းလျက် စောင့်နေကြလော့။ စိတ်ဝိညာဉ်ကား စေတနာရှိငြားသော်လည်း ကိုယ်မူကား အားနည်းသည်"* (မသဲ ၂၆း၄၁) ဟူသော ယေရှု၏ သတိပေးမှုကို လိုက်စောင့် ကောင်း၏။

သမ္မာသတိ မရှိသောသူသည် ဝိညာဉ်အမှု၌ နိုးကြားခြင်း မရှိသောသူ၊ မူးရူးသောသူ ကဲ့သို့ ဖြစ်ပါသည်။ သေရည်မူးသောသူသည် အသိစိတ် မထိန်းချုပ်နိုင်သောသူဖြစ်၍ မိုက်မဲသောအမှုကို ပြုတတ်၏။ ထိုမူးရူးသောသူသည် မိမိ မူးကြောင်း ဝန်ခံခြင်း မရှိတတ်ပါ။ မိမိ အရှက်ရစေမည့်အရာကို ပြုလေ့ရှိကြပါသည်။ ထိုအဖြစ်သို့ ကျွန်တော်တို့ လုံးဝ မရောက်လို သင့်ပါ။ ကျွန်တော်တို့ လုံးဝ ပေါ့ဆ၍ မရပါ။ ကျွန်တော်တို့သည် ဝိညာဉ်ရေးရာ၌ သမ္မာသတိရှိလျက်၊ အစဉ် နိုးကြားမည် အကြောင်း အတတ်နိုင်ဆုံး ကြိုးစားအားထုတ်ကြရပါမည်။ ကျွန်ုပ်တို့ကို ဝန်းရံလျက်ရှိသော ဝိညာဉ်နှင့်ဆိုင်သော အန္တရာယ်များကို သိနားလည်မည်အကြောင်း အသိဉာဏ်ရှိဖို့ အစဉ် ဆုတောင်းကြပါစို့။

**ဆင်ခြင်ရန်** - စစ်သားသည် ကင်းစောင့်စဉ် အိပ်ငိုက်ခြင်း မရှိရပါ။
**ဆုတောင်းချက်-** အဖဘုရား၊ ဆုတောင်းလျက် စောင့်နေမည်အကြောင်း မစတော်မူပါ။

စနေ၊ ဒီဇင်ဘာ (၆)
**၁ သက် ၅း၆-၈**
ရောမ ၁၃း၁၁-၁၄

*"အခြားသောသူတို့သည် အိပ်ပျော်သကဲ့သို့၊ ငါတို့သည် အိပ်မပျော်ဘဲ"*

## နိုးထလော့

အိပ်ပျော်ခြင်းကို လူတိုင်း ရင်းရင်းနှီးနှီး သိကြပါ၏။ ညတိုင်း ပြုသောအမှု ဖြစ်ပါသည်။ မှောင်လာသောအခါ အိပ်ငိုက်ခြင်းကို ဖြစ်စေသော ဟိုမုန်းများ ထုတ်လုပ်ဖို့ရန် ဘုရားသခင်သည် ကျွန်ုပ်တို့၏ ခန္ဓာကိုယ်ကို ဖွဲ့စည်း ဖန်ဆင်းခဲ့ပြီး၊ မိုးလင်းလာသောအခါ၊ နိုးထဖို့ရန် ဖြစ်လာပါသည်။ အမှောင်နှင့်အလင်း ဥပမာ နောက်တွင်၊ ပေါလုသည် အိပ်ပျော်ခြင်းကို ဥပမာအဖြစ်အသုံးလျက် ယုံကြည်သူများ အသက်တာ၌ ဖြစ်လေ့ရှိသော ပေါ့လျော့ခြင်း၊ ဝိညာဉ်အမှု၌ မနိုးကြားခြင်းအကြောင်း ဆက်လက် ဖော်ပြခဲ့ပါသည်။ ပုံမှန်အားဖြင့် ထိုသို့ မဖြစ်သင့်ပါ။ နေ့၏သားတို့သည် အိပ်ပျော်သောသူ မဖြစ်ရပါ။ အစဉ် နိုးကြားလျက်၊ သတိရှိ နေရပါမည်။

တခါတရံ နေ့ခင်း၌ပင် ကျွန်တော်တို့ အိပ်ငိုက်တတ်ပါသည်။ ဝိညာဉ်အမှု၌ ပေါ့ဆခြင်း ရှိလျှင် ထိုသို့ဖြစ်၍ မှောင်မိုက်အမှုကို ပြုမိနိုင်ပါသည်။ ကျွန်တော်တို့သည် *"နေ့၏သား"* အမှန်ဖြစ်သော်လည်း၊ ဝိညာဉ်အမှု၌ အိပ်ငိုက်ခြင်းရှိသောအခါ၊ *"ညဉ့်အခါ အိပ်ပျော်သောသူ"*၏အကျင့်များ ကျွန်ုပ်တို့၌ ရှိလာနိုင်ပါသည်။ ကျွန်တော်တို့သည် ဤလောကီအရာများကို စွဲလန်းခြင်း ရှိသောအခါ၊ ဝိညာဉ်ရေးရာ၌ ပေါ့ဆခြင်းရှိလျက် နိုးကြားခြင်း မရှိဖြစ်ခဲ့ရပါသည်။ အိပ်ပျော်သောသူကဲ့သို့ ဖြစ်၍ ဝိညာဉ်အမှုနှင့်ဆိုင်သော အဖြစ်အပျက်များကို မသိနားမလည် ဖြစ်လာတတ်ပါသည်။ ဘုရားသခင်နှင့်ဆိုင်သောအရာကို မစွဲလန်းဘဲ၊ လောကီအမှုနှင့်အပြစ် နောက်လိုက်သောအခါ၊ ဝိညာဉ်ရေးရာ၌ ကျွန်တော်တို့သည် အလွန် ထုံထိုင်းသောသူ ဖြစ်လာတတ်၏။

ချစ်သော ခရစ်ယာန်၊ ထိုလက္ခဏာသည် သင့်ကို ရည်ညွှန်းနေပါသလား။ လောကီအရာများကို စွဲလန်းလျက်၊ လောကီအမှု၌ သင် ကျရောက်နေပါသလား။ နောင်တရလိုခြင်း မရှိဘဲ၊ အပြစ်ကို တမင်တကာ သင် ပြုနေပါသလား။ ဘုရားသခင်၏အမှုတော် ဆောင်ရွက်ခြင်း၊ သက်သေခံခြင်း အမှု၌ သင်သည် နိုးကြားမှု မရှိဖြစ်နေပါသလား။ ယခုအချိန်သည် အိပ်ပျော်ရာမှ နိုးထရသော အချိန် ဖြစ်ပါသည်။ နေ့ အချိန်၌ အိပ်ပျော်ခြင်းသည် ပုံမှန်အမှု မဟုတ်ပါ။ ပျင်းရိသောသူနှင့် နေမကောင်းသောသူသာလျှင် ထိုသို့ ပြုကြ၏။ ယုံကြည်သူများသည် ဝိညာဉ်အမှု၌ ထိုသို့ နိုးကြားခြင်း မရှိသောသူ မဖြစ်သင့်ပါ။ ကျွန်ုပ်တို့အား ထိုအိပ်ငိုက်ခြင်းမှ နိုးထစေမည့် သတိပေးချက် နှင့် ဘုရားသခင်၏အမှုတော်မြတ်၌ နိုးကြားစွာ ဆက်ကပ်စေမည့် တွန်းအား ကျွန်တော်တို့ လိုအပ်ပါ၏။ ရောမ ၁၃း၁၁-၁၂၊ *"ငါတို့ကို ကယ်တင်သော ကျေးဇူးတော်သည် ငါတို့ယုံကြည်သော နေ့ရက်၌ နီးသည်ထက် ယခုသာ၍ နီးသောကြောင့်၎င်း၊ ညဉ့်အချိန်ကုန်လု၍ နေ့အချိန် ရောက်လုသောကြောင့်၎င်း၊ ယခုအခါ အိပ်ပျော်ရာမှ နိုးရသောအချိန် ရောက်ခဲ့ပြီဟု ငါတို့သည် သိ၍ ကာလအချိန်ကို ထောက်လျက်၊ မှောင်မိုက်၏ အကျင့်ကို ပယ်ရှား၍၊ အလင်း၏ လက်နက်စုံကို ဝတ်ဆင်ဆောင်ရွက်ကြကုန်အံ့။"* သင် နိုးထပါမည်လော။

**ဆင်ခြင်ရန်** - ဝိညာဉ်အရေး၌ နိုးကြားခြင်းရှိဖို့ရန် အကျိုးပြုသောအရာကား ဘယ်အရာဖြစ်မည်နည်း။

**ဆုတောင်းချက်-** အဖဘုရား၊ ဝိညာဉ်အရေး၌ ကျွန်တော်သည် အိပ်ငိုက်နေသောသူ မဟုတ်ဘဲ၊ နိုးကြားလျက် ကိုယ်တော် စေခိုင်းသောအမှုကို ပြုဖို့ရန် အသင့်ရှိမည်အကြောင်း မစတော်မူပါ။



အင်္ဂါ၊ အောက်တိုဘာ (၂၈)
**၁ သက် ၂း၁၅-၁၆**
ဗျာ ၁၆း၅-၇

*"သူတို့အပေါ်၌ အမျက်တော်သည် အကုန်အစင် ရောက်ရ၏"*

## အမျက်တော် အကုန်အစင်

ပေါလု၏ ညှင်းပန်းနှိပ်စက်ခြင်းအကြောင်း ဖော်ပြချက်တွင် ထိုသို့ သတင်းကောင်း ဟောပြောခြင်း အမှုတော် ဆီးတားသောသူတို့အား သတိပေးခြင်းဖြင့် အဆုံးသတ်ခဲ့ပါသည်။ "*သူတို့အပေါ်၌ အမျက်တော်သည် အကုန်အစင်ရောက်ရ၏*" (၁ သက် ၂း၁၆)။ ဤသည်ကား သူတို့အပေါ် အကုန်အစင်ကျရောက်မည့် ဘုရားသခင်၏အမျက်တော် တရားစီရင်မှုဖြစ်ပါသည်။ ထိုသို့ သတင်းကောင်း ဟောပြောခြင်းအမှုကို ဆီးတားသော အပြစ်သားတို့အပေါ်၌ ဘုရားသခင်သည် စုံလင်သော စီရင်ခြင်းကို ကျရောက်စေမည်ဖြစ်ပါသည်။ သူတို့အတွက် သတိပေးခြင်း ဖြစ်သော်လည်း၊ ကျွန်ုပ်တို့အတွက် နှိမ့်သိမ့်စရာ ဖြစ်ပါသည်။ ထိုအမှုက အလုံး သိတော်မူသော၊ အနန္တတန်ခိုးရှင် ဘုရားသခင်သည် အရာခပ်သိမ်းကို အုပ်စိုး ထိန်းချုပ်တော်မူသောသူ ဖြစ်ကြောင်း၊ မိမိလူတို့ကို မည်သို့ စောင့်ရှောက်မည်ကို သိတော်မူသောသူ ဖြစ်ကြောင်း ကျွန်ုပ်တို့ကို အမှတ်ရစေပါသည်။

ညှင်းပန်းနှိပ်စက်ခြင်းပြုသောသူများ အပေါ် ဘုရားသခင် အမျက်တော် ကျရောက်စေရခြင်း အကြောင်းရင်းများကို အရင် ကျမ်းပိုဒ်များ၌ ဖော်ပြခဲ့ပါသည်။ သူတို့၏အပြုအမူသည် ဘုရားသခင် မနှစ်သက်သောအရာဖြစ်၍ လူအပေါင်းနှင့် ဆန့်ကျင်သောအမှုဖြစ်ပါသည်။ သတင်းကောင်း မကျယ်ပြန့်စေရန် သူတို့သည် တမင်တကာ ဆီးတားခြင်းကို ပြုကြ၏။ သူတပါးတို့သည် သခင်ယေရှု ခရစ်တော်၏ ကယ်တင်ခြင်းအကြောင်းကို မသိမည်အကြောင်း ကြိုးစား ဆီးတားခြင်းသည် အလွန်ဆိုးသွမ်းသော အမှုဖြစ်ပါသည်။ ထိုသို့ပြုခြင်းဖြင့် မိမိကိုယ်ကို ပြစ်တင်ဖျက်ဆီးသည်သာမက၊ သူတပါး၏အသက်တာကိုလည်း ဖျက်ဆီးရာရောက်ပါသည်။ သူတို့၏အပြစ်၌ များစွာသော အပြစ်ကို ထပ်ပေါင်းထည့်ခဲ့ကြခြင်းပင်ဖြစ်ပါသည်။ ထို့ကြောင့် ဘုရားသခင်၏ တရားစီရင်ရာနေ့ ရောက်သောအခါ၊ သူတို့အပြစ် မှတ်သားသော စာရင်းစာအုပ်ကို ဖွင့်သောအခါ၊ အမျက်တော်နှင့် ထိုက်တန်ခဲ့ကြကြောင်း သူတို့ကိုယ်တိုင် သိကြပါလိမ့်မည်။

ကျွန်တော်တို့သည် ဘုရားသခင်၏အမှုတော်ကို ဆောင်ရွက်စဉ် အခက်အခဲ အနှောင့်အယှက် ကြုံတွေ့သောအခါ၊ ဘုရားသခင်သည် တရားသဖြင့် စီရင်တော်မူသော၊ အရာခပ်သိမ်းကို ထိန်းချုပ်တော်မူသောသူ ဖြစ်ကြောင်း အစဉ် အောက်မေ့ကြရပါမည်။ အခက်အခဲ ရင်ဆိုင်နေရသောအခါ၊ မြော်လင့်ခြင်းဖြင့် တည်ကြည်ခြင်း ရှိလျက် ဘုရားသခင်ကို မျှော်ကြည့်မည်အကြောင်း ကျွန်ုပ်တို့ကို တိုက်တွန်း ထားပါသည်။ ကျွန်တော်တို့ မထိန်းချုပ်နိုင်သောအမှုကြောင့် စိုးရိမ်ပူပန်ခြင်း မရှိဘဲ၊ ထိုအမှုကို အနန္တတန်ခိုးရှင် ဘုရားသခင်ထံ ဆက်ကပ်ကြရပါမည်။ ကျွန်တော်တို့သည် ဘုရားသခင်၏အမှုတော်ကို မိမိပြုနိုင်သည့်ဘက်မှ ကြိုးစား လုပ်ဆောင်ရမည်ဖြစ်ပါသည်။ ဆန့်ကျင်သောသူတို့သည် သူတို့အပြစ်ကြောင့် ထိုက်သင့်သော စီရင်ခြင်းကို ခံရကြမည်ဖြစ်ပါသည်။ သူတို့အပေါ် ဒေါသထွက်မည့်အစား၊ သူတို့ကိုယ်တိုင်လည်း နောင်တရလျက် ကယ်တင်ခြင်း ခံရမည်အကြောင်း မျှော်လင့်ခြင်းဖြင့်၊ သနားကြင်နာခြင်းနှင့် ချစ်ခြင်းမေတ္တာအားဖြင့် သူတို့ထံ သတင်းကောင်း ဟောပြောကြရပါမည်။

**ဆင်ခြင်ရန်** - တမန်တော် ပေါလုသည် အရင်၌ ညှင်းဆဲခြင်းကို ပြုသောသူ ဖြစ်ခဲ့ပါသည်။

**ဆုတောင်းချက်-** အဖဘုရား၊ "ကိုယ်တော် စီရင်တော်မူခြင်း အရာတို့သည် ဟုတ်မှန် ဖြောင့်မတ်ကြပါ၏" (ဗျာ ၁၆း၇)။

ဗုဒ္ဓဟူး၊ အောက်တိုဘာ (၂၉)

**၁ သက် ၂း၁၇-၁၈**

၂ ကော ၄း၇-၁၈

*"စိတ်နှလုံးအားဖြင့် မဟုတ်၊ ကိုယ်အားဖြင့်သာ . . . ခဏကွာသည်"*

## လှဲခြင်းကို ခံရသော်လည်း ဆုံးရာသို့ မရောက်

ပေါလုသည် သက်သာလောနိတ်မြို့၌ ကောင်းသောအမှုကို ပြုခဲ့ပါသည်။ ဥပုသ်နေ့ သုံးရက်တွင် သူသည် တရားဟောခဲ့ပြီး၊ အချို့သည် ယုံကြည်လက်ခံလျက် သစ္စာရှိစွာ ဘုရားသခင်၏ အမှုတော်ကို စတင် ဆောင်ရွက်ခဲ့ကြ၏။ သို့သော်လည်း၊ စာတန်သည် ဆီးတားခြင်းကို ပြု၍ ပေါလုနှင့် သူ၏အပေါင်းအဖော်များအား မြို့ထဲမှ ထွက်သွား စေခဲ့ပါသည်။ ပေါလုသည် "*သင်တို့ ယုံကြည်ခြင်း လိုသေးသမျှကို စုံလင်စေမည်အကြောင်း*" (၁ သက် ၃း၁၀) တဖန် ပြန်သွားဖို့ရန် အလွန် တောင့်တခြင်း ရှိခဲ့ပါသည်။

ထိုသို့ ထွက်သွားပြီးနောက်တွင်၊ သူ့ကို ဆန့်ကျင်သောသူများက ပေါလုက ထိုအသင်းတော် ထံသို့ သူက သင်တို့ကို ဂရုမစိုက်၊ တဖန် ပြည်လည် အကြည့်အရှု လာမည် မဟုတ် ဟုဆိုလျက် ပေါလု အကြောင်း မဟုတ်မမှန် သတင်းဖြန့်ခဲ့ကြသည်ဟု ထင်ရပါသည်။ ထို့ကြောင့် ပေါလုက သူတို့ထံ တဖန် ပြန်သွားဖို့ရန် အလွန် တောင့်တခြင်းရှိကြောင်း၊ သို့သော်လည်း စာတန်က ဆီးတား ခဲ့ကြောင်း သူတို့အား ရှင်းပြခြင်းဖြစ်ပါသည်။

စာတန်သည် ထိုသို့သော ညှင်းပန်းနှိပ်စက်ခြင်းများ ဖြစ်ပေါ်စေခြင်းမှာ ပေါလုအား အမှုတော် မဆောင်ရွက်လိုဘဲ စိတ်ပျက် စေဖို့ရန် ဖြစ်ပါသည်။ "အဘယ့်ကြောင့် ကြိုးစားအားထုတ် နေရပါမည်နည်း၊ အကျိုး လုံးဝမရှိ၊ ညှင်းဆဲခြင်း အခက်အခဲ ဆင်းရဲဒုက္ခများသာ ခံရပါ၏" ဟု ပေါလုအား ညည်းတွားစေလိုခဲ့ပါသည်။ စာတန်သည် ယောဘကိုလည်း ထိုနည်းတူ၊ ဘုရားသခင်ကို ကျိန်ဆဲလျက် သေစေလိုခဲ့ပါသည်။ သို့သော်လည်း၊ ပေါလုသည် ဝိညာဉ် စစ်ပွဲ အကြောင်းကို နားလည်သဘောပေါက်သောကြောင့်၊ လွယ်လွယ် စိတ်ပျက်ခြင်း မရှိခဲ့ပါ။ ညီအစ်ကိုတို့အား ခန္ဓာကိုယ်အားဖြင့် ဝေးကွာနေခဲ့ကြသော်လည်း စိတ်ချင်း နီးလျက် ရှိကြကြောင်း ခွန်အား ပေးခဲ့ပါ သည်။ သူတို့ကို သတိရလျက် သူတို့ထံ အလွန် သွားလိုခဲ့ပါသည်။ ဤသည်ကား သစ္စာရှိသော ဘုရားသခင် အစေခံကျွန်၏ စိတ်သဘောဖြစ်ပါသည်။ ထို့သို့ ဝိညာဉ်ရေးရာ သားသမီးများထံ ပြန်သွားခွင့် ရခဲ့လျှင် ထိုအခက်အခဲများကိုပင် ရင်ဆိုင်ရလျှင်လည်း ကျေနပ်ကြောင်း ဖော်ပြခဲ့၏။ ပေါလု ကြုံတွေ့ရသော အခြေအနေမျိုး များစွာသောသူသည် ကြုံတွေ့ရလျှင် စိတ်ပျက်လျက် အရှုံး ပေးခဲ့ကြပါလိမ့်မည်။

ဘုရားသခင် အမှုတော် ဆောင်ခြင်း၌ ကျွန်တော်တို့ရော ဘယ်လိုရှိပါသနည်း။ ကြုံတွေ့ ရသော အခက်အခဲများကြောင့် လွယ်ကူစွာ စိတ်ပျက် အားလျော့ကြပါသလား။ ကြိုးစားအားထုတ် သောအချိန်တိုင်း၌ အခက်အခဲ အစဉ် ပေါ်လာတတ်ပါသည်။ ထိုအမှုသည် စာတန် လက်ချက် ဖြစ်၍ သင့်ကို အမှုတော် မဆောင်လိုဘဲ စိတ်ပျက်စေဖို့ရန် ရည်ရွယ်ခြင်းဖြစ်ကြောင်း သိမှတ်လော့။ ထို့ကြောင့်၊ "*ငါတို့သည် အမျိုးမျိုးသော နှောင့်ရှက်ခြင်းကို ခံရသော်လည်း၊ အကျိုးနည်းခြင်းသို့ မရောက်။ မကြံစည် နိုင်အောင် ရှိသော်လည်း စိတ်မပျက်။ ညှဉ်းဆဲခြင်းကို ခံရသော်လည်း ရှုံးခြင်း မရှိ၊ အောက်သို့ လှဲခြင်းကို ခံရသော်လည်း ဆုံးရာသို့ မရောက်*" (၂ ကော ၄း၈-၉) ဟု ကြွေးကြော် ကြပါစို့။

**ဆင်ခြင်ရန်** - ကျွန်တော်တို့ အရှုံးပေးလျှင်၊ စာတန်သည် အောင်နိုင်လိမ့်မည်။

**ဆုတောင်းချက်-** အဖဘုရား၊ ကိုယ်တော်၏အမှုတော် ဆောင်ရွက်ခြင်း၌ ကျွန်တော် စိတ်ရှည် သည်းခံလျက် ဆက်လက် လျှောက်လှမ်းလိုပါသည်။



သောကြာ၊ ဒီဇင်ဘာ (၅)

**၁ သက် ၅း၄-၅**

၁ ယော ၁း၅-၁၀

*"ထိုနေ့ရက်သည် သူခိုးကဲ့သို့ သင်တို့ အပေါ်သို့ ရောက်လာမည်အကြောင်း၊ သင်တို့သည် မှောင်မိုက်၌ နေကြသည် မဟုတ်"*

## သင်သည် မှောင်မိုက်၏သား ဖြစ်ပါသလား

မှောင်မိုက်၏သားသည် အလင်း၏သားနှင့် လုံးဝဆန့်ကျင်ဘက်ဖြစ်ပါသည်။ မှောင်မိုက် သည် အလင်းကင်းမဲ့ခြင်းဖြစ်၏။ မှောင်မိုက်၏သားသည် ခရစ်တော်၏အလင်း မပိုင်ဆိုင်သောသူ ဖြစ်ပါသည်။ လမ်းပြပေးမည့် ခရစ်တော်၏အလင်း မရှိသောကြောင့်၊ သူသည် အပြစ်အမှောင်ထဲ၌ လမ်းပျောက်နေသောသူ ဖြစ်ပါသည်။ ထို့ကြောင့်၊ အလင်း၏သဘောကို နားမလည်နိုင် (၁ ယော ၁း၄-၅)၊ အလင်းသို့ ချဉ်းကပ် လိုခြင်း မရှိ။ ဤသည်ကား၊ အမှောင်ထဲ၌ ပျောက်နေသောသူ၏ ဝမ်းနည်းစရာ အခြေအနေဖြစ်ပါသည်။ ယော ၃း၁၉-၂၀ တွင်၊ "*လူတို့သည် မကောင်းသောအကျင့် ကို ကျင့်သောကြောင့်၊ အလင်းထက် မှောင်မိုက်ကို သာ၍ နှစ်သက်ကြ၏။ ဆိုးယုတ်သော အကျင့်ကို ကျင့်သောသူအပေါင်းတို့သည် အလင်းကို မြင်ပျင်း၍ မိမိတို့ အကျင့်၌ အပြစ်ပါသည်ကို မထင်ရှား စေခြင်းငှါ အလင်းသို့ မချဉ်းကပ်ကြ*" ဟု ဖော်ပြခဲ့ပါသည်။

မှောင်မိုက်၏သားတို့သည် အပြစ်မှတပါး အခြား ဘာမှ မသိကြပါ။ သူတို့အားလုံးသည် အလွန် ကြမ်းတမ်းသောသူ၊ အလွန် စက်ဆုပ်ရွံ့ရှာစရာကောင်းသော ပြစ်မှုကို ကျူးလွန်သောသူ ဖြစ်ကြသည်ဟု မဆိုလိုပါ။ သို့သော်လည်း၊ ဘုရားသခင်ကို မသိကြသောကြောင့်၊ သူတို့ပြုသောအမှု တိုင်းသည် မှောင်မိုက်အမှုဖြစ်ပါသည်။ သူတို့ပြုသောအမှုသည် ဘုရားသခင်၏ ဘုန်းတော်ကို မထင်ရှားစေနိုင်ပါ။ သူတို့သည် မိမိ၏စိတ်ကျေနပ်ခြင်းအတွက် အရာရာတိုင်းကို ပြုတတ်ကြ၏။ ပေါလုက ရောမ ၃း၁၀-၁၁ တွင်၊ "*ဖြောင့်မတ်သောသူ မရှိ၊ တယောက်မျှ မရှိ။ နားလည်သောသူ မရှိ၊ ဘုရားသခင်ကို ရှာသော သူ မရှိ*" ဟု ရှင်းပြခဲ့ပါသည်။

ထို့ကြောင့်၊ ပေါလုက သက်သာလောနိတ် ယုံကြည်သူများအား၊ "*သင်တို့အပေါင်းသည် အလင်း၏သား၊ နေ့၏သား ဖြစ်ကြ၏။ ညဉ့်၏သား၊ မှောင်မိုက်၏သား မဟုတ်*" ဟု သတိပေးခြင်း ဖြစ်ပါသည်။ မှောင်မိုက်၌ နေသောသူများအတွက် သတိပေးစကားမူကား၊ "*ထိုနေ့ရက်သည် သူခိုး ကဲ့သို့ သင်တို့အပေါ်သို့ ရောက်လာမည်*" ဟူ၍ ဖြစ်ပါသည်။ သူတို့သည် "*ငြိမ်သက်ခြင်းရှိ၏၊ အန္တရာယ် မရှိ*" ဟု ထင်လျက် ပေါ့ပေါ့ဆဆ နေထိုင်သောသူများဖြစ်၍၊ ခရစ်တော် ကြွလာတော်မူ သောအခါ၊ အံ့ဩ တုန်လှုပ်ခြင်း ရှိကြပါလိမ့်မည်။ မယုံကြည်သူ ထိုသူတို့သည် ချီဆောင်ခြင်း၌ ပါမည် မဟုတ်၊ ဘေးဒဏ်ကြီး ခံစားဖို့ရန် ဤလောက၌ ကျန်ရစ်နေကြပါလိမ့်မည်။ ဤသည်ကား မှောင်မိုက်သားများ ကြုံတွေ့ရမည့် ဝမ်းနည်းစရာအမှု ဖြစ်ပါသည်။

ကျွန်တော်တို့သည် မှောင်မိုက်၏သား မဟုတ်ဘဲ၊ အလင်း၏သားများဖြစ်ကြကြောင်း သေချာဖို့ လိုအပ်ပါသည်။ ယောဟန်၏ သတိပေးစကားဖြစ်သည့်၊ ၁ ယော ၁း၅-၆ ကိုဖတ်ပါ။ ခရစ်တော်သည် အလင်းဖြစ်တော်မူသည်နှင့်အညီ၊ အကျွန်ုပ်တို့သည် အလင်းထဲ၌ ကျင်လည်ကြပါစို့။

**ဆင်ခြင်ရန်** - ကျွန်တော်သည် မှောင်မိုက်၌ နေပါသလား (သို့) အလင်း၌ နေပါသလား။ မမှောင်၊ မလင်း၊ ကြား၌ နေသည်ဟူ၍ မရှိပါ။

**ဆုတောင်းချက်-** အဖဘုရား၊ အကျွန်ုပ်သည် မှောင်မိုက်၏သား မဟုတ်ဘဲ၊ အလင်း၏သား ဖြစ်ကြောင်း သေချာမည်အကြောင်း မစတော်မူပါ။

ကြာသပတေး၊ ဒီဇင်ဘာ (၄)
**၁ သက် ၅း၄-၅**
ဇေဖက် ၅း၈-၁၄

*“သင်တို့အပေါင်းသည် အလင်း၏သား၊ နေ့၏သားဖြစ်ကြ၏”*

## သင်သည် အလင်း၏သား ဖြစ်ပါသလား

၁ ယော ၁း၅ တွင်၊ *“ဘုရားသခင်သည် အလင်းဖြစ်တော်မူ၏။ ဘုရားသခင်၌ မှောင်မိုက် အလျှင်း မရှိ”* ဟု ဖော်ပြခဲ့ပါသည်။ ဤလောက၌ ယေရှု ကျင်လည်စဉ်၊ *“ငါသည် ဤလောက၏ အလင်းဖြစ်၏။ ငါ့နောက်သို့ လိုက်သော သူသည် မှောင်မိုက်၌ မသွားမလာ၊ အသက်၏ အလင်းကို ရလိမ့်မည်”* (ယော ၈း၁၂) ဟု မိန့်တော်မူ၏။ သမ္မာကျမ်းစာထဲတွင်၊ မှောင်မိုက်ကို အပြစ်နှင့် စာတန်၏ ပိုင်နက်အဖြစ်ရင်း၊ အလင်းကို ဘုရားသခင်၏ပိုင်နက်အဖြစ်ရင်း ဖော်ပြထားပါသည်။ ယုံကြည်သူ ကျွန်တော်တို့သည် *“မှောင်မိုက်ထဲမှ အံ့ဘွယ်သော အလင်းတော်သို့ ခေါ်သွင်းတော်မူသောသူ”* (၁ ပေ ၂း၉) များဖြစ်၍၊ ပေါလုသည် လူတို့အား *“မှောင်မိုက်မှ အလင်းသို့ ကူးပြောင်း၍၊ စာတန်၏ အာဏာထဲမှ ဘုရားသခင့် အထံတော်သို့ ပြောင်းလဲ သောအားဖြင့် . . . သူတို့၏ မျက်စိကို ဖွင့်စေခြင်းငှါ”* (တမန် ၂၆း၁၈) သတင်းကောင်း ဟောပြောသောသူဖြစ်ပါသည်။

ထို့ကြောင့်၊ အလင်း၏သား ဖြစ်ခြင်းသည် ဘုရားသခင်၏သား ဖြစ်ခြင်းပေတည်း။ ပေါလုက သူတို့အား ညီအစ်ကို အဖြစ်သတ်မှတ်လျက် *“ငါတို့သည်”* ဟု အသုံးပြုခဲ့ပါသည်။ ခရစ်တော်၌ တည်သော သူတို့၏ ဖြစ်တည်မှုကို နားလည်စေလိုလျက်၊ အလင်း၏သားများ ဖြစ်သကဲ့သို့ ထိုအလင်းကို သူတို့၏အသက်တာ၌ ပေါလု မြင်လိုခဲ့ပါသည်။ သူတို့သည် စာတန်၏ မှောင်မိုက်သော ပိုင်နက်ထဲ၌ မဟုတ်ဘဲ၊ ဘုရားသခင်၏အလင်းထဲ၌ ကျင်လည် ရမည်ဖြစ်ပါသည်။

ယုံကြည်သူ ကျွန်တော်တို့သည်လည်း အလင်း၏သား၊ နေ့၏သားများဖြစ်ကြကြောင်းကို နားလည်လျက် ထိုကဲ့သို့ အသက်ရှင်ရပါမည်။ ဘုရားသခင် သမ္မာတရား၏ အလင်းပေးခြင်းကို ခံရသောသူများဖြစ်သောကြောင့်၊ ကျွန်တော်တို့သည် အမှောင်ထဲ၌ စမ်းတဝါးဝါး သွားလာသောသူ မဖြစ်တော့ပါ။ သတင်းကောင်းကို သိလျက်၊ ခရစ်တော်အားဖြင့် ကျွန်ုပ်တို့၏ အပြစ်များ ခွင့်လွှတ်ခြင်း ခံရပြီဖြစ်ကြောင်း သိခဲ့ပါပြီ။ ထို့ကြောင့်၊ ကျွန်ုပ်တို့၏အသက်တာသည် ဖြောင့်မတ်ခြင်း၊ သန့်ရှင်းခြင်း ရှိရပါမည်။ အလင်း၏သားများ ဖြစ်သည်နည်းတူ၊ အလင်းထဲ၌ ကျင်လည်ရပါမည်။ *“အကျိုးမဲ့သော မှောင်မိုက်အမှုတို့နှင့် မဆက်ဆံသည် သာမက၊ ထိုအမှုတို့၏အပြစ်ကို ပြကြလော့”* (ဇေဖက် ၅း၁၁)။

ထို့ပြင်၊ ကျွန်တော်တို့သည် ထိုအလင်းအကြောင်းကို ဝေငှကြရပါမည်။ ကျွန်တော်တို့သည် ဤလောက၏အလင်းဖြစ်ကြသောကြောင့်၊ ထိုအလင်းကို ဖုံးကွယ် မထားရပါ။ *“သူတပါးတို့သည် သင်တို့၏ အကောင်းသောကျင့်ကို မြင်၍၊ ကောင်းကင်ဘုံ၌ ရှိတော်မူသော သင်တို့အဘ၏ ဂုဏ်တော်ကို ချီးမွမ်းစေခြင်းငှါ၊ သူတပါးရှေ့၌ သင်တို့အလင်းကို လင်းစေကြလော့”* (မသဲ ၅း၁၆)။ အလင်း၏သားကဲ့သို့ ကျွန်တော်တို့ အသက်ရှင်သောအခါ၊ သခင်ယေရှု ခရစ်တော်အတွက် လင်းလက် သက်သေခံခြင်းဖြစ်၍ အပြစ်အမှောင်ထဲ၌ ရောက်နေသော လောကီလူများအတွက် လိုအပ်သော အသိဉာဏ်အလင်းကို ယူဆောင်ပေးခြင်းလည်းဖြစ်ပါသည်။ ထိုအခါ၊ သူတပါးတို့သည် ဘုရားသခင်၏ သမ္မာတရားကို သိလျက်၊ အလင်း၏သားများ ဖြစ်လာမည်ဖြစ်ပါသည်။

**ဆင်ခြင်ရန်** - “ဤလောကအမှောင်ကမ္ဘာ၌ ကျွန်တော်တို့သည် မိမိနေရာလေး၌ လင်းလက်ကြရပါမည်။”

**ဆုတောင်းချက်-** အဖဘုရား၊ ကိုယ်တော်အတွက် အစဉ် လင်းလက်မည်အကြောင်း မစတော်မူပါ။



ကြာသပတေး၊ အောက်တိုဘာ (၃၀)
**၁ သက် ၂း၁၇-၁၈**
မသဲ ၁၃း၁၈-၂၃

*“သင်တို့ရှိရာသို့ လာခြင်းငှါ၊ နှစ်ကြိမ်မြောက်အောင် အလိုရှိသော်လည်း၊ စာတန်သည် ဆီးတား၏”*

## စာတန်သည် ကျွန်ုပ်တို့ကို ဆီးတား၏

ပထမဆုံး ဧဒင်ဥယျာဉ်၌ ဧဝကို ဖြားယောင်းသွေးဆောင်ခြင်းမှ စ၍၊ ဆန့်ကျင်သောသူ စာတန် မာရ်နတ်သည် လူတို့နှင့် ဝိညာဉ် စစ်ပွဲကို အစဉ် ဆင်နွှဲခဲ့ပါသည်။ စာတန်၏ ရည်ရွယ်ချက်မှာ ရှင်းလင်းလှပါသည် - သူသည် ဘုရားသခင်ကို မုန်းလျက်၊ ဘုရားသခင်၏အမှုတော်ကို ဆောင်ရွက်သောသူ အပေါင်းကို ဆန့်ကျင်လျက်ရှိ၏။ လူတို့က သူ့ကို ကိုးကွယ်ဖို့ရန် အလိုရှိသောကြောင့်၊ လူတို့၏စိတ်နှလုံးကို ဘုရားသခင်ထံမှ မိမိထံ သွယ်ဖယ် စေဖို့ရန် အလုံးစုံ ကြိုးစား၏။

သူ၏ပစ်မှတ်သည် ဘုရားသခင်၏ ကောင်းမြတ်သော အမှုတော်ကို ဆောင်ရွက်နေသောသူများဖြစ်ပါသည်။ သင်သည် ဘုရားသခင်၏အမှုတော်ကို သစ္စာရှိစွာ ဆောင်ရွက်နေပါလျှင် စာတန်၏ ပစ်မှတ်ထားခြင်းကို သင်ခံရပါမည်။ ထိုအချက်ကို ရှောင်လွှဲ၍ မရပါ။ သစ္စာရှိသော ခရစ်ယာန်သည် ဝိညာဉ်စစ်ပွဲကို အစဉ် ဆင်နွှဲလျက်ရှိပါသည်။

ထိုအချက်ကို ပေါလု သိနားလည်ပါ၏။ သက်သာလောနိတ်မြို့မှ နှင်ထုန်ခံရစဉ်၊ ထိုအမှုသည် ဝိညာဉ်နှင့်ဆိုင်သောအမှု ဖြစ်ကြောင်း နားလည်ခဲ့ပါသည်။ ပေါလု လိုချင်သောအရာမှုကား၊ သတင်းကောင်းကို ဟောပြောလျက်၊ အသစ်သော ယုံကြည်သူများကို ခွန်အား ပေးရန်ဖြစ်ပါသည်။ ထိုအချက်သည် စာတန်၏ ရည်ရွယ်ချက်နှင့် ဆန့်ကျင်သည် ဖြစ်သောကြောင့်၊ တိုက်လှန်ခြင်း ပေါ်ပေါက်ခဲ့၏။ ပေါလု ညှင်းပန်းနှိပ်စက် ခံရခြင်းနှင့် သူတို့ထံ အလျင်အမြန် ပြန်မသွားနိုင်ဖို့ရန် ဆီးတား ခံရခြင်းတို့သည် စာတန် ပြုသောအမှုများပင်ဖြစ်ပါသည်။ ထို့ပြင်၊ ထိုအမှုကို တကြိမ်တခါသာ ပြုသည် မဟုတ်၊ အကြိမ်ကြိမ် ပြုခဲ့ပါသည်။ သက်သာလောနိတ်မြို့သို့ ပြန်သွားဖို့ရန် ပေါလု ကြိုးစားတိုင်း စာတန်သည် အစဉ် ဆီးတားခြင်းပြုသည်ဟု ထင်ရပါသည်။

ယနေ့၌လည်း၊ သစ္စာရှိသော ခရစ်ယာန်များအား ထိုနည်းလမ်းများကို ဆက်လက်အသုံးပြု၍ စာတန် ဆန့်ကျင်လျက်ရှိပါသည်။ လမ်းဘေး၌ ကျသော မျိုးစေ့များကို ငှက်တို့သည် လာစားကြသကဲ့သို့၊ စာတန်သည် ဘုရားသခင်၏နှုတ်ကပတ်တော် ဟောပြောခြင်း၊ ကြားနာခြင်း၊ လက်ခံခြင်းတို့ကို ဆီးတားလျက်ရှိပါသည်။ ဘုရားသခင်နှင့် တကိုယ်တည်း မိသာဟာရ ဖွဲ့ခြင်း မရှိစေရန်၊ သတင်းမျိုးစုံ အသုံးပြုလျက် ကျွန်ုပ်တို့၏ စိတ်အာရုံကို လွှဲဖို့ စာတန် ကြိုးစား၏။ ခရစ်တော်ကို မုန်း၍ သမ္မာကျမ်းစာကို ငြင်းပယ်ဖို့ရန် မှားယွင်းသောအတွေးများကို လူတို့၏စိတ်ထဲသို့ သွင်းခဲ့ပါသည်။ ဘုရားကျောင်းသို့ လူများ မသွားစေဖို့ရန် တနင်္ဂနွေနေ့၌ အစီအစဉ်နှင့် လှုပ်ရှားမှုအမျိုးမျိုး ဖန်တီး ပြုလုပ်စေခဲ့ပါသည်။ ဟုတ်ပါ၏၊ စာတန်သည် ကျွန်ုပ်တို့အား ဘုရားသခင်၏ နောက်သို့ မလိုက်ဖို့ရန်၊ သတင်းကောင်း မဟောပြောဖို့ရန် အစဉ် ကြိုးစား ဆီးတားလျက် ရှိပါသည်။ ထိုမာရ်နတ်၏ဖြားယောင်းသွေးဆောင်မှုများကို သင် ကြံ့ကြံ့ခံ တွန်းလှန်ပါမည်လော။

**ဆင်ခြင်ရန်** - စာတန်သည် လှည့်ဖြား သွေးဆောင်ခြင်းပညာကို နှစ်ပေါင်းများစွာ ကျင့်သုံးလျက် အလွန်ကျွမ်းကျင်သောသူ ဖြစ်ပါသည်။

**ဆုတောင်းချက်-** အဖဘုရား၊ စာတန်ကို ဆီးတားလျက် ကိုယ်တော့်အလိုသို့ ဆက်ကပ်ဖို့ရန် ကျွန်ုပ်ကို မစတော်မူပါ။

## ဧဝံဂေလိ အမှုတော်ဆောင် ခံရမည့် လက်ဆောင်

၁ သက် အခန်းကြီး ၂ ၏ အဆုံးသတ် ကျမ်းပိုဒ်များတွင်၊ ပေါလုသည် မိမိစိတ်ထဲ၌ ရှိသောအရာ အချို့ကို ဖော်ပြခဲ့ပါသည်။ သက်သာလောနိတ်မြို့သို့ ပြန်သွားဖို့ရန် မိမိ တောင့်တရခြင်း အကြောင်းရင်းများကို စာဖတ်သူတို့အား ရှင်းပြခဲ့ပါသည်။ အဓိက ရည်ရွယ်ချက်သည် သူတို့၏ ဝိညာဉ်ရေးရာအမှုတည်းဟူသော၊ ကယ်တင်ခြင်းနှင့် သန့်ရှင်းစေခြင်းပင်ဖြစ်ပါသည်။ သူတို့ထံ အမှုတော် ဆောင်ရွက်လျက်၊ သူတို့၌ စတင်ခဲ့ပြီဖြစ်သော အကျင့်ကောင်းကို ဆီးတားဖို့ရန် ကြိုးစားလျက်ရှိသော စာတန်၏ ကြိုးစားအားထုတ်မှုကို တိုက်လှန်ဖျက်ဆီးရန် ပေါလုသည် သူတို့ထံသို့ ပြန်လည် သွားရောက်ဖို့ အလွန် တောင့်တခဲ့ခြင်း ဖြစ်ပါသည်။

ပေါလုသည် ခရစ်တော် တဖန်ကြွလာမည့်အချိန်ကို စောင့်မျှော်ရင်း (၁ သက် ၂း၁၉)၊ အမှုတော်ဆောင်ခြင်း၌ မိမိ၏ မြော်လင့်ချက်၊ ဝမ်းမြောက်ခြင်းနှင့် မိမိအား နိုးဆော်အားပေးသော အရာမှာ မိမိအမှုတော်ဆောင်ခဲ့သော သူများတို့သည်လည်း ထိုနေ့တွင် မိမိနှင့်အတူ ရပ်နေကြမည် ဟူသောအချက်ပင်ဖြစ်ကြောင်း ဖော်ပြခဲ့ပါသည်။ ပေါလုအတွက်၊ ထိုအရာသည် မိမိ အမှုတော် ဆောင်ခြင်း၏ စစ်မှန်သော အသီးအပွင့်တည်းဟူသော၊ မိမိ၏ ဝိညာဉ် သားသမီးများ ထာဝရ ကယ်တင်ခြင်း ခံရကြောင်း အမှန်သိရခြင်းပင်ဖြစ်ပါသည်။ ထိုနေ့သည် ဝမ်းမြောက်ရွှင်လန်းရာ နေ့ တည်းဟူသော (၁ သက် ၂း၂၀)၊ ကယ်တင်ရှင် ရှေ့တော်၌ သန့်ရှင်းသူများတို့သည် ရပ်လျက်၊ ဘုန်းအသရေတော်ကို ချီးမြောက်လျက် သူတို့၏ သရဖူများကို ကိုယ်တော်ရှေ့၌ ချထားကြမည့် နေ့ ပင်ဖြစ်ပါသည်။

ကျွန်တော်တို့သည်လည်း ထိုနေ့ကို မျှော်နေကြပါသလား။ အမှုတော် ဆောင်ရွက်ခြင်း၌ ထိုအရာက ကျွန်ုပ်တို့ကို နိုးဆော်အားပေးခြင်း ရှိစေပါသလား။ ထိုသို့ ခရစ်တော်ကြွလာ၍ ကိုယ်တော်ရှေ့၌ ကျွန်တော်တို့ ရပ်နေကြမည့် နေ့သည် အလွန် စိတ်လှုပ်ရှားစရာကောင်းသော နေ့ဖြစ်ပါလိမ့်မည်။ ထိုနေ့၌ ကျွန်တော်တို့နှင့်အတူ မိတ်ဆွေ သူငယ်ချင်းများ၊ ချစ်သော သူများနှင့် သန့်ရှင်းသူ အပေါင်းတို့သည် ဘုရားသခင်ရှေ့၌ ရပ်နေကြမည် ဖြစ်ပါသည်။ ကျွန်တော်တို့သည် ဘုန်းတော်ဝင်စားသော ခန္ဓာကိုယ်ဖြင့် သခင်ဘုရားနှင့် ဆုံတွေ့လျက်၊ သိုးသငယ်၏ မင်္ဂလာဆောင်ပွဲ ဆင်နွှဲရမည် ဖြစ်သောကြောင့်၊ အလွန် မင်္ဂလာရှိသော ပေါင်းစည်းမှုပင်ဖြစ်ပါလိမ့်မည်။ ကျွန်တော်တို့ ယခု ဘုရားသခင်၏အမှုတော် ဆောင်ရွက်ခြင်း၌ မြော်လင့်သောအရာမှာ ထိုထာဝရ လက်ဆောင် ခံရမည့် နေ့ပင်ဖြစ်ပါသည်။ “အို ဘုန်းအသေရေ မင်္ဂလာရှိသော ထိုနေ့ကျူး” ၏ တတိယ အပိုဒ်တွင် ဤသို့ ဖော်ပြခဲ့ပါသည် - *ထိုအရပ်တွင် ချစ်သော မိတ်ဆွေများ ရှိကြလိမ့်မည်၊ ဝမ်းမြောက်ခြင်း စမ်းရေ စီးဆင်းလျက်ရှိမည်၊ အထူးသဖြင့် အကျွန်ုပ် ကယ်တင်ရှင်၏ အပြုံးတချက်သည် ကျွန်ုပ် အတွက် မကုန်အခမ်းနိုင်သော ဘုန်းအသရေတော် ဖြစ်ပါလိမ့်မည်။*

**ဆင်ခြင်ရန်** - ဘဝ၌ ဘယ်အရာက ကျွန်ုပ်ကို အထူးဝမ်းမြောက်စေပါသနည်း။

**ဆုတောင်းချက်-** အဖဘုရား၊ ခရစ်တော် ကြွလာတော်မူမည့်နေ့ကို မြော်ကြည့်ရင်း၊ ကိုယ်တော်အတွက် ကြိုးစားအားထုတ် သက်သေခံဖို့ရန် ကျွန်ုပ်၏စိတ်အားထက်သန်မှုကို အသစ်တဖန် အားဖြည့် ပေးတော်မူပါ။





## လွတ်ခြင်းအခွင့် မရှိ

*“ငြိမ်ဝပ်ခြင်းရှိ၏။ ဘေးအန္တရာယ်နှင့် ကင်းလွတ်၏”* ဟု ကြွေးကြော်လျက် ရှိသော၊ ဤကမ္ဘာမြေကြီးပေါ်၌ မိမိနိုင်ငံတည်ထောင်ရန် ရည်ရွယ်လျက် ပေါ့ပေါ့ဆဆ နေထိုင်နေကြသော လောကီလူသားများအတွက် ပြင်းထန်သော သတိပေးချက် ရှိပါ၏။ သူတို့အပေါ်၌ ပျက်စီးခြင်းသည် ရုတ်တရက်ရောက်လာမည်ဖြစ်ပြီး၊ ဘယ်သူမှ လွတ်ကြမည် မဟုတ်ပါ။

ပေါလုသည် ယေရှု၏ ဒုတိယအကြိမ် ကြွလာတော်မူခြင်းကို ရည်ညွှန်းခြင်းဖြစ်ပါသည်။ ထိုအမှုသည် ချီဆောင်ခြင်းဖြင့် အစပြုလျက် (၁ သက် ၅း၃)၊ *“ကမ္ဘာဦးမှစ၍ ယခုတိုင်အောင် မဖြစ်စဖူး၊ နောက်၌လည်း မဖြစ်လတံ့သော ကြီးစွာသော ဒုက္ခသည် ထိုကာလ၌ ဖြစ်လိမ့်မည်”* (မသဲ ၂၄း၂၁) ဟု ဖော်ပြထားသော ခုနစ်နှစ် ဘေးဒဏ်ကြီးကာလက လိုက်လာမည်ဖြစ်ပါသည်။ ထိုဘေးဒဏ်နှင့် ပျက်စီးခြင်းသည် ဤကမ္ဘာ၌ ကျန်ရစ်ခဲ့သောလူသားများအပေါ် ကျရောက်လာမည် ဖြစ်ပါသည်။ စာတန်၏ တန်ခိုးပေးခြင်း ခံရသော အန္တိခရစ်သည် ဤကမ္ဘာကြီးကို အုပ်စိုးလိမ့်မည်။ ထိုကာလသည် အပြစ်သားကို ဖြောင့်မတ်သော ဘုရားသခင် တရားစီရင်ခြင်းဖြစ်သည့်အတွက် အလွန် ဆင်းရဲခြင်းဒုက္ခ ခံရသော ကာလဖြစ်ပါလိမ့်မည် (ဗျာ ၁၆း၅-၇)။

ပေါလုက *“သားဘွားခြင်း ဝေဒနာ”* နှင့် ဥပမာ ပေးထားပါသည် (၁ သက် ၅း၃)။ သားဘွားခြင်း ဝေဒနာ ဆိုသည်မှာ ကိုယ်ဝန်သည် မိန်းမ၏ သားဘွားဖို့ရန် ပြင်းစွာသော နာကျင်ခြင်း ဝေဒနာ ခံစားခြင်းကို ဆိုလိုပါသည်။ အစတွင် အနည်းသာ ခံစားရပြီး သားဘွားမြင်သည့် အချိန်ထိ တဆင့်ပြီးတဆင့် ဝေဒနာခံစားမှု ပြင်းထန်လာပါသည်။ သားဘွားဖို့ရန် ဝေဒနာ ခံစားခြင်းကို ရှောင်လွှဲ၍ မရ သကဲ့သို့၊ ထို ပျက်စီးခြင်းသည်လည်း အမှန် ကျရောက်လာမည်ဖြစ်ပါသည်။ ဘယ်သူကမှ မဆီးတားနိုင်ပါ။ ထိုဘေးဒဏ်ကြီးကာလ စတင်သောအခါ၊ ပျက်စီးခြင်း တခုပြီးတခု ကျရောက်လိမ့်မည်။ ဗျာဒိတ်ကျမ်းထဲ၌ ဖော်ပြသည်အတိုင်း၊ တံဆိပ် ခုနစ်ခု၊ တံပိုး ခုနစ်ခု၊ ဖလား ခုနစ်လုံး စသည်တို့ ဖြစ်ပါသည်။ ထိုဝေဒနာများသည် သားဘွားခြင်း ဝေဒနာကဲ့သို့ တစ်ခုပြီးတစ်ခု ပို၍ပို၍ ပြင်းထန် နာကျင်ခြင်းရှိလာမည် ဖြစ်ပါသည်။

ထိုကာလသည် ဘယ်သူမှ မကျော်ဖြတ် မခံစားလိုသော အလွန် ကြောက်စရာကောင်းသည့် ဝေဒနာခံရာ ကာလဖြစ်ပါသည်။ ကျွန်ုပ်တို့၏ မိတ်ဆွေ၊ ချစ်သောသူ၊ ရန်သူတောင်မှ ထိုအမှုကို မခံစားစေလိုပါ။ ထို့ကြောင့်၊ အချိန်ရှိခိုက် သူတို့သည် နောင်တရလျက် သခင်ယေရှု ခရစ်တော်ထံ တိုးဝင်မည်အကြောင်း ကျွန်တော်တို့ သတိပေးကြပါစို့။

**ဆင်ခြင်ရန်** - ပျက်စီးခြင်းလော၊ ရှင်ပြန်ထမြောက်ခြင်းလော။ အဘယ်အရာကို ရွေးမည်နည်း။

**ဆုတောင်းချက်-** အဖဘုရား၊ ခံထိုက်သော ပျက်စီးခြင်းမှ ကယ်တင်တော်မူသော ဘုရားသခင်၏ ကြွယ်ဝသော ကျေးဇူးတော်နှင့် ဂရုဏာတော်ကြောင့် ကျေးဇူးတင်ပါသည်။

အင်္ဂါ၊ ဒီဇင်ဘာ (၂)
၁ သက် ၅း၃
မသဲ ၂၄း၃၇-၃၉

*"ငြိမ်ဝပ်ခြင်းရှိ၏။ ဘေးအန္တရာယ်နှင့် ကင်းလွတ်၏ဟု ဆိုစဉ်တွင်"*

## သမ္မာသတိမရှိသော လောကီကမ္ဘာ

သခင်ယေရှု ကြွလာတော်မူခြင်းသည် လောကီကမ္ဘာလူသားများ မမျှော်လင့်သော အချိန်၌ ဖြစ်ပွားပါလိမ့်မည်။ နောဧ ခေတ်ကအတိုင်း ဖြစ်ပါလိမ့်မည်။ ယေရှုက တပည့်တော်များအား၊ *"ရေလွှမ်းမိုးခြင်း မဖြစ်မီကာလ၌ နောဧသည် သင်္ဘောထဲသို့ ဝင်သောနေ့ တိုင်အောင် လူများတို့သည် စားသောက်လျက်၊ ထိမ်းမြားစုံဘက်လျက် နေ၍၊ ရေလွှမ်းမိုးခြင်း ရောက်သဖြင့် လူခပ်သိမ်းတို့ကို သုတ်သင် ပယ်ရှင်းသည်တိုင်အောင် သတိမဲ့နေကြသည်နည်းတူ"* (မသဲ ၂၄း၃၈-၃၉) ဖြစ်လိမ့်မည်ဟု သတိပေးတော်မူခဲ့ပါသည်။ နောဧသည် "ဖြောင့်မတ်ခြင်းတရား ဟောသောသူ" (၂ ပေ ၂း၅) ဖြစ်၍၊ ကျရောက်လာမည့် ပြစ်ဒဏ်စီရင်ခြင်းကို လူတို့အား သတိပေး ခဲ့သော်လည်း၊ သူတို့သည် နားမထောင်ခဲ့ကြပါ။ ထိုသို့ တကမ္ဘာလုံး ဘုရားသခင်က စီရင်မည်ဟု ဘယ်သူမှ မယုံကြည်ခဲ့ကြ။ ထို့ကြောင့်၊ သူတို့အားလုံးသည် ရေလွှမ်းမိုးခြင်းကြောင့် သေခဲ့ကြပါသည်။

ထိုနည်းတူ၊ လောကီလူသားတို့သည်၊ သခင်ယေရှု ကြွလာမည့်အကြောင်း သမ္မာကျမ်းစာ၏ သတိပေးချက်ကို လျစ်လျူရှုလျက်၊ *"ငြိမ်ဝပ်ခြင်းရှိ၏။ ဘေးအန္တရာယ်နှင့် ကင်းလွတ်၏"* ဟု ကြွေးကြော် ပါလိမ့်မည်။ ကမ္ဘာ့ခေါင်းဆောင်ကြီးများသည် ကမ္ဘာ ငြိမ်းချမ်းရေး၊ တည်တံ့သော အနာဂတ် ကမ္ဘာ တည်ဆောက်ဖို့ရန် တွေ့ဆုံ ဆွေးနွေးလေ့ရှိကြပါသည်။ နိုင်ငံရေးသမားများကလည်း မိမိတို့၏ နိုင်ငံကို ပိုကောင်းအောင် တည်ဆောက်မည်အကြောင်း အကောင်းမြင် ဝါဒ စွဲကိုင်ခဲ့ကြပါသည်။ အခက်အခဲများကို ကျော်ဖြတ်ဖို့ရန် လူ့ စိတ် ခံယူချက် ခိုင်မာဖို့ လိုအပ်ကြောင်း များစွာ ဟောပြောတတ်ကြ၏။ လူတို့အား အဘယ်သူကမျှ၊ ကမ္ဘာတခုလုံးအပေါ် ဘုရားသခင်၏ အပြစ်ဒဏ် စီရင်ခြင်း ကျရောက်လျှင်ပင် အနိုင်ယူနိုင်မည် မဟုတ်ဟု ထင်မှတ်ခဲ့ကြပါသည်။ အရာရာတိုင်း ပုံမှန်အတိုင်း လည်ပတ်လျက်၊ ကမ္ဘာကြီးသည်လည်း လုံခြုံမှု ရှိပါသည်ဟု မှားယွင်းစွာ ထင်မှတ်ခဲ့ကြပါသည်။ ယနေ့ လောကီလူသားတို့ကလည်း၊ ပေါလု ဖော်ပြခဲ့သည်အတိုင်း၊ *"ငြိမ်ဝပ်ခြင်းရှိ၏။ ဘေးအန္တရာယ်နှင့် ကင်းလွတ်၏"* ဟု ကြွေးကြော်လျက်ရှိကြပါသည်။

လောကီကမ္ဘာ လူသားတို့သည် ခရစ်တော်ထံ လှည့်ပြန် တိုးဝင်ခြင်း မရှိလျှင်၊ စစ်မှန်သော ငြိမ်သက်ခြင်းနှင့် လုံခြုံမှု ဘယ်တော့မှ ရှိမည် မဟုတ်ပါ။ လောကီလူသားတို့သည် အပြစ်ကြောင့် အစဉ် ရန်တွေ့ခြင်း ပြုကြမည်ဖြစ်ပါသည်။ အဘယ်သူမှ စာတန်၏ ကျော့ကွင်း၌ လုံခြုံမှု မရှိနိုင်ပါ။ လူသည် ဘုရားသခင်ကို ဆန့်ကျင်သည် ဖြစ်သောကြောင့်၊ ဘယ်တော့မှ ငြိမ်သက်ခြင်း ရှိမည် မဟုတ်ပါ။ နောင်တရလျက် ခရစ်တော်ကို ယုံကြည်မှသာလျှင် ဘုရားသခင်နှင့် သင့်မြတ်ခြင်းရှိမည် ဖြစ်၍ ငြိမ်သက်ခြင်း အမှန် ရလိမ့်မည်။ ယုံကြည်သူ ကျွန်တော်တို့သည် ဤလောက၌ အလွန် ကျေနပ်ခြင်း မရှိရပါ၊ လောကီအတွေးအမြင်၌လည်း မကျင်လည် ရပါ။ ဤလောက၌ ပြည့်စုံ ကျေနပ်ခြင်းကို လုံးဝ မရှာရပါ။ လောကီလူသားတို့သည် ပေါ့ပေါ့ဆဆ နေကြလိမ့်မည်။ လောကီ လူသားများ ကဲ့သို့ မနေပါနှင့်။

**ဆင်ခြင်ရန်** - "မတရားသောသူတို့၌ ချမ်းသာ မရှိဟု ထာဝရဘုရား မိန့်တော်မူ၏" (ဟေရှာ ၄၈း၂၂)။

**ဆုတောင်းချက်-** အဖဘုရား၊ ကိုယ်တော်သည် အကျွန်ုပ် ခိုလှုံရာ၊ ခွန်အားဖြစ်တော်မူပြီး၊ အကျွန်ုပ် ယုံကြည်ကိုးစားရာ ဖြစ်တော်မူသောကြောင့် ကျေးဇူးတင်ပါသည်။



စနေ၊ နိုဝင်ဘာ (၁)
၁ သက် ၃း၁-၂
ဖိလိ ၂း၄

*"ငါတို့သည် တဖန် မအောင့်နိုင်သောအခါ"*

## ကောင်းသော သည်းမခံခြင်း

ပုံမှန်အားဖြင့်၊ သမ္မာကျမ်းစာက စိတ်ရှည်သည်းခံခြင်းကို မင်္ဂလာတပါးအဖြစ် ချီးမွမ်းပြီး၊ အလျင်စလို ဆုံးဖြတ်ချက်ချခြင်းကို သတိပေးထားပါသည်။ သို့သော်လည်း၊ တခါတရံ "ကောင်းသော သည်းမခံခြင်း" ရှိရမည့်အချိန် ရှိတတ်ပါသည်။ ဤသည်းမခံခြင်းသည် ဒေါသထွက် စိတ်တိုလျက် မိုက်မဲစွာ အမှုပြုခြင်းကို မဆိုလိုပါ။ သန့်ရှင်းသော လိုအင်ဆန္ဒ၌ အခြေခံသော ဘုရားသခင်နှင့် ဆိုင်သည့် တောင့်တမှုမျိုးဖြစ်ပါသည်။ ဘုရားသခင်၏အလိုတော်နှင့်အညီ အကျိုးရှိသောအမှုကို ပြုခြင်းပင်ဖြစ်ပါသည်။

သက်သာလောနိတ်မြို့မှ ထွက်ခွါပြီးနောက်၊ ပေါလုသည် ဗေရိမြို့၌ ရောက်ခဲ့ပြီး သက်သာလောနိတ်မြို့သို့ ပြန်သွားဖို့ရန် ကြိုးစား၍ နည်းလမ်းရှာခဲ့ပါသည် (တမန် ၁၇း၁၀-၁၅)။ မိမိထားခဲ့သော အသစ်သော ပြောင်းလဲသူများ၏ ယုံကြည်ခြင်းကို အလွန် အလေးထား ဂရုစိုက် လျက်ရှိပါသည်။ သူတို့၏ယုံကြည်ခြင်း ခိုင်ခံ့မြဲမြံစေလိုသောကြောင့် သူတို့ထံ ပြန်သွားဖို့ရန် အလွန် တောင့်တခဲ့ခြင်း ဖြစ်ပါသည်။ သို့သော်လည်း၊ စာတန်သည် ဆီးတားသောကြောင့်၊ နောက်ဆုံး ပေါလု *"မအောင့်နိုင်သောအခါ"* မိမိကိုယ်စား တိမောသေကို စေလွှတ်ဖို့ရန် ခက်ခဲသော ဆုံးဖြတ်ချက်ကို ချခဲ့ပါသည်။ ထိုသို့ တိမောသေ စေလွှတ်ခြင်း အားဖြင့် သူသည်လည်း ရုပ်တုဆင်းတု ကိုးကွယ်ခြင်း ပြည့်နှက်သော အာသင်မြို့ကြီးထဲ၌ တဦးတည်း ကျန်ရစ်နေရမည်ဖြစ်ပါသည်။ သို့သော်လည်း၊ သက်သာလောနိတ်မြို့သားများ၏ ယုံကြည်ခြင်းကို အဓိက ထားသောကြောင့်၊ သူတို့၏အကျိုးကို ထောက်လျက် ထိုသို့ တိမောသေကို စေလွှတ်ခြင်း ဖြစ်ပါသည်။

ဤသည်ကား ကောင်းသော သည်းမခံခြင်း၌ အခြေခံသော ကောင်းမွန်သည့် ဆုံးဖြတ်ချက် ချခြင်း သာဓက တခုဖြစ်ပါသည်။ ပေါလုသည် "မအောင့်နိုင်သောအခါ" (ဆိုလိုသည်မှာ ပြန်သွား ဖို့ရန် အခွင့် ရမည် မရမည်ကို စောင့်နိုင်၊ မသေချာ သောကြောင့်) ထို ဆုံးဖြတ်ချက်ကို ချခဲ့ခြင်း ဖြစ်ပါသည်။ သူတို့၏ ဝိညာဉ်အရေး အခြေအနေကို သိလိုပြီး၊ သူတို့ကို သွန်သင်ဖို့ရန် တစုံတခု ပြုလို ခဲ့ပါသည်။ ပေါလုသည် ဘာမှ မလုပ်ဘဲ ဒီအတိုင်း ထိုင် မနေလိုသောကြောင့် ထိုသို့ လိုအပ်သော ဆုံးဖြတ်ချက်ကို ချခဲ့ခြင်း ဖြစ်ပါသည်။

ထိုကောင်းသော သည်းမခံခြင်းသည် မိမိအလို၊ ဇာတိအလို၌ မဟုတ်ဘဲ၊ ဘုရားသခင်၏ အလိုတော်၌ အခြေခံရပါမည်။ ကျွန်ုပ်တို့၏ ရည်ရွယ်ချက်သည် ဘုရားတရားနှင့်ဆိုင်လျက်၊ မှန်ကန်မှု ရှိခဲ့လျှင်၊ ပြုသောအမှုကိုလည်း ဘုရားသခင်၏အလိုတော်အတိုင်း ပြုရပါမည်။ ကျွန်တော်တို့သည် တခါတရံတွင် တခုခု ဖြစ်လာမည်ကို ထိုင်စောင့် နေဖို့ မဟုတ်၊ အခြားသူက ပြုလိမ့်မည်ဟု တွေး နေရုံ တွေးရမည် မဟုတ်ပါ။ လိုအပ်သည်ဟု ကောင်းကောင်း သိမြင်သောအခါ ထိုအမှုကို ဘုရားသခင်၏အလိုတော်နှင့် အညီ ချက်ချင်း ပြုလုပ် ဆောင်ရွက်ရပါမည်။

**ဆင်ခြင်ရန်** - ကောင်းသော လိုအင်ဆန္ဒသည် တခါတရံ မှားယွင်းသော ဆုံးဖြတ်ချက်ကို ဖြစ်ပေါ်စေပါသလား။

**ဆုတောင်းချက်-** အဖဘုရား၊ ကျွန်ုပ်ဘဝ၌ ကိုယ်တော်၏အလိုတော်ကိုသာ ရှာမည်အကြောင်း ကောင်းသော လိုအင်ဆန္ဒ ပေးသနားတော်မူပါ။

တနင်္ဂနွေ၊ နိုဝင်ဘာ (၂)
**၁ သက် ၃း၁-၂**
ဖိလိ ၂း၁၉-၂၄

*“ခရစ်တော်၏ ဧဝံဂေလိတရားကို ဟောပြော၍ ဘုရားသခင်၏အမှုတော်ကို လုပ်ဘော်ဆောင်ဘက်”*

---

## လုပ်ဘော်ဆောင်ဘက်

တိမောသေသည် ပေါလု၏ သာသနာ ဒုတိယခရီးစဉ်တွင် ပထမဆုံး အတူလိုက်သွားခဲ့သော (တမန် ၁၆း၁-၃) သစ္စာရှိသည့် ပေါလု၏ လုပ်ဘော်ဆောင်ဘက်ဖြစ်ပါသည်။ သူသည် ပေါလု၊ သိလ တို့နှင့်အတူ သက်သာလောနိတ်မြို့သို့ ရောက်လာခဲ့ပြီး၊ ညှင်းပန်းနှိပ်စက်ခြင်းကို အတူတကွ ခံခဲ့ပါသည်။ သူတို့သည် လ အနည်းငယ်သာ အတူအကွ အမှုတော် ဆောင်ခဲ့ကြသော်လည်း၊ ထိုတိုတောင်းသော အချိန်ကာလအတွင်း တိမောသေသည် ယုံကြည်ထိုက်သော သစ္စာရှိသည့် ဘုရားသခင်၏ အစေခံကျွန်ဖြစ်ကြောင်း သက်သေပြခဲ့ပါသည်။ ထို့ကြောင့် ပေါလုက သူ့ကို သက်သာလောနိတ်မြို့သို့ တာဝန်ပေးလျက် စေလွှတ်ခဲ့ခြင်းဖြစ်ပါသည်။

တိမောသေသည် အသက်အရွယ်အားဖြင့် ပေါလုထက် ငယ်ရွယ်သော်လည်း၊ ပေါလုက သူ့ကို ရွယ်တူကဲ့သို့ ဆက်ဆံခဲ့ပါသည်။ ပေါလုက တိမောသေအား၊ *“ခရစ်တော်၏ ဧဝံဂေလိတရားကို ဟောပြော၍၊ ဘုရားသခင်၏အမှုတော်ကို လုပ်ဘော်ဆောင်ဘက် ဖြစ်သော ငါ့ညီ”* (၁ သက် ၃း ၂) ဟု ဖော်ပြခဲ့ပါသည်။ သူ့ကို ညီအစ်ကိုအဖြစ် ဖော်ပြခြင်းက တိမောသေ အမှန် ကယ်တင်ခြင်း ခံရကြောင်း ပေါလု သေချာ သိမှတ်လျက်၊ ခရစ်တော်၌ ချစ်ခင်သော ညီဟု သတ်မှတ်ကြောင်း ပြသခဲ့ပါသည်။ သူသည် ဘုရားသခင် ခေါ်တော်မူသော အမှုတော်ဆောင်ဖြစ်လျက်၊ မိမိတာဝန်ကို ကျေပွန် သစ္စာရှိစွာ ဆောင်ရွက်ခဲ့ကြောင်း ပေါလု သိမှတ်ခဲ့ပါသည်။ ဖိလိ ၂း၂၀-၂၁ ထဲတွင်၊ ပေါလုက တိမောသေသည် မိမိနှင့် စိတ်သဘောတူသော သူဖြစ်၍ သူတပါးအမှုကို ကိုယ်ကျိုးမဲ့ ဂရုစိုက်သောသူ ဖြစ်ကြောင်း ဖော်ပြခဲ့ပါသည်။ သတင်းကောင်းအမှု၌ လုပ်ဘော်ဆောင်ဘက်ဟု ပေါလု သိမှတ်လျက်၊ သူနှင့်အတူတကွ အမှုတော် ဆောင်ခြင်းတွင် ပေါလု ကျေနပ်ခြင်း ရှိခဲ့ပါသည်။

တိမောသေကဲ့သို့၊ ကျွန်တော်တို့အားလုံးသည် အချင်းချင်း လုပ်ဘော်ဆောင်ဘက်များ ဖြစ်ကြပါသည်။ ကျွန်တော်တို့အားလုံးသည် အမှုတော်ဆောင်ဖို့ရန် ကယ်တင်ခြင်းကို ခံခဲ့ကြပြီး၊ အမြတ်ဆုံးသော ဘုရားသခင်၏ အစေခံကျွန်များ ဖြစ်ကြပါသည်။ ကျွန်တော်တို့သည် တိမောသေကဲ့သို့ သတင်းကောင်းအမှုအတွက် အသက် အန္တရာယ်ရှိသောအရပ်သို့ တဦးတည်း သွားဖို့ စေခိုင်းခြင်း မခံရသော သူများလည်းဖြစ်နိုင်ပါသည်။ သို့သော်လည်း၊ ကျွန်တော်တို့သည် ဘုရားသခင် စေခိုင်း သောအမှုကို လုပ်ဘော်ဆောင်ဘက်များနှင့်တကွ သစ္စာရှိစွာ ဆောင်ရွက်ကြရပါမည်။ အတူတကွ အမှုတော်ဆောင်ဖို့ရန် ခရစ်တော်၌ အားကိုးထိုက်သော လုပ်ဘော်ဆောင်ဘက် ညီအစ်ကိုများ ရှိခြင်းသည် အလွန် ဝမ်းမြောက်စရာကောင်းသော မင်္ဂလာတပါး ပင်ဖြစ်ပါသည်။ ခံရသော ဆုကျေးဇူး မတူကြသော်လည်း၊ ဘုရားသခင်၌ အချင်းချင်း အားပေး တိုက်တွန်းခြင်းကို ကျွန်တော်တို့ ပြုနိုင်ကြမည်ဖြစ်ပါသည်။

**ဆင်ခြင်ရန်** - လူတို့သည် အကျွန်ုပ်အား ခရစ်တော်၏ ဧဝံဂေလိတရား ဟောပြောခြင်း၌ သစ္စာရှိသော လုပ်ဘော်ဆောင်ဘက် အဖြစ် သတ်မှတ်ကြပါသလား။

**ဆုတောင်းချက်-** အဖဘုရား၊ ပြုလေသမျှ၌ ကိုယ်တော်၏ သစ္စာရှိသော ဘဏ္ဍာစိုးဖြစ်မည် အကြောင်း ကျွန်ုပ်ကို မစတော်မူပါ။



တနင်္လာ၊ ဒီဇင်ဘာ (၁)
**၁ သက် ၅း၁-၂**
မသဲ ၁၄း၄၂-၅၁

*“သူခိုးသည် ညဥ့်အခါ လာသကဲ့သို့၊ သခင်ဘုရား၏ နေ့ရက်သည် လာလိမ့်မည်”*

---

## သူခိုးသည် ညအခါ လာသကဲ့သို့

ယေရှုသည် ဤလောက၌ သက်ရှိထင်ရှားရှိစဉ် တပည့်တော်များအား အရေးကြီးသော တရားကို သွန်သင်တော်မူခဲ့၏၊ *“သင်တို့ အရှင်သည် အဘယ်အချိန်နာရီ၌ ရောက်လာမည်ကို သင်တို့ မသိသောကြောင့် စောင့်နေကြ လော့။ သူခိုးလာမည် အချိန်နာရီကို အိမ်ရှင် သိရလျှင်၊ မိမိအိမ်ကို မထွင်းမဖောက်စေခြင်းငှါ စောင့်နေလိမ့်မည်ကို သင်တို့သိကြ၏။ ထို့ကြောင့် သင်တို့သည် ပြင်ဆင်လျက် နေကြလော့။ အကြောင်းမူကား၊ သင်တို့ မထင်မမှတ်သော အချိန်နာရီ၌ လူသားသည် ကြွလာလိမ့်မည်”*(မသဲ ၂၄း၄၂-၄၄)။ ထိုတရားကိုပင် ပေါလုက၊ *“သူခိုးသည် ညဥ့်အခါ လာသကဲ့သို့၊ သခင်ဘုရား၏ နေ့ရက်သည် လာလိမ့်မည်”* ဟု သွန်သင် ဖော်ပြခဲ့ပါသည်။ ထိုနေ့သည် မမျှော်လင့်သောအချိန်၊ လောကီလူသား အများစု အဆင်သင့် မဖြစ်ချိန်၌ ရောက်ရှိလာလိမ့်မည်။

သခင်ယေရှု တဖန်ကြွလာတော်မူခြင်းအမှုသည် အချိန်တိုင်း ဖြစ်ပွားနိုင်သောအရာ ဖြစ်ပါသည်။ ထိုသို့ ပရောဖက်ပြုထားပါသည်။ တဘက်တွင်၊ သခင်ယေရှု ကြွလာတော်မူမည့် အချိန် နေ့ရက် အတိအကျ ကိုဖော်ပြ မထားပါ၊ ကျွန်ုပ်တို့အား ဘုရားသခင် သိခွင့် ပေးတော် မမူ။ သို့သော်လည်း၊ ခေတ်အဆက်ဆက် ယုံကြည်သူတို့သည် သခင်ယေရှု ကြွလာမည့်အချိန်အတွက် အဆင်သင့် ရှိမည်အကြောင်း သတိပေး ဖော်ပြခဲ့ပါသည်။

၁ သက် ၄း၁၃-၁၈ နှင့် ၁ သက် ၅း၁-၁၁ တို့တွင် သခင်ယေရှု ကြွလာတော်မူခြင်း အကြောင်း ဖော်ပြခဲ့သော်လည်း၊ ရည်ရွယ်ချက် မတူခဲ့ကြပါ။ အခန်းကြီး ၄ သည် စိတ်သောကရောက် နေသော ယုံကြည်သူများကို နှိမ့်သိမ့်ဖို့ရန် ရေးသားခြင်းဖြစ်ပြီး၊ အခန်းကြီး ၅ သည် မယုံကြည်သူများကို သတိပေးခြင်းဖြစ်ပါသည်။ ကျမ်းတတ်ပုဂ္ဂိုလ်တဦးကမူ၊ သတိမထားသော ယုံကြည်သူများကို ဂနာမငြိမ်ဖြစ်စေရန် ရေးသားခြင်းဖြစ်သည်ဟု ဆိုခဲ့ပါသည်။ သင် ဘယ်အုပ်စု၌ ပါဝင်ပါသနည်း။ ခရစ်တော် မကြာမီ ကြွလာတော်မူမည် ဟူသောတရားက သင့်ကို မြော်လင့်ခြင်း၊ စိတ်သက်သာခြင်း ရှိစေပါသလား (သို့) ကြောက်ရွံ့ခြင်း ရှိစေပါသလား။

ကျွန်ုပ်တို့၏ တုန့်ပြန်မှုသည် သမ္မာသတိရှိခြင်း ဖြစ်ရပါမည်။ အဆင်သင့် မဖြစ်သောသူ မဖြစ်လိုပါ။ သူခိုးသည် မထင်မှတ်သောအချိန်၌ ရောက်လာတတ်သည်ဖြစ်သောကြောင့်၊ ကျွန်တော်တို့သည် အစဉ် အဆင်သင့် ဖြစ်ရပါမည်။ ပေါ့ပေါ့ဆဆ၊ သတိလက်လွှတ် မနေရပါ။ ကျွန်တော်တို့သည် စိတ်ဝိညာဉ် နိုးကြားစွာ နေလျက်၊ ဘုရားသခင်အမှုတော်ကို စိတ်အားထက်သန်စွာ ဆောင်ရွက် နေကြရပါမည်။ သမ္မာကျမ်းစာ၏ ပရောဖက်ပြုချက်များကို အမှန် နားလည်သဘောပေါက်ခြင်း ရှိလျှင်၊ ယုံကြည်ခြင်းနှင့် ဘုရားသခင် ကြောက်ရွံ့ခြင်း အသက်တာ ရှိရမည်ဖြစ်ပါသည်။ ဤလောက၌ ကျွန်တော်တို့ နေရမည့် အချိန် ကန့်သတ်ထားကြောင်း သိလျက်၊ ဘုရားသခင် ကြွလာတော်မူမည့် အချိန်ကို မြော်လင့်ရင်း အမှုတော်မြတ်၌ ကြိုးစားအားထုတ်လျက် ပါဝင် သက်သေခံကြပါစို့။

**ဆင်ခြင်ရန်** - သခင်ဘုရား ကြွလာတော်မူမည့်အချိန် အတိအကျ ပြောပြခဲ့ပါလျှင်၊ အဘယ် သို့ ဖြစ်လိမ့်မည်နည်း။

**ဆုတောင်းချက်-** အဖဘုရား၊ သခင်ဘုရား ကြွလာတော်မူမည့်အချိန်အတွက် အသင့်ဖြစ်မည် အကြောင်း စောင့်လျက်နေခြင်းငှါ ကျွန်ုပ်အား မစတော်မူပါ။

တနင်္ဂနွေ၊ နိုဝင်ဘာ (၃၀)
**၁ သက် ၄း၁၇-၁၈**
ဗျာ ၂၁း၄

*"သခင်ဘုရားနှင့်အတူ အစဉ်မပြတ် နေရကြလိမ့်မည်"*

## ထာဝရနှင့်ဆိုင်သော နှိမ့်သိမ့်သက်သာခြင်း

John Newton ၏ "အံ့ဘွယ် ကျေးဇူးတော်" ဟူသော ဂုဏ်တော် ချီးမွမ်းသီချင်း၏ နောက်ဆုံး စာကြောင်းက ထာဝရ အကြောင်းကို လှပစွာ ဖော်ပြခဲ့ပါသည်၊

*ကောင်းကင်ဘုံ၌ နှစ်ပေါင်း တစ်သောင်း၊ နေကဲ့သို့ တောက်ပလင်းလက်လျက် နေခဲ့သည့်တိုင်၊*
*ဘုရားသခင်၏ ဂုဏ်တော် ချီးမွမ်း သီချင်းဆိုခြင်းကို စတင်သကဲ့သို့သာ ဖြစ်လိမ့်မည်။*

ကျွန်တော်တို့သည် အချိန်၏ ကန့်သတ်ခြင်းကို ခံနေသေးသောကြောင့်၊ ထိုထာဝရ အကြောင်းကို ကောင်းကောင်း သဘောပေါက်နားလည်ခြင်း မရှိသေးပါ။ ကျွန်တော်တို့သည် အချိန်နာရီ၊ ရက် လ နှစ် ရေတွက်လျက် ရှိပါသည်။ သို့သော်လည်း၊ ထာဝရ စတင်သောအခါ၊ ထိုသို့ ရေတွက် လိမ့်မည် မဟုတ်တော့ပါ။ နေ့ရက် ရေတွက်စရာ လိုတော့မည် မဟုတ်။ အကြောင်းမှာ၊ ကျွန်တော်တို့သည် ဘုရားသခင်နှင့်အတူ ထာဝရ အသက်ရှင် ကြမည်ဖြစ်ပါသည်။

မိမိချစ်သောသူများ သေခြင်းကြောင့် ဝမ်းနည်းလျက် ရှိနေသော သက်သာလောနိတ် ခရစ်ယာန်များအတွက် ထိုတရားသည် အလွန် အဓိပ္ပါယ်ရှိသော နှိမ့်သိမ့်စရာအမှု ဖြစ်ပါသည်။ ထိုသို့ ဝမ်းနည်းလျက်ပင်၊ သေခြင်း၊ ဝမ်းနည်းခြင်း၊ ငိုကြွေးခြင်း၊ နာကျင်ခြင်း၊ အရင်အရာများ ကွယ်ပျောက်မည့် (ဗျာ ၂၁း၄) ထိုနေ့ရက်ကို မြော်လင့်ခြင်းဖြင့် မြင်တွေ့ နိုင်ကြပါလိမ့်မည်။ ထာဝရ အိမ်တော်တွင်၊ ကျွန်တော်တို့အားလုံးသည် ပြန်လည် ဆုံတွေ့လျက် ခွဲခွာခြင်း ရှိတော့မည် မဟုတ်ပါ။ ရှင်ပြန်ထမြောက်ခြင်း ကိုယ်ခန္ဓာဖြင့် ကျွန်တော်တို့သည် အပြစ်ကင်းလျက်၊ အပြစ်ဒဏ် သေခြင်း ရှိတော့မည် မဟုတ်ပါ။ ထို့ပြင်၊ ဘုရားသခင်နှင့် စုံလင်သော မိသာဟာရ ဖွဲ့ခြင်း ရှိလိမ့်မည်။ *"ဘုရားသခင်၏တဲတော်သည် လူတို့တွင် ရှိ၏။ လူတို့နှင့်အတူ ကျိန်းဝပ်တော်မူမည်။ သူတို့သည် ကိုယ်တော်၏လူ ဖြစ်ကြလိမ့်မည်။ ဘုရားသခင်သည် ကိုယ်တော်တိုင် သူတို့နှင့်အတူ ရှိနေ၍ သူတို့၏ ဘုရားသခင် ဖြစ်တော်မူမည်"* (ဗျာ ၂၁း၃)။ ထိုတရားအားဖြင့် အချင်းချင်း နှိမ့်သိမ့်ကြမည် အကြောင်း ပေါလုက တိုက်တွန်း နှိုးဆော်ခဲ့ပါသည်။

ကျွန်တော်တို့ရော ဘယ်လိုလဲ။ ထိုထာဝရနှင့်ဆိုင်သော နှိမ့်သိမ့်ခြင်းသည် သင် မျှော်လင့်သောအရာ ဖြစ်ပါသလား။ ထိုသို့ ဘုရားသခင်နှင့်အတူ ကောင်းကင်ဘုံ၌ ထာဝရ နေရမည့်အကြောင်း တွေးတောခြင်းက သင့်ကို စိတ်ချမ်းသာခြင်း၊ ဝမ်းမြောက်ခြင်းနှင့် ပြည့်ဝစေပါသလား။ ကျွန်ုပ်တို့ အပြစ်များကြောင့် ယေရှု အသေခံတော်မူလျက်၊ ကျွန်ုပ်တို့၏ ဖြောင့်မတ်ခြင်းအတွက် သေခြင်းမှ ရှင်ပြန်ထမြောက်တော်မူကြောင်း ကျွန်တော်တို့ အမှန် ယုံကြည်ခြင်း ရှိလျှင်၊ ထာဝရ ကယ်တင်ခြင်း အတွက် စိတ်ချရပါပြီ။ ဤလောက၌ ကျွန်တော်တို့သည် ခရီးသွား ဧည့်သည်များသာဖြစ်ကြပါသည်။ ကျွန်ုပ်တို့၏ ထာဝရ အိမ်တော်သည် ဘုရားသခင်နှင့်အတူ နေရမည့် ကောင်းကင်ဘုံပင်ဖြစ်ပါသည်။

**ဆင်ခြင်ရန်** - အချိန်မရွေးကြုံတွေ့နိုင်သော၊ သေချာသော အဆုံးသတ် ရှိသည်ကို သိလျက်၊ ကျွန်တော် မည်သို့ နေထိုင်သင့်ပါသနည်း။

**ဆုတောင်းချက်-** အဖဘုရား၊ ကိုယ်တော် ဂတိထားတော်မူသော ထာဝရနှင့်ဆိုင်သော အံ့ဘွယ် မြော်လင့်ခြင်း အကြောင်းကြောင့် ကျေးဇူးတင်ပါသည်။



တနင်္လာ၊ နိုဝင်ဘာ (၃)
**၁ သက် ၃း၃-၄**
၁ ပေ ၄း၁၂-၁၃

*"ထိုဆင်းရဲခြင်းကို ခံစေမည်အကြောင်း၊ ငါတို့ကို ခန့်ထားတော်မူသည်"*

## ဆင်းရဲခြင်းခံဖို့ရန် ခေါ်တော်မူခြင်း

ပေါလုသည် မိမိနှင့်အပေါင်းအဘော်များ ညှင်းပန်းနှိပ်စက်ခြင်း အခက်အခဲများ ခံခဲ့ကြသောကြောင့် သက်သာလောနိတ် ခရစ်ယာန်များ စိတ်ပျက် အားလျော့ခြင်းရှိကြမည်ကို စိုးရိမ်ခဲ့ပါသည်။ သတင်းကောင်းအမှုကြောင့် ခံရမည့် ဆင်းရဲဒုက္ခကို မြင်သောကြောင့်၊ ထိုဆင်းရဲဒုက္ခများကို ကြောက်သဖြင့် ယုံကြည်ခြင်း စွန့်လွှတ်လျက် ဘုရားသခင်၏အမှုတော် မဆောင် ရွက်လိုဘဲ နေကြမည်ကို စိုးရိမ်ခဲ့ပါသည်။ ထိုစိုးရိမ်မှုသည် အခြေအမြစ် မရှိသော စိုးရိမ်မှု မဟုတ်ပါ။

မြေအမျိုးအစား သာဓကတွင် ယေရှုက ကျောက်ခဲများအကြား၌ ကျသော မျိုးစေ့ကဲ့သို့ များစွာသော လူများသည်၊ *"တရားစကားကို ကြား၍ ဝမ်းမြောက်သော စိတ်နှင့် ချက်ခြင်း ခံယူသော်လည်း၊ စိတ်နှလုံး၌ အမြစ် မစွဲ ခဏသာ တည်သဖြင့်၊ တရားစကားကြောင့် အမှုအခင်းနှင့် ညှဉ်းဆဲခြင်းကို ခံရသောအခါ ချက်ခြင်း ဖောက်ပြန်တတ်သည်"* (မသဲ ၁၃း၂၀-၂၁) ဟု သတိပေးတော်မူခဲ့ပါသည်။

ထို့ကြောင့် ညှင်းပန်းနှိပ်စက်ခြင်းကို ခံနေရသော သူတို့အား ခွန်အားပေးဖို့ရန် တိမောသေကို သူတို့ထံ စေလွှတ်ခဲ့ခြင်းဖြစ်ပါသည်။ ပေါလုသည် သူတို့၌ ရှိနိုင်သော သံသယနှင့် ကြောက်ရွံ့မှုကို ဖယ်ရှားပေးလိုခဲ့ပါသည်။ ပေါလုက ဤဆင်းရဲဒုက္ခနှင့် ညှင်းပန်းနှိပ်စက်ခြင်းတို့သည် ခံရမည့် အရာများဖြစ်ကြောင်း၊ *"ထိုဆင်းရဲခြင်းကို ခံစေမည်အကြောင်း၊ ငါတို့ကို ခန့်ထားတော်မူသည်"* (၁ သက် ၃း၄) ဟု ဆိုခဲ့ပါသည်။ ဤ ပေါလု၏ သတိပေးခြင်းသည် ပထမဆုံးအကြိမ် မဟုတ်ပါ။ သစ္စာရှိသော ယုံကြည်သူများသည် ညှင်းပန်းနှိပ်စက်ခြင်းကို ခံရမည်အကြောင်း၊ သူတို့ကိုယ်တိုင်လည်း သက်သာလောနိတ်မြို့မှ နှင်ထုတ်ခြင်း ခံခဲ့ရသည်ကို မြင်ခဲ့ပြီးဖြစ်ကြောင်း ပေါလု သတိပေးခဲ့ဖူးပါသည်။

ထိုနည်းတူ၊ ကျွန်တော်တို့သည်လည်း အသက်တာ၌ စစ်ကြောခြင်း ဆင်းရဲဒုက္ခများ ခံရမည် အကြောင်း ကြိုတင်ပြင်ဆင်ဖို့လိုပါသည်။ ဘုရားသခင်အတွက် သန့်ရှင်းစွာ နေထိုင်လျက် အမှုတော် ဆောင်စဉ်၊ ယေရှု အမှုကြောင့် အခက်အခဲ ကြုံတွေ့သည့် အချိန် ရှိလာလိမ့်မည်ဖြစ်ပါသည်။ ထိုအမှုကို ရှောင်ရှားဖို့ရန် ကြိုးစားသည်ထက်၊ ပေတရု သတိပေးထားသည်အတိုင်း ထိုသို့ ကြုံတွေ့သောအခါ အံ့ဩခြင်း မရှိဘဲ၊ ဝမ်းမြောက်ခြင်း ရှိနိုင်ဖို့လိုပါသည် - *"သင်တို့သည် ခရစ်တော်၏ ဆင်းရဲကို ဆက်ဆံကြသည်ဖြစ်၍ . . . ယခုပင် ဝမ်းမြောက်ကြလော့"* (၁ ပေ ၄း၁၃)။ ဤသည်ကား ကျွန်ုပ်တို့၌ ရှိသင့်သော အမြင်မှန်ဖြစ်ပါသည်။ အနန္တတန်ခိုးရှင် ဘုရားသခင်က မိမိ၏ စုံလင်သော ဉာဏ်တော်အားဖြင့် ဆင်းရဲဒုက္ခ ကျော်ဖြတ်ရမည့်အချိန်အခါကို ကျွန်ုပ်တို့အတွက် မှတ်ထားတော်မူ၏။ ထိုအခက်အခဲများကို တည်ကြည်စွာ သည်းခံခဲ့ပါလျှင်၊ ထိုအတွေ့အကြုံများက ကျွန်ုပ်တို့၏ ယုံကြည်ခြင်းကို ခိုင်မာမြဲမြံစေလျက်၊ ဘုရားသခင်နှင့် ကျွန်ုပ်တို့ကို ပိုနီးစေမည်ဖြစ်ပါသည်။

**ဆင်ခြင်ရန်** - ဆင်းရဲဒုက္ခခံဖို့ရန် ဘုရားသခင် အလိုရှိတော်မူလျှင် အဘယ့်ကြောင့် ကျွန်တော် လွတ်မြောက်ဖို့ ကြိုးစားရုန်းကန် နေရပါသနည်း။

**ဆုတောင်းချက်-** အဖဘုရား၊ အသက်တာ၌ ခံရသော ဆင်းရဲဒုက္ခ၏ ရည်ရွယ်ချက်ကို နားလည် မည်အကြောင်း စိတ်ရှည်သည်းခံခြင်း ပေးသနားတော်မူပါ။

အင်္ဂါ၊ နိုဝင်ဘာ (၄)

**၁ သက် ၃း၅**

ဖိလိ ၁း၂၃-၃၀

*"သင်တို့၏ ယုံကြည်ခြင်းကို သိလိုသောငှါ ငါစေလွှတ်၏"*

## သင်တို့၏ယုံကြည်ခြင်းကို ဂရုစိုက် အလေးထားသဖြင့်

ထိုသို့ အာသင်မြို့၌ ရှိနေစဉ်၊ ပေါလု၏စိတ်ထဲ၌ များစွာသောအတွေး ပေါ်လာခဲ့ပါလိမ့်မည်။ ထိုကာလတွင်၊ ဆက်သွယ်ရေး အလွန် ခက်ခဲသည်ဖြစ်သောကြောင့်၊ အသင်းတော်များ၏ အခြေအနေ တိုးတက်မှုကို သိရှိမည်အကြောင်း၊ လူကို စေလွှတ်လျက် သူတို့၏ သတင်းပို့ခြင်းအားဖြင့်သာ သိရှိနိုင်ပါသည်။ ထိုသို့ သတင်းကို စောင့်လျက် နေစဉ်၊ သူတို့သည် စာတန်၏ တိုက်ခိုက်ခြင်းကို ခံလျက်၊ ယုံကြည်ခြင်းမှ ယုတ်လျော့ခဲ့မည်ကို အထူး စိုးရိမ်ခဲ့ပါလိမ့်မည်။ သို့ဆိုလျှင် အရင် ကြိုးစားအားထုတ်ခဲ့သောအမှုသည် အချည်းနှီးဖြစ်ပါလိမ့်မည်။ မိမိ၏ ဝိညာဉ် သားသမီးများကို အစဉ်ဂရုစိုက်သော နို့ထိန်း မိခင်ကဲ့သို့သော တမန်တော် ပေါလု၏စိတ်နှလုံးသည် ထိုသို့သောအတွေးကို တွေးတော ခဲ့ပါသည်။

သူတို့၏ ယုံကြည်ခြင်းကို ပေါလုသည် အစဉ် အလေးထား ဂရုစိုက်ခဲ့ပါသည်။ ပေါလုအတွက် ထိုအရာသည် အရေးကြီးဆုံး ဖြစ်ပါသည်။ သူ၏ သာသနာ ဒုတိယ ခရီးစဉ်၏ အဓိကရည်ရွယ်ချက်သည်လည်း ထိုအမှုပင်ဖြစ်ပါသည်။ တမန် ၁၅း၃၆ တွင် သူက၊ *"ငါတို့သည် သခင်ဘုရား၏ နှုတ်ကပတ်တရားကို ဟောပြောဘူးသော မြို့များတို့၌ ရှိသော ညီအစ်ကိုတို့သည် အဘယ်သို့ရှိနေသည်ကို ကြည့်ရှု၍ ပြန်သွားကြကုန်အံ့ဟု"* ဗာနဗအား ဆိုခဲ့ပါသည်။ ၁ သက် အခန်းကြီး ၃ တခုလုံး ကိုကြည့်လျှင်၊ *"သင်တို့၏ ယုံကြည်ခြင်း"* ဟူသော စကားစုကို လေးကြိမ် ဖော်ပြခဲ့ပါသည် (အငယ် ၂၊ ၅၊ ၇၊ ၁၀)။ ဤအချက်က သူ့စိတ်ထဲ၌ ရှိသောအရာကို ဖော်ပြလျက် ရှိပြီး၊ ထို့အကြောင်းကြောင့် တိမောသေအား သူတို့ထံ စေလွှတ်ခဲ့ခြင်း ဖြစ်ပါသည်။

ကျွန်ုပ်တို့ရော ကိုယ်နှင့်စပ်ဆိုင်သောသူများအပေါ် အဘယ်အမှုကို အဓိက ထားပါ သနည်း။ မိတ်ဆွေ၊ ချစ်သောသူများနှင့် ရင်းနှီးသောသူများ အသက်တာ၌ သင် အဘယ်အမှုကို အလေးထားပါသနည်း။ အချင်းချင်း ရင်းနှီးလာခဲ့ကြပြီး၊ သူတို့၏ ဝါသနာ၊ စိတ်ဝင်စားသောအရာနှင့် ကြိုက်နှစ်သက်သောအရာများကို သိလာခဲ့ကြပါသည်။ ဝိညာဉ် အသက်တာ အတိမ်အနက်ကိုရော အချင်းချင်း ကျွန်တော်တို့ သိခဲ့ကြပါသလား။ သူတို့၏ ယုံကြည်ခြင်းနှင့် ဝိညာဉ် အသက်တာကို အလေးထား ဂရုစိုက်ကြပါသလား။ သူတို့၏ ဆုတောင်းခြင်း အသက်တာနှင့် ဆက်ကပ်မှု ဘယ်လို ရှိသည်ကို သိကြပါသလား။ အချင်းချင်း၏ ဝိညာဉ် အသက်တာကို အလေးထားသော၊ ခရစ်တော်၌ ရင်းနှီးသော ညီအစ်ကိုရှိခြင်းသည် အလွန် မင်္ဂလာရှိသောအရာဖြစ်ပါသည်။ ထိုသို့ဖြင့် ဝိညာဉ် အသက်တာသည် တဖြည်းဖြည်း ကြီးထွား ရင့်ကျက်လာမည်ဖြစ်ပါသည်။ ထိုနည်းအားဖြင့်၊ ကျွန်တော်တို့သည် အချင်းချင်း ချစ်ခြင်းမေတ္တာနှင့် ကောင်းသောအမှုပြုခြင်း၌ အစဉ် နိုးဆော် တိုက်တွန်း နိုင်ကြမည်ဖြစ်ပါသည်။

**ဆင်ခြင်ရန်** - ကျွန်ုပ်၏ ဝိညာဉ်အသက်တာ အောင်မြင်မှုနှင့် အခက်အခဲရင်ဆိုင်မှုအကြောင်းကို နောက်ဆုံး ဘယ်သို့ထံ ဝေငှခဲ့ပါသနည်း။

**ဆုတောင်းချက်-** အဖဘုရား၊ သူတပါး၏ ယုံကြည်ခြင်းနှင့် ဝိညာဉ်အသက်တာကို ကျွန်တော် အလေးထားမည်အကြောင်း မစတော်မူပါ။



စနေ၊ နိုဝင်ဘာ (၂၉)

**၁ သက် ၄း၁၅-၁၇**

၁ ကော ၁၅း၅၁-၅၈

*"အသက်ရှင်၍ ကျန်ကြွင်းသော ငါတို့သည် . . . ချီဆောင်ခြင်းကို ခံရသော အားဖြင့်"*

## ချီဆောင်ခြင်း

တန်ခိုးဖြင့်ပြည့်စုံသော အသံတော်၊ ကောင်းကင်မှ အသံတော်သည် အောင်မြင်ခြင်း တံပိုးမှုတ်သံနှင့်အကွ ကမ္ဘာမြေကြီးတခုလုံးသို့ ပျံ့နှံ့သွားလိမ့်မည်။ အအေးတိုက်နှင့် အချို့သော နေရာမှ အချို့သော လူသေအလောင်းတို့သည် ရုတ်တရက် ပျောက်ကွယ်ကြပါလိမ့်မည်။ တချိန်တည်းမှာဘဲ၊ အသက်ရှင်သော သူများစွာတို့သည်လည်း ကွယ်ပျောက်သွားကြမည်။ အဘယ်အမှု ဖြစ်ပွားပါသနည်း။ ချီဆောင်ခြင်းအမှုပင်ဖြစ်ပါသည်။

ထိုအမှုကို ပေါလုက ၁ သက် ၄း၁၅-၁၇ ထဲတွင် ဖော်ပြခဲ့ပါသည်။ သခင်ယေရှု ကြွလာတော်မူသောအခါ၊ ခရစ်တော်၌ သေသောသူများသည် အရင် ထမြောက်လျက်၊ အသက်ရှင်သောသူများသည် ပြောင်းလဲ၍ ကောင်းကင်ယံ၌ သခင်ယေရှုနှင့် တွေ့ဆုံမည်အကြောင်း အတူတကွ ချီဆောင်ခြင်း ခံကြမည်ဖြစ်ပါသည်။ ထိုအမှုသည် ရုတ်တရက်ဖြစ်ပွားလိမ့်မည်။ *"နောက်ဆုံးသော တံပိုးမှုတ်သောအခါ၊ တခဏခြင်းတွင် မျက်စိတမှိတ်၌ ငါတို့ရှိသမျှသည် ပြောင်းလဲခြင်းသို့ ရောက်ရကြမည်။ ထိုတံပိုးမှုတ်ချိန် ရောက်သောအခါ၊ သေလွန်သောသူတို့သည် မပုပ်နိုင်သော အဖြစ်၌ တည်လျက် ထမြောက်၍ ငါတို့ရှိသမျှသည် ပြောင်းလဲခြင်းသို့ ရောက်ရကြမည်"* (၁ ကော ၁၅း၅၂)။

"Rapture" ဟူသော စကားလုံးသည် ပြင်သစ်နှင့်လာတင် စကားမှ ဆင်းသက်ခြင်း ဖြစ်ပါသည်။ အဓိပ္ပါယ်မှာ ချီဆောင်ခြင်း၊ အားဖြင့် ဆွဲယူခြင်း ဖြစ်ပါသည်။ သခင်ယေရှု ကြွလာတော်မူသောအခါ ဖြစ်ပျက်မည့်အမှု ဖော်ပြခြင်း၌ ဤစကားလုံးသည် အလွန် ကိုက်ညီမှု ရှိလှပါ၏။ ရှင်ပြန်ထမြောက်တော်မူသော ခရစ်တော် ပိုင်ဆိုင်သည့် ဘုန်းအသရေနှင့် ပြည့်စုံသော ခန္ဓာကိုယ်ကဲ့သို့သော၊ မပျက်စီး၊ မသေနိုင်သော ခန္ဓာကိုယ်ဖြင့် ယုံကြည်သူအပေါင်း (သေသောသူ၊ အသက်ရှင်သောသူ) တို့သည် ထမြောက် ပြောင်းလဲလျက်၊ မိုးကောင်းကင်ယံသို့ ရုတ်တရက် အံ့ဘွယ်သော တန်ခိုးတော်အားခြင့် ပို့ဆောင်ခြင်း ခံရကြမည်။ ကျွန်ုပ်တို့အတွက် ထိုအမှုသည် ထာဝရ၏အစအဦး ဖြစ်ပါသည်။ ဤလောက ခရီးစဉ် ပြီးဆုံးလျက်၊ ဘုရားသခင်နှင့်အတူ ထာဝရ ခရီးစတင်မည်ဖြစ်ပါသည်။ ထိုအခါ၊ ကျွန်တော်တို့သည် လုံးဝ အပြစ်ကင်းစင်သောသူ ဖြစ်၍ ဘုရားသခင်နှင့်အတူတကွ စုံလင်သော မိသာဟာရ ဖွဲ့နိုင်တော့မည်ဖြစ်ပါသည်။

ထိုဂတိတော်ကို ယုံကြည်သူအပေါင်း စောင့်မျှော်နေကြ၏။ ဘယ်တော့ ဖြစ်လာမည်ကို မသိသော်လည်း၊ မကြာမီ ဖြစ်လာမည်ဟု သိရပါသည်။ သခင်ယေရှု ကြွလာတော်မူခြင်းအတွက် ကျွန်တော်တို့ အစဉ် သတိပြုလျက် သမာသတိရှိကြပါစို့။ ကျန်ရစ်ခဲ့မည့် မယုံကြည်သူများသည် တုန်လှုပ် အံ့သြခြင်း ရှိခဲ့ကြလိမ့်မည်။ သူတို့အတွက် ထိုအမှုသည် ဝမ်းနည်းခြင်း အစသာလျှင် ဖြစ်၏၊ ဘေးဒဏ်ကြီးကာလကျရောက်လျက် ဤကမ္ဘာကြီးကို ဘုရားသခင် စီရင်တော်မူမည်။ ထို့ကြောင့်၊ နောင်တရလျက် သခင်ယေရှု ခရစ်တော်ကို ယနေ့ ယုံကြည်ပါလော့။

**ဆင်ခြင်ရန်** - ချီဆောင်ခြင်း ကျရောက်သောအခါ လောကီလူသားတို့သည် မည်သို့ ရှင်းပြကြပါလိမ့်မည်နည်း။

**ဆုတောင်းချက်-** အဖဘုရား၊ သခင် ယေရှု ခရစ်တော် ကြွလာတော်မူမည့်အချိန်အတွက် အစဉ် အသင့်ရှိမည်အကြောင်း၊ ဆုတောင်းလျက် စောင့်နေမည်အကြောင်း မစတော်မူပါ။

*"ဘုရားသခင်သည် ကြွေးကြော်ခြင်း . . . နှင့်တကွ၊ ကောင်းကင်ဘုံမှ ကိုယ်တိုင် ဆင်းသက်တော်မူ၍"*

## ခရစ်တော် တဖန် ကြွလာတော်မူခြင်း

ယေရှု ကားတိုင်၌ အသေမခံမီ၊ တပည့်တော်များအား မိမိထွက်ခွါခြင်းအတွက် ပြင်ဆင်အားပေးခဲ့စဉ် မိမိအဖန် ကြွလာတော်မူမည့်အကြောင်းကိုလည်း ဂတိပေး ခဲ့ပါသည်။ ယော ၁၄း၂-၃ ၌၊ "*သင်တို့ နေစရာအရပ်ကို ပြင်ဆင်ခြင်းငှါ ငါသွားရ၏။ ငါသည် သွား၍ သင်တို့ နေစရာအရပ်ကို ပြင်ဆင်ပြီးမှ တဖန်လာပြန်၍၊ ငါရှိရာအရပ်၌ သင်တို့ ရှိစေခြင်းငှါ သင်တို့ကို ငါ့ထံသို့ သိမ်းဆည်းမည်*" ဟု မိန့်တော်မူ၏။ သူတို့၏ တခုတည်းသော ကယ်တင်ခြင်းလမ်းဖြစ်သည့် ကားတိုင်၌ အသေခံခြင်းနှင့်ရှင်ပြန်ထမြောက်ခြင်းအကြောင်းကို မိန့်တော်မူပြီး၊ သူတို့ကို သိမ်းဆည်းဖို့ရန် တဖန် ကြွလာတော်မူမည်အကြောင်း ဂတိပေးခြင်းဖြစ်ပါသည်။ ယေရှု ကောင်းကင်ဘုံသို့ တက်ကြွသွားတော်မူစဉ်၊ ကောင်းကင်တမန် ဟု ထင်ရသော ဝတ်လုံဖြူ ဝတ်ဆင်ထားသည့် လူနှစ်ဦးက တပည့်တော်များအား၊ "*အို ဂါလိလဲလူတို့၊ အဘယ်ကြောင့် ကောင်းကင်သို့ ကြည့်မျှော်လျက်နေကြသနည်း။ သင်တို့နှင့် ခွါ၍ ကောင်းကင်သို့ ဆောင်ယူခြင်းကို ခံတော်မူသော ထိုယေရှုသည် သင်တို့ မျက်မှောက်၌ ကောင်းကင်သို့ ကြွသွားတော်မူသည်နည်းတူ တဖန်ကြွလာတော်မူလတံ့*" (တမန် ၁း၁၁) ဟု ဆိုခဲ့ပါသည်။

ထိုအချိန်မှစပြီး၊ ယုံကြည်သူများသည် သခင်ယေရှု ခရစ်တော် ပြန်လည် ကြွလာတော်မူမည့်အချိန်ကို စောင့်မျှော်လျက် ရှိကြပါသည်။ ၁ သက် ၄း၁၅-၁၇ ထဲတွင်၊ ပေါလုက သခင်ယေရှု ကြွလာတော်မူသောအခါ ဖြစ်ပျက်မည့်အရာကို ဖော်ပြခဲ့ပါသည်။ ထိုဖော်ပြချက်မှုကား၊ ယေရှု ကြွလာတော်မူခြင်းသည် သန့်ရှင်းသူများကို မိမိထံ သိမ်းဆည်းရန်ဖြစ်ပြီး၊ သူသည် ကောင်းကင်ယံ မိုးတိမ်အထိ ကြွလာတော်မူလျက်၊ ခရစ်တော်၌ သေသောသူများနှင့် အသက်ရှင်သော သန့်ရှင်းသူများကို ခေါ်ဆောင်မည်ဖြစ်ပါသည်။ သို့သော်လည်း၊ ဤကမ္ဘာမြေကြီးအထိ ကြွလာတော်မူမည် မဟုတ်သေးပါ။ ကမ္ဘာမြေအထိ ကြွလာတော်မူခြင်းသည် ထိုအမှုမှ ခုနစ်နှစ်နောက်ပိုင်း၊ ဘေးဒဏ်ကြီးကာလ အဆုံး၌သာ ဖြစ်လိမ့်မည်။

ပေါလုက သခင်ယေရှု မိုးတိမ်အထိ ကြွလာတော်မူခြင်းသည် ရုတ်တရက် ဖြစ်ပျက်မည့် အလွန် မင်္ဂလာရှိသောအဖြစ်အပျက်ဖြစ်လိမ့်မည်ဟု ရှင်းပြခဲ့ပါသည်။ ကောင်းကင်မှ အသံတော်၊ ကောင်းကင်တမန်မင်း အသံပေးခြင်းနှင့် ဘုရားသခင်၏ တံပိုးတော် မှုတ်ခြင်းဖြင့် ထိုအမှု စတင်ပါလိမ့်မည်။ ဓမ္မဟောင်းကျမ်းတွင်၊ တံပိုးမှုတ်ခြင်းကို လူတို့အား စုဝေးဖို့ရန် အသုံးပြုသကဲ့သို့၊ အောင်မြင်မှု အထိမ်းအမှတ်အဖြစ်လည်း အသုံးပြုပါသည်။ ယခု တပိုးမှုတ်ခြင်းသည် ထိုအမှုနှစ်ခု စလုံးအတွက်ဖြစ်ပါသည်၊ မိမိလူတို့ကို ခေါ်ဖို့ရန်၊ အပြစ်နှင့် သေခြင်းအပေါ် အောင်မြင်ခြင်း အထိမ်းအမှတ်အဖြစ် မှုတ်ခြင်းဖြစ်ပါသည်။ ထိုအခါ၊ ခရစ်တော်၌ သေသောသူအပေါင်းတို့သည် ဘုန်းဝင်စားရာ ခန္ဓာကိုယ်ဖြင့် ရှင်ပြန်ထမြောက်ပြီး၊ အသက်ရှင်သော သန့်ရှင်းသူတို့သည် ပြောင်းလဲ၍ ထိုမိုးတိမ်ပေါ်၌ အောင်မြင်ခြင်းနှင့်တကွ တွေ့ဆုံဖို့ရန် ချီဆောင်ခြင်း ခံရကြမည်။ ထိုအမှုသည် အဆုံးသတ် စတင်ခြင်းဖြစ်ပါသည်။ သခင်ယေရှုက အသင်းတော်အား၊ "သင့် အချိန် ကုန်ပြီ၊ သင့် အမှု ပြီးပြီ။ လာလော့၊ ဝမ်းမြောက်စွာ ချီးမွမ်းကြစို့" ဟု ဖိတ်ခေါ်ခြင်းဖြစ်၏။

**ဆင်ခြင်ရန်** - သခင်ဘုရား ကြွလာတော်မူမည့်အချိန်ကို ကျွန်တော် မျှော်ကြည့်နေပါသလား။
**ဆုတောင်းချက်-** "သခင်ယေရှု ကြွလာတော်မူပါ" (ဗျာ ၂၂း၂၀)။





*"စုံစမ်းသွေးဆောင်တတ်သောသူသည် သင်တို့ကို စုံစမ်းသွေးဆောင်သဖြင့်၊ ငါတို့ပင်ပန်းစွာ လုပ်ဆောင်ခြင်းအမှုသည် အချည်းနှီးဖြစ်မည်ဟု စိုးရိမ်၍"*

## စာတန်သည် အောင်မြင်ခဲ့လျှင် မည်သို့ဖြစ်မည်နည်း

စာတန်အသုံးပြုသော တိုက်ခိုက်နည်း တခုမှာ ဖြားယောင်းသွေးဆောင်ခြင်းတည်းဟူသော၊ မကောင်းမှု၊ ဘုရားသခင် မနှစ်သက်သောအမှုကို ပြုဖို့ရန် တိုက်တွန်း သွေးဆောင်ခြင်း ဖြစ်ပါသည်။ လူတို့အား အပြစ်ထဲသို့ ကျဆုံးစေသည့် ဧဒင်ဥယျာဉ်ထဲ၌ တားမြစ်ထားသောအသီးကို စားဖို့ရန် ထိုဖြားယောင်းသွေးဆောင်မှုကို အသုံးပြုခဲ့ပြီး၊ တောထဲ၌လည်း ယေရှုအား ထိုနည်းကို အသုံးပြုလျက် သွေးဆောင်ခဲ့ပါသည် (မသဲ ၄း၁-၁၁)။ "*စုံစမ်းသွေးဆောင်တတ်သောသူ*" ဟူသော အမည်နာမကို စာတန်အား ရည်ညွှန်း၍ ကျမ်းစာထဲတွင်၊ နှစ်ကြိမ် (မသဲ ၄း၃၊ ၁ သက် ၃း၅) သာ အသုံးပြုခဲ့သော်လည်း၊ စာတန်သည် ထိုဖြားယောင်းသွေးဆောင်ခြင်းကို အစဉ် အသုံးပြုသည်ဖြစ်သောကြောင့်၊ ကျွန်တော်တို့ အထူးသတိပြုဖို့လိုပါသည်။

သက်သာလောနိတ် ခရစ်ယာန်များ ရင်ဆိုင်နေရသော သွေးဆောင်ခြင်းသည် ညှင်းပန်းနှိပ်စက်ခြင်းနှင့် ဆင်းရဲဒုက္ခများ ပင်ဖြစ်ပါသည်။ စာတန် လိုချင်သောအရာသည် ထိုအခက်အခဲများကြောင့် သူတို့၏ ယုံကြည်ခြင်း ယုတ်လျော့လျက် ဘုရားသခင်အတွက် အမှုတော် မဆောင်ဘဲ နေကြရန် ဖြစ်ပါသည်။ ထိုသို့ ဖြစ်ခဲ့ပါလျှင်၊ သူတို့ထံ ပေါလု ကြိုးစားပြုခဲ့သောအမှုသည် အချည်းနှီးဖြစ်ခဲ့လိမ့်မည်၊ အကျိုးမရှိဖြစ်ခဲ့ပါလိမ့်မည်။

ပေါလုက မိမိကိုယ်ကျိုး၊ မိမိဘုန်းအသရေကို မရှာခဲ့ကြောင်း ဖော်ပြခဲ့ပါသည်။ မိမိ၏ အချိန်နှင့် ကြိုးစားအားထုတ်မှု အချည်းနှီးဖြစ်သွားမည်ဖြစ်သောကြောင့် ဝမ်းနည်းခြင်းလည်း မဟုတ်ခဲ့ပါ။ ဖော်ပြခဲ့သည်အတိုင်း၊ သူ အဓိကထားသောအရာမှာ သက်သာလောနိတ် ခရစ်ယာန်တို့၏ ယုံကြည်ခြင်းသာလျှင် ဖြစ်ပါသည်။ သူ၏ကြိုးစားအားထုတ်မှု အချည်းနှီးဖြစ်သည်ဟု ဆိုခြင်းသည်၊ သူတို့၏ ယုံကြည်ခြင်း ကြီးထွားဖို့ရန် ပြုစု ပျိုးထောင်ခြင်းအတွက် သူ အားထုတ်ခဲ့သော ကြိုးစားမှု အလဟဿဖြစ်ခြင်းကို ဆိုလိုပါသည်။ အသင်းတော်၏ အမှုတော်ဆောင်ခြင်းအမှု ပျက်သုဉ်းမည်ဖြစ်၍ အစမှ ပြန်လည် စတင်ဖို့ လိုအပ်လာမည်ဖြစ်ပါသည်။ ထိုအခါ စာတန်၏ ဖြားယောင်းသွေးဆောင်မှု အောင်မြင်သည်ဟု ဆိုရပါမည်။

အမှန်မှာ၊ ကျွန်တော်တို့သည် စာတန်အား အောင်မြင်မှု မရစေလိုပါ။ ကျွန်တော်တို့သည် ဝိညာဉ် စစ်ပွဲ ဆင်နွှဲနေကြရသည် ဖြစ်သောကြောင့်၊ စာတန်၏ ဖြားယောင်းသွေးဆောင်မှုကို ကြံ့ကြံ့ခံလျက် မြဲမြံစွာ ရပ်တည်ကြဖို့ လိုအပ်ပါသည်။ "*ဘုရားသခင်၏အလိုတော်သို့ လိုက်ကြလော့။ မာရ်နတ်ကို ဆီးတားကြလော့။ သို့ပြုလျှင်၊ သူသည် သင်တို့ထံက ပြေးသွားလိမ့်မည်*" (ယာကုပ် ၄း၇)။ ထိုသို့ မဟုတ်ဘဲ၊ ကြုံတွေ့ရင်ဆိုင်ရသော အခက်အခဲ ဆင်းရဲဒုက္ခများကြောင့် ဘုရားသခင်၏ အမှုတော်ကို မဆောင်ရွက်တော့ဘဲ၊ အရှုံးပေး လက်မြှောက်ခဲ့ပါလျှင်၊ စာတန် အောင်မြင်မှု ရသည်ဟု ဆိုရမည်ဖြစ်ပါသည်။

**ဆင်ခြင်ရန်** - စာတန်သည် အချို့သော တိုက်ပွဲ၌ အောင်မြင်မှု ရနိုင်သော်လည်း၊ စစ်ပွဲကိုမူ ဘယ်တော့မှ အောင်နိုင်မည် မဟုတ်ပါ။
**ဆုတောင်းချက်-** အဖဘုရား၊ စာတန်၏ ပါးနပ်သော တိုက်ခိုက်မှုများကို တောင့်ခံတွန်းလှန်နိုင်မည်အကြောင်း အကျွန်ုပ်အား မစတော်မူပါ။

၁ သက် ၃း၅-၆
တမန် ၂၀း၃၆-၃၈

*"ငါတို့သည် သင်တို့ကို လွမ်းသကဲ့သို့ သင်တို့သည် ငါတို့ကို လွမ်း၍"*

## အပြန်အလှန် မိတ်ဆွေ မေတ္တာပြခြင်း

ပေါလုသည် သက်သာလောနိတ် ခရစ်ယာန်များကို အထူး ဂရုစိုက်ခဲ့ပါသည်။ ထို့ကြောင့်၊ တဦးတည်း ကျန်နေခဲ့ဖို့ ဆုံးဖြတ်ခဲ့ပြီး၊ သူတို့၏အခြေအနေကို သိရဖို့ရန်နှင့် ယုံကြည်ခြင်းအမှု၌ သူတို့ကို အားပေးဖို့ရန် တိမောသေကို စေလွှတ်ခဲ့ပါသည်။ ထိုသို့ တိမောသေ ပြန်လာသောအခါ၊ သူတို့၏ ယုံကြည်ခြင်း၊ ချစ်ခြင်းမေတ္တာအကြောင်း ကောင်းသော သတင်း ယူဆောင်လာခဲ့ပြီး၊ သူတို့က လည်း ပေါလုကို အလွန် ချစ်လျက် သတိရပြီး၊ တွေ့လိုခြင်း ရှိခဲ့ကြကြောင်း ပြောပြခဲ့ပါသည်။ ထိုအကြောင်းသည် ပေါလုအတွက် နှစ်သက် စိတ်သက်သာအရာ အလွန်ကောင်းခဲ့ပါလိမ့်မည်။ တိမောသေ စေလွှတ်ခြင်းသည် အကျိုးရှိခဲ့ပါ၏။ ပေါလုနှင့် သက်သာလောနိတ် ခရစ်ယာန်များ အကြား၌ ရှိသော မိတ်ဆွေမေတ္တာသည် အလွန်နှစ်သက်စရာ ကောင်းလှပါသည်။ ထိုသို့အချင်းချင်း အပြန်အလှန် ဂရုစိုက် မေတ္တာ ရှိခြင်းသည် ခရစ်တော်၌ တည်သော ချစ်ခြင်း ရစ်ပတ်မှုကြောင့် သာလျှင် ဖြစ်နိုင်သောအရာ ဖြစ်ပါသည်။

မိတ်ဆွေဖြစ်ခြင်းသည် အပြန်အလှန် သဘောရှိကြောင်း ကျွန်တော်တို့ သိကြပါ၏။ အပြန်အလှန် သနားကြင်နာခြင်း၊ ဂရုစိုက်ခြင်း ရှိရပါမည်။ ပေါလုသည် သက်သာလောနိတ် ခရစ်ယာန်များ၏ ဝိညာဉ် အကျိုးအတွက် ထိုမျှလောက် ပေးဆပ်မှုကိုပြုပြီးမှ သူတို့ကလည်း ထိုမိတ်ဆွေဖြစ်ခြင်းကိုပြန်လည် ကောင်းမွန်စွာ မတုန့်ပြန်ခဲ့လျှင် အလွန် ဝမ်းနည်းစရာ ကောင်းခဲ့ပါလိမ့်မည်။ သို့သော်လည်း၊ ဝမ်းမြောက်စရာကောင်းသည်မှာ ထိုသို့ မပြုခဲ့ကြပါ။ သက်သာလောနိတ်လူတို့သည် ပေါလု ပြုခဲ့သော အမှုတော်မြတ်ကြောင့် အလွန် ဝမ်းမြောက်ခဲ့ကြပြီး၊ သူ ပြန်လည်လာရောက်မည်ကို တောင့်တခြင်း ရှိခဲ့ကြပါသည်။

စစ်မှန်သော မိတ်ဆွေဖြစ်ခြင်းသည် အပြန်အလှန်သဘောရှိမှသာ ကြီးထွားပွင့်လန်း နိုင်၏။ အချင်းချင်း ချစ်ခြင်းမေတ္တာပြလျက် ဝိညာဉ်ရေးရာအမှု၌ အချင်းချင်း အပြန်အလှန် ဂရုစိုက်ကြရပါမည်။ ဘုရားသခင်၌ အချင်းချင်း အားပေး ကူညီမစ လိုသော စိတ်ရှိလျက်၊ ဝိညာဉ် အကျိုးအတွက် အပြန်အလှန် အချင်းချင်း စတေးခြင်း မေတ္တာ ရှိမှသာ ထိုမိတ်ဆွေဖြစ်ခြင်းသည် ကြီးထွားရှင်သန် နိုင်မည်ဖြစ်ပါသည်။

သင်၌ မိတ်ဆွေ (သို့) သင်၏ ဝိညာဉ်အရေးကို အလေးထားသော အသင်းတော် ဆရာ ရှိ၍ သင့်ကို အချိန်ပေးပြီး ကူညီ လမ်းပြ ကူညီမစလိုသောသူ ရှိခဲ့လျှင်၊ ထိုသို့သောအမှုကို သင်ကိုယ်တိုင်သည်လည်း ပြုလိုပါမည်လော။ စစ်မှန်သော မိတ်ဆွေ ဖြစ်လာနိုင်သောသူများကို သင် နှင်ထုတ်လျက်၊ သခင်ဘုရားနှင့် သင့်ကို ဝေးကွာစေသော လောကီမိတ်ဆွေများကိုသာ သင် ရွေးချယ်ခဲ့ပါသလား။

**ဆင်ခြင်ရန်** - (သုတ္တံ ၂၇း၉ ကို ဖတ်ပါ)။

**ဆုတောင်းချက်-** အဖဘုရား၊ ကျွန်ုပ်ဘဝ၌ မိတ်ဆွေများ ပေးသနားတော်မူသောကြောင့် ကျေးဇူး တင်ပါ၏။ ကျွန်ုပ်အား မိတ်ဆွေကောင်း ဖြစ်မည်အကြောင်း သွန်သင်တော်မူပါ။





၁ သက် ၄း၁၃-၁၄
၁ ကော ၁၅း၁-၂၃

*"ယေရှုသည် သေပြီးမှတဖန် ထမြောက်တော်မူသည်ကို ငါတို့သည် ယုံလျှင်"*

## ယေရှုသည် သေပြီးမှ ရှင်ပြန်ထမြောက်တော်မူ၏

သခင်ယေရှု ခရစ်တော်၏ သေခြင်းနှင့် ရှင်ပြန်ထမြောက်ခြင်းသည် သတင်းကောင်း၏ အခြေခံအုတ်မြစ်ဖြစ်ပါသည်။ ကယ်တင်ခြင်း ခံရဖို့ရန် ခရစ်တော်အကြောင်း ထိုအချက် နှစ်ချက်ကို ကျွန်တော်တို့ ယုံကြည်ရမည်ဖြစ်ပါသည်။ ထိုတရားကို ၁ ကော ၁၅း၃-၄ တွင် ဖော်ပြခဲ့ပါသည်၊ *"ခရစ်တော်သည် ကျမ်းစာလာသည်အတိုင်း ငါတို့အပြစ်ကြောင့် အသေခံ တော်မူ၏။ သင်္ဂြိုဟ်ပြီးမှ၊ ကျမ်းစာလာသည်အတိုင်း သုံးရက်မြောက်သော နေ့၌ ထမြောက်တော်မူ၏။"* ကာရနီ ကားတိုင်ပေါ်၌ အသေခံခြင်းဖြင့်၊ ယေရှုသည် ကျွန်ုပ်တို့ကိုယ်စား အပြစ်ဒဏ်ကို ခံခဲ့ပါသည်။ အပြစ်၏အခဖြစ်သော သေခြင်းကို ခံခဲ့ခြင်းဖြင့်၊ ကျွန်ုပ်တို့အတွက် အပြစ်ဖြေခြင်းကို ပြုတော်မူခဲ့၏။ သူသည် စုံလင်သောသူ၊ အပြစ်ကင်းသောသူ ဖြစ်သောကြောင့်၊ ထိုသေခြင်းနှင့် ထိုက်တန်ခြင်း မရှိခဲ့ပါ။ သို့သော်လည်း၊ ကျွန်ုပ်တို့အတွက် မိမိ၏အသက်ကို လိုလိုလားလား ပေးတော်မူခဲ့ပါသည်။ မိမိအလိုအလျောက် ပူဇော်သော ယဇ်ပင်ဖြစ်ပါသည်။

သို့သော်လည်း၊ ယေရှုသည် အစဉ် သေလျက် မရှိခဲ့ပါ။ သုံးရက်မြောက်သောနေ့တွင်၊ ခမည်းတော် ဘုရားက သေခြင်းမှ ထမြောက်စေတော်မူ၏။ ဆိုလိုသည်မှာ၊ ခရစ်တော် ပူဇော်သော ယဇ်ကို လက်ခံတော်မူကြောင်း ပြသခြင်းဖြစ်ပြီး၊ သေခြင်းကို အောင်မြင်စေတော်မူခဲ့၏။ ယေရှုအား အိပ်ပျော်သောသူတို့တွင် အဦးသီးသောအသီးဟု ဖော်ပြပါသည် (၁ ကော ၁၅း၂၀)။ ဆိုလိုသည်မှာ၊ အပင်၌ ပထမဆုံးသီးသော အသီးကဲ့သို့ သူသည် သေခြင်းမှ ဘုန်းအသရေရှိသော ကိုယ်ဖြင့် အဦးဆုံး ထမြောက်သောသူဖြစ်ကြောင်း ဖော်ပြခြင်းဖြစ်ပြီး၊ အခြားသူများလည်း ထိုနည်းတူ နောက်၌ ထမြောက်ကြပါလိမ့်မည်။ ခရစ်တော်အားဖြင့်၊ ရှင်ပြန်ထမြောက်ခြင်း မြော်လင့်ချက် ကျွန်ုပ်တို့၌ ယခု ရှိခဲ့ပါပြီ။

ယေရှုသည် သေလျက် ရှင်ပြန်ထမြောက်တော်မူကြောင်း ယုံကြည်သောသူများအတွက် ဂတိတော်ဟူမူကား၊ သူတို့သည် သေလွန်သော်လည်း၊ တနေ့တွင် ခရစ်တော် ပိုင်ဆိုင်သော ကိုယ် ကဲ့သို့သော ဘုန်းအသရေရှိသည့်၊ ရှင်ပြန်ထမြောက်သော ကိုယ်ခန္ဓာကို ပိုင်ဆိုင်လျက် ထမြောက် ကြလိမ့်မည် ဟူ၍ဖြစ်ပါသည်။ ရှင်ပြန်ထမြောက်ခြင်း ဂတိတော်ဖြစ်ပါသည်။

ပေါလုသည် ထိုဂတိတော်ကို ယုံကြည်သူတိုင်း သိစေလို၏။ ရှင်ပြန်ထမြောက်ရာနေ့ကို နှစ်တိုင်း ကျွန်တော်တို့ အောက်မေ့လျက်ရှိပါသည်။ ကောင်းမြတ်သော သောကြာနေ့တွင် ယေရှု သေခြင်းကို အောက်မေ့လျက်၊ ရှင်ပြန်ထမြောက်ရာနေ့တွင် သေခြင်းမှ ယေရှု ရှင်ပြန်ထမြောက်တော် ကြောင်း အောက်မေ့ခဲ့ပါသည်။ ယေရှုသည် ယခု အသက်ရှင်လျက် ရှိတော်မူ၏။ ထိုသို့ အသက်ရှင် တော်မူသောကြောင့် ပေါလု ကဲ့သို့ ဤသို့ ကျွန်တော်တို့ ဆိုနိုင်ပါသည်၊ *"အို သေမင်း၊ သင်၏ လက်နက်သည် အဘယ်မှာရှိသနည်း။ အို မရဏာနိုင်ငံ၊ သင်၏အောင်မြင်ခြင်း သည် အဘယ်မှာရှိ သနည်း။ သေမင်း၏ လက်နက်ကား၊ ဒုစရိုက်အပြစ် ပေတည်း၊ ဒုစရိုက် အပြစ်၏ တန်ခိုးကား၊ ပညတ်တရား ပေတည်း။ ငါတို့ သခင်ယေရှု ခရစ်အားဖြင့် ငါတို့အား အောင်ခြင်းအခွင့် ကို ပေးတော်မူသော ဘုရားသခင်၏ ကျေးဇူးတော်သည် ကြီးလှစွတကား"* (၁ ကော ၁၅း၅၅-၅၇)။

**ဆင်ခြင်ရန်** - သေခြင်းကို ကျွန်တော် ကြောက်ပါသလား။

**ဆုတောင်းချက်-** အဖဘုရား၊ ခရစ်တော်၏ သေခြင်း၊ ရှင်ပြန်ထမြောက်တော်မူခြင်းအားဖြင့်၊ ရရှိခဲ့သော ထာဝရအသက်ကြောင့် ကိုယ်တော့်ကို ကျေးဇူးတင်ပါသည်။

*"မြော်လင့်ခြင်းမရှိသော အခြားသူတို့သည် ဝမ်းနည်းသကဲ့သို့ သင်တို့သည် ဝမ်းမနည်းမည်အကြောင်း"*

## မြော်လင့်ခြင်း နှင့် ဝမ်းနည်းခြင်း

ချစ်သောသူများ သေ သောအခါ အလွန်ခံစားရပါသည်။ သူတို့နှင့်အတူ ကုန်ဆုံးခဲ့သော အချိန်ကို ကျွန်တော်တို့သည် တန်ဖိုးထား အမှတ်ရနေကြပါလိမ့်မည်။ ထိုသို့သောအမှတ်တရကို ပြန်လည် ဖန်တီး၍ မရတော့ပါ။ ပုံမှန်အားဖြင့် ဝမ်းနည်း ပူဆွေးခြင်း ခံစားခဲ့ကြရပါသည်။ ထို ဝမ်းနည်းခြင်းသည် တဖြည်းဖြည်း လျော့နည်းလာတတ်သော်လည်း၊ လုံးဝပျောက်ကွယ်သွားခြင်းမျိုး ဘယ်တော့မှ ရှိမည် မဟုတ်ပါ။

သို့သော်လည်း၊ ယုံကြည်သူ သေသောအခါ၊ ဝမ်းနည်းမှုအကြား၌ မြော်လင့်ခြင်း ကျွန်ုပ်တို့၌ ရှိပါသည်။ ထိုအချက်ကို သိလျက်၊ ပေါလုသည် ကျွန်ုပ်တို့အား ဝမ်းနည်းခြင်း မရှိဖို့ရန် မဟုတ်ဘဲ၊ ထိုဝမ်းနည်းခြင်းအကြား၌ မြော်လင့်ခြင်း မရှိသောသူများကဲ့သို့ ဝမ်းမနည်းမည်အကြောင်း၊ မှားယွင်းသောအမှုကို မပြုမည်အကြောင်း သတိပေး တိုက်တွန်းခြင်းဖြစ်ပါသည်။

ပေါလုသည် သခင်ယေရှု ဒုတိယအကြိမ် ကြွလာတော်မူခြင်းတရားကို ယခု ဖော်ပြခဲ့ပါသည်။ အသင်းတော်၌ အချို့သောသူများသည် သေလွန်သော မိမိတို့ ချစ်သောသူများ မည်သို့ ရှိကြမည်ကို သေချာ မသိသောကြောင့် ထိုအမှုကို ပေါလု ဖော်ပြခဲ့၏။ ထိုအကြောင်းကို အရင် အချိန်၌ စုံလင်စွာ သွန်သင်ခဲ့ခြင်းငှါ ပေါလု အချိန် မရခဲ့ဟု ထင်ရပါသည်။ ထို့ကြောင့်၊ ယခု၌ ခရစ်တော် တဖန်ကြွလာတော်မူခြင်းအကြောင်းနှင့် သန့်ရှင်းသူများ ရှင်ပြန်ထမြောက်ခြင်း ဂတိတော် အကြောင်းကို စာဖြင့် ရေးပို့ခဲ့ခြင်း ဖြစ်ပါသည်။

ပေါလုက သူတို့အား "*အိပ်ပျော်သောသူ*" (၁ သက် ၄း၁၃) များ အကြောင်း၌ ဘာမှ မသိဘဲ မနေ စေလိုခဲ့ပါ။ အကြောင်းမှာ သူတို့သည် တနေ့တွင် ပြန်လည် ထမြောက်မည့် ခရစ်ယာန်များဖြစ်ပါသည်။ အိပ်ပျော်သောသူများသည် နိုးထသကဲ့သို့၊ သူတို့သည်လည်း မကြာမီ နိုးထလျက် အသက်ပြန်ရှင်ကြပါလိမ့်မည်။ ဝမ်းနည်းစရာကောင်းသော်လည်း၊ မြော်လင့်ခြင်းမဲ့ ပူဆွေးသောက ရောက်ဖို့ မဟုတ်ပါ။ ထို့ကြောင့် ဝမ်းနည်းသော်လည်း၊ သူတို့၏ဝိညာဉ်သည် ဘုရားသခင်နှင့်အတူ ကောင်းကင်ဘုံ၌ ရှိလျက် ခရစ်တော်ကြွလာတော်မူသောအခါ၊ ဘုန်းတော်ဝင်စားသော ကိုယ်ဖြင့် သူတို့သည် ရှင်ပြန်ထမြောက်ပြီး ကျွန်တော်တို့နှင့် ထာဝရ ပြန်လည် ဆုံတွေ့ကြမည်ဖြစ်ကြောင်း ကျွန်တော်တို့ သေချာ သိထားဖို့လိုပါသည်။

ထိုအလွန်မြတ်သော မြော်လင့်ခြင်းကို ခရစ်ယာန်အပေါင်း ပိုင်ဆိုင်ထားကြပါသည်။ ခန္ဓာကိုယ်နှင့် ကင်းကွာခြင်းသည် ဘုရားသခင်နှင့်အတူ နေခြင်းဖြစ်ကြောင်း ကျွန်တော်တို့ သေချာ သိထားပါသည်။ သေခြင်းသည် တခဏသာ ဝေးကွာခြင်းဖြစ်ကြောင်း ကျွန်ုပ်တို့၌ အံ့ဘွယ် မြော်လင့်ခြင်း ရှိပါသည်။ တနေ့တွင် ကျွန်တော်တို့သည် ပြန်လည်ဆုံတွေ့ကြမည်ဖြစ်ပြီး၊ ထိုတွေ့ဆုံမှုသည် အဆုံးသတ်မဲ့သော၊ မကုန်ဆုံးနိုင်သော တွေ့ဆုံမှုပင်ဖြစ်ပါလိမ့်မည်။

**ဆင်ခြင်ရန်** - ဝမ်းနည်းခြင်းနှင့်မြော်လင့်ခြင်းတို့သည် ဆန့်ကျင်သောအရာ မဟုတ်ကြပါ၊ သေဆုံးခြင်းအမှု၌ ဒွန်တွဲသောအရာဖြစ်ကြပါသည်။

**ဆုတောင်းချက်-** အဖဘုရား၊ ခရစ်တော်၌ ပိုင်ဆိုင်သော မင်္ဂလာရှိသည့် မြော်လင့်ခြင်းနှင့် အံ့ဘွယ် စိတ်ချမှုကြောင့် ကျေးဇူးတင်ပါ၏။





*"ယခုမှာ သင်တို့သည် သခင်ဘုရား၌ တည်ကြည်လျှင်၊ ငါတို့သည် အသက်ရှင်ကြ၏"*

## ကျွန်တော်တို့သည် သခင်ဘုရား၌ တည်ကြည်လျှင် အသက်ရှင်၏

သက်သာလောနိတ် ခရစ်ယာန်တို့၏ ယုံကြည်ခြင်းနှင့် ချစ်ခြင်းအကြောင်း ကောင်းသတင်းကို ပေါလု ကြားသိသောအခါ၊ အလွန် ဝမ်းမြောက်ခဲ့ပါသည်။ ကြုံတွေ့ နေရသော အခက်အခဲများအကြား၌ သူတို့သည် တည်ကြည်မြဲမြံစွာ နေခဲ့ကြသောကြောင့်၊ ပေါလု၏ ပူပန် စိုးရိမ်မှုအပေါင်း ပျောက်ကွယ်ခဲ့ပါသည်။ သူတို့၏ ယုံကြည်ခြင်းအကြောင်း ကြားသိခြင်းက မိမိလိုအပ်လျက်ရှိသော စိတ်သက်သာစရာအကြောင်း ယူဆောင်လာကြောင်း၊ မိမိကိုယ်တိုင် ကြုံတွေ့နေခဲ့သော အခက်အခဲများအကြောင်းကိုလည်း ပေါလု ဖော်ပြခဲ့ပါသည်။

ထို့ကြောင့်၊ ပေါလုက၊ "*ယခုမှာ သင်တို့သည် သခင်ဘုရား၌ တည်ကြည်လျှင်၊ ငါတို့သည် အသက်ရှင်ကြ၏*" (၁ သက် ၃း၈) ဟုဆိုခဲ့ပါသည်။ ဤသတင်းကို မကြားသိမီ၊ ပေါလုသည် ကြုံတွေ့ခဲ့သော ဆန့်ကျင်မှု နှင့် ညှင်းပန်းနှိပ်စက်မှုများကြောင့် စိတ်သောက ရောက်ခဲ့သည်ဟု ထင်ရပါသည်။ သက်သာလောနိတ်မြို့ရှိ မိမိ အလွန်ချစ်သော ထိုအသစ်သော ယုံကြည်သူများအား စာတန်က တိုက်ခိုက် ဖျက်ဆီးခဲ့လိမ့်မည်ဟု ပေါလု စိုးရိမ်ခဲ့ပါသည်။ သို့သော်လည်း၊ ဘုရားသခင်၌ သူတို့သည် တည်ကြည် မြဲမြံစွာ ရပ်တည်ခဲ့ကြကြောင်း သတင်းကောင်း ကြားသိသောအခါ၊ ပေါလုသည် နိုးကြားခြင်း ရှိလျက်၊ ပြန်လည် အသက်ရှင်လာသခဲ့သို့ ဖော်ပြခဲ့ခြင်းဖြစ်ပါသည်။

ထိုအမှုအားဖြင့်၊ ကျွန်ုပ်တို့၏ ယုံကြည်ခြင်းက သူတပါးကို အဘယ်မျှလောက် အားတက်စေနိုင်ကြောင်း သိရပါသည်။ ကျွန်တော်တို့သည် သစ္စာရှိစွာ ဘုရားသခင်၏အမှုတော်ကို ဆောင်ရွက်နေပါလျှင်၊ ကျွန်ုပ်တို့ကို ချစ်သော သူများအတွက် ခွန်အားရစရာ ဖြစ်ပါသည်။ စစ်ကြောခြင်းနှင့် ညှင်းပန်းနှိပ်စက်ခြင်းအကြား၌ ကျွန်တော်တို့သည် ဘုရားသခင်၌ မြဲမြံစွာ ရပ်တည်ခဲ့ကြလျှင်၊ သူတပါးအတွက် ထိုသို့ မြဲမြံစွာ ရပ်တည်မည်အကြောင်း ခွန်အားဖြစ်လာနိုင်ပါသည်။ ဘုရားသခင် ကြောက်ရွံ့ခြင်း အသက်တာ၏ တန်ခိုးကို ကျွန်တော်တို့ အထင် မသေးသင့်ပါ။ ကျွန်ုပ်တို့၏ အသက်တာအားဖြင့် ဘုရားသခင်၏ နောက်တော်သို့ လိုက်ဖို့ရန် သူတပါးတို့အား လွှမ်းမိုး နိုးဆော်နိုင်ပါသည်။

ထို့ကြောင့်၊ သူတပါးအပေါ် ကျွန်ုပ်တို့၏ အသက်တာ၊ အမူအကျင့်ကို သတိထားဖို့ လိုပါသည်။ ကျွန်ုပ်တို့၏ သင်းအုပ်ဆရာများနှင့် အသင်းတော် ခေါင်းဆောင်များသည်လည်း နှိမ့်သိမ့် အားပေးမှု လိုအပ်ကြပါသည်။ ကျွန်တော်တို့သည် ဘုရားသခင်၏အမှုတော်ကို သစ္စာရှိစွာ ဆောင်ရွက်၍ ယုံကြည်ခြင်း၌ မြဲမြံတည်ကြည်ခြင်း ရှိကြလျှင်၊ ထိုအမှုက သူတို့အား ဝမ်းမြောက်ခြင်း ပေးလျက် ရှိပါသည်။ သခင်ဘုရား၌ အချင်းချင်း အားပေး နိုးဆော်ခြင်းအမှုကို တတ်နိုင်သလောက် ကျွန်တော်တို့ ကြိုးစား ဆောင်ရွက်ကြပါစို့။ သင့်အသက်တာကို စောင့်ကြည့်လျက် တစုံတယောက်သောသူသည် ယနေ့ ခွန်အား ရကောင်း ရပါလိမ့်မည်။ သတိထား အသက်ရှင် ပါလော့။

**ဆင်ခြင်ရန်** - ခရစ်တော်၌ ကျွန်တော် တည်ကြည် မြဲမြံစွာ နေထိုင်ခြင်းက သူတပါးကို မယုံနိုင်လောက်အောင် ခွန်အားဖြစ်စေတတ်ပါသည်။

**ဆုတောင်းချက်-** အဖဘုရား၊ ကိုယ်တော်၌ အစဉ် မြဲမြံစွာ တည်နေမည်အကြောင်း မစတော်မူပါ။

**၁ သက် ၃း၉**

၁ ကော ၃း၄-၉

*"ငါတို့ခံရသော ဝမ်းမြောက်ခြင်းအပေါင်းကို ထောက်၍"*

## ချီးမွမ်းခြင်းနှင့်ဆိုင်သော ဝမ်းမြောက်ခြင်း

ပေါလုက ဤစာစောင်ထဲတွင် သက်သာလောနိတ် ယုံကြည်သူများကြောင့် ဝမ်းမြောက်ခြင်းရှိသည်ကို အရင် ဖော်ပြခဲ့ပြီးဖြစ်ပါသည်။ ထို့နောက်၊ ယုံကြည်ခြင်း၌ သူတို့၏ တည်ကြည်ခြင်းအတင်းကို ကြားသိ ဆင်ခြင်သောအခါ တဖန် ဝမ်းမြောက်ခြင်းရှိလျက် ကျေးဇူးတော် ချီးမွမ်းခဲ့ပါသည်။ တိမောသေ ယူဆောင်လာသော ထိုကောင်းသော သတင်းကြောင့် သူသည် စိတ်သက်သာရာရလျက်၊ ဝမ်းမြောက်ခြင်းရှိပြီး၊ ထိုသူတို့၏ သစ္စာရှိခြင်း အရင်းအမြစ်သည် ဘုရားသခင်ဖြစ်တော်မူကြောင်း သိလျက် ကျေးဇူးတော် ချီးမွမ်းခဲ့ပါသည်။

ထိုသို့ ဝမ်းမြောက်ခြင်းရှိသော်လည်း၊ သက်သာလောနိတ်လူတို့၏ ယုံကြည်ခြင်း တည်ကြည်မြဲမြံခြင်းသည် မိမိကြောင့် မဟုတ်ကြောင်း ပေါလု သိခဲ့ပါသည်။ ထိုသို့ သူတို့ ယုံကြည်ခြင်း၌ တည်ကြည် ခိုင်ခံ့မြဲမြံနိုင်ခဲ့ကြခြင်း၏ အဓိက အကြောင်းအရင်းသည် ဘုရားသခင်သာလျှင် ဖြစ်ပါသည်။ မိမိသည် သတင်းကောင်း မျိုးစေ့ ကြဲသောသူသာလျှင် ဖြစ်ကြောင်း၊ ကြီးထွား ရှင်သန်စေတော်မူသော သူသည် ဘုရားသခင်ဖြစ်တော်မူကြောင်း သိမှတ်အောက်မေ့ခဲ့ပါသည်။

ထို့ကြောင့်၊ ပေါလုက၊ "*သင်တို့အကြောင်းကြောင့် ဘုရားသခင်၏ ကျေးဇူးတော်ကို အဘယ်သို့ ဆပ်နိုင်သနည်း*" (၁ သက် ၃း၉) ဟု ဆိုခဲ့ပါသည်။ သူတို့ကြောင့် မိမိ၏ဝမ်းမြောက်ခြင်းအကြောင်း၌ ဘုရားသခင်၏ ကျေးဇူးတော်ကို ဘယ်လိုဘဲ ချီးမွမ်း ချီးမွမ်း၊ ဘယ်လိုမှ လုံလောက်စွာ ချီးမွမ်းနိုင်လိမ့်မည် မဟုတ်ကြောင်း ဆိုလိုခြင်း ဖြစ်ပါသည်။ မိမိ ရင်ဆိုင်ကြုံတွေ့ခဲ့သော ဒုက္ခဆင်းရဲနှင့် ကြိုးစားအားထုတ်မှုသည် ဘုရားသခင်၌ လုံးဝ အကျိုးမဲ့ မဟုတ်ကြောင်း ပေါလုသိခဲ့ပါသည်။ ယခု ခံစားရသော ဝမ်းမြောက်ခြင်းနှင့်ယှဉ်လျှင် ခံခဲ့သော ဆင်းရဲဒုက္ခသည် မပြောပလောက်ပါ။ ထို့ကြောင့်၊ သူ၏ စိတ်နှလုံးသည် ဝမ်းမြောက်ခြင်း၊ ကျေးဇူးတော် ချီးမွမ်းခြင်းဖြင့် ပြည့်လျက်ရှိပါသည်။

ထိုသို့သော ဝမ်းမြောက်ခြင်းကို ဘုရားသခင်ရှေ့၌ ကျွန်တော်တို့ ခံစားခဲ့ပါသလား။ ကျွန်ုပ်တို့၏ ဝမ်းမြောက်ခြင်းသည် ကိုယ်ကျိုး ကင်းသော၊ သူတပါး ကောင်းကြီးခံစားခြင်း၌ တည်သော ဝိညာဉ်နှင့်ဆိုင်သည့် ဝမ်းမြောက်ခြင်း ဖြစ်ပါသလား။ လူတို့သည် ကယ်တင်ခြင်း ခံရပြီး၊ ဘုရားသခင်ထံ တိုးဝင်ချဉ်းကပ်ကြလျက်၊ အမှုတော်မြတ်၌ တက်တက်ကြွကြွ ပါဝင်ကြသောအခါ၊ ကျွန်တော်တို့ မည်သို့ တုန့်ပြန်ကြပါသနည်း။ သန့်ရှင်းသော၊ ဝိညာဉ်နှင့်ဆိုင်သော ဝမ်းမြောက်ခြင်း ရှိခဲ့လျှင်၊ ကျွန်တော်တို့သည် ဘုရားသခင်၏ ကျေးဇူးတော်ကို ချီးမွမ်းကြမည်ဖြစ်ပါသည်။ ဘုရားသခင်၏ ကောင်းမြတ်တော်ခြင်းအကြောင်းကို ဝမ်းမြောက်ရွှင်လန်းစွာဖြင့် ချီးမွမ်း ကြွေးကြော် လိမ့်မည်ဖြစ်ပါသည်။

**ဆင်ခြင်ရန်** - ချစ်သောသူ ကယ်တင်ခံရခြင်း၊ သန့်ရှင်းစေခြင်းခံရခြင်း နှင့် ငွေကြေးများစွာရရှိခြင်းတို့တွင် အဘယ်အရာက သင့်ကို ပိုဝမ်းမြောက်စေပါလိမ့်မည်နည်း။

**ဆုတောင်းချက်-** အဖဘုရား၊ ကိုယ်တော်နှင့်ဆိုင်သောအရာ၌သာ ဝမ်းမြောက်ခြင်း ရှိမည့် စိတ်နှလုံးကို အကျွန်ုပ်အား ပေးသနားတော်မူပါ။





**၁ သက် ၄း၁၂**

၁ ပေ ၂း၁၁-၁၂

*"ပြင်ပလူတို့ရှေ့၌ လျောက်ပတ်စွာကျင့်၍"*

## ပြင်ပလူတို့ရှေ့၌ ကျွန်ုပ်တို့၏အကျင့်

၁ သက် ၄း၁၁-၁၂ ထဲတွင်၊ ပေါလုသည် သက်သာလောနိတ် အသင်းတော်ကို နှောင့်ယှက်လျက်ရှိသော ပြဿနာတခုကို ဖော်ပြခဲ့ပါသည်။ ထိုအမှုကို ၂ သက် ၃ ထဲတွင် ပို၍လေးနက်စွာ ဖော်ပြ ခဲ့ပါသည်။ အသင်းတော်၌ အချို့သောသူတို့သည် ပျင်းရိခြင်းရှိလျက်၊ မိမိကိုယ်ကို ထောက်ပံ့ဖို့ရန် အလုပ် မလုပ်လိုကြဘဲ၊ ပြဿနာ လျှောက်လုပ်ခဲ့ကြသည်ဟု ထင်ရပါသည်။ အချိန်ရှိတိုင်း ဘုရားသခင်၏အမှုတော်ကို မဆောင်ဘဲ၊ "*ကိုယ်နှင့် မဆိုင်သောအမှု၌ ရောနှောသောသူ*" များဖြစ်ကြပါသည်။ သူတို့သည် အတင်းပြောလျက်၊ အသင်းတော်၌ ရန်တွေ့ခြင်းကို ဖန်တီးခဲ့ကြသည်ဟု ထင်ရပါသည်။ အသင်းတော်၌ သာမက၊ ပြင်ပလူတို့ရှေ့၌ အသင်းတော်၏ ပုံရိပ်ကို ဖျက်ဆီးလျက်ရှိကြပြီး၊ ပြဿနာ ဖန်တီးခဲ့ကြပါသည်။ ထိုသို့သော ပြဿနာဖန်တီးသောသူများအား ပြင်ပလူ တို့ရှေ့၌ ဖြောင့်မတ်စွာ နေမည်အကြောင်း၊ မိမိကိုယ်ကို လိုလေသေးမရှိ လုံလောက်စွာ ထောက်ပံ့နိုင်မည်အကြောင်း ရည်ရွယ်လျက် ပေါလု ဆုံးမခဲ့ပါသည်။

ယုံကြည်သူ ကျွန်တော်တို့သည် ပြင်ပလူများရှေ့၌ ကျွန်ုပ်တို့၏ အသက်တာ အကျင့် အလွန်အရေးကြီးကြောင်း သိမှတ်ကြရပါမည်။ များစွာသောလူတို့သည် ဘုရားကျောင်းသို့ မရောက်ခဲ့ဖူးခဲ့ကြပါ။ သို့သော်လည်း၊ မိမိကိုယ်ကို ခရစ်ယာန်ဟု ခေါ်သောသူများနှင့် သူတို့သည် တွေ့ဆုံခဲ့နိုင်ပါသည်။ ထို့ကြောင့် ကျွန်ုပ်တို့၏ အသက်တာ အကျင့်သည် အလွန်အရေးကြီးလှပါသည်။ သူတို့သည် သတင်းကောင်းကို နားမထောင်လိုကြသော်လည်း၊ ကျွန်ုပ်တို့၏အသက်တာနှင့် အကျင့်၌ ခရစ်တော်ကို သူတို့ မြင်စေရပါမည်။ ဘုရားသခင် နှစ်သက်တော်မူသော အသက်တာသည် ဘုရားသခင် အတွက် သက်သေခံသော အသက်တာဖြစ်ပါသည်။ ဘုရားသခင်အတွက် လင်းလက်သောအသက်တာဖြစ်ပါသည်။ ကျွန်ုပ်တို့ပြုသော ကောင်းသောအမှုကြောင့် သူတို့သည် ကောင်းကင်ဘုံ၌ ရှိတော်မူသော ကျွန်ုပ်တို့၏အဖကို ချီးမွမ်းကြမည်ဖြစ်ပါသည် (မသဲ ၅း၁၆)။ ကျွန်တော်တို့သည် ကြိုးစားအလုပ်လုပ်လျက်၊ ရိုးသားဖြောင့်မတ်စွာ အသက်ရှင်သောအခါ၊ ဘုရားသခင်အတွက် လင်းလက်သော သက်သေခံများ ဖြစ်ကြပါသည်။

သို့သော်လည်း၊ ကျွန်တော်တို့သည် ပျင်းရိလျက်၊ လုပ်နိုင်သောအလုပ်ကိုပင် မလုပ်ဘဲနေလျှင်၊ ဘုရားသခင်၏နာမတော်ကို အရှက်ရစေပါသည်။ မယုံကြည်သူများကပင် အသိမှတ်ပြုခြင်းမရှိသော၊ တာဝန်မကျေပွန်သောသူသည် အပြစ်မှ နောင်တရသောသူ၊ ဖြောင့်မတ်တော်မူသော ဘုရားသခင်၏ နောက်လိုက်တပည့် မဖြစ်နိုင်ပါ။ ထိုအခါ၊ သူတို့သည် ကျွန်ုပ်တို့ ဟောပြောသော သတင်းကောင်းကို နားထောင်လိုမည်မဟုတ်၊ ဘုရားကျောင်းသို့ လာချင်ကြမည် မဟုတ်ပါ။ ထို့ကြောင့် ကျွန်ုပ်တို့၏ အကျင့်ကို သတိထားကြပါစို့။ "*သာသနာပလူတို့သည် သင်တို့ကို ကဲ့ရဲ့ပြစ်တင်ကြသည့်အမှုမှာ၊ ဘုရားသခင် ကြည့်ရှုစီရင်တော်မူ သော နေ့ရက်၌၊ သင်တို့၏ကောင်းသောအကျင့်ကို သူတို့သည် ထောက်ရှု၍ ဘုရားသခင်ကို ချီးမွမ်းမည်အကြောင်း၊ သူတို့ရှေ့၌ တင့်တယ်လျောက်ပတ်စွာ ကျင့်နေကြလော့*" (၁ ပေ ၂း၁၂)။

**ဆင်ခြင်ရန်** - တရားဟောဆရာ၏ အကောင်းဆုံး တရားဟောချက်သည် သူ၏အသက်တာပင်ဖြစ်ပါသည်။ သဘောတူပါသလား။

**ဆုတောင်းချက်-** အဖဘုရား၊ ကိုယ်တော်အတွက် အလွန်တောက်ပသောအလင်း ဖြစ်မည်အကြောင်း မစတော်မူပါ။

တနင်္လာ၊ နိုဝင်ဘာ (၂၄)
**၁ သက် ၄း၁၁-၁၂**
၂ သက် ၃း၇-၁၀

*"ကိုယ်လက်နှင့် လုပ်ဆောင်ခြင်းငှါ"*

## သင့်လက်ဖြင့် လုပ်ဆောင်လော့

ပေါလု ဖော်ပြသော ကောင်းသော အကျင့်တခုမှာ၊ *"ကိုယ်လက်နှင့် လုပ်ဆောင်ခြင်း"* (၁ သက် ၄း၁၁) ပင်ဖြစ်ပါသည်။ ဤသွန်သင်ချက်သည် ကျွန်တော်တို့အားလုံး ကောင်းကောင်း သဘောပေါက်သော၊ မပျင်းရိဘဲ၊ မိမိနှင့် မိမိ မိသားစုအား ကြိုးစား အလုပ်လုပ်လျက် ထောက်ပံ့ရန် ဖြစ်ပါသည်။

အလုပ်လုပ်ခြင်းသည် လူတို့ အပြစ်ထဲသို့ မကျရောက်မီကတည်း၌ တွေ့ရသော အမှုဖြစ်ပါသည်။ အပြစ်ထဲ ကျရောက်ပြီးနောက်တွင်၊ ကျိန်ခြင်း ခံရသောအမှုမှာ လူသည် လုပ်ကို ပင်ပန်းစွာ လုပ်ရမည်ဖြစ်၍၊ မြေကြီးသည်လည်း ကျိန်ခြင်း ခံလျက်၊ ဆူးပင်များ ပေါက်မည်ဖြစ်ပါသည် (ကမ္ဘာ ၃း၁၇-၁၉)။ အာဒံသည် ဖန်ဆင်းခါစ၌ပင်၊ *"ဧဒင်ဥယျာဉ်ကို ပြုစုစောင့်နေစေခြင်းငှါ"* (ကမ္ဘာ ၂း၁၅) အလုပ်တာဝန် ပေးခြင်းခံခဲ့ရကြောင်း ကျွန်တော်တို့ သိမှတ်ဖို့လိုပါသည်။ ဘုရားသခင်သည် ကျွန်ုပ်တို့ကို ပျင်းရိစွာ နေဖို့ ဖန်ဆင်းတော် မမူခဲ့ပါ။ အစကတည်းမှ ကျွန်တော်တို့သည် မိမိလက်ဖြင့် အလုပ်ကို လုပ်လျက် ကြီးထွားဖွံ့ဖြိုးဖို့ရန် ဘုရားသခင် ရည်ရွယ်ထားခဲ့ပါသည်။

ဓမ္မသစ်ကျမ်းထဲ၌ ကြိုးစားအလုပ်လုပ်ဖို့ရန် သွန်သင်ချက်နှင့် ထိုသို့ ကြိုးစားလုပ်ဆောင်ချက်များကို တွေ့ရပါသည်။ ဥပမာအားဖြင့်၊ ၁ တိ ၅း၈ တွင် ကျွန်တော်တို့အားလုံး၌ မိမိ မိသားစု ပြုစုကျွေးမွေးဖို့ရန် တာဝန်ရှိကြောင်း၊ *"မိမိလူတို့ကို မပြုစု၊ ထိုမျှမက၊ မိမိအိမ်သူ အိမ်သားတို့ကို မပြုစုသောသူ မည်သည်ကား၊ ယုံကြည်ခြင်းတရားကို ငြင်းပယ်၏။ မယုံကြည်ဘူး သောသူထက် သာ၍ ယုတ်မာ၏"* ဟု ဖော်ပြခဲ့ပါသည်။ ပေါလုသည်လည်း မိမိနှင့် အပေါင်းအဘော်များအတွက် ကြိုးစား အလုပ်လုပ်လျက် ကျွေးမွေးခဲ့ကြောင်း ဖော်ပြခဲ့ပါသည်။ တမန် ၂၀း၃၄ တွင်၊ *"ဤလက်တို့သည် ငါ့ကိုငှင်း၊ ငါ့အပေါင်းအဘော်တို့ကိုငှင်း လုပ်ကျွေးပြီဟု သင်တို့သည် ကိုယ်တိုင် သိကြ၏"* ဟု ဆိုခဲ့ပါသည်။ ပျင်းရိခြင်းကို ရှောင်ရှားလော့။ *"အားထုတ်ခြင်းအရာမှာ ပျင်းရိခြင်း မရှိဘဲ လျက်၊ စိတ်တန်းသဖြင့် သခင်ဘုရား၏ အလိုတော်သို့ လိုက်၍ အားထုတ်ကြလော့"* (ရောမ ၁၂း၁၁)။

ထို့ကြောင့် ကြိုးစားအလုပ်လုပ်ခြင်းသည် အသရေရှိသော မင်္ဂလာတပါးဖြစ်ပါသည်။ ကျွန်တော်တို့သည် အလုပ်သမားဖြစ်စေ၊ အလုပ်ရှင်ဖြစ်စေ၊ အိမ်အမှု ဆောင်ရွက်သောသူဖြစ်စေ၊ ကျောင်းသားဖြစ်စေ၊ ဘုရားသခင် ပေးတော်မူသော အလုပ်ကို အကောင်းဆုံး ကြိုးစား လုပ်ဆောင်ကြရမည်ဖြစ်ပါသည်။ ဤသည်ကား ကိုယ်နှင့် စပ်ဆိုင်သောသူများထံ ပြသရမည့် ကျွန်ုပ်တို့၏ သက်သေ အကျင့်ဖြစ်ပါသည်။ ထိုအခါ၊ ပေါတိဖာ အိမ်တော်၌နေသော ယောသပ်နည်းတူ၊ လူတို့က ဘုရားသခင် ကျွန်တော်တို့နှင့်အတူ ရှိတော်မူကြောင်း သိကြလိမ့်မည် (ကမ္ဘာ ၃၉း၂)။ ထိုအမှုကို မိမိ နာမည် ကျော်စောခြင်း အတွက် လုပ်သည် မဟုတ်ကြောင်း၊ ဘုရားသခင် ခိုင်းစေတော်မူသော အမှုဖြစ်သောကြောင့် စိတ်သဘောထားမှန်ကန်စွာဖြင့် ပြုခြင်းဖြစ်ကြောင်း လူတို့ သိမြင်ကြလိမ့်မည်။

**ဆင်ခြင်ရန်** - (ကောလော ၃း၂၂ ကို ဖတ်ပါ)။
**ဆုတောင်းချက်-** အဖဘုရား၊ ပျင်းရိခြင်း အပြစ်ကို ဖယ်ရှားလျက်၊ ကိုယ်တော် လုပ်ဆောင်စေတော်မူသော အမှုကို ကြိုးစားဆောင်ရွက်မည်အကြောင်း မစတော်မူပါ။



တနင်္ဂနွေ၊ နိုဝင်ဘာ (၉)
**၁ သက် ၃း၁၀**
ဧဖက် ၆း၁၈

*"နေ့ညဉ့်မပြတ် အလွန်တရာ ဆုတောင်းပဌနာပြု၍"*

## နေ့ည မပြတ် ဆုတောင်းခြင်း

ယုံကြည်သူတိုင်း၏ အသက်တာ၌ ဆုတောင်းခြင်းသည် အလွန် အရေးကြီးလှပါသည်။ ကျမ်းစာထဲ၌ များစွာသော ကြိုးစား ဆုတောင်းခြင်းနှင့် ပုံမှန် ဆုတောင်းခြင်း အသက်တာများကို တွေ့ရပါသည်။ ယေရှု၏ ဆုတောင်းခြင်း အသက်တာကိုလည်း ဤသို့ တွေ့ရပါသည် - *"နံနက်အချိန်၊ မိုးမလင်းမီ ကိုယ်တော်သည် ထပြီးလျှင် တောအရပ်သို့ ထွက်ကြွ၍ ဆုတောင်းတော်မူ၏"* (မာကု ၁း၃၅)။ ထိုနည်းတူ၊ ဒါဝိဒ်သည်လည်း ဆာလံ ၅၅း၁၇ ထဲတွင်၊ *"ညဦးအချိန်၊ နံနက်အချိန်၊ မွန်းတည့်အချိန်တို့၌ ငါသည် ညည်းတွားမြည်တမ်း၍ ငါ၏အသံကို ကြားတော်မူမည်"* ဟု ဆိုခဲ့ပါသည်။

ထိုကဲ့သို့၊ ပေါလုသည်လည်း သက်သာလောနိတ်မြို့သို့ ပြန်သွားရသောအခွင့် ရလျက်၊ သူတို့အား ယုံကြည်ခြင်းအမှု၌ အားပေး တိုက်တွန်းခြင်းအမှု ဆောင်ရွက်မည်အကြောင်း ဘုရားသခင်ထံ နေ့ည မပြတ် တောင်းလျှောက် ဆုတောင်းခဲ့ကြောင်း ဖော်ပြခဲ့ပါသည်။ ပေါလု အသုံးပြုသော ဤ "ဆုတောင်းပဌနာ" ဟူသော ဂရိ စကားလုံးသည် ဓမ္မသစ်ကျမ်းထဲ၌ အသုံး မများသော၊ အလွန် ပြင်းပြ တောင့်တသော စိတ်ဖြင့် ကြိုးစားပန်းစား ဆိုတောင်းခြင်းကို ဆိုလိုပါသည်။ ထို့ပြင်၊ "အလွန်တရာ" ဟူသော စကားလုံးနှင့် တွဲသုံးခဲ့ခြင်းကြောင့်၊ ထို ဆိုတောင်းခြင်းသည် စိတ်နှလုံး အကြွင်းမဲ့ ကြိုးစားအားထုတ်လျက် ပြင်းပြသောဆန္ဒဖြင့် တောင်းခြင်းဖြစ်ကြောင်း ဖော်ပြလျက်ရှိ၏။ ဆုတောင်းခြင်း၌ ထိုသို့သော စကားလုံးကို အသုံးပြုခြင်းအားဖြင့် ဆုတောင်းခြင်း အလွန် အရေးကြီးကြောင်းကိုငှင်း၊ မိမိကိုယ်တိုင်သည်လည်း ဘုရားသခင်ထံ ဆက်ကပ်လျက် ကြိုးစား ဆုတောင်းခဲ့ကြောင်း ဖော်ပြလျက်ရှိပါသည်။

ပေါလု၏အသက်တာအားဖြင့်၊ ကြိုးစား ဆုတောင်းခြင်း၊ အစဉ် ပုံမှန် ဆုတောင်းခြင်း အရေးကြီးမှုကို တွေ့ရပါသည်။ ဆုတောင်းခြင်းဖြင့် ဘုရားသခင်နှင့် ကျွန်ုပ်တို့အကြား ကောင်းမွန်သော မိတ်သဟာရဖွဲ့ခြင်း ရှိနိုင်၏။ ကျွန်ုပ်တို့၏ လိုအပ်ချက်ကို ဆုတောင်းခြင်းဖြင့် ကောင်းကင်ဘုံ၌ ရှိတော်မူသော အဖဘုရားထံ ယုံကြည်စိတ်ချစွာ ကျွန်တော်တို့ တောင်းနိုင်ပြီး၊ အဖဘုရားသည် ကျွန်ုပ်တို့၏ဆုတောင်းသံကို နှစ်သက်လျက် မိမိ၏စုံလင်သောအချိန်တွင် အဖြေ ပေးတော်မူမည်။

သင်၏ ဆုတောင်းခြင်း အသက်တာ ဘယ်လိုရှိပါသနည်း။ ကြိုးစားအားထုတ်လျက်၊ ပုံမှန် အစဉ် မပြတ် ဆုတောင်းပါ သလား။ ကျွန်ုပ်တို့၏ ဆုတောင်းခြင်း အသက်တာ ပေါ့လျော့မှုရှိကြောင်း ကျွန်တော်တို့ သိမှတ်လျှင်၊ ဘုရားသခင်ထံ ဆုတောင်းလျက် မစခြင်း တောင်းလျှောက်ကြပါစို့။ ကြိုးစား ဆုတောင်းမည်အကြောင်း အားစိုက်ကြပါစို့။ များစွာ ဆုတောင်းလျှင်၊ ပို၍ပို၍ ဆုတောင်းလိုခြင်း ရှိလာလိမ့်မည်။ အကြောင်းမှာ အသက်တာ၌ ဘုရားသခင်၏လက်တော်ကို လက်တွေ့ခံစားလာမည်ဖြစ်ပါသည်။

**ဆင်ခြင်ရန်** - "နံနက် သင့်အခန်းမှ ထွက်မသွားမီ၊ ဆုတောင်းခဲ့ပါသလား။"
**ဆုတောင်းချက်-** အဖဘုရား၊ ဆုတောင်းရသောအခွင့် ပေးတော်မူသောကြောင့် ကျေးဇူးတင်ပါ၏။ ကျွန်တော် ပို၍ ကြိုးစားလျက်၊ အချိန်မှန်မှန် ဆုတောင်းမည်အကြောင်း မစတော်မူပါ။

## ကြွယ်ဝပြည့်စုံသော ချစ်ခြင်းမေတ္တာ

ယုံကြည်သူ ကျွန်တော်တို့သည် အချင်းချင်း ချစ်ကြရပါမည်။ ထိုအမှုသည် သခင်ယေရှု ခရစ်တော်၏ နောက်လိုက်တပည့်ဖြစ်ခြင်း အကၡဏာဖြစ်ပါသည်။ ယေရှုက တပည့်တော်တို့အား၊ ယောဟန် ၁၃း၃၄-၃၅ ၌၊ “*သင်တို့သည် အချင်းချင်း တယောက်ကို တယောက် ချစ်ကြလော့။ ငါသည် သင်တို့ကို ချစ်သည် နည်းတူ အချင်းချင်း ချစ်ကြလော့ဟု ပညတ်သစ်ကို ငါပေး၏။ သင်တို့သည် အချင်းချင်း ချစ်ကြလျှင်၊ လူအပေါင်းတို့သည် ထိုမေတ္တာကို ထောက်၍ သင်တို့သည် ငါ၏ တပည့်ဖြစ်သည်ကို သိရကြလိမ့်မည်ဟု မိန့်တော်မူ၏။*”

သက်သာလောနိတ် ခရစ်ယာန်များအတွက် ပေါလု ထိုသို့ ဆုတောင်းခဲ့ပါသည်။ ပေါလု၏ ဆန္ဒမှာ သူတို့သည် ယုံကြည်သူအချင်းချင်းအပေါ်၌ရင်း၊ လူအပေါင်းပေါ်၌ရင်း ချစ်ခြင်းမေတ္တာ ပွါးများဖို့ရန် ဖြစ်ပါသည်။ သက်သာလောနိတ် ခရစ်ယာန်တို့သည် ချစ်ခြင်းမေတ္တာ မရှိကြသော ကြောင့် ထိုသို့ ဆုတောင်းပေးခြင်း မဟုတ်ပါ။ ပေါလုက သူတို့၏ ချစ်သောစိတ်ဖြင့် ကြိုးစားအားထုတ်မှုကို ချီးကျူးခဲ့ပြီးဖြစ်ပါသည် (၁ သက် ၁း၃)။ ထို့ပြင်၊ တိမောသေကလည်း သူတို့၏ ယုံကြည်ခြင်းနှင့် ချစ်ခြင်းအကြောင်း သတင်းကို ဖော်ပြခဲ့ပါပြီ (၁ သက် ၃း၆)။ ဤစာစောင်၌လည်း ထပ်၍၊ “*ညီအစ်ကိုချင်း ချစ်ခြင်းအရာကို သင်တို့အား ရေး၍ ပေးလိုက်စရာအကြောင်း မရှိ၊ အဘယ်ကြောင့် နည်းဟူမူကား၊ သင်တို့သည် အချင်းချင်း ချစ်စေခြင်းငှါ၊ ဘုရားသခင် ဆုံးမသွန်သင်တော်မူသောသူ ဖြစ်ကြ၏။ ထိုမျှမက၊ မာကေဒေါနိပြည်တွင် အရပ်ရပ်၌ ရှိသော ညီအစ်ကို အပေါင်းတို့ကို ထိုသို့ ပြုကြ၏*” (၁ သက် ၄း၉-၁၀) ဟု ဆက်လက် ဖော်ပြခဲ့ပါသည်။ ဤအချက်တို့ကို ကြည့်ခြင်းဖြင့်၊ သူတို့သည် ချစ်ခြင်းမေတ္တာနှင့်ပြည့်ဝသော သူများဖြစ်ကြောင်း ထင်ရှားလှပါသည်။

ထို့ကြောင့်၊ ပေါလု ဆုတောင်းသည်မှာ သူတို့သည် ချစ်ခြင်းမေတ္တာ၌ ဆက်လက် ကြီးထွား ရှင်သန်ခြင်း ရှိကြဖို့ရန် ဖြစ်ပါသည်။ ဤအချက်က ကျွန်ုပ်တို့သည် ဘယ်တော့မှ ဝိညာဉ်အမှု၌ မပေါ့လျော့မည်အကြောင်း၊ ကြိုးစားအားထုတ်နေကြရမည်အကြောင်း သတိပေးလျက်ရှိပါသည်။ ကျွန်ုပ်တို့အသက်တာ၌ ချစ်ခြင်းမေတ္တာနှင့် ပြည့်ဝပါပြီ၊ ဆက်လက် ကြီးထွားစရာ မလိုတော့ဟု ဘယ်တော့မှ မထင်မှတ်ရပါ။ ယေရှုက၊ “*ငါသည် သင်တို့ကို ချစ်သည်နည်းတူ*” အချင်းချင်း ချစ်ကြလော့ ဟု ဆိုသည်ဖြစ်သောကြောင့်၊ ယေရှု၏ ချစ်ခြင်းမေတ္တာ ကဲ့သို့သော ချစ်ခြင်း ကျွန်ုပ်၌ ရှိပြီဟု ဘယ်သူမှ မဆိုနိုင်ပါ။ ထို့ကြောင့် ချစ်ခြင်း၌ အစဉ် ကျွန်တော်တို့ ကြီးထွားနေဖို့ လိုပါသည်။ မလိုတော့ ဟု ဆိုသောသူသည် မာန ထောင်လွှားသောသူ၊ ပေါ့လျော့သောသူ ဖြစ်ပါသည်။ ကျမ်းစာ သွန်သင်တော်မူသော စစ်မှန်သော ဘုရားသခင်၏ ချစ်ခြင်းမေတ္တာအကြောင်းကို ကျွန်တော်တို့ အစဉ် လေ့လာဖို့လိုပါသည်။

**ဆင်ခြင်ရန်** - ကျွန်ုပ်အသက်တာ၏ အဘယ်အပိုင်း၌ ချစ်ခြင်းမေတ္တာ ကျွန်တော် ပိုလိုအပ် ပါသနည်း။

**ဆုတောင်းချက်-** အဖဘုရား၊ ကိုယ်နှင့် စပ်ဆိုင်သောသူကို ကိုယ်နှင့်အမျှ ချစ်မည်အကြောင်း၊ ကြွယ်ဝသော ချစ်ခြင်း ပိုင်ဆိုင်မည်အကြောင်း၊ ကိုယ်တော်၏ ချစ်ခြင်းမေတ္တာ နှင့် အကျွန်ုပ်ကို ပြည့်စေတော်မူပါ။





## ငြိမ်ဝပ်စွာ နေပါလော့

၁ သက် ၄း၁၁-၁၂ ထဲတွင်၊ ပေါလုသည် *မယုံကြည်သူ “ပြင်ပလူတို့”* (၁ သက် ၄း၁၂) ရှေ့၌ မည်သို့ ယုံကြည်သူများ ကျင့်ကြံ နေထိုင်ရမည်အကြောင်း သွန်သင်ခဲ့ပါသည်။ အဓိက ရည်ရွယ်ချက်မှာ မယုံကြည်သူ လောကီလူများ ရှေ့၌ ကျွန်ုပ်တို့၏ နေပုံထိုင်ပုံကို သတိထားဖို့လိုအပ် ကြောင်း သတိပေးခြင်းဖြစ်ပြီး၊ သူတို့ထံ ခရစ်တော်၏ ချစ်ခြင်းမေတ္တာကို ကျွန်တော်တို့ ပြကြရပါမည်။

ပထမအချက်မှာ၊ ယုံကြည်သူတို့သည် “*ငြိမ်ဝပ်စွာနေ*” (၁ သက် ၄း၁၁) ရပါမည်။ ဆိုလို သည်မှာ၊ ပြဿနာ မရှာဘဲ၊ အငြင်းပွားမှု မရှိအောင် နေထိုင်ခြင်းဖြစ်ပါသည်။ ထို့ပြင် မလိုအပ်ဘဲ လူတို့၏ အာရုံပြုခြင်းကို မရှာသင့်ပါ။ ကျွန်တော်တို့သည် လူတို့အကြား၌ ပြဿနာ ရှာသောသူ၊ ရန်တိုက် အငြင်းပွားမှု ပြုသောသူ မဖြစ်ရပါ။ ကျွန်ုပ်တို့၏ ရည်ရွယ်ချက်သည် ကျော်စောခြင်း မဟုတ်၊ လူတို့အား ခရစ်တော်ထံ ခေါ်ဆောင်ဖို့ဖြစ်ပါသည်။ ဗတ္တိဇံဆရာ ယောဟန်က၊ “*ထိုသခင်သည် တိုးပွါးခြင်း ရှိရမည်။ ငါမူကား ဆုတ်ယုတ်ခြင်း ရှိရမည်*” (ယော ၃း၃၀) ဟု ပညာနှင့်ယှဉ်သော စကားကို ဆိုခဲ့ပါသည်။

ဒုတိယအချက်မှာ၊ ယုံကြည်သူတို့သည် “*ကိုယ်အမှုကို ဆောင်ရွက်လျက်*” (၁ သက် ၄း၁၁)၊ သူများ၏အမှုကို ဝင်ရှုပ်သောသူ မဖြစ်ရပါ။ ကျွန်တော်တို့သည် အတင်းပြောခြင်း၊ သတင်းဖြန့်ခြင်း ကို ရှောင်ရှားလျက်၊ မလိုအပ်ဘဲ သူများ ကိစ္စ၌ မဝင်စွက်ရပါ။ မိမိအသက်တာ ရှုပ်ထွေးမှု ရှိလျက်ပင်၊ သူများ၏အသက်တာ၌ အမျိုးမျိုးသော အမြင်နှင့် စွပ်စွဲမှုများပြုခြင်းသည် လုံးဝ လက်ခံ၍ မရသော အမှုဖြစ်ပါသည်။ ကျွန်တော်တို့သည် မိမိ၏အသက်တာကို ပြုပြင်လျက် ကြီးထွားခြင်းရှိစေပြီး၊ မိမိပြု ရမည့်မှုကိုသာ အာရုံစိုက်ကြရပါမည်။ ကျွန်တော်တို့သည် မိမိ၏တာဝန်ကို ထမ်းဆောင်လျက်၊ တာဝန် ကျေပွန်သောသူ ဖြစ်ရပါမည်။ ဘုရားသခင်၏ဘုန်းသေရေတော် ထင်ရှားစေဖို့ရန် ကျွန်တော် တို့ ပြုရမည့် အဓိက အခြေခံအမှုသည် ထိုအမှုဖြစ်ပါသည်။

ထိုအချက် နှစ်ချက်ကို ပေါင်းစပ်ခြင်းဖြင့်၊ ကျွန်တော်တို့သည် လူတို့ကို ပြဿနာ မရှာဘဲ၊ မိမိ ထမ်းဆောင်ရမည့် တာဝန်ကို ကောင်းမွန် ကျေပွန်စွာ ကြိုးစား ဆောင်ရွက်သောသူ ဖြစ်ရပါမည်။ ထိုသို့သောပုဂ္ဂိုလ်သည် မိမိအသက်တာကို ကောင်းမွန်စွာ ထိန်းသိမ်းစောင့်ရှောက်သောသူ၊ မိမိနှင့် မဆိုင်သော သူများ၏ ကိစ္စ၌ မလိုအပ်ဘဲ ဝင်ရောက်စွက်ဖက်ခြင်းကို မပြုသောသူ ဖြစ်ပါသည်။ ထိုသို့သောလူကို လူတို့သည် လေးစားတတ်ကြပြီး၊ ခရစ်တော်အတွက် သက်သေခံလျက် စကားပြော သောအခါ၊ လူတို့သည် နားထောင်လျက် နာခံတတ်ကြ၏။

**ဆင်ခြင်ရန်** - အကျွန်ုပ်အသက်တာ၌ သူတပါးတို့သည် ယေရှုကို မြင်ကြပါသလား။

**ဆုတောင်းချက်-** အဖဘုရား၊ ငြိမ်ဝပ်စွာ နေ၍ မိမိအမှုကိုသာ ဆောင်ရွက်မည်အကြောင်း ကျွန်ုပ်ကို သွန်သင်တော်မူပါ။

**၁ သက် ၄း၁၀**
ဖိလိ ၃း၁၂-၁၄

*"သင်တို့သည် တိုးပွား၍
ကြွယ်ဝပြည့်စုံမည်အကြောင်း . . .
ငါတို့သည် တိုက်တွန်းသွေးဆောင်ကြ၏"*

## အစဉ် တိုးပွားကြွယ်ဝခြင်း

ပေါလုက သက်သာလောနိတ်လူတို့အား သူတို့၏ ချစ်ခြင်းမေတ္တာကြောင့် ဤစာစောင်တွင် အကြိမ်ကြိမ် ချီးကျူးခဲ့ပါသည်။ နိဒါန်း၌ သူတို့၏ ချစ်သောစိတ်နှင့်ကြိုးစားအားထုတ်ခြင်း (၁ သက် ၁း၃) နှင့် မာကေဒေါနိပြည်၊ အာခါယပြည်ရှိ သန့်ရှင်းသူတို့အတွက် စံနမူနာ ဖြစ်ခဲ့ကြကြောင်းကို ပေါလု အောက်မေ့လျက် ဘုရားသခင်ကို ချီးမွမ်းခဲ့ပါသည်။ ထို့နောက် အခန်းကြီး ၃ တွင်၊ တိမောသေ၏ သတင်းပို့ချက်ဖြစ်သည့် သူတို့၏ ယုံကြည်ခြင်းနှင့် ချစ်ခြင်းမေတ္တာအကြောင်းကို အထူးဖော်ပြခဲ့၏ (၁ သက် ၃း၆)။ ၁ သက် ၃း၁၂ ထဲတွင်၊ ဘုရားသခင်က သူတို့အား အချင်းချင်း ချစ်ခြင်း၊ လူအပေါင်းတို့အပေါ် သူတို့၏ချစ်ခြင်း တိုးပွားစေမည်အကြောင်း ဆုတောင်းပေးခဲ့ပါသည်။ နောက်ဆုံးတွင်၊ မနေ့ ကျွန်တော်တို့ လေ့လာခဲ့သော ကျမ်းပိုဒ်၌ သူတို့အချင်းချင်းအကြား၌ ရှိသော ညီအစ်ကို ချစ်ခြင်းမေတ္တာကြောင့် ချီးကျူးခဲ့ပြီး၊ ထပ်၍ သွန်သင်စရာ မလိုကြောင်း ဆိုခဲ့ပါသည်။ သူတို့၏ ချစ်ခြင်းမေတ္တာအကြောင်းသည် ကျော်စောသည်ဖြစ်၍ မာကေဒေါနိပြည်ရှိ အသင်းတော်များကပင် ကြားသိခဲ့ကြ၏။ ထိုသို့ ချီးမွမ်းလျက်၊ သူတို့အား *"တိုးပွါး၍ ကြွယ်ဝပြည့်စုံမည်အကြောင်း"* (၁ သက် ၄း၁၀) အားပေးခြင်းဖြင့် အဆုံးသတ်ခဲ့ပါသည်။ သူတို့သည် ကောင်းမွန်စွာ ကျင့်နေခဲ့ကြသော်လည်း၊ တိုးတက်ဖို့ရန် မလိုတော့ဟု မဆိုလိုပါ။

ချစ်ခြင်း၌ စုံလင်ပြည့်ဝစွာ ကျွန်တော် ချစ်ပါပြီဟု ဤဘဝတွင် ဘယ်တော့မှ ဆိုနိုင်မည် မဟုတ်ပါ။ ကျွန်တော်တို့သည် ဘယ်တော့မှ ထောင်လွှားခြင်း မရှိရပါ၊ ဝိညာဉ်အမှု၌ လုံလောက်ပြီဟု ဘယ်တော့မှ မထင်မှတ်ရပါ၊ ပေါ့လျော့စွာ နားမနေသင့်ပါ။ ကျွန်ုပ်တို့ အသက်တာ၌ ကြီးထွား တိုးတက်ဖို့ လိုအပ်သော နေရာ အမြဲရှိကြောင်း သိမှတ်ရပါမည်။ သင်သည် အခြားလူတို့ ပို၍ ချစ်ခြင်းမေတ္တာရှိသည်ဟု ထင်မှတ်နိုင်ပါသည်။ ထိုအမှုသည် အမှန်လည်း ဖြစ်နိုင်ပါသည်။ ထို့ပြင်၊ ဤလောက၌ သင်သည် ချစ်ခြင်းမေတ္တာကို အကောင်းဆုံး ဖော်ပြနိုင်သောသူလည်း ဖြစ်နိုင်ပါသည်။ သို့သော်လည်း၊ ကျွန်တော်တို့သည် ခရစ်တော်၏ ချစ်ခြင်းမေတ္တာကို ဘယ်တော့မှ မှီနိုင်မည်မဟုတ်ပါ။ ခရစ်တော်၏ချစ်ခြင်းမေတ္တာသည် ကျွန်တော်တို့ မိမိကိုယ်ကို တိုင်းတာရမည့် ပေတံဖြစ်ပါသည်။ ထိုပေတံကို ဘယ်သူမှ မကျော်နိုင်သေးပါ။

တမန်တော် ပေါလု၏ စိတ်ဘောမျိုး ကျွန်တော်တို့၌ ရှိဖို့လိုပါသည်။ မိမိအတွက် ခရစ်တော် သတ်မှတ်တော်မူသော ပန်းတိုးတိုင်သို့ မိမိ မရောက်သေးဟု ဝန်ခံလျက်၊ *"ငါပြုသောအမှုတခုဟူမူကား၊ နောက်ကျသောအရာတို့ကို မမှတ်ဘဲ၊ ရှေ့၌ရှိသော အရာတို့ကို လှမ်းကမ်း၍၊ ယေရှုခရစ်အားဖြင့် ဘုရားသခင်သည် အထက်အရပ်မှ ခေါ်တော်မူခြင်းနှင့်ဆိုင်သော ဆုကိုရခြင်းငှါ၊ ပန်းတိုးတိုင်သို့ ငါလိုက်ပေး၏"* (ဖိလိ ၃း၁၃-၁၄) ဟု ပေါလု ဆိုခဲ့ပါသည်။

**ဆင်ခြင်ရန်** - ချစ်ခြင်းမေတ္တာ၌ ကြီးထွားခြင်း မရှိလျှင် ဘာဖြစ်လိမ့်မည်နည်း။
**ဆုတောင်းချက်-** အဖဘုရား၊ ကိုယ်တော်၏အမှုတော် ဆောင်ရွက်ခြင်း နှင့် ချစ်ခြင်းမေတ္တာ၌ အစဉ် တိုးပွား ကြွယ်ဝခြင်းရှိမည်အကြောင်း မစတော်မူပါ။




**၁ သက် ၃း၁၂**
ဖေက် ၅း၂၅-၂၇

*"ဘုရားသခင် ရှေ့မှာ အပြစ်တင်ခွင့်နှင့် ကင်းလွတ်သော
သင်တို့၏ စိတ်နှလုံးကို ကိုယ်တော်သည် သန့်ရှင်းခြင်းပါရမီ၌
မြဲမြံခိုင်ခံ့စိမ့်သောငှါ"*

## သန့်ရှင်းခြင်း၌ အပြစ်တင်ခွင့်နှင့်ကင်းလွတ်သော

*"ဘုရားသခင့် ရှေ့မှာ အပြစ်တင်ခွင့်နှင့် ကင်းလွတ်သော"* (၁ သက် ၃း၁၂) ဆိုသည်မှာ အဘယ်နည်း။ လူ့အနေဖြင့် ဘယ်လိုမှ မရောက်လှမ်းနိုင်သော အလွန် မြင့်မားလှသည့် စံနှုန်းဟု ထင်မှတ်ရပါသည်။ သို့သော်လည်း၊ သက်သာလောနိတ် ခရစ်ယာန်များအတွက် ပေါလု တောင်းလျှောက် ပေးသောအရာဖြစ်ပါသည်။ ချစ်ခြင်းမေတ္တာ၌ သူတို့သည် ကြီးထွား ကြွယ်ဝခြင်း ရှိဖို့ရန် ဆုတောင်းပေးခဲ့ပြီး၊ နောက်ဆုံး ပန်းတိုင်မူကား ဘုရားသခင်ရှေ့တော်၌ ဘယ်လိုမှ စွပ်စွဲ အပြစ်တင်ခွင့်နှင့် ကင်းလွတ်သော အခြေအနေသို့ ရောက်ဖို့ရန် ရည်ရွယ်မြော်လင့်ခြင်း ဖြစ်ပါသည်။ ဤအချက်က ဘုရားသခင်ရှေ့၌ အပြစ်ကင်းလျက်၊ သခင့်အတွက် အသုံးဝင်သော သန့်ရှင်း ဆက်ကပ်သောသူ ဖြစ်မည်အကြောင်း တောင့်တခြင်းရှိသည့် သန့်ရှင်းသော စိတ်နှလုံးကို ဖော်ပြလျက်ရှိပါသည်။

ဘယ်သူမှ ထိုအခြေအနေသို့ မရောက်သေးကြောင်း သေချာလှပါသည်။ ထိုသို့သော လိုအင်ဆန္ဒ တခါတရံ ကျွန်တော်တို့၌ ရှိသော်လည်း၊ ကျွန်ုပ်တို့ စိတ်နှလုံးသည် ယိမ်းယိုင်ခြင်း အမြဲ ရှိတတ်ပါသည်။ လောကီအရာများ၏ သွေးဆောင်ခြင်းကို ခံရလျက် ခရစ်တော်အတွက် အသက်ရှင်လိုသော သန့်ရှင်းသော စိတ်နှလုံး အစဉ် မပိုင်ဆိုင်ခဲ့ကြပါ။ ကျွန်ုပ်တို့အတွက် သခင်ဘုရား သတ်မှတ်ထားတော်မူသော စံနှုန်းနှင့် ကျွန်တော်တို့ အလှမ်း ဝေးလျက်ရှိပါသည်။

ထို့ကြောင့်၊ ကျွန်တော်တို့သည် ထိုသို့ ဆုတောင်းကြရပါမည်။ မိမိအစွမ်းအားဖြင့်၊ ထို သန့်ရှင်းသော စိတ်နှလုံးကို ကျွန်တော်တို့ ဘယ်တော့မှ ပိုင်ဆိုင်နိုင်မည် မဟုတ်ပါ။ လူ့ကြိုးစားအားထုတ်မှုအားဖြင့် အခြေအနေ တခုအထိ ရောက်နိုင်သည် မှန်သော်လည်း၊ ဘုရားသခင်ရှေ့၌ အစဉ် တည်ကြည် မြဲမြံလျက် လုံးဝ မယိမ်းယိုင်သော စိတ်နှလုံးကို မပိုင်ဆိုင်စေနိုင်ပါ။ လမ်းပြ ပို့ဆောင်ပေးမည့် ဘုရားသခင်၏ကျေးဇူးတော် ကျွန်တော်တို့ လိုအပ်ပါသည်။ ပေးသနားတော်မူသော ကျေးဇူးတော် ဆုကျေးဇူးများကြောင့်သာ သန့်ရှင်းခြင်းအသက်တာ၌ ကျွန်တော်တို့ ကြီးထွားနိုင်ခြင်း ဖြစ်ပါသည်။ အသင်းတော်၏ သတို့သားဖြစ်တော်မူသော၊ ခရစ်တော်က ကျွန်ုပ်တို့ကို မိမိ၏ နှုတ်ကပတ်တော်အားဖြင့် ဆက်လက် သန့်ရှင်းစေတော်မူမည်။ *"ထိုအသင်းတော်သည် သန့်ရှင်းလျက် အပြစ်ကင်းလျက် ရှိသည်ဖြစ်၍၊ အညစ်အကြေး တင်ခြင်း၊ အရေတွန့်ခြင်းမှ စသည်တို့နှင့် လွတ်လပ် သဖြင့်၊ အသရေ တင့်တယ်လျက်ရှိသော အသင်းတော်"* (ဖေက် ၅း၂၇) ဖြစ်စေဖို့ရန် ထိုသို့ သန့်ရှင်းစေလိမ့်မည်။

ထို့ကြောင့်၊ ခရစ်တော် တဖန် ကြွလာတော်မူမည့် နေ့ကို မြော်လင့်ရင်း၊ ဘုရားသခင်ထံ မိမိကိုယ်ကို ဆက်ကပ်ကြပါစို့။ ထိုနေ့ မရောက်မီ ယခုတွင် ဘုရားသခင်သည် ကျွန်ုပ်တို့ကို ပို၍ပို၍ ဆက်လက် သန့်ရှင်းစေမည်အကြောင်း ဂတိထားတော်မူ၏။ ထိုသို့ ကိုယ်တော် ကြွလာတော်မူသော အခါ၊ ကျွန်တော်တို့အားလုံးသည် မပျက်စီးနိုင်သော၊ မသေနိုင်သော၊ ဘုန်းအသရေ ခံစားရသော ခန္ဓာကိုယ် ပိုင်ဆိုင်ကြလိမ့်မည်။ ထိုနေ့တွင်၊ ကျွန်ုပ်တို့၏ စိတ်နှလုံးသည် ဘုရားသခင်ရှေ့၌ အပြစ်တင်ခွင့်နှင့် ကင်းလွတ်လျက် လုံးဝ စုံလင် တည်ကြည် လိမ့်မည်ဖြစ်ပါသည်။

**ဆင်ခြင်ရန်** - (၁ ယော ၃း၃ ကို ဖတ်ပါ)။
**ဆုတောင်းချက်-** (၁ ပေ ၅း၁၀ ကို အသုံးပြုပါ)။

## ဘုရားသခင် နှစ်သက်သော အကျင့်

၁ သက် အခန်းကြီး ၄ တွင်၊ ပေါလုသည် ဤစာစောင် လက်ခံရရှိသောသူများကို တိုက်တွန်း ခွန်အား ပေးခြင်း ပြုခဲ့ပါသည်။ အခန်းကြီး ၁ မှ ၃ ထဲတွင်၊ သူတို့နှင့်အတူ ရှိခဲ့စဉ် အဖြစ်အပျက်များနှင့် ကြုံတွေ့ခဲ့သောအရာများ၊ သတင်းကောင်း သူတို့ထံ ရောက်ရှိလာပုံ၊ သူတို့၏ ယုံကြည်ခြင်းကြောင့် မိမိ ဝမ်းမြောက်ခြင်း ရှိသည့်အကြောင်း စသည်တို့ကို ဖော်ပြခဲ့ပါသည်။ ထိုသို့ မိမိထွက်သွားပြီးနောက် ဖြစ်ပျက်သောအရာများကိုလည်း ဖော်ပြခဲ့ပါသည်။ ယခု အခန်းကြီး ၄ နှင့် ၅ ထဲတွင်၊ ပေါလုက မိမိ သွန်သင်လိုသော ဤဩဝါဒစာစောင်၏ အဓိက သွန်သင်ချက် အကျဉ်းချုပ်ကို ဖော်ပြခဲ့ပါသည်။

*“သင်တို့သည် အဘယ်သို့ ကျင့်ရမည်၊ ဘုရားသခင်ကို အဘယ်သို့ နှစ်သက်စေရမည်”* (၁ သက် ၄း၁) အကြောင်း၊ အလွန် အရေးကြီးသော ခွန်အားပေးခြင်းဖြင့် စတင်ခဲ့ပါသည်။ ခရစ်ယာန်တိုင်း လိုက်လျှောက်ရမည့် ရိုးရှင်းသော အကျင့်လည်း ဖြစ်ပါသည်။ အကျင့် ဟူသော စကားလုံးသည် လူတဦး၏ အသက်တာ၊ နေထိုင်ပုံကို ရည်ညွှန်းပါသည်။ ဘုရားသခင်၏အလိုတော်နှင့်အညီ၊ ဘုရားသခင် နှစ်သက်တော်မူသောအရာများကို သူတို့အသက်တာ၌ ကျင့်ကြံ လိုက်လျှောက်ဖို့ရန် ပေါလု တိုက်တွန်း နိုးဆော်ခဲ့ပါသည်။ ထို့ပြင်၊ ထိုအမှု၌ *“တိုးပွါး၍ ကြွယ်ဝပြည့်စုံမည်အကြောင်း”* (၁ သက် ၄း၁) အလိုရှိခဲ့ပါသည်။ သူတို့သည် မိမိအခြေအနေ၌ ကျေနပ် မနေဘဲ၊ ဘုရားသခင် နှစ်သက်သောအကျင့် ကျင့်ခြင်း၌ နေ့စဉ် ဆက်လက် တိုးတက် ကြီးထွားခြင်း ရှိရပါမည်။

ဘုရားသခင်ရှေ့၌ သင့်အသက်တာ မည်သို့ ရှိပါသနည်း။ ပြုသမျှအရာတိုင်း၌ ဘုရားသခင်ကို နှစ်သက်စေမည်အကြောင်း ကြိုးစားပါသလား။ ဘုရားသခင်၏အလိုတော်အတိုင်းသာ အရာရာတိုင်းကို ပြုလိုသောစိတ်ဖြင့် ဘုရားသခင်ကို ပထမ နေရာ၌ ထားလျက် ဆုံးဖြတ်ချက် ချပါသလား။ ထိုသို့ပြုခြင်းသည် ဘုရားသခင်နှစ်သက်သောအကျင့် ကျင့်ခြင်းပင်ဖြစ်ပါသည်။ နေ့စဉ် မိမိကိုယ်ကို ငြင်းပယ်လျက်၊ မိမိကားတိုင်ကို ထမ်းပြီး ကိုယ်တော့် နောက်သို့ လိုက်ခြင်းဖြစ်ပါသည်။ ဝမ်းနည်းစရာ ကောင်းသည်မှာ၊ ယနေ့ များစွာသော ခရစ်ယာန်တို့သည် ဘုရားသခင်နှစ်သက်သော အကျင့် ကျင့်ခြင်းကို ဂရုမစိုက်ကြပါ။ မိမိ လိုအင်ဆန္ဒ ပြည့်စေဖို့ရန်နှင့် မိမိ နှစ်သက်သောအရာကိုသာ ပြုခဲ့ကြပါသည်။ နောက်ဆုံးသောကာလ၌ ထိုသို့သောလူ များစွာ ရှိမည်အကြောင်း ပေါလု သတိပေးခဲ့ပါသည် - *“ဘုရားသခင်ကို နှစ်သက်သည်ထက် ကာမဂုဏ်ခံစားခြင်းကိုသာ၍ နှစ်သက်သောသူ၊ ဘုရားဝတ်၌ မွေ့လျော်ယောင်ဆောင်၍၊ မွေ့လျော်ခြင်းတန်ခိုးကို ငြင်းပယ်သောသူ”* (၂ တိ ၃း၄-၅) များစွာ ရှိလိမ့်မည်။ သင့် အသက်တာ၊ အကျင့်ကို ဖော်ပြနေခြင်း ဖြစ်ပါသလား။

**ဆင်ခြင်ရန်** - သင်၏ ယနေ့အကျင့်သည် အရင်နေ့ထက် ပိုကောင်း ပါသလား။
**ဆုတောင်းချက်-** အဖဘုရား၊ ကိုယ်တော် နှစ်သက်သော အကျင့်အတိုင်း ကျင့်မည်အကြောင်း၊ ကိုယ်တော်နှင့်အတူ နေ့စဉ် ရင်းနှီးစွာ သွားလာမည်အကြောင်း မစတော်မူပါ။





## ညီအစ်ကို ချစ်ခြင်းမေတ္တာ

စစ်မှန်သော ယုံကြည်သူ၏ လက္ခဏာသည် ချစ်ခြင်းမေတ္တာဖြစ်ကြောင်း သမ္မာကျမ်းစာက အကြိမ်ကြိမ် ဖော်ပြထားပါသည်။ ဘုရားသခင်သည် ချစ်ခြင်းမေတ္တာဖြစ်တော်မူပြီး၊ ကျွန်ုပ်တို့ကို အရင် ချစ်တော်မူသောကြောင့်၊ ကျွန်ုပ်တို့သည် သူ့ကို ချစ်ကြ၏။ ယုံကြည်သူ ကျွန်ုပ်တို့၏ စိတ်နှလုံးထဲတွင် သန့်ရှင်းသော ဝိညာဉ်တော် သွန်းလောင်းတော်မူသော ဘုရားသခင်၏ချစ်ခြင်းမေတ္တာရှိပါသည် (ရောမ ၅း၅)။ ချစ်ခြင်းမေတ္တာသည် ယုံကြည်သူတိုင်း အသက်တာ၌ ရှိရမည့် ဝိညာဉ် အသီးတွင် ပထမဆုံး အသီးဖြစ်ပါသည် (ဂလာ ၅း၂၂)။ ဘုရားသခင်၏ပညတ်တော် နာခံခြင်းဆိုသည်မှာ၊ ကျွန်ုပ်တို့၏ သခင် ထာဝရဘုရားအား စိတ်နှလုံးအကြွင်းမဲ့ ဉာဏ်ရှိသမျှ ခွန်အားရှိသမျှဖြင့် ချစ်ခြင်း၊ ကိုယ်နှင့်စပ်ဆိုင်သောသူကို ကိုယ်နှင့်အမျှ ချစ်ခြင်း ပင်ဖြစ်ပါသည် (မသဲ ၂၂း၃၇-၃၉)။

ထို့ပြင်၊ ကျွန်ုပ်တို့၌ ရှိရမည့် ချစ်ခြင်းမေတ္တာ တမျိုးရှိပါသေး၏၊ ညီအစ်ကို ချစ်ခြင်းမေတ္တာ ပင်ဖြစ်ပါသည်။ ဤ စကားလုံးသည် မိသားစု ဆွေမျိုးအကြား၌ ရှိသော ချစ်ခြင်းကို ရည်ညွှန်းသော်လည်း၊ ဓမ္မသစ်ခေတ် အသင်းတော်က ဘုရားသခင်၏မိသားစုဝင် ယုံကြည်သူများ အချင်းချင်း ချစ်ခြင်းကို ညီအစ်ကို ချစ်ခြင်းမေတ္တာဟု အသုံးပြုခဲ့ပါသည်။ ထိုချစ်ခြင်းအကြောင်းကို ၁ သက် ၄း၉-၁၀ ထဲတွင်၊ ပေါလု ဖော်ပြခဲ့ပါသည်။ မာကေဒေါနိပြည်ရှိ အသင်းတော်များ (ဥပမာ - ဖိလဒေလဖိ၊ ဗေရိ) ထံ သက်သေထင်ရှားခဲ့သော၊ သူတို့၏ ညီအစ်ကို ချစ်ခြင်းမေတ္တာကြောင့် ပေါလုက သူတို့ကို ချီးကျူးခဲ့ပါသည်။ ဤအသစ်သော ယုံကြည်သူအုပ်စုသည် မိမိ မရှိသည့်တိုင် ချစ်ခြင်းမေတ္တာအကြောင်း၌ အခြားအသင်းတော်များကပင် သိမှတ်ထားသော၊ စံနမူနာ ထားခဲ့ကြကြောင်း ကြားသိခြင်းသည် ပေါလုအတွက် အလွန် ခွန်အားရစရာဖြစ်ခဲ့ပါသည်။ ထိုအမှုကို မိမိ ပြုခြင်း ဖြစ်သည်ဟု မမှတ်ယူခဲ့ပါ။ ဘုရားသခင်သာလျှင် ထိုသို့ ချစ်ခြင်းမေတ္တာရှိရမည်ဟု သွန်သင်ပေးတော်မူသောသူဖြစ်ပါသည်။

ထာဝရ အတူတူ နေထိုင်မည့် ထိုယုံကြည်သူ ညီအစ်ကိုမောင်နှမများကို ကျွန်တော်တို့ ချစ်ရပါမည်။ သူတို့သည်လည်း ယေရှု၏အသွေးတော်ဖြင့် သန့်ရှင်း စင်ကြယ်စေခြင်း ခံရသောသူများဖြစ်ကြပါသည်။ ထိုသို့ ဘုရားသခင် ချစ်တော်မူသည်ဖြစ်သောကြောင့်၊ ကျွန်တော်တို့သည်လည်း အမှန် ချစ်ကြရပါမည်။ ကျွန်ုပ်တို့၏ အရင်းနှီးဆုံး မိတ်ဆွေများသည် ကျွန်ုပ်တို့ကို နားလည်သော ထိုယုံကြည်သူများ ဖြစ်သင့်ပါသည်။ မယုံကြည်သူများသည် ကျွန်ုပ်တို့နှင့် အမြင်မတူကြဘဲ၊ ကျွန်ုပ်တို့၏ ဝိညာဉ်ပိုင်းဆိုင်ရာ အခက်အခဲကို နားမလည်၊ ဘုရားတရားနှင့်ဆိုင်သော အကြံ မပေးတတ်ကြပါ။ ခရစ်တော်၌ တည်သော ယုံကြည်သူများအား အတူတကွ ချည်နှောင်သောအရာမူကား၊ ဘုရားသခင်၏ဘုန်းတော်ထင်ရှားစေရန်၊ ထိုဘုရားသခင်နှင့်အတူ ထာဝရ ဘုန်းတော်ဝင်စားရန် ဟူသော ရည်ရွယ်ချက်ပင်ဖြစ်ပါသည်။

**ဆင်ခြင်ရန်** - ကျွန်ုပ်၏ အချစ်ဆုံး မိတ်ဆွေသည် ယုံကြည်သူလော၊ မယုံကြည်သူလော။
**ဆုတောင်းချက်-** အဖဘုရား၊ ကိုယ်တော်၏အမှုတော်ကို အကျိုးရှိစွာ ဆောင်ရွက်မည်အကြောင်း၊ ညီအစ်ကိုများကို ချစ်မည်အကြောင်း အကျွန်ုပ်အား မစတော်မူပါ။

ကြာသပတေး၊ နိုဝင်ဘာ (၂၀)
**၁ သက် ၄း၈**
လု ၁၀း၁-၁၆

*"လူကိုသာ ငြင်းပယ်သည် မဟုတ်၊ . . . ဘုရားသခင်ကို ငြင်းပယ်၏"*

## ဘုရားသခင်ကို သင် ငြင်းပယ် ပါမည်လော

ဘုရားသခင်အား လူက ငြင်းပယ်ခြင်းသည် အလွန် စက်ဆုပ်ရွံ့ရှာစရာကောင်းသောအမှု ဖြစ်ပါသည်။ ပေါလုက ထိုအရှက်ရစရာ၊ အတွေးဝံ့စရာ အမှုကို သတိပေးခဲ့ပါသည် - ဘုရားသခင်၏ နှုတ်ကပတ်တရား ငြင်းပယ်သောသူသည် အမှန်မှာ ဘုရားသခင်ကို ငြင်းပယ်ခြင်း ဖြစ်ပါသည်။

"ငြင်းပယ်" ဟူသော ဂရိ စကားလုံးသည် အချည်းနှီး၊ အသုံးမဝင်ဟု မှတ်ယူခြင်း ဖြစ်ပါသည်။ ယခု သတိပေးခြင်းသည် အရင်ကျမ်းပိုဒ်၌ ဖော်ပြခဲ့သော သန့်ရှင်းခြင်းတရား အရေးကြီးမှုကို ငြင်းပယ်သောသူအတွက် ဖြစ်ပါသည်။ ပေါလုက ဤစာစောင်ဖတ်သောသူများအား၊ ဘုရားသခင် နှစ်သောသောအသက်တာဖြင့် အသက်ရှင်ခြင်း အရေးကြီးမှု၊ ခရစ်တော်၏ပညတ်တရား နာခံမှုနှင့် ဘုရားသခင်၏အလိုတော် ပြည့်စုံစေခြင်း အရေးကြီးမှု၊ ထိုသို့ဖြင့် သန့်ရှင်းခြင်း အသက်တာ၌ ကြီးထွားနိုင်မည်အကြောင်း သတိပေးခဲ့ပါသည်။ ထိုတရားကို ငြင်းပယ်သောသူသည် ပေါလု၏ သွန်သင်ခြင်းကို ငြင်းပယ်သည် မဟုတ်ဘဲ၊ ဘုရားသခင်ကို ငြင်းပယ်ခြင်း ဖြစ်ပါသည်။ ထိုကဲ့သို့ ယေရှုက လုကာ ၁၀း၁၆ ၌ မိန့်တော်မူ၏၊ *"သင်တို့၏စကားကို နားထောင်သောသူသည် ငါ့စကားကို နားထောင်၏။ သင်တို့ကို ပယ်သောသူသည် ငါ့ကို ပယ်၏။ ငါ့ကို ပယ်သောသူသည် ငါ့ကို စေလွှတ်တော်မူသောသူကို ပယ်သည်။"* ကျွန်တော်တို့သည် ယေရှု၏ တပည့်တော်များကို ငြင်းပယ်လျှင်၊ ဘုရားသခင်၏ သားတော် ထိုယေရှုကို ငြင်းပယ်ရာရောက်၏။ သားတော်ကို ငြင်းပယ်သောသူသည် ထိုသားတော်ကို စေလွှတ်တော်မူသော ခမည်းတော် ဘုရားကို ငြင်းပယ်၏။

ဝမ်းနည်းစရာကောင်းသည်မှာ၊ ထိုအမှု ယနေ့ ဖြစ်ပွားလျက်ရှိပါသည်။ များစွာသော လူတို့သည် ဘုရားသခင်ကို ငြင်းပယ်ခဲ့ကြ၏ (၁ ပေ ၃း၃)။ ထောင်လွှားမောက်မာစွာ၊ ဘုရားသခင် တည်ရှိခြင်းအကြောင်းကို ငြင်းပယ်လျက်၊ ဤကမ္ဘာမြေကြီးသည် ဆင့်ကဲ အသွင်ပြောင်းလဲခြင်းအားဖြင့် တည်ရှိလာသည်ဟု ယုံကြည်ကြပါသည်။ သူတို့သည် ဖန်ဆင်းရှင်ရှိသည်ဟူသော တရားကို ငြင်းပယ်လျက်၊ အကျင့်တရားနှင့်ဆိုင်သော မှန်ကန် ဖြောင့်မတ်သည့် စံနှုန်းတရားတော်ရှိသည်ကို ငြင်းပယ်ခဲ့ကြပါသည်။

ထိုသို့ ကျွန်တော်တို့ ငြင်းပယ်ခြင်းအမှု ဘယ်တော့မှ မပြုမိမည်အကြောင်း သတိထားကြပါစို့။ ဘုရားသခင်သည် အမြင့်မြတ်ဆုံးဖြစ်တော်မူကြောင်း ကျွန်တော်တို့ အစဉ် သိမှတ်ကြရပါမည်။ ဘုရားသခင်ကို ကျွန်တော်တို့ ချစ်လျက်၊ ကြောက်ရွံ့ရိုသေလျက်၊ ဘုန်းအသရေအပေါင်းနှင့် ပြည့်စုံတော်မူကြောင်း ချီးမွမ်းကြပါစို့။ ထိုသို့ ဘုရားသခင်ကို ချီးမြှောက်လျက်၊ နှုတ်ကပတ်တော်ကိုလည်း အလွန် နှစ်သက် မြတ်နိုးလျက် တန်ဖိုးထားကြပါစို့။ ပညတ်တရားအလုံးစုံကို အလေးထားလျက်၊ လုံးဝ သံသယ မဝင်ဘဲ နာခံ လိုက်လျှောက်ကြပါစို့။ ဘုရားသခင် နှင့် နှုတ်ကပတ်တော် ငြင်းပယ်ခြင်း အတွေးသည် ကြောက်စရာကောင်းလှပါသည်။ မတွေး ဝံ့စရာအမှု ပင်ဖြစ်ပါသည်။

**ဆင်ခြင်ရန်** - ဖန်ဆင်းခံက ဖန်ဆင်းရှင် ငြင်းပယ်ခြင်းသည် အလွန် မိုက်မဲလှပါသည်တကား။

**ဆုတောင်းချက်-** အဖဘုရား၊ အကျွန်ုပ်၏သခင်၊ ဖန်ဆင်းရှင် ကိုယ်တော်ကို အထူး ရိုသေလေးစား လိုပါသည်။



ကြာသပတေး၊ နိုဝင်ဘာ (၁၃)
**၁ သက် ၄း၁-၂**
ဖိလိ ၄း၉

*"အဘယ်သို့သော ပညတ်တို့ကို သခင်ယေရှု၏အခွင့်တော်နှင့် ငါတို့သည် အပ်ပေးသည်ကို သင်တို့ သိကြ၏"*

## မည်သို့ ကျင့်ရမည်ကို အဘယ်သို့ သိမည်နည်း

ခြေထောက် အထူးကု ဆရာဝန်များကို Podiatrists ဟု ခေါ်ကြ၏။ သူတို့သည် ကောင်းကောင်း လမ်းမလျှောက်နိုင်သော လူနာများကို ပြုစုလေ့ရှိကြပါသည်။ သူတို့၌ လူတို့၏ ခြေထောက် အနေအထားနှင့် လှုပ်ရှားမှုကို တိုင်းတာ ကုသဖို့ရန် အထူး ကိရိယာများ ရှိပါသည်။ ထို့နောက် လိုအပ်သော ကုသမှုဖြစ်သည့်၊ အထူး ပြုလုပ်ထားသော ဖိနပ် ဝတ်ဆင်စေခြင်း (သို့) လိုအပ်သော လေ့ကျင့်ခန်း ပြုလုပ်စေခြင်း (သို့) ခွဲစိတ်ဖို့ လိုအပ်ပါက ခွဲစိတ်ခြင်းကို ပြုလုပ်ကြပါသည်။

ထိုနည်းတူ၊ ကျွန်ုပ်တို့၏ ဝိညာဉ် အသက်တာ အကျင့်၌လည်း အထူးကုသပေးမည့် ဆရာဝန် လိုအပ်ပါသည်။ ဘုရားသခင်ရှေ့၌ ကျွန်ုပ်တို့၏အသက်တာ တစုံတခု ပြဿနာရှိလျှင်၊ ကျွန်တော်တို့ အဖြေရှာ ကုသဖို့ လိုအပ်ပါသည်။ အသက်ကြီးလာသောအခါ ကျဆင်းတတ်သော ကျွန်ုပ်တို့၏ ခန္ဓာကိုယ် သွားလာ လှုပ်ရှားမှုနှင့် မတူဘဲ၊ ဝိညာဉ် အသက်တာသည် ကြာလေလေ ရင့်ကျက် တိုးတက်မှု ရှိလေလေ ဖြစ်ရပါမည်။ သင့် ဝိညာဉ်အသက်တာသည် ဒုတိယမွေးဖွားခြင်း ခံရစဉ် အတိုင်း တိုးတက်မှု မရှိဘဲ၊ ပုံမှန် ဖြစ်နေပါလျှင် ကောင်းကောင်း စစ်ကြောဖို့ လိုအပ်သော ကြီးမားသည့် ပြဿနာတခုခု ရှိသောကြောင့် ဖြစ်ပါလိမ့်မည်။

ထိုသို့ ကျွန်ုပ်တို့၏ ဝိညာဉ် အသက်တာ ကြီးထွားခြင်း ရှိဖို့ရန် လိုအပ်သော သွန်သင်ချက်သည် သခင်ယေရှု ခရစ်တော် ပေးတော်မူသော ပညတ်တရားများ ဖြစ်ကြောင်း ပေါလု ရှင်းပြခဲ့ပါသည်။ သက်သာလောနိတ် ခရစ်ယာန်တို့အား ထိုတရားကို မိမိထံမှ ရရှိခဲ့ကြပြီ ဖြစ်ကြောင်း ပြောပြခဲ့ပါသည်။ ထိုတရားတို့သည် ပေါလု၏ နှုတ်မှ ထွက်လာခဲ့သော်လည်း၊ သူတို့သည် ဘုရားသခင်၏ နှုတ်ကပတ်တော်အဖြစ် မှန်ကန်စွာ လက်ခံ ယုံကြည်ခဲ့ပါသည် (၁ သက် ၂း၁၃)။

ယနေ့ ကျွန်ုပ်တို့ လက်ထဲ၌ စုံလင်သော ဘုရားသခင်၏ နှုတ်ကပတ်တော် ရှိပါသည်။ သက်သာလောနိတ်လူတို့ထံ ပေါလု ရေးသားသော စာစောင် (နှင့်အခြားသော ကျမ်းစာ အားလုံး) သည် ယနေ့ ကျွန်တော်တို့ လေ့လာ သွန်သင် လိုက်လျှောက်ဖို့ရန် ဆက်လက် ရှိနေသေး၏။ ထိုနှုတ်ကပတ်တရားတော်သည် ဘုရားသခင်ရှေ့၌ ကျွန်ုပ်တို့၏ ဝိညာဉ် အသက်တာ အကျင့် ကြီးထွား ရင့်ကျက်ဖို့ရန် အတွက် လိုအပ်သော လမ်းပြ သွန်သင်ချက်ဖြစ်ပါသည်။ ဘုရားသခင် နှစ်သက်တော်မူသော အသက်တာ အကျင့်သည် မည်သို့သော အကျင့်ဖြစ်သည်ကို ထိုကျမ်းစာထဲ၌ ပြည့်စုံစွာ၊ ပညတ်ချက်အားဖြင့်၎င်း၊ တိုက်တွန်း နှိုးဆော်ခြင်းအားဖြင့်၎င်း၊ သာဓကအားဖြင့်၎င်း၊ ဖော်ပြခဲ့ပါသည်။ ထိုနှုတ်ကပတ်တော်ကို သင် တန်ဖိုးထား ဖတ်ပါမည်လော၊ သင့် အသက်တာ၌ လိုက်လျှောက် ကျင့်သုံး ပါမည်လော။

**ဆင်ခြင်ရန်** - အကျွန်ုပ် ဝိညာဉ်အသက်တာ၏အဘယ်နေရာ၌ ကျွန်တော် တိုးတက်ဖို့ လိုအပ်ပါသနည်း။

**ဆုတောင်းချက်-** အဖဘုရား၊ ကိုယ်တော်၏ နှုတ်ကပတ်တော်ရှေ့၌ နှိမ့်ချခြင်းရှိမည်အကြောင်း၊ ကိုယ်တော်နှစ်သက်သော အကျင့်ကို ကျင့်မည်အကြောင်း မစတော်မူပါ။

သောကြာ၊ နိုဝင်ဘာ (၁၄)

**၁ သက် ၄း၃**

ကမ္ဘာ ၃၉

*"သင်တို့သည် မတရားသောမေထုန်ကို ကြဉ်ရှောင်၍ သန့်ရှင်းစေခြင်းငှါ"*

## မတရားသောမေထုန်ကို ကြဉ်ရှောင်လော့

စစ်မှန်သော ယုံကြည်သူတိုင်း၏စိတ်နှလုံးသည် ဘုရားသခင်၏အလိုတော်ကို သိမှတ်လိုက်လျှောက်လိုခြင်း ရှိသော စိတ်နှလုံးဖြစ်ပါသည်။ ဒါဝိဒ်က ဆာလံ ၄၀း၈ တွင်၊ "*အကျွန်ုပ်၏ဘုရားသခင်၊ ကိုယ်တော်၏အလိုကို ဆောင်ရာ၌ အကျွန်ုပ်သည် အားရဝမ်းမြောက်ရ၏။ ကိုယ်တော်၏တရားသည်လည်း အကျွန်ုပ် နှလုံးထဲမှာ ရှိပါ၏*" ဟု ဆိုခဲ့ပါသည်။ ထို့ကြောင့်၊ ခရစ်ယာန် အသက်တာသည် ဘုရားသခင်၏အလိုတော်ကို အစဉ် ရှာခြင်း၊ ထိုအလိုတော်အတိုင်း အစဉ် ပြုကျင့်ခြင်း ပင်ဖြစ်ပါသည်။ ဘုရားသခင်၏အလိုတော်သည် လျှို့ဝှက်ထားသောအရာ၊ မသိနားမလည်နိုင်သောအရာဟု မထင်မှတ်ရပါ။ ကျွန်ုပ်တို့အတွက် နှုတ်ကပတ်တော်အားဖြင့် ရှင်းလင်းစွာ ဖော်ပြတော်မူသည်ဖြစ်သောကြောင့် ထိုဘုရားသခင်၏နှုတ်ကပတ်တော်ကို နာခံလိုက်လျှောက်ဖို့သာ ဖြစ်ပါသည်။

ဒုတိယမွေးခြင်း ခံရသော သူအပေါင်းအတွက် ဘုရားသခင်၏ အခြေခံ အလိုတော်မူကား၊ ကယ်တင်ခြင်း ခံရသောအချိန်မှ စ၍ သန့်ရှင်းခြင်း၌ အစဉ် သဖြင့် ကြီးထွား ရင့်ကျက်ခြင်း ရှိဖို့ရန် ဖြစ်ပါသည်။ ထိုအမှုသည် ဘုရားသခင်အတွက် ဆက်ကပ်ခြင်းဖြစ်၍၊ ခရစ်တော်၏အသက်တာ အကျင့်အတိုင်း ပြောင်းလဲခြင်း၊ ကျင့်ကြံခြင်းဖြစ်ပြီး၊ သန့်ရှင်းသော ဝိညာဉ်တော် ပြုတော်မူသော အမှုဖြစ်ပါသည်။ ကျွန်ုပ်တို့၏ ဘဝတလျှောက် ဖြစ်ပျက်မည့်အမှုဖြစ်ပြီး၊ ကယ်တင်ခြင်း အသီးတည်းဟူသော သန့်ရှင်းခြင်းသို့ အစဉ် ပြောင်းလဲဖို့ရန် ကျွန်ုပ်တို့အား မစကူညီတော်မူ၏။

ပေါလု ဖော်ပြခဲ့သော အပြစ်တခုမှာ မတရားသောမေထုန် ဖြစ်ပါသည်။ ဤအပြစ်သည် လက်ထပ်သော ဇနီးမောင်နှံမှအပ၊ အခြားသော ကိလေသာဆိုင်ရာ ဆက်ဆံမှုအပေါင်းကို ဆိုလိုပါသည်။ သန့်ရှင်းခြင်း အသက်တာ၌ ကြီးထွားမည်အကြောင်း၊ ထိုမတရားသော မေထုန် အပေါင်းကို ကြဉ်ရှောင် ရပါမည်။ "*ကြဉ်ရှောင်*" (၁ သက် ၄း၃) ဟူသော စကားလုံးသည် လွှဲရှောင်ခြင်း ပင်ဖြစ်ပါသည်။ ထို့ကြောင့် မတရားသော ကိလေသာနှင့်ဆိုင်သည့် အမှုတိုင်းမှ မိမိကိုယ်ကို လွှဲရှောင်လျက် သီးခြားနေထိုင် ဖို့လိုပါသည်။ မတရားသော ယောကျာ်း မိန်းမ ဆက်ဆံခြင်းအပေါင်းကို ဝေးဝေးမှ ရှောင်သွားဖို့ လိုပါသည်။ ထိုသို့သော ဖြားယောင်းသွေးဆောင်ခြင်း၌ မလဲကျမည်အကြောင်း သတိရှိလျက် ထိုအမှုနှင့် ဆက်နွယ်နိုင်သောအရာများကို ရှောင်ကြဉ် ရမည်ဖြစ်ပါသည်။

မိမိ၏သန့်ရှင်းမှုကို အစဉ် သတိဖြင့် စောင့်ရှောက်သော ယောသပ်ကဲ့သို့ ကျွန်တော်တို့ သတိထားရပါမည်။ မိမိ သခင်၏ မိန်းမက သူနှင့်အတူ အိပ်ဖို့ရန် အစဉ် သွေးဆောင်ခဲ့သော်လည်း၊ ဘုရားသခင် ရှေ့၌ အလွန်ကြီးလေးသော ထိုအပြစ်ကို အပြုဘဲ ဆန့်ကျင်ခဲ့ပါသည်။ ထိုမိန်းမက လက်တွေ့ ဖမ်းထားသောအခါ၌လည်း ကိုယ်လွတ်ရုန်းလျက် ဒုက္ခကြုံနိုင်သောအမှု၌ပင် မိမိ၏ သန့်ရှင်းခြင်းကို စောင့်ထိန်းပြီး ပြေးထွက်ခဲ့ပါသည်။ ကျွန်တော်တို့အားလုံးသည်လည်း သန့်ရှင်းခြင်း၌ အစဉ် ကြီးထွားမည်အကြောင်း မတရားသောမေထုန်ကို ရှောင်ကြဉ် ကြပါစို့။

**ဆင်ခြင်ရန်** - ခဏတာ အပျော်ကျူးခြင်းကြောင့် များစွာသောဘဝ ပျက်ခဲ့ရပါသည်။

**ဆုတောင်းချက်-** အဖဘုရား၊ သန့်ရှင်းစွာ နေထိုင်မည်အကြောင်း၊ ကိုယ်တော် မနှစ်သက်သော အရာတိုင်းကို ကြဉ်ရှောင်မည်အကြောင်း မစတော်မူပါ။



ဗုဒ္ဓဟူး၊ နိုဝင်ဘာ (၁၉)

**၁ သက် ၄း၇-၈**

၁ ပေ ၁း၁၃-၁၆

*"ညစ်ညူးစေခြင်းငှါ ငါတို့ကို ခေါ်တော်မူသည် မဟုတ်၊ သန့်ရှင်းစေခြင်းငှါ ခေါ်တော်မူ၏"*

## သန့်ရှင်းစေခြင်းငှါ ခေါ်တော်မူခြင်း

ကျွန်တော်တို့ ခရစ်ယာန်များသည် သန့်ရှင်းသော အသက်တာပိုင်ဆိုင်မည်အကြောင်း ခေါ်တော်မူခြင်းဖြစ်ပါသည်။ ကယ်တင်ခြင်း ရခဲ့စဉ် ကျွန်တော်တို့သည် အပြစ်မှ နောင်တရခဲ့ကြပါသည်။ အပြစ်၏ ဆိုးညစ်မှုကို သိမှတ်ခဲ့ကြပြီး၊ အပြစ်လွတ်ခြင်းလိုအပ်ကြောင်း သိခဲ့ကြပါသည်။ သခင်ယေရှု ခရစ်တော်သာလျှင် ကျွန်ုပ်တို့၏အပြစ်များကို ဆေးကြောသန့်စင်ပေးတော်မူနိုင်ကြောင်း၊ ခရစ်တော်အားဖြင့် သာလျှင် သုံးပါးတဆူ ဘုရားသခင်ရှေ့တော်၌ သန့်ရှင်းစင်ကြယ်ခြင်း ကျွန်တော်တို့ ရရှိနိုင်ကြောင်း သိခဲ့ကြပါသည်။ ထိုခရစ်တော်အားဖြင့်၊ ယခု ကျွန်တော်တို့သည် ဘုရားသခင်ရှေ့တော်၌ ဖြောင့်မတ်သောသူဖြစ်ကြပါ၏။ ကျွန်ုပ်တို့၏အပြစ်များ ဆေးကြောသန့်စင်ပေးပြီးဖြစ်လျက်၊ ကျွန်တော်တို့သည် ခရစ်တော်၏ဖြောင့်မတ်ခြင်း လွှမ်းခြုံခြင်း ခံခဲ့ရပါသည်။ ယခုတွင် ကျွန်တော်တို့သည် "သန့်ရှင်းသူများ" ဟု ခေါ်ခြင်း ခံရပါသည်။

ထိုအခေါ်အဝေါ်သည် ယုံကြည်သူတိုင်း ခံရသော နာမဖြစ်ပါသည်။ သန့်ရှင်းသူ ဆိုသည်မှာ ဘုရားသခင်အတွက်၊ အမှုတော်အတွက် သီးခြားဆက်ကပ်ခြင်း ခံရသူ ဟူ၍ဖြစ်ပါသည်။ သန့်ရှင်းခြင်း အသက်တာဖြင့် အသက်ရှင်ဖို့ရန် ခေါ်ခြင်းခံရသောသူများဖြစ်ကြပါသည်။ အရင် အသက်တာဖြစ်သော အပြစ်၌ နေထိုင် ပျော်မွေ့ခြင်းကို စွန့်လျက် ဘုရားသခင်၏နှုတ်ကပတ်တော်ကို နာခံ လိုက်လျှောက် အသက်ရှင်ရန် ဖြစ်ပါသည်။ ညစ်ညူးစေခြင်းငှါ မဟုတ်ဘဲ၊ သန့်ရှင်းစေခြင်းငှါ ကျွန်ုပ်တို့ကို ခေါ်တော်မူသည်ဖြစ်သောကြောင့်၊ ထိုသန့်ရှင်းခြင်း၌ ကျွန်တော်တို့ နေထိုင်ကြရပါမည်။

ထိုသို့ သန့်ရှင်းခြင်း၌ ကျွန်တော်တို့ မည်သို့ နေထိုင် ကျင့်ကြံနိုင်ပါမည်နည်း။ ဘုရားသခင် သတ်မှတ်တော်မူသော သန့်ရှင်းခြင်း စံနှုန်းမူကား၊ ငါသည် သန့်ရှင်းတော်မူသည်အတိုင်း၊ သင်တို့လည်း သန့်ရှင်းခြင်း ရှိကြလော့၊ ဟူ၍ဖြစ်ပါသည်။ ထို့ကြောင့် ကျွန်တော်တို့ လျစ်လျူရှု၍ မရပါ။ ဘုရားသခင်၏ သန့်ရှင်းခြင်း စံနှုန်းသည် မြင့်မားလှသော်လည်း၊ ဂတိတော်မူကား၊ ကျွန်ုပ်တို့ကို လမ်းပြဖို့ရန် သန့်ရှင်းသော ဝိညာဉ်တော်ပေးတော်မူခြင်းဖြစ်ပါသည် (၁ သက် ၄း၈)။ သန့်ရှင်းသော ဝိညာဉ်တော်သည် ကျွန်ုပ်တို့အပြစ်ကို ဖော်ပြသောသူ၊ ဝိညာဉ်အမှုများကို သိနားလည်စေတော်မူသောသူ၊ သမ္မာတရား အပေါင်းသို့ ကျွန်ုပ်တို့ကို လမ်းပြပို့ဆောင်တော်မူသောသူ ဖြစ်တော်မူ၏။ သန့်ရှင်းသော ဝိညာဉ်တော်နှင့် ကျွန်တော်တို့ ပြည့်ဝခြင်း ရှိသောအခါ၊ ထိုဝိညာဉ်တော်သည် သွေးဆောင်ခြင်းမှ ကျွန်ုပ်တို့ကို ထွက်ပြေး လွတ်မြောက်ဖို့ရန် ခွန်အားပေးလျက်၊ ဖြောင့်မတ်ခြင်းတရားကို လိုက်လျှောက်ဖို့ရန် ခွန်အားပေး တော်မူ၏။

ထို့ကြောင့်၊ ဝိညာဉ်တော်၏ ထိန်းချုပ်မှုအောက်သို့ ကျွန်တော်တို့ မိမိကိုယ်ကို ဆက်ကပ်ကြရပါမည်။ ခေါ်တော်မူခြင်းနှင့် ကိုက်ညီစွာ နေထိုင်နိုင်ဖို့ရန် ဘုရားသခင်၏ ကျေးဇူးတော် ကျွန်တော်တို့ လိုအပ်ပါသည်။ ခရစ်တော်၏ မြတ်သော အသွေးတော်အားဖြင့် ဘုရားသခင်သည် ကျွန်ုပ်တို့ကို သန့်ရှင်းစင်ကြယ်စေခဲ့ပြီဖြစ်၏။ ၂ ပေ ၂း၂၂ အကြောင်းသည် ကျွန်ုပ်တို့အကြောင်း ဘယ်တော့မှ မဖြစ်ပါစေနှင့်။

**ဆင်ခြင်ရန်** - ကျွန်တော် မတတ်နိုင်သောအမှုကို ပြုဖို့ရန် ဘုရားသခင်က ကျွန်ုပ်ကို ခေါ်ပါမည်လော။

**ဆုတောင်းချက်-** အဖဘုရား၊ သန့်ရှင်းစေခြင်းငှါ ကျွန်ုပ်ကို ခေါ်သည်ဖြစ်သောကြောင့်၊ ထိုသန့်ရှင်းသော အကျင့်ကို ကျင့်မည်အကြောင်း မစတော်မူပါ။

အင်္ဂါ၊ နိုဝင်ဘာ (၁၈)

**၁ သက် ၄း၆**

ရောမ ၁၂း၁၉-၂၁

*“သခင်ဘုရားသည် ထိုသို့သောပြစ်မှားခြင်းကို ခံသော သူအပေါင်းတို့ဘက်၌ တရားစီရင်တော်မူလိမ့်မည်”*

## သခင်ဘုရားသည် တရားစီရင်သောသူ ဖြစ်တော်မူ၏

တခါတရံ လူတို့အား ငွေအမြောက်အများ လှည့်စားသောသူများအကြောင်း ကျွန်တော်တို့ ကြားသိခဲ့ရပါသည်။ သူတို့သည် အလွန် ရိုးသားသော၊ အသိပညာနည်းပါးသော၊ သက်ကြီးရွယ်အိုများကို ပစ်မှတ်ထားလျက်၊ တသက်လုံး စုစောင်းထားသောငွေကို လှည့်စားခိုးယူခဲ့ကြပါသည်။ လှည့်စားခြင်း ခံရသည်ဟု သိကြသောအခါ၊ ထိုလှည့်စားသောသူတို့သည် ထိုငွေများနှင့်တကွ ပုန်းနေကြပြီး၊ နောက်ယောင်ခံ လိုက်၍ မရဖြစ်ခဲ့ပါသည်။ ဆုံးရှုံးသောသူတို့သည်လည်း လျော်ကြေးအနည်းငယ်သာ ရခဲ့ကြ၏။ ထိုသူများအတွက် အဘယ်သူ ရှေ့နေ လိုက်ပေးမည်နည်း။ ထိုပြစ်မှုကျူးလွန်သော တရားခံများသည် တရားစီရင်ခြင်း ခံရပါမည်လော။

ညီအစ်ကို လှည့်စားသောသူတိုင်းအား ပေါလုက၊ ဘုရားသခင်သည် ထိုအမှုအားလုံးအတွက် တရားစီရင်သောသူ ဖြစ်တော်မူသည် ဟု သတိပေးခဲ့ပါသည်။ ဆိုလိုသည်မှာ၊ ဘုရားသခင်သည် ထိုသို့သောပြစ်မှု ကျူးလွန်သောသူ အပေါင်းတို့အား ထိုက်သင့်သော အပြစ်ဒဏ်ပေးတော်မူမည့် တရားသော တရားသူကြီးဖြစ်တော်မူ၏။ ဤလောကရှိ တရားသူကြီးတို့သည် ထိုသို့သော တရားခံများအား ထိုက်သင့်သော ပြစ်ဒဏ်ပေးဖို့ ပျက်ကွက်ခဲ့နိုင်ပါသည်။ သို့သော်လည်း၊ ဘုရားသခင်သည် အလုံးစုံသိတော်မူပြီး၊ အနန္တတန်ခိုးနှင့် ပြည့်စုံတော်မူသော တရားသူကြီးဖြစ်သောကြောင့်၊ ထိုသူတို့၏ အပြစ်များအတိုင်း ထိုက်သင့်သော အပြစ်ဒဏ်ပေးတော်မူလိမ့်မည်။ ဂလာတိ ၆း၇ တွင်၊ *“အလွဲမယူကြနှင့်။ ဘုရားသခင်သည် မထီမဲ့မြင်ပြုခြင်းကို ခံတော်မမူ။ လူသည် မျိုးစေ့ကြဲသည်အတိုင်း အသီးအနှံကို ရိတ်ရလိမ့်မည်”* ဟု ဖော်ပြထားပါသည်။

ထိုကျမ်းချက်သည် အပြစ်သားများနှင့် လှည့်စားသောသူများအတွက် သတိပေးချက် ဖြစ်ပါသည်။ ထိုသို့သော လောဘစိတ်ဖြင့် လှည့်စားမှုပြုခြင်းသည် သူတပါးအား အလွန် နာကျင်စေသည် ဖြစ်သောကြောင့်၊ ဘုရားသခင် အောက်မေ့တော်မူကြောင်း သူတို့ သိမှတ်နိုင်ကြပါစေ။ သူတို့အတွက် သတိပေးချက်ဟူမူကား၊ *“သင်တို့သည် ထာဝရဘုရားကို ပြစ်မှားခြင်းရှိသည်အတိုင်း၊ ထိုအပြစ်သည် သင်တို့ကို လိုက်၍ မှီလိမ့်မည်”* (တော ၃၂း၂၃)။

လှည့်စားခြင်း ခံရသောသူများအဖို့ ကျွန်တော်တို့ ကြုံတွေ့ ခံစားရသောအရာတိုင်းကို ဘုရားသခင် သိတော်မူကြောင်း သိခြင်းသည် စိတ်သက်သာစရာဖြစ်ပါသည်။ မတရားသောအမှု၊ သစ္စာမဲ့စွာ ပြုကျင့်ခြင်းအမှုများ ရှိသော်လည်း၊ ဘုရားသခင် သိတော်မူပြီး၊ မိမိ ချိန်းချက်သောအချိန်၌ ထိုက်သင့်သော အပြစ်ဒဏ်ကို ခံစေလိမ့်မည်ဖြစ်ကြောင်း ကျွန်တော်တို့ သိမှတ်ခဲ့ပါသည်။ ကျွန်တော်တို့ လက်တုန့်ပြန်ဖို့ မလိုပါ။ *“ကိုယ်တိုင် အပြစ်ပြန်၍ မတို့ကြနှင့်။ အမျက်တော်ကို အခွင့်ပေးကြလော့။ ကျမ်းစာလာသည်ကား၊ ငါသည် အပြစ်တရားကို စီရင်ပိုင်၏။ အပြစ်နှင့် အလျောက် ငါဆပ်ပေးမည်ဟု ထာဝရဘုရား မိန့်တော်မူ၏”* (ရောမ ၁၂း၁၉)။ မကောင်းမှုကို ဒေါသထွက် လက်တုန့်မပြန်ဘဲ၊ ကောင်းမှုဖြင့် အနိုင်ယူလျက်၊ ယေရှုအတွက် ဆက်လက် သက်သေခံကြပါစို့။

**ဆင်ခြင်ရန်** - သင် ခံခဲ့ရဖူးသော အဆိုးဆုံးသောအမှုသည် အဘယ်အမှု ဖြစ်ပါသနည်း။

**ဆုတောင်းချက်-** အဖဘုရား၊ ပြစ်မှားခြင်း ကျွန်တော်ခံရသောအချိန်တိုင်း၌ သည်းခံခြင်းရှိလျက် ကိုယ်တော်၏ စုံလင်သော ကောင်းမြတ်ခြင်းနှင့် တရားစီရင်ခြင်းကို ယုံကြည်ကိုးစားခြင်း ရှိမည်အကြောင်း မစတော်မူပါ။



စနေ၊ နိုဝင်ဘာ (၁၅)

**၁ သက် ၄း၄-၅**

၂ တိ ၂း၂၀-၂၂

*“သန့်ရှင်းခြင်း၊ အသရေတင့်တယ်ခြင်းနှင့် မိမိကိုယ်ကို မိမိထိန်းတတ်စေခြင်းငှါ”*

## သင်သည် မိမိတာဝန်၌ ကျေပွန်ပါသလား

တစုံတခုကို ကျွန်တော်တို့ ပိုင်ဆိုင်ပါလျှင် ထိုအရာကို ထိန်းသိမ်းစောင့်ရှောက်ဖို့ရန် ကျွန်တော်တို့၌ တာဝန်ရှိပါသည်။ ဥပမာအားဖြင့်၊ အိမ်ကို ပိုင်ဆိုင်လျှင် ပြုပြင်ထိန်းသိမ်းစောင့်ရှောက်ဖို့လိုပါသည်။ ထိုအမှုသည် လွယ်ကူသောအမှု မဟုတ်ပါ။ တဘက်တွင်၊ တာဝန်မကျေသော ပိုင်ရှင်သည် မိမိပိုင်ဆိုင်သောအရာကို မပြုပြင် မထိန်းသိမ်းဘဲ နေသောသူဖြစ်၏။ ကြာလာသောအခါ ထိုအိမ်သည် လုံးဝ ပျက်စီးလျက် လူ နေထိုင်ရန် မသင့်တော်သော အိမ်ပျက် ဖြစ်လာပါမည်။

ကျမ်းစာက ကျွန်ုပ်တို့၏ ခန္ဓာကိုယ်သည် ကျွန်ုပ်တို့ ထိန်းသိမ်းစောင့်ရှောက်ရမည့် ကိုယ်ဖြစ်ကြောင်း ဖော်ပြခဲ့ပါသည်။ ဘုရားသခင် ပေးတော်မူသော ကျွန်ုပ်တို့၏ ကိုယ်ခန္ဓာကို ထိန်းသိမ်းဖို့ရန် ကျွန်ုပ်တို့၌ တာဝန်ရှိပါသည်။ ကျွန်ုပ်တို့၏ ခန္ဓာကိုယ်ကို သန့်ရှင်းခြင်း၊ အသရေရှိခြင်း အမှု၌ ကောင်းမွန်စွာ ထိန်းသိမ်းမည်အကြောင်း လေ့လာဖို့လိုပါသည်။ ဆိုလိုသည်မှာ ကျွန်ုပ်တို့ ခန္ဓာကိုယ်ကို ကျွန်တော်တို့သည် အုပ်စိုးလျက်၊ ထိုကိုယ်၏ လိုအင်ဆန္ဒများကို သန့်ရှင်းခြင်းသို့ လမ်းပြခေါ် ဆောင်ရမည်ဖြစ်၏။ ကျွန်တော်တို့သည် အပြစ်၊ အရှက်ရစေသောအရာများကို ရှောင်ရှားလျက်၊ ဘုရားသခင်၏ ဘုန်းအသရေတော် ထင်ရှားစေမည့်အရာကိုသာ ကြိုးစားရှာဖွေရပါမည်။ ကျွန်ုပ်တို့ အသက်တာ၌ ပြုပြင်ဖို့လိုသောအကျင့်ကို ပြုပြင်လျက်၊ သခင့် အသုံးတော်ခံဖြစ်ဖို့ရန်၊ သန့်ရှင်းစေကြရမည် ဖြစ်ပါသည် (၂ တိ ၂း၂၁)။

ထိုတာဝန်ကို ကျွန်ုပ်တို့ ဘဝတလျှောက်လုံး ဆောင်ရွက်ကြရပါမည်။ ကျွန်ုပ်တို့၏ ခန္ဓာကိုယ်ကို အစဉ် ထိန်းကျောင်း စောင့်ရှောက်ကြရပါမည်။ ကျွန်ုပ်တို့၏ ဇာတိသဘောသည် လောကီလမ်းသို့ လိုက်လျက် ဇာတိအလို၌ အပျော်ကျူးလို၏။ သို့သော်လည်း၊ ဘုရားသခင်၏ ကျေးဇူးတော်အားဖြင့်၊ ကျွန်တော်တို့သည် သန့်ရှင်းသော ဝိညာဉ်တော် ကျိန်းဝပ်တော်မူရာ ဤ ခန္ဓာကိုယ်ကို သန့်ရှင်းလျက် အသရေရှိမည်အကြောင်း အစွမ်းကုန် ကြိုးစားကြရပါမည်။ မယုံကြည်သူများ ရှာဖွေသော *“ကိလေသာ တပ်မက်ခြင်း”* (၁ သက် ၄း၄) ကို ရှောင်ကြဉ်ကြပါစို့။ ကျွန်တော်တို့သည် သန့်ရှင်း စင်ကြယ်သော၊ ကောင်းသောအရာကိုသာ ရှာဖွေကြရပါမည်။ ဤတရားကို အစဉ် အောက်မေ့ သတိရ ကြပါစို့ - *“သင်တို့ ကိုယ်ခန္ဓာသည် ဘုရားသခင် ပေးသနားတော်မူသော ဝိညာဉ်တော်တည်းဟူသော၊ သင်တို့ အထဲ၌ ကျိန်းဝပ်၍ သန့်ရှင်းသော ဝိညာဉ်တော်၏ ဗိမာန်ဖြစ်ကြောင်းကိုငင်း၊ မိမိတို့ကို မိမိတို့ မပိုင်ကြောင်းကိုငင်း၊ မသိကြသလော။ သင်တို့သည် အဘိုးနှင့် ဝယ်တော်မူသောသူဖြစ်သောကြောင့်၊ ဘုရားသခင် ပိုင်တော်မူသော သင်တို့၏ ကိုယ်ခန္ဓာနှင့် စိတ်ဝိညာဉ်အားဖြင့် ဘုရားသခင်၏ ဂုဏ်တော်ကို ထင်ရှားစေကြလော့”* (၁ ကော ၆း၁၉-၂၀)။

**ဆင်ခြင်ရန်** - မိမိကိုယ်ကို မိမိ မပိုင်ကြောင်း၊ ဘုရားသခင်က အဖိုးအခ ပေးပြီး ဝယ်ယူခဲ့ကြောင်း သိခြင်းက ကျွန်ုပ်တို့၏တာဝန်ကို ပိုကြီးစေသည် မဟုတ်လော။

**ဆုတောင်းချက်-** အဖဘုရား၊ မိမိကိုယ်ကို သန့်ရှင်းခြင်း၊ အသရေတင့်တယ်ခြင်းနှင့် ထိန်းတတ်မည်အကြောင်း မစတော်မူပါ။

## ဘုရားသခင်ကို မသိသော အသက်တာ

၁ သက် ၄း၅ သည် အပိုဒ်ငယ် ၄ ၏စာကြောင်း အဆက်ဖြစ်၍ ဘုရားသခင်၏ အလိုတော်သည် အဘယ်အရာဖြစ်သနည်း ဟူသောအချက်ကို ရှင်းပြထားပါသည်။ ထိုအမှုကား၊ ကျွန်ုပ်တော်တို့သည် မိမိတို့၏ ခန္ဓာကိုယ်ကို မည်သို့ ထိန်းချုပ်လျက် ကောင်းမွန်စွာ စောင့်ရှောက်ရမည်နည်းဟူသောအချက်ဖြစ်ပါသည်။ ဘုရားသခင်ကို မသိသော သာသနာပလူတို့သည် ကိလေသာ တပ်မက်ခြင်းရှိသကဲ့သို့ ကျွန်ုပ်တော်တို့သည် မရှိဘဲ၊ သန့်ရှင်းခြင်း၊ အသေရေတင့်တယ်ခြင်းနှင့် မိမိကိုယ်ကို ထိန်းသိမ်းခြင်းရှိရန် ဖြစ်ပါသည်။

"*ကိလေသာ တပ်မက်ခြင်း*" သည် ထိန်းချုပ်ခြင်း မရှိ၊ အထိန်းအကွပ်မဲ့သော တပ်မက်ခြင်းကို ဆိုလိုပါသည်။ ဂရိစကားလုံး "တပ်မက်ခြင်း" ကို ဆိုးညစ်သော တပ်မက်ခြင်း (ကောလော ၃း၅) ဟူ၍၎င်း၊ ရှက်ကြောက်ဖွယ်သော ကိလေသာ (ရောမ ၁း၂၆) ဟူ၍၎င်း ဘာသာပြန်ခဲ့ပါသည်။ ထို့ကြောင့် ဤတပ်မက်ခြင်းသည် အခြား မဟုတ်ဘဲ မသန့်ရှင်းသော၊ ပုံမမှန်သော၊ မတရားသော ယောကျ်ား မိန်းမ ဆက်ဆံမှုနှင့် ဆက်နွယ်သော ပြင်းပြသည့် ဆန္ဒကို ဆိုလိုပါသည်။ ထို့ကြောင့်၊ ကိလေသာ တပ်မက်ခြင်းရှိခြင်းဖြင့် မိမိ ခန္ဓာကိုယ် ထိန်းကျောင်းခြင်းသည် မတရားသော၊ ဆိုးညစ်သော၊ ရှက်ကြောက်ဖွယ်ကောင်းသော ကာမဆက်ဆံခြင်းသို့ စည်းကမ်းမဲ့ နေထိုင် ပြုကျင့်ခြင်းပင်ဖြစ်ပါသည်။ ထိုသူသည် မိမိကိုယ်ကို မထိန်းချုပ်ဘဲ၊ ထိုဆိုးညစ်သော စိတ်ဆန္ဒ၏ ထိန်းချုပ်မှုကို ခံသောသူ ဖြစ်ပါသည်။

ထိုသို့သောအသက်တာသည် ဘုရားသခင်ကို မသိသော သာသနာပလူတို့၏ အသက်တာဟု ဖော်ပြခဲ့ပါသည်။ လမ်းပြမည့် ဘုရားသခင်၏နှုတ်ကပတ်တော် နှင့် သမ္မာတရား သွန်သင်ပေးမည့် သန့်ရှင်းသော ဝိညာဉ်တော် သူတို့၌ မရှိ။ ဘုရားသခင်ရှေ့၌ ကောင်းမွန်မှန်ကန်သော အကျင့်သည် အဘယ် အကျင့်ဖြစ်သည်ကို အလေးမထားကြပါ။ မှားယွင်းသော အသိဉာဏ်က သူတို့ကို လမ်းပြလျက်၊ သူတို့ လိုချင်တပ်မက်သောအရာတိုင်း၌ အပျော်ကျူးတတ်ကြ၏။ အသက်တာ၌ သန့်ရှင်းစင်ကြယ်ခြင်းကို အလို မရှိကြပါ။ သူတို့၏ ဆိုးညစ်သော တပ်မက်ခြင်းသည် သူတို့၏ ဘုရားများဖြစ်လျက်၊ မိမိတို့ အမြင်၌ ကောင်းသည်ဟု မြင်သောအရာတိုင်းကို ပြုကြ၏။ သူတို့သည် ရှောလမုန် တကြိမ်တခါ နေထိုင်ခဲ့ဖူးသော အသက်တာဖြစ်သည့် အချည်းနှီးသက်သက်ဖြင့် အသက်ရှင်ခဲ့ကြ၏။ "*ငါ့မျက်စိတပ်မက် လိုချင်သောအရာ တစုံတခုကိုမျှ မငြင်း၊ ငါ့စိတ်ရွှင်လန်းစရာ တစုံတခုကိုမျှ မပယ်*" (ဒေ ၂း၁၀)။

ထိုသို့သောအသက်တာသည် အပေါ်ယံအားဖြင့် လိုချင်စရာ ကောင်းသော်လည်း၊ ဘုရားသခင် မပါသော အသက်တာဖြစ်၏။ နောက်ဆုံးတွင်၊ အလွန်သနားစရာကောင်းသော အချည်းနှီးသက်သက် ဖြစ်၏။ မတည်မြဲသော ဇာတိအရာများကိုသာ စွဲလမ်းကြ၏။ ထာဝရအတွက် စိတ်ချမှု မရှိ၊ ဤဘဝ၌လည်း စိတ်ချမ်းသာခြင်း မရှိခဲ့ကြပါ။ ဘုရားသခင်ကို မသိသောကြောင့်၊ ရည်ရွယ်ချက်မဲ့ အသက်ရှင် ခဲ့ကြ၏။

**ဆင်ခြင်ရန်** - မသိခြင်းသည် အမြဲတမ်း ဝမ်းမြောက်ခြင်း မဖြစ်နိုင်ပါ။
**ဆုတောင်းချက်-** အဖဘုရား၊ ကိုယ်တော်ကို သိရသောအခွင့်၊ သခင်ယေရှု ခရစ်တော်၏ ကယ်တင်ခြင်း အကြောင်း သိရသောအခွင့် ပေးသနားတော်မူသောကြောင့် ကျေးဇူးတင်ပါသည်။





## ညီအစ်ကိုကို သင်လှည့်စား လိုပါသလား

"*လွန်ကျူး*" (၁ သက် ၄း၆) ဟူသော စကားလုံးသည် မိမိပိုင်နက်ပြင်ပ သွားရောက်ခြင်း၊ မိမိပိုင်ဆိုင်သည်ထက် အပိုရယူလိုခြင်း ဟူသော အဓိပ္ပါယ်ရှိ၏။ ထို့ကြောင့်၊ ညီအစ်ကို လှည့်စားခြင်းဆိုသည်မှာ သင့်အပိုင်မဟုတ်သောရာကို တပ်မက်ခြင်း၊ ရယူခြင်းဖြစ်ပါသည်။ တပ်မက်ခြင်းဖြင့် ညီအစ်ကိုထံမှ အစုံတခု အမြတ်ထုတ်ခြင်း ဖြစ်ပါသည်။

ညီအစ်ကိုသည် ကျွန်ုပ်တို့နှင့် ရင်းနှီးရသောသူဖြစ်ပါသည်။ သို့ဆိုလျှင်၊ အဘယ့်ကြောင့် ကျွန်ုပ်တော်တို့ လှည့်စားရပါမည်နည်း။ ထိုသို့ပြုခြင်းသည် ဆိုးညစ်သော သစ္စာဖောက်ခြင်း မဟုတ်ပါလော။ ပေါလုက သက်သာလောနိတ် ခရစ်ယာန်များအား တိုက်တွန်းအားပေးလျက်၊ အဘယ်သူမျှ ထိုသို့ မပြုဖို့ရန် သတိပေးခဲ့ပါသည်။ ထိုသို့သောအမှုရှိခဲ့သည်ဟု ထင်ရပါသည်။ ထို့ကြောင့် ပေါလုက ထိုအမှု မကြီးထွားမီ အလျင်အမြန် သတိပေးခြင်း ဖြစ်နိုင်ပါသည်။ ဝမ်းနည်းစရာကောင်းသည်မှာ၊ ဤလောက၌၊ ယုံကြည်သူများ အကြား၌ပင် ထိုသို့သောအမှု ဖြစ်ပွားခြင်းပင်ဖြစ်ပါသည်။

ထိုပြဿနာ၏အရင်းအမြစ်သည် ကိုယ်ကျိုးရှာခြင်း၊ ချစ်ခြင်းမေတ္တာ မရှိခြင်းဖြစ်ပါသည်။ လူတို့၏ စိတ်သဘောသည် "မိမိကိုယ်ကျိုးရှာခြင်း" ဖြစ်ပါသည်။ ကျွန်ုပ်တော်တို့ အဓိက ဂရုစိုက်မည့် ပုဂ္ဂိုလ်သည် မိမိကိုယ်ကို ဖြစ်ကြောင်း လူတို့က ဆိုကြ၏။ "ဘယ်သူသေသေ ငတေမာရင် ပြီးရော" ဟူသော စကားအတိုင်း၊ မိမိ အကျိုးအတွက် လူတို့သည် အစွမ်းကုန် ကြိုးစားတတ်ကြ၏။ ထိုသို့သော စိတ်သဘော အသင်းတော်ထဲသို့ ရောက်လာခြင်းသည် အလွန် ဝမ်းနည်းစရာကောင်းလှပါသည်။

အသင်းတော်တွင် ကျွန်ုပ်တော်တို့အားလုံးသည် ခရစ်တော်၌ ညီအစ်ကို မောင်နှမ ဖြစ်ခဲ့သင့်သည် မဟုတ်လော။ မိသားစုကဲ့သို့ အချင်းချင်း ဂရုစိုက် ပြုစုသင့်သည် မဟုတ်လော။ ခရစ်တော်ထားတော်မူသော သာဓကမူကား၊ ကိုယ်ကျိုးစွန့်ခြင်းဖြစ်ပါသည်။ သူသည် မိမိအကျိုးအတွက် မဟုတ်ဘဲ၊ ကျွန်ုပ်တို့ကို ချစ်တော်မူသောကြောင့်၊ ကျွန်ုပ်တို့အပြစ်များအတွက် အသေခံဖို့ရန် ဤလောကသို့ ကြွလာတော်မူခဲ့ခြင်းဖြစ်ပါသည်။ ခရစ်တော်သည် ကျွန်ုပ်တို့ကို ချစ်သည်နည်းတူ၊ ကျွန်ုပ်တော်တို့သည် အချင်းချင်း ချစ်ကြရပါမည်။ သို့ဆိုလျှင်၊ အဘယ့်ကြောင့် မိမိညီအစ်ကိုကို ကျွန်ုပ်တော်တို့ လှည့်စားရပါမည်နည်း။ ထိုသို့ လှည့်စားခြင်းပြုလျှင်၊ ကျွန်ုပ်တော်တို့သည် အသပြာ သုံးဆယ်ဖြင့် ခရစ်တော်ကို သစ္စာဖောက် ရောင်းစားသော ယုဒရှင်ကာရုတ် ထက် ပိုကောင်းသောသူ မဟုတ်ကြပါ။

မိမိကိုယ်ကို မေးကြပါစို့။ အဘယ့်ကြောင့် ကျွန်ုပ်တော်တို့ ဘုရားကျောင်း သွားပါသနည်း။ အဘယ့်ကြောင့် မိမိကိုယ်ကို ခရစ်ယာန်ဟု ခေါ်ကြပါသနည်း။ ဘုရားသခင်ကို ချစ်သောကြောင့် ဖြစ်ရပါမည်။ အဘယ့်ကြောင့် မိသာဟာရဖွဲ့ကြပါသနည်း။ သူတပါးအကျိုးအတွက်၊ ကိုယ်နှင့်စပ်ဆိုင်သောသူများကို ခွန်အားပေးဖို့ရန် ဖြစ်ရပါမည်။ ထို့ကြောင့်၊ ညီအစ်ကို လှည့်စားခြင်းအမှုသည် အလွန် စက်ဆုပ်ရွံ့ရှာစရာကောင်းသောအမှု၊ ကျွန်ုပ်တော်တို့ အလွန် မုန်းတီးသောအမှု ဖြစ်ရပါမည်။

**ဆင်ခြင်ရန်** - ခိုးယူခြင်းတိုင်းသည် အပြစ်ဖြစ်ပါသည်။
**ဆုတောင်းချက်-** အဖဘုရား၊ ချစ်ခြင်း၊ ရိုးသားဖြောင့်မတ်ခြင်းဖြင့် နေထိုင်မည်အကြောင်း မစတော်မူပါ။